www.burmeseclassic.com


စိတ်ကူးသစ်စာပေ

# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# ဘာမှန်းမဲ့ထမင်းဝိုင်း

ဝတ္ထုရသဆုတိုများ



မောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ ဂေယျမင်းသူ
ကျော်မင်းနိုင်၊ မင်းဘုန်းသိခ်သူ၊ မြဘုန်းထက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၄၁၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၆၈၁၀၆၁၁

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၁၁၊ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်


၈၉၅ . ၈၃
ကလောင်စုံ
မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော အမုန်းမဲ့ထမင်းဝိုင်း အပါအဝင် ဂျွှံရ ဝတ္ထုတိုများ / ကလောင်စုံ- ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၄၂-စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁)မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော အမုန်းမဲ့ထမင်းဝိုင်း အပါအဝင် ဂျွှံရ ဝတ္ထုတိုများ

## <u>မာတိကာ</u>


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အမုန်းမဲ့ထမင်းဝိုင်း<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | မယ်ဇင်ပင်၊ မဥ္ဇူသကနတ်ပန်းပင်နှင့် ကန့်ဇော်ပင်<br>*ထောင်မှူးကြီးသိန်းဝင်း* | ၃၉ |
| ၃။ | မရွေးမိခဲ့တဲ့လမ်း<br>*ဇေယျမင်းသျှင်* | ၇၅ |
| ၄။ | အစိမ်းသေ<br>*ကျော်မင်းနိုင်* | ၁၀၉ |
| ၅။ | ပန်တော်မြူရာသူ<br>*မင်းဘုန်းသိဒ်သူ* | ၁၃၄ |
| ၆။ | မိန်းမလှကျွန်းမှခေါ်သံ<br>*မြဘုန်းထက်* | ၁၈၆ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အချို့က သူ့ကို မောင်ချစ်ခွေးဟူ၍လည်းကောင်း၊ မောင်ခွေးချစ်ဟူ၍လည်းကောင်း ခေါ်ကြလေသည်။

သူသည် ခွေးများကို ချစ်၏။ ခွေးများကလည်း သူ့ကိုမြင်သည်နှင့် ကိုက်ဖို့ဝေးစွ၊ အနားကပင် မခွာချင်ကြ။

သူ့ကိုမြင်သော် ပြေးလာကြ၊ ဆော့ကစားကြ၊ ကိုက်မလိုဟန်ဟန်နှင့် ကျီစယ်ကြရကား ...

မြင်ရသူ သူ့မိဘများပင် အစကနဦးက သားငယ်အတွက် စိုးရိမ်မိသော်လည်း မြင်ရဖန် ကြုံရဖန်များလာသောအခါ မျက်စိယဉ်လာပြီး သူတို့ပါ ခွေးများကို ချစ်ခင်သံယောဇဉ်စိတ် ဖြစ်လာခဲ့၏။

အလွန်ကို ဆိုးသွမ်းအကိုက်ကြမ်းသည့် ခွေးများပင် မောင်ချစ်မွေး(ခေါ်)မောင်ခွေးချစ်နှင့်တွေ့လျှင် ချက်ချင်း မိတ်ဆွေရင်းခြာများသို့ ဖြစ်သွား၏။

ဘာကြောင့် ...

အဲဒီလို ခွေးများနှင့်အလွမ်းသင့်ရသနည်းဟု မေးကြည့်တော့ မောင်ချစ်မွေးသည် ဟိုတစ်ဘဝ (မကြာခင် ကာလတစ်ခုက) ခွေးစစ်စစ်ဖြစ်ခဲ့ဖူးသောကြောင့်ဟု မောင်ချစ်မွေးကိုယ်တိုင်ပြောပြ၍ ကျွန်ုပ်ကြေကွဲရလည်းကောင်း၊ တစ်နည်းဝမ်းသာရလည်းကောင်းသည့် ဘဝဖြစ်စဉ်ဆန်းအကြောင်းကို ကြားသိနားလည်ခဲ့ရလေသည်။

ထိုမောင်ချစ်မွေးပြောပြသည့် ဘဝကူးမြန်ခဲ့ရသော ဖြစ်ရပ်အား မောင်ချစ်မွေးပြန်ပြောသည်ကိုဖာတ်ဆင်၍ စာဖတ်ပရိသတ်အား ကျွန်တော် ပြန်ရေးပြရလျှင် ...

✿ ✿ ✿

[ ၁ ]

တစ်နေ့သောအခါ ကျွန်ုပ်သည် စိတ်ဝင်စားစရာကောင်းသည့် လူဝင်စားတစ်ဦး၏မိသားစုနှင့် ဆုံဆည်းခဲ့ရ၏။

အမှန်က သူ့ကိုလူဝင်စားဟု ကျွန်ုပ်မဆိုလိုချင်။

တိတိကျကျပြောရလျှင် ခွေးဘဝမှဝင်စားလာသည့် လူငယ်ဟုသာ အတိအကျဆိုလိုက်ချင်သည်။

ငင်းလူငယ်မိသားစုနှင့်နှယ်၍ အသက်မွေးဝမ်းကြောင်း ဘဝစိတ်ကူးပြောင်းသွားသည့် အဓိကလက်သည်တရားခံနှင့်လည်း သက်သေထင်ရှား ဆုံတွေ့ခဲ့ရ၏။

လူငယ်ကလေး၏အမည်မှာ မောင်ချစ်မွေးဟုခေါ်၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

□

ကျွန်တော့်ဘဝဖြစ်စဉ်က ဒီလိုပါ . . . ဦးမိုင်း။ ကျွန်တော် ဒီလို လူ့ဘဝကိုရောက်လာရတာ ကံကောင်းတယ်လို့ပြောရပေမင့် တစ်ခါ တစ်ခါ ဟိုအရင်ဘဝဟောင်းကို ပြန်သွားရမှာလည်း အရမ်းကြောက် တယ် ဦးမိုင်းရယ်။

"ဘယ်လိုဘဝလည်း မောင်ချစ်မွေး"

"ခွေးဘဝ"

"မောင်ချစ်မွေးက တကယ်ခွေးဘဝက လာခဲ့တာလား"

"တကယ်လာခဲ့တာပါ"

"ဘယ်လို သက်သေအထောက်အထား ပြနိုင်သလဲ မောင် ချစ်မွေး"





"ဒီမှာကြည့်"

သူကချက်ချင်းပဲ ဝတ်ထားသည့် ရှပ်အင်္ကျီလက်တိုကိုချွတ်၍ ပြလိုက်သောအခါ သူ့လည်ပင်းနှင့်ရင်ဘတ်အစနားမှာ ရှည်လျားသော ဘတ်တက်အမာရွတ်ကြီးတစ်ခု။ အရှည်တစ်ထွာကျော်ခန့်ရှိမည်။ ချုပ်ရိုး ကြောင်းမပါ။ ခပ်နက်နက် ဒဏ်ရာအမာရွတ်ရှည်ကြီးကို မမြင်ဝံ့စရာ ကျွန်ုပ်မြင်လိုက်ရသည်။

"ဒါဘယ်တုန်းက ရတဲ့ဒဏ်ရာလဲကွင်"

"ဟို . . . ခွေးဘဝဖြစ်ခဲ့တုန်းက"

"ဟင် . . . ဟို ခွေးဘဝဖြစ်ခဲ့တုန်းက"

"ဟုတ်တယ် . . .။ အခု လူ့ဘဝကိုရောက်လာတော့ သက် သေခံအဖြစ်ပါလာတာ"

"မင်းဘယ်လိုဖြစ်ခဲ့ရတာလဲ မောင်ချစ်မွေး"

"ပြောပြမယ် ဦးမိုင်း။ နားထောင်ပါဗျာ"

ကျွန်တော်ဟာ ဟို(၈)နှစ်က လမ်းနံဘေးက ခွေးတစ်ကောင် ပေါ့။ ကျွန်တော့်ဘဝမှာ အရှင်သခင်မရှိဘူး။ ပိုင်ရှင်မရှိဘူး။ ဂရုတစိုက် ကျွေးမွေးပြုစု ယုယမည့်သူမရှိခဲ့ဘူး။

ကျွန်တော်နေတာ ဈေးနားက ဇရပ်အိုကြီးအောက်မှာပေါ့။ အဲဒီတုန်းက ကျွန်တော့်မှာ အမေခွေးမကြီးရှိတယ်။ အမေခွေးမကြီးက အိုလှပါပြီဗျာ။ အိုမင်းလွန်းလို့ ကျောကုန်းပေါ်မှာ အမွေးမရှိတော့ဘူး။ သန်စွမ်းတဲ့ခွေးတွေက အနိုင်ကျင့်ကိုက်လွန်းလို့ ဒဏ်ရာရတာလည်း ကြာခဏပါပဲ။

လမ်းသွားရင်တောင် အစာအာဟာရရှာမစားနိုင်လို့ ငိုင်နေ့နေ့ နေ့ရ။ အဲဒါ ဇရပ်အောက်မြေပြင်ကျင်းထဲမှာ ချမ်းရင်တအီးအီး ညည်းပြီး



www.burmeseclassic.com

www.burmeseclassic.com



နေရတယ်။

ကျွန်တော်က ပျိုရွယ်တဲ့ခွေးတစ်ကောင်ဘဝမို့ အစားအစာ ရှာဖွေကျွေးမွေးရတယ်။ ဈေးနဲ့နီးတော့ သားစိမ်းတန်း ငါးစိမ်းတန်းက အမှိုက်ပုံစွန့်တဲ့ စွန့်ပစ်ပစ္စည်းတွေကို အခြားခွေးများနဲ့လုယက်ပြီး ရှာဖွေရတယ်။ အပြိုင်အဆိုင် အလုအယက် ရှာဖွေလို့ရလာသမျှကို ဈေး အောက်မှာ သားအလာမျှော်နေတဲ့ အမေခွေးမကြီးကို အလျင်ဦးစွာ ကျွေးခဲ့တယ်။ အမေက ဝမ်းသာအားရ စားရှာတယ်။ အသက်အရွယ် ကြီးနေတော့ ပါးစပ်မှာသွားကလည်း သိပ်မရှိတော့ဘူး။ ဝါးလို့ရတာ လေးဝါးပြီးရင် ခွေခွေလေး အိပ်တော့တာပဲ။

ကျွန်တော်တို့ ခွေးလေခွေးလွင့်ဘဝဆိုတာ အလစ်သုတ်ရတာ များတယ်ခင်ဗျ။ ငါးဆိုင်၊ ဝက်သားဆိုင်၊ အမဲသားဆိုင်က အသားတုံး အသားစ၊ အရိုးတိုအရိုးစကလေးများကို လစ်ရင်လစ်သလို သုတ်ခဲ့ ရတယ်။

ဘဝတူခွေးလေခွေးလွင့်များလည်း ဒီလိုပဲ ဘဝကိုရုန်းကန်ရ တယ်။ ပိုင်ရှင်ကမြင်သွားရင် တီးတာပျင်းတာလည်း ရက်ရက်စက်စက် ခံရတာပေါ့။ ကံကောင်းလို့လွတ်သွားရင် အရသာရှိရှိ ကောင်းကောင်း လေး အရိုးအရင်းတစ်ချောင်းကိုက်ပြီး အိမ်ခံလို့ရသပေါ့။

အဲဒီကြားကမှ သန်သန်မာမာခွေးကြီးများက အနိုင်ကျင့် ဝင်လုပြန်ရင်လည်း ကိုယ်စွန့်စားပြီးရှာခဲ့ရတဲ့အရိုးလေး ခွေးဆိုးကြီး များပါးစပ်ပါသွားလို့ ထိုင်ငိုမျက်ရည်ကျရတဲ့နေ့၊ ကိုက်မနိုင်ခဲမရ ဒေါသ ဖြစ်ခဲ့ရတဲ့နေ့ မနည်းခဲ့ပါဘူးဗျာ။ ပြောရရင်တော့ဗျာ ခွေးဘဝပဲဖြစ်ဖြစ် လူဘဝပဲဖြစ်ဖြစ် အချောင်သမားဘဝဟာ မကောင်းပါဘူးဗျာ။

သို့သော် ကျွန်တော်တို့က ပိုင်ရှင်မဲ့ခွေးဘဝဆိုတော့ ပိုင်ရှင်

---





ခွေးများလို အချိန်မှန်မစားရဘူးလေ။ ဒါကြောင့် ခွေးသူခိုးဘဝကို ရောက်ခဲ့ရတာပေါ့။ ခွေးသူခိုးဘဝနဲ့အတင့်ရဲလို့ သေသွားတဲ့ ခွေးအသိ တွေ့မ်းတွေလည်း မနည်းပါဘူး။ အချို့ကျိုးကန်း၊ အချို့ပွဲချင်းပြီး၊ အချို့အဆိပ်တုံးမိ။

ကံအလွန်ကောင်းပြီး သားရေနားရေရှိမှ အသွေးအမွေးလှလှ ရှိရင် ချစ်စရာကောင်းတဲ့ ခွေးပေါက်စလေးများမှာ ဆင်းရဲသူဆင်း သား အကြင်နာတရားရှိသူလူများက ကောက်ယူမွေးစားကြတာ။

အဲဒီလိုဘဝမျိုးရောက်သွားရင်တော့ နာမည်ပျက်လှတဲ့ ခွေးလေ ခွေးလွင့် လမ်းဘေးခွေးတစ်ကောင်ဘဝက လွတ်မြောက်ပြီး အသင့် အတင့် ဘဝကောင်းစားပြီပေါ့ဗျာ။ သခင်ရဲ့ကျေးဇူးတရားကိုသိပြီး သခင်ရဲ့အိမ်ခြံမိသားစုရဲ့လုံခြုံမှုကို သစ္စာစောင့်သိစွာ စောင့်ရှောက်ခဲ့ ကြတော့ ခွေးအစဉ်မျိုးအဆက် အဲဒီသခင်မိသားစုရဲ့ ချစ်ခင်ခြင်းဘဝ ကိုခံယူပြီး အသက်ထက်ဆုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာနေသွားကြ ရပါပဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

ကံကြမ္မာဆိုးချင်လို့လား၊ ကောင်းချင်လို့လားမသိဘူး။ ဘဝတစ်ဆစ်ချိုးပြောင်းခဲ့ရတယ် ဦးမှိုင်းရယ်။ ကျွန်တော့်အမေ ခွေးအိုမကြီး မိုးရေကြောင့်ချမ်းပြီး နေမကောင်းဖြစ်နေရှာတယ်။ မာကျောတဲ့ အရိုးကို မကိုက်နိုင်ရှာဘူး။ အရိုးအရင်းပေါ်က အနံ့အသက်ကလေးကိုပဲ လျှာတုံးတုံးကြီးလျှက်ပြီး အချမ်းများနဲ့ ညည်းညူနေရရှာတယ်။

အမေ့ဖြစ်အင်ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ နာကျင်တဲ့ ဝေဒနာကို ခံစားရတယ်။ အမေဝါးလို့ရမယ့် အစားအစာလေးများရရင် ကောင်းမှာပဲလို့ စဉ်းစားတယ်။

ဒါနဲ့ ဈေးဘက်ကို အစာရှာထွက်ခဲ့တယ်၊ ကျွန်တော်တို့ ကျက်စားတဲ့ဈေးက လမ်းနံဘေးကပ်ကျူးဈေးပေါ့။ မနက်ဈေးပဲရှိတယ်၊





ညနေဈေးမရှိဘူး။ အဲဒါ ကျွန်တော်လည်း ငါးရမလား၊ အသားရမလား အလစ်ချောင်းနေခဲ့မိတယ်။

ဒီမှာ အိပ်ငိုက်နေတဲ့ အမဲသားသည်ကြီးကို သွားတွေ့လိုက်ရရော အမဲသားတုံးကြီးတွေ စားပွဲပေါ်မှာအများကြီးပဲ။ လက်ဖျံသား ခုတ်စင်းသားတွေလည်း ခုံပေါ်မှာပုံလို့။ သွေးညှီရနံ့သင်းနေတဲ့ အမဲသားရနံ့ဟာ ကျွန်တော့်ရင်ခေါင်းကိုရော နှာခေါင်းကိုရော လာလှည့်စားလှည့် ယူပါလှည့်လို့ ခေါ်နေသလိုပဲဗျာ။

ဒါနဲ့ ကျွန်တော်အနားကိုကပ်ပြီး မယောင်မလည်နဲ့ ကြည့်နေလိုက်တယ်။ ဈေးဝယ်သုံးဦးရောက်လာလို့ အမဲသားသည် အသားမည်းမည်း နှာရှုက်ကားကား ပါးစပ်ပြဲပြဲ အမွှေးထူထူဈေးသည်ကြီးက အမဲသားတုံးများကို လှီးလှီးပြီးချိန်ပေးလိုက်၊ ပိုက်ဆံယူလိုက်၊ ခုတ်ထစ်လိုက်နဲ့ အလုပ်များနေတယ်။

ဒီအချိန်မှာ အမဲသားတုံးကြီးတစ်တုံး အောက်ကိုပြုတ်ကျသွားတယ်။ လူကြီးကသိပေမဲ့ ဈေးဝယ်များကိုဦးစားပေးပြီး ဂရုမစိုက်နေတာမို့ ကျနေတဲ့အမဲသားတုံးကို အလျင်စလို မကောက်ဖြစ်ဘူး။ ဒီမှာပဲ ကျွန်တော်က ကျနေတဲ့အမဲသားတုံးကို အမြန်ကိုက်ချီပြီး ပြေးလေ့အလုပ် . . .

"ရှူး . . ."

"ရွှပ် . . ."

"ဂိန် . . . ဂိန်"

"အမယ်လေးတော် . . ."

"ဟို . . . ဟို"

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လှတဲ့ အမဲသားသည် လူထွားလူကြမ်းရဲ့ အမဲသားလှီးတံဦးချွန်ရှည်ဟာ ကျွန်တော်ရဲ့လည်ပင်းနဲ့ ရင်ညွန့်ပေါ်ကျလာပြီး ကျွန်တော်လွင့်စဉ်သွားခဲ့တယ်။ ဈေးဝယ်အချို့ရဲ့ အော်ဟစ်လိုက်တဲ့ အလန့်တကြားအသံကိုလည်း ကြားလိုက်ရတယ်။ ကျွန်တော့်လည်ပင်းနဲ့ရင်ညွန့်တာ ဓားချက်ကြောင့်ဟက်တက်ကွဲပြီး နီရဲရဲသွေးများစီးကျလာတယ်။

ခုတ်အားပြင်းလိုက်တဲ့ ဓားချက်နှယ်များ အသည်းဆတ်ဆတ်တုန် နာကျင်စူးရှခံစားနေရတာ။ နာနေသည့်ကြားက အမေခွေးအိုမကြီးအတွက် အသားတုံးကို ပြန်ကောက်မလို့လုပ်နေတုန်းပဲ အမဲသားသည် လူထွားလူကြမ်းကြီးရဲ့ ဒုတိယအကြိမ်ဓား မြှောက်တာကိုလည်း မြင်ရော ကျွန်တော်အမဲသားတုံးရယူလိုမှုကို စွန့်လွှတ်လိုက်ပြီး သွေးစက်လက်လည်ပင်းစောင်းငန်းနဲ့ နာကျင်စွာအော်ဟစ်ပြီး အားကုန်ပြေးထွက်လာခဲ့လိုက်တယ်။

ကျွန်တော့်ရဲ့ဆိုးဝါးလှတဲ့ဖြစ်အင်နဲ့ သွေးသံရဲရဲမြင်ကွင်းကို ကြည့်ပြီး လမ်းဘေးခွေးများဟာ ဝိုင်းဟောင်ကြရင်း ကြောက်လန့်တကြား ပြေးကုန်ကြပါရော။ အမဲသားသည်လူကြမ်းကြီး ဒေါသတကြီး နောက်ကနေပြေးလိုက်ပေမဲ့ နောက်ဆုံး သူလည်း စိတ်လျှော့ပြီး ပြန်သွားခဲ့တယ်။

ကျွန်တော် မပြေးနိုင်တော့ဘူး။

တစ်ကိုယ်လုံး သွေးခြင်းခြင်းရဲနေပြီ။

နောက်ဆုံး မျက်လုံးတွေပြာလာပြီး ကတ္တရာလမ်းနံဘေးမှာ ဆန့်ငင်ဆန့်ငင်ဖြစ်နေချိန် အသားဖြူဖြူနဲ့ လူမိန်းမချောသွားသူတစ်ဦးဟာ ကျွန်တော့်ဖြစ်အင်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေတယ်။ သူဟာ





ကျွန်တော့်ကိုယ်ပေါ်က ဒဏ်ရာများကို ကရုဏာသက်တဲ့မျက်လုံးအစုံနဲ့ကြည့်ပြီး 'ရက်စက်လိုက်ကြတာ' လို့ ရေရွတ်နေတယ်။

ကျွန်တော်ဟာ အားကိုးကြီးစွာနဲ့ အဲဒီလူမိန်းမကို ငေးမောကြည့်နေမိတယ်။ ကျွန်တော့်ကိုကယ်တင်ဖို့ တအင်အင်ညည်းညူရင်း မျှော်လင့်နေမိတယ်။ မိန်းမကြီးဟာ ကျွန်တော့်အနီးမှာ ဒူးထောက်ထိုင်ချပြီး ငုံ့အကြည့်မှာပဲ ကျွန်တော် အသက်ထွက်သွားခဲ့ရပါပြီဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ထူးဆန်းလိုက်တာ ဦးမှိုင်းရာ။

ကြည့်စမ်း ...။ ကျွန်တော့်ဝိညာဉ်ဟာ လေထဲမှာလွင့်ပျံနေတယ်။ ကြည့်လိုက်တော့ ငြိမ်သက်နေတဲ့ သွေးသံရဲရဲ ကျွန်တော့်ကိုယ်ခန္ဓာကို ကျွန်တော်ပြန်မြင်နေရတယ်။

ကျွန်တော် ကျွန်တော့်ရဲ့ခန္ဓာကိုယ်ထဲကို ပြန်ဝင်ကြည့်တယ်။ ဝင်လို့မရတော့ဘူး။ ကျွန်တော်ရဲ့ အသက်မဲ့ ခန္ဓာကိုယ်အနီးမှာ ဈေးသွားမိန်းမကြီးဟာ ရပ်ပြီးစိတ်မကောင်းစွာ စိုက်ကြည့်နေတယ်။

ကလေးအချို့လည်း ကျွန်တော့်အသက်မဲ့ခန္ဓာကိုယ်ကို ဝိုင်းကြည့်ပြီး စကားမျိုးစုံပြောနေကြတယ်။ အတန်ကြာတော့ ဈေးသွားမိန်းမကြီးဟာ ကျွန်တော့်ရဲ့သက်မဲ့ခန္ဓာကိုယ်ကို လှည့်ကြည့်ရင်းက ..





"ကောင်းရာဘုံဘဝကို ရောက်ပါစေ။ ဝဋ်ကြွေးရှိရင်လည်း ဒီဘဝမှာပဲ ကျေပါစေတော့"

ဒီလိုပြောပြီး ဈေးရှိရာကို လေးတွဲ့ခြေလှမ်းများနဲ့လှည့်အသွား ကျွန်တော့်ဝိညာဉ်သာ ဘယ်သွားလို့ဘယ်လာရမှန်း မသိဘူးဖြစ်သွားတယ်။ အမေခွေးမကြီးကိုလည်း သတိရနေတယ်။ ဟိုဈေးဝယ်မိန်းမကြီးရဲ့ အကြင်နာမျက်လုံးနဲ့ မျက်ရည်စို့စွတ်ပုံကိုလည်း တမ်းတခုံမင်နေတယ်။ ကျွန်တော့်ရဲ့စွဲလမ်းစိတ်ဟာ ကြင်နာပုံရတဲ့ လူမိန်းမ ဈေးသွားသူရဲ့အပေါ် သက်ရောက်စူးနစ်နေတယ်။

နောက်ဆုံး ...ကျွန်တော် ဖြစ်ချင်ရာဖြစ် ဈေးဝယ် အသွားမြိမိန်းမကြီးရဲ့နောက်ကနေ တကောက်ကောက် လိုက်ပါသွားခဲ့လိုက်တယ်။ မိန်းမကြီးက ဈေးထဲမှာ လိုချင်တဲ့ပစ္စည်းများကို ဝယ်ခြမ်းပြီးစောစောကလမ်းအတိုင်း သူ့အိမ်ရှိရာကို လမ်းလျှောက်ပြန်ခဲ့တယ်။

ကျွန်တော်လည်း သူမရဲ့နောက်ကနေ တကောက်ကောက်လိုက်ခဲ့တယ်။ မိန်းမကြီးဟာ စောစောက ကျွန်တော်အသက်ထွက်ခဲ့တဲ့နေရာကို ပြန်ကြည့်လိုက်တယ်။ ကျွန်တော့်ရဲ့ အသက်မဲ့ခန္ဓာကိုယ် မရှိတော့ဘူး။ သွေးကွက်များပဲ ကျန်ရစ်ခဲ့တယ်။ ကြည့်ရတာ အမြင်မတော်သူများက ကောက်ယူစွန့်ပစ်လိုက်ပြီနဲ့တူပါရဲ့။

ဒီလိုနဲ့ သူမက ရှေ့ကသွား၊ ကျွန်တော်က နောက်ကလိုက်ပေါ့။ ဒီမှာပဲ မိန်းမကြီးက မောလို့ထင့် ရေအိုးစင်တစ်ခုက သောက်ရေခပ်ပြီးအသောက် ကျွန်တော် သောက်ရေခွက်ထဲကို ခုန်ဝင်လိုက်တယ်။ ကျွန်တော် မိန်းမကြီးရဲ့အိမ်ကို လိုက်ချင်နေတာကိုး။ မိန်းမကြီးနဲ့အတူနေချင်တာကိုး။ သူမက ကျွန်တော့်ကို ကြင်နာသနားမှန်း ကျွန်တော်သိနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးက ကျွန်တော် သူသောက်မယ့် သောက်ရေခွက်ထဲ ခုန်ဝင်လိုက်တာကို မသိရှာဘူး။ ရေကိုအားရပါးရ သောက်ချလိုက်တယ်။ ကျွန်တော်လည်း ရေနှင့်အတူ သူမရဲ့ဝမ်းဗိုက်ထဲကို ရောက်ရှိသွားတယ်။

အဲ့ ထုံကြွနေ့တွေးတဲ့ အကာအရံအမိုးအောက်ကို ရောက်ရှိသွားသလိုခံစားရပြီး ကျွန်တော် ပျော်ရွှင်ကြည်နူးလို့ သွားခဲ့ရတယ်ဗျား။

✿ ✿ ✿

| ၅ |

❑

မောင်ချစ်မွေးပြန်ပြောပြသည့် ဟိုတစ်ဘဝ သူရဲ့အသေဆိုးခွေးတစ်ကောင်ဘဝကို နားထောင်ရင်း ကျွန်ုပ် စိတ်မကောင်းဖြစ်ခဲ့ရသည်။

"ကိုင်း . . . အစ်မကြီးဒေါ်မြအိမ်လည်း ပြောပါဦးဗျား။ အစ်မကြီးထံ မောင်ချစ်မွေးရောက်ရှိ ဝင်စားပုံလေး"

"ဒီလို . . . ဆရာမှိုင်းရဲ့။ ကျွန်မကလေ သတ္တဝါလေးတွေကို အလွန်ကြင်နာသနားတတ်တယ်။ အိမ်မှာ ခွေးရော၊ ကြောင်ရော၊ ကြက်တွေရော မွေးထားတာ။ ကြက်ဆိုရင် အများကြီးပဲ။ ရိုက်ချက်မစားဘူး။ များလာပွားလာရင် ဘုန်းကြီးကျောင်းမှာ ဘေးမဲ့လွှတ်ပစ်တာ။ အဲဒါ သူပြောသလိုပဲ ဒဏ်ရာနဲ့ခွေးထီးလေးကိုမြင်ပြီး ယူကျုံးမရသနားခဲ့လို့ မွေးကျက်ရည်ဝဲခဲ့ရတယ်။

---



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မျက်လုံးထဲက မထွက်ဘူး။ ဒါနဲ့ အိမ်ရောက်ပြီးညမှာ လည်း ဘုရားရှိခိုးပြီး မနက်တုန်းကမြင်ခဲ့ရတဲ့ သနားစရာခွေးကလေး ဘို့ရည်မှန်းပြီး ပြုသမျှ ကောင်းမှုကုသိုလ်အဖို့ဘာဂကို အမျှအတန်း ပေးဝေလိုက်တယ်ရှင့်၊ ဒီလိုနဲ့ မိုးသောက်အရုဏ်တက်မှာ ထူးဆန်း တဲ့အိပ်မက်တစ်ခု မြင်မက်ပါရော။

ခွေးကလေးတစ်ကောင်ရယ်။ ကျွန်မဝမ်းဗိုက်ကို နမ်းရှုပ်နေ တာ။ ခွေးလေးက ချစ်စရာလေး။ ကျွန်မက ဘယ်ကခွေးလေးမှန်းမသိ လို့ ပြန်လွှတ်ပေမဲ့ ခွေးလေးကမပြန်ဘူး။ ကျွန်မ ဝမ်းဗိုက်ပေါ်မှာ ခေါင်းလေးတင်ပြီး မှောက်အိပ်နေတယ်။ ဒါနဲ့ ကျွန်မလည်း သူ့ကို ချစ်ခင်သနားသွားပြီး မေးလိုက်တယ်။

''ငါ့ကို မင်းသိလား''

''အီ . . . အီ . . .''

''ငါနဲ့နေချင်လို့လား''

''အီ . . . အီ . . . အီ . . .''

သူဟာ နှုတ်သီးနဲ့ ကျွန်မရဲ့ဝမ်းဗိုက်ကို နမ်းလိုက်၊ ကျွန်မရဲ့ မိခင်နို့ကို စို့သလိုလုပ်လိုက် လုပ်နေလို့ သူ့ကိုပွေ့ဖက်ထားပြီး လူသား ငယ်လေးတစ်ယောက်လို သားချော့တေးလေးဆိုလို့ ချော့သိပ်လိုက် မိတယ်။ မကြာခင် သူရော ကျွန်မရော နှစ်ဦးစလုံး နှစ်ခြိုက်စွာ အိပ် ပျော်သွားခဲ့ကြတယ်။ နောက်တစ်လကျော်အကြာမှာ ကျွန်မကိုယ်ဝန် ရှိလာခဲ့တယ်။ ကိုးလကိုယ်ဝန်ကိုလွယ်ခဲ့ပြီး ဆယ်လအဝင်မှာ ကျွန် မီးဖွားခဲ့တယ်။

မွေးတာ သားယောကျ်ားလေး။ ကျွန်မရော ကျွန်မယောကျ် ရော ဝမ်းသာလိုက်ကြတာ။ ဒါပေမဲ့ စိတ်မကောင်းစရာတစ်ချက် မြင်





ရတယ် ဆရာမှိုင်းရယ်။ အဲဒါဘာလဲဆိုတော့ သားလေးရဲ့လည်ပင်းနဲ့ ရင်ညွန့်များဆီမှာ ဓားခုတ်ရာလို ဒဏ်ရာအမာရွတ်ကြီးတစ်ခု ထူးဆန်း စွာပါလာတာပဲ။

''ဘုရား . . . ဘုရား . . .''

ဒါကိုမြင်ပြီး သားလေးအတွက် ကျွန်မတို့လင်မယား စိတ် မကောင်းလိုက်ရတာ။ မျက်ရည်ကျမိတယ် သိလား။ လက်သည်မိန်းမ ကြီးက မီးတွင်းထဲ မျက်ရည်မကျနဲ့ မျက်လုံးကန်းသွားမယ်လို့ သတိ ပေးခဲ့တယ်။

''မဟုတ်မှလွဲရော မိမြအိမ်၊ ညည်းကလေးက လူ့ဝင်စားများ သားမသိဘူး''

''ဒဏ်ရာကြီးက အကြီးကြီးပဲ အမေသစ်ရယ်''

''အိုအေ . . . ဒါကလည်း အတိတ်ဘဝက သူ့ကံအကြောင်း တရားနဲ့သူမို့ ခုဘဝပြန်ပါလာတာလည်း ဖြစ်မှာပေါ့။ ကလေးက ချစ် စရာလေးပဲ''

ဒီလိုနဲ့ သားလေးကိုအရွယ်ရောက် လူလားမြောက်အောင် ကျွေးမွေးပြုစု ယုယခဲ့လိုက်ကြတယ်။ ကစားတတ်တဲ့အရွယ်ရောက်တော့ သူဟာ ခွေးတွေအရမ်းချစ်တာကလား ဆရာမှိုင်းရဲ့။ ခွေးတွေကလည်း သူများဆိုရင် ပါးလျှက်နားလျှက်ပဲ။ အဲဒါ ရောဂါပိုးမွှားကူးမှာစိုးလို့ ခွေးတွေကို မောင်းမောင်းထုတ်ရတယ်။

မရပါဘူး။ လူလစ်ရင် ခွေးတွေသူ့အနီးမှာ ဝိုင်းနေတာပဲ။ ခွေးတွေနဲ့ အမြဲကစားနေတာပဲ။ အပြင်ခေါ်သွားလည်း မြင်သမျှခွေးများ က သားလေးမောင်ချစ်မွှေးကိုမြင်ရင် ဝိုင်းအုံလိုက်ကြ၊ နမ်းကြ၊ ခေါင်း နဲ့တိုးဝှေ့ကြလို့ သူ့ကို မောင်ချစ်မွှေးကနေ မောင်ခွေးမွှေးလို့တောင်



www.burmeseclassic.com

ခေါ်ကြလေရဲ့။

နောင်တော့ ကျွန်မဈေးသွားရင်သူ့ကို အဖော်ခေါ်ခဲ့ရတယ်။

"သား ဈေးသွားမလို့ လိုက်ခဲ့နော်"

"ဘယ်ဈေးလဲ အမေ"

"သပြေပင်ဈေး"

"သပြေပင်ဈေး . . ."

"တတ်တယ်"

"သား . . . အဲဒီဈေးဆို မလိုက်ချင်ဘူး အမေ"

"ဟင် . . . မင်းက တစ်ခါမှမလိုက်ဖူး၊ မရောက်ဖူးဘဲနဲ့ ဘာကြောင့်မလိုက်ချင်ရတာလဲ . . . သား"

"ကြောက်လို့"

"ဘာကို ကြောက်တာလဲ လူကလေးရဲ့"

"ဟင့်အင်း . . . ကြောက်တယ်၊ မလိုက်ချင်ဘူး"

"လာပါ . . .။ အမေတစ်ယောက်လုံးပါတာ ဥစ္စာ။ ထ . . . အိမ်မှာမင်းအဖေလည်း မရှိဘူး။ ထားခဲ့လို့မရဘူး ထ"

ဒါနဲ့ သားငယ် အမေ့စကားကို မလွန်ဆန်နိုင်လို့ ကျွန်မနဲ့ အတူ သပြေပင်ဈေးကို ရောက်လာခဲ့ကြတယ်။ သားဟာဈေးကို လိုက်သာလိုက်ခဲ့တယ်။ သူ့အသွင်က တစ်စုံတစ်ခုကို ကြောက်လန့်နေပုံမျိုးရှင့်။ ဒါနဲ့ ဈေးများဝယ်စရာရှိတာတွေဝယ်ပြီး အမဲသားဆိုင်ရှေ့ကနေ ဖြတ်ရော . . .

"အား . . ."

"ဟဲ့ . . . သား . . . သား ဘာဖြစ်လို့လဲ"

"ကြောက်တယ် . . . သားကြောက်တယ် အမေ"





"ဘယ်သူ့ကို ကြောက်တာလဲ"

"ဟင့်အင်း . . . ကြောက်တယ်။ ပြန်မယ်၊ ပြန်မယ်"

သူဟာ အမဲသားဆိုင်ထဲက အမဲသားများကို ဓားချွန်ကြီးနဲ့ ခုတ်လှီးနေတဲ့ လူအရုပ်ကြမ်းဆိုးကြီးကိုကြည့်ပြီး အော်ပါရော။ ပြီး . . . ထွက်ပြေးပါရော ဆရာမှိုင်းရယ်။ အဲဒါ မနည်းလိုက်ရှာချော့ပြီး အိမ်ကို ခေါ်ခဲ့ရတယ်။

"သား ဘယ်သူ့ကို ကြောက်တာလဲဟင်"

မေးတာ မပြောဘူး။ ပါးပြင်မှာမျက်ရည်များသာ စီးကျနေ သေး။ မေးလွန်းမကမေးမှ သားကကတုန်ကယင်နဲ့ ဖြေရှာတယ်။

"သား . . . သား . . . ဟို . . . ဟိုလူကြီးကို ကြောက် . . . ကြောက်တယ်"

"ဘယ်လူကြီးတုံးသားရဲ့ ဟင်"

"ဟို . . . ဟို . . . အမဲသားတုံးတွေကို ဓားနဲ့ခုတ်တဲ့လူကြီး"

"အမဲသားသည်ကို ပြောတာလား"

"အင်း . . ."

"ဘာလို့ကြောက်ရတာလဲ အရုပ်ဆိုးလို့လား"

သူက ဦးခေါင်းကို ယမ်းလိုက်တယ် နောက်မေးလို့မရဘူး။ သူ့လည်ပင်းက ဒဏ်ရာကို သူ့လက်လေးနဲ့စမ်းပြီး ကျွန်မရဲ့လည်ပင်းကို အားကိုးတကြီး ဖက်ထားလိုက်လေရဲ့။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

အဲဒါကျွန်မက သဘောမပေါက်သေးဘူး။ သားဘာကြောင့် အမဲသားသည်ကြီးကို ကြောက်မှန်းမသိသေးဘူး။ အရုပ်ဆိုးအကျည်းတန်လို့၊ ဈေးရဲ့သဘာဝကို နားမလည်သေးလို့၊ မတွေ့ကြုံဖူးသေးလို့ ကလေးသဘာဝ ကြောက်တာပဲလို့ သဘောထားလိုက်တယ်။ ဒါနဲ့ မကြာခဏ ခေါ်ခေါ်သွားရင် အတွေ့အကြုံရပြီး ကြောက်စိတ်ပြယ်သွားမှာပဲလို့ယူဆပြီး ဈေးသွားတိုင်း မလိုက်ချင်လည်း ခေါ်ခေါ်သွားတယ်။

ခေါ်တိုင်း သားက မလိုက်ဘူးချည်း ငြင်းတာပဲ။ ကျွန်မကလည်း ကလေးမှာကြောက်စိတ်ကင်းအောင်ဆိုပြီး မရမကခေါ်ခေါ်သွားတော့ ကျွန်မသြဇာကို မလွန်ဆန်နိုင်လို့ မလိုက်ချင်ဘဲ လိုက်ခဲ့ရရှာတယ်။





ဒီလိုနဲ့ အမဲသားသည် လူထွားအရုပ်ဆိုးကြီးဆိုင်နားလည်း ...ာ်ရော တအားရုန်းကန်တော့တာပဲ။ ကျွန်မလည်း မလွှတ်တမ်းကို ...သားတာ။ ဆိုင်ရှေ့လည်းရောက်ရော 'ဒုန်း'ဆိုတဲ့ ဓားခုတ်သံကြား ...

"အမယ်လေးဗျ ..."

"ဟဲ့ ... သား ... သားလူလေး"

"ကြောက်တယ် ... ကြောက်တယ် ... အမေ ... သား ...ာက်တယ်"

"ဟဲ့ ... ဘယ်သူ့ကို ကြောက်ရပြန်ပြီတုံး သားရဲ့"

"ဟို ... လူကြီးကို ကြောက်တယ်။ ကယ်ကြပါ ... ကယ် ...ါဗျ"

သားဟာ အမဲသားသည်လူကြီးကို နီးကြောင်နိုးဖုက်ကြည့်ပြီး ...သစ်ချက်ခုတ်သံ ကြားလိုက်တိုင်း မျက်နှာကိုလက်ဝါးနဲ့အုပ်လို့ အသံ ...ာ်ဟစ်ငိုပါလေရော။ အဲဒါ ဈေးဝယ်ဈေးသည်များက ဘာဖြစ် ...ဲ ဝိုင်းမေးကြတယ်။

"အမေ ... ပြန်မယ်။ ကြောက်တယ် ... ကြောက်တယ်"

"ဟီး ... အီး ... ဟီး ..."

သားဟာ ဈေးလည်ခေါင် အမဲသားဆိုင်ရှေ့မှာ ချုံးပွဲချငိုရော။ ...သားသည်လူကြမ်းကြီးက အမဲသားလိုးဓားကြီးကို မြှောက်ကိုင် ...

"ဟော့ ... ကောင်လေး ဘာလို့ငိုနေတာလဲ"

"အမေ ... ပြန်မယ်ဗျ။ အီး ... ကြောက်တယ်"

"ငါ ဓားနဲ့ လှီးလိုက်ရမလား။ တိတ် ... တိတ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဗျ ..."

အမဲသားသည်လူကြမ်းကြီးက ဓားကိုမြှောက်ပြီး ကလေး
ခြောက်သလိုနှင့် ပါးစပ်ကြီးဖြဲရယ်ပြလိုက်ရော ကျွန်မသားလေးလ
ပြီး သတိလစ်သွားရော။

အဲဒါ ဆိုက္ကားနဲ့တင်ခေါ်လာပြီး နီးရာဆေးခန်းကို အရေး
ထိပြရတယ်။ ဆရာဝန်ကပြုစုပေးလို့ သားလေးသတိရလာပြီး လန့်အေ
နိုင်ပါရော။

"ကြောက်တယ် ... ဟိုလူကြီးကို ကြောက်တယ်"

"ဘယ်သူကြီးတုံးကလေး"

ဆရာဝန်က သားရဲ့ပခုံးကိုဖက်ပြီး ကြင်နာစွာမေးရော ...

"အမဲသားသည်ကြီးကို ကြောက်တယ်"

"ဘာလို့ အမဲသားသည်ကြီးကိုကလေးက ကြောက်ရတာတုံး
ကွယ့်။ ပြောပါဦး ကလေးရယ်"

"သူ ... သူ ..."

"သူဘာဖြစ်တုံး။ ကလေးကို ခြောက်လှန့်လို့လား ဟင် ...
ဟင်လို့"

"သူ ... သူ ကျွန်တော့်ကိုသတ်တာ"

"ဘာ ..."

"ဟင် ..."

"ဘာပြောလိုက်တယ် ကလေး"

ဆရာဝန် ဆက်မေးလို့ မရတော့ဘူး။ ဘယ်တုန်းကသားကို
သတ်လို့တုံးလို့ ကျွန်မကပါ ချော့မော့မေးပေမဲ့ လုံးဝမပြောဘဲ မျက်
ရည်များကိုသုတ်ပြီး ကျွန်မရဲ့မျက်နှာကို အားကိုးကြီးစွာ မော့ကြည့်နေ





သရဲ့၊ ဆရာဝန်က မှာလိုက်တယ်။ ကလေးမှာ စွဲလမ်းကြောက်ရွံ့
...တစ်ခု ဝင်နေတယ်တဲ့။ အဲဒီစိတ်ကို ချေဖျက်ဖျောက်ဖျက်နိုင်အောင်
...ားမှ ဒီကလေးရဲ့နောင်ရေးကောင်းလိမ့်မယ်။ သူ့ကိုကြောက်အောင်
...အောင် မလုပ်ပါနဲ့လို့ မှာလိုက်လေရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

အိမ်ရောက်တော့ ချော့မေးရတယ်။

"သား ..."

"အမေ့ကို အမှန်အတိုင်းပြောစမ်းပါ သားရယ်။ သား လှ
စားလားဟင်"

"ဟုတ်ကဲ့ ..."

"အို ... သားက လှဝင်စား။ သား ဘယ်ဘဝက လာခဲ့
လည်းဟင် လူလေး"

"သား ဟိုတစ်ဘဝတုန်းက ခွေး အမေ"

"ဘုရားရေ ... သားက ခွေးဘဝဖြစ်ခဲ့ဖူးတယ်"

"ဟုတ်တယ်"





"သား ... အဲဒီဘဝကို အကုန်မှတ်မိလားဟင်"

"မှတ်မိတယ် အမေ"

"အဲဒါ ဘာလို့ အမေတို့ကို မပြောပြရတာလဲ သားရယ်"

"မပြောချင်လို့"

"သား ... ဘာကြောင့် ဟိုအမဲသားသည်ကြီးကိုမြင်ရင် တအား ကြောက်ရတာလဲသား ဟင်။ အမေ့ကို ပြန်ပြောပြစမ်း"

ဒီမှာ သားလေးမောင်ချစ်မွေးက ဟိုးတစ်ဘဝ ခွေးဖြစ်စဉ် တုန်းက သူခံစားခဲ့ရတဲ့ဘဝကို ပြန်ပြောပြတယ်။ စောစောတုန်းက ဆရာဖိုင်းကို သားပြန်ပြောပြတဲ့ဇာတ်လမ်းပေါ့။ ဒီအကြောင်းကို ကျွန်မ ကြားရသိရရော သားလေးကို သနားလိုက်တာ။

"ဒါဆို သားက အမဲသားသည်ကြီးရဲ့ ဓားချက်နဲ့ သေသွားတဲ့ ခွေးကလေး။ လွန်ခဲ့တဲ့(၇)နှစ်(၈)နှစ်တုန်းက အမေမျက်စိရှေ့မှာ ဓား အထိရာနဲ့ သေသွားတဲ့ခွေးလေးပေါ့ ဟုတ်လား"

"အမှန်ပါပဲ အမေရယ်"

"အိုး ... ဖြစ်မှဖြစ်ရ၊ ကြုံမှကြုံရလေရဲ့။ အီး ... ဟီး .."

ကံကြမ္မာဆန်းကြယ်လွန်းလို့ ကျွန်မသားလုပ်သူကို ဖက်ပြီး အားရပါးရ ငိုက်ကြီးတငင် ငိုချလိုက်တယ်။ ဒါနဲ့အတူ လွန်ခဲ့သည့်(၈) နှစ်ခန့် အိပ်မက်မက်ခဲ့ရတဲ့ ချစ်စရာခွေးကလေးကို ပြေးသတိရလိုက် သလို၊ သားလေးကိုယ်ဝန်ရှိလာခဲ့ပုံ။

မွေးလာတော့ လည်ပင်းနဲ့ရင်ညွန့်မှာ မွေးရာပါဓားဒဏ်ရာ ကြီးပါလာပုံများကို ဆက်လက်တွေးယူပြီး ကြေကွဲဝမ်းနည်းလို့လည်း ဆုံးသလို ခွေးဘဝကနေလူ့ဘဝကို ပြန်ဝင်စားရောက်ရှိလာတဲ့ ထူးခြား လှသည့်သားလေးကံကြမ္မာကိုလည်း ဝမ်းသာပြန်ခဲ့ရတယ်ရှင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုရှိတယ် ဒေါ်မြအိမ်။ ကျွန်တော်တို့ ဘာသာရေး ဘဝအမြင်နဲ့ စဉ်းစားတွေးမြင်ကြည့်တာပေါ့ဗျာ။ မောင်ချစ်မွေးသည် ဘဝကုသိုလ်ကံ အကျိုးပေးမကောင်းလို့ ပထမဘဝမှာ ခွေးဖြစ်ခဲ့ရတယ်။

ဒါပေမဲ့ ခွေးဘဝမှာ သူဟာ သူ့မိခင်ခွေးအိုမကြီးကို အစားအစာရှာပြီး ကျွေးမွေးခဲ့တယ်။ မိခင်ခွေးမကြီး နေမကောင်းဖြစ်ပြီး မာကျောသည့်အစားအစာကို မစားနိုင်လို့ အရသာရှိတာလေးစားစေချင်၊ ကျွေးချင်လွန်းလို့ အမဲသားဆိုင်ကအမဲသားတုံးကို အလစ်ဝင်ဆွဲရင်း အမဲသားသည်ရဲ့ဓားချက်နဲ့ သေခဲ့ရတယ်။ မသေခင်မှာ ကရုဏာတရားရှိတဲ့ခင်ဗျားကိုမြင်ပြီး သူစွဲလမ်းလို့ ခင်ဗျားနောက်ကို စွဲလမ်းစိတ်နဲ့ လိုက်ပါလာခဲ့တယ်။

မိခင်အိုဒုက္ခိတကြီးကို လုပ်ကိုင်ရှာဖွေကျွေးမွေးရသည့် ကုသိုလ်ကောင်းမှုစိတ်ဟာ လူမှာပဲဖြစ်စေ၊ အဟိတ်တိရစ္ဆာန်မှာပဲဖြစ်စေ ကောင်းမှုကုသိုလ်ကံဖြစ်တော့ ဒီကောင်းမှုကံစေတနာက သူ့ကို ပြန်အကျိုးပေးတာပဲ။ ဒါကြောင့် လူဝင်စားဘဝနဲ့ ခင်ဗျားရဲ့သားဘဝကို ရောက်ခဲ့ရတာပဲ။ သို့သော် လူဝင်စားတို့မည်သည် သူတို့ရဲ့ဘဝဟောင်းက အဖြစ်အပျက်ဝေဒနာများကို ရုတ်ခြည်းမေ့ပစ်လို့မရကြဘူး။

အဲဒါကို ပြန်ပြန်သတိရလေ့ရှိကြတယ်။ အဲဒီဘဝကို ကျွန်တော်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဇာတိဿရဉာဏ်ရသူလို့ ခေါ်ပါတယ်။ တစ်နည်း ဇာတိဿရပုဂ္ဂိုလ် (လူဝင်စား) လို့ ခေါ်ကြတယ်။ မောင်ချစ်မွေး လူဘဝရောက်တော့ လွန်ခဲ့သည့်(၈)နှစ်ခန့် ခွေးဘဝက သူ့ကိုရက်ရက်စက်စက် ဓားနဲ့ခုတ်သတ်ခဲ့တဲ့ အမဲသားသည်ကြီးကို ပြန်မြင်ပြီး ကြီးစွာ ကြောက်ရွံ့ထိတ်လန့်ခဲ့ရတာပဲ။ ဒါနဲ့ နောက်ပိုင်း ဘယ်လိုဖြစ်သွားခဲ့ကြတယ်ဆိုတာကို ဆက်ပြောပါဦး ဒေါ်မြအိမ်။





ကျွန်ုပ်၏စကားဆုံးသောအခါ လူဝင်စား တစ်နည်းခွေးဘဝမှ လူဝင်စားခဲ့ရသည့် မောင်ချစ်မွေးရဲ့မိခင်က မောင်ချစ်မွေးရဲ့ နောက်ဆက်တွဲ ဖြစ်ရပ်ဆန်းကြယ်အကြောင်းကို အမဲသားသည်ကြီး ဦးကုလားကြီးနှင့်ဆက်စပ်၍ ကျွန်ုပ်ကို ပြောပြခဲ့သည်။

ကျွန်ုပ်သည် ...

နောက်ဆက်တွဲဘဝကို စိတ်ဝင်စားလွန်းလှသဖြင့် အမဲသားသည်ကြီးဦးကုလားကြီးကို သွားရောက်တွေ့ဆုံကာ မေးမြန်းလိုက်မိလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၈ |

❑

အမဲသားသည်ဦးကုလားကြီးကို ကျွန်ုပ်သွားရောက်တွေ့ဆုံ မေးမြန်းသောအခါ ဦးကုလားကြီးသည် အမဲသားသည်ဘဝမဟုတ်တော့ ရွှေတိုက်စိုးအမည်ရှိ ဘုန်းတော်ကြီးကျောင်း၌ ခေတ္တပဉ္စင်းဝတ်နေသည် ကို တွေ့မြင်ခဲ့ရ၏။ ကျွန်ုပ်က ဦးဇင်း ဦးကုလားကြီးခေါ် ဦးပဥ္စင်း ဦးကုမာရကို ရှိသေစွာ ဝတ်ပြည့်ခဲ့ပါ၏။

သူသည် ထောင်ထောင်မောင်းမောင်း အသားမည်းမည်းကြီး ဖြစ်၏။ လက်နှစ်ဖက်နှင့် ခြေသလုံးနှစ်ခုမှာ အမွေးကြမ်းကြီးများ ပေါက် နေ၏။ ဦးပြည်းသည် သပိတ်ရောင်ပေါက်ကာ မည်းနက်နေ၏။

သို့သော် သူ့မျက်နှာပေါ်မှာ ကြမ်းတမ်းခက်ထန်သော လော ကြီးသော၊ ရက်စက်ကြမ်းကြုတ်သော အမူအရာဟန်ပန်များ လုံးဝမ ပေ။





သက်နှ်းအရိပ်၊ တရားအရိပ်၊ ဘုရားအရိပ်နှင့် အေးမြကြည် သင်ဖြစ်ကာ ပျော့ပျောင်းနူးညံ့သိမ်မွေ့သော လက္ခဏာများ ပေါ်လွင် နေ၏။ ကျွန်ုပ်က ကျွန်ုပ်သည် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်များ ရေးသားနေ သည့် စာရေးဆရာတစ်ဦးဖြစ်ပါကြောင်းနှင့် ခွေးဘဝမှ လူဝင်စားဘဝ သို့ ပြောင်းရွှေ့ရောက်ရှိလာသော မောင်ချစ်မွေးရဲ့ဘဝကို ရေဆုံးရေဖျား လေ့လာသူ၊ ရေးသားလိုသူဖြစ်ပါကြောင်းပြောရင်း ဦးကုလားကြီးနှင့် ဘဝရေစက် ဆုံတွေ့ပြောင်းလဲလာပုံ၊ အကြောင်းဆက်စပ်သိလိုပါ၍ ဦးဇင်းဦးကုလားကြီးကို လာရောက်တွေ့ဆုံ လျှောက်ထားမေးမြန်းရပါ ကြောင်း ပြောလိုက်သောအခါ ဦးကုလားကြီးသည် ခေါင်းတညိတ်ညိတ် လုပ်ပြီး အောက်ပါအတိုင်း စိတ်လိုလက်ရ ကျွန်ုပ်ကို ပြန်လည်ပြောပြ ခဲ့လေသည်။

ဒီလို ဒကာမှိုင်းရဲ့။ လွန်ခဲ့သည့်(၇)နှစ် (၈)နှစ်ခန့်က အဖြစ် အပျက်ပေါင်း တစ်ခုပေါ့။ ဒီအဖြစ်အပျက်ကို အလေးအနက်မထား ခဲ့ပါဘူး ဒကာကြီးရယ်။ သာမန်အဖြစ်အပျက်တစ်ခုအဖြစ် ပြီးပြီးပျောက် ပျောက်နေခဲ့တာ ကာလကြာပေါ့။ ဒီလိုနဲ့ (၇)နှစ် (၈)နှစ်ခန့်အကြာမှာ ရှေးထဲကို သားအမိနှစ်ဦး ရောက်လာတယ်။ ကျုပ်ဆိုင်ရှေ့မှာ ကလေး တစ်ဦးက ကျုပ်မျက်နှာကိုကြည့်ပြီး အလန့်တကြားအော်ငိုလို့ ပြေးလေ ရဲ့။

နောက်တစ်ပတ်ကြာတော့လည်း ဒီကလေးသားအမိပဲ ကျုပ်ရဲ့ အမဲသားဆိုင်ရှေ့ ရောက်ပြန်ရော။ အဲဒီကလေးက ကျုပ်ကိုမြင်သွားပြီး ကြောက်လန့်တကြား အော်ငိုပါရောဗျ။ ဒါနဲ့ ကျုပ်က အမဲသားခုတ် ရင်းကနေ ကလေးကိုကျုငိုနေတယ်မှတ်ပြီး အမဲသားခုတ်တဲ့ဓားမြှောက် လို့ ခြောက်လှန့်လိုက်ရော။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကလေး ကျုပ်အမဲသားဆိုင်ရှေ့မှာ ကြောက်လန့်သတိလစ် မေ့မြောသွားပါရောဗျာ။ အဲဒါ ဆိုင်နီးနားချင်းများက ကျုပ်ကို အဲဒီလို ကလေးမေ့အောင် ထိတ်လန့်အောင် ခြောက်လှန့်ရမလားဆိုပြီး ဝိုင်းဝန်းပြစ်တင် ဝေဖန်ကြတာပေါ့။ ကျုပ်ကလည်း အငိုတိတ်အောင် လှန့်လိုက်တာပါ။ ဒီလိုဖြစ်သွားတော့ စိတ်မကောင်းပါဘူး။

ဒီလိုနဲ့ နောက်တစ်ပတ်ခန့်အကြာမှာ ဆရာဝန်ဆိုသူ လူရွယ်တစ်ဦး ကျုပ်ဆီကိုရောက်လာခဲ့တယ်။ သူ့အမည်က ကိုဒေါနရွှေတဲ့။

"ကျွန်တော်က စိတ်ရောဂါကုဆရာဝန်ပါ ဦးကုလားကြီး"

"ဟုတ်ကဲ့ . . . ပြောပါဒေါက်တာ။ အမဲသား အော်ဒါမှာချင်လို့လား။ ပေါင်သားလား၊ မိုးနှိုသားလား ဒေါက်တာ"

"အမဲသားအော်ဒါမှာချင်လို့ မဟုတ်ပါဘူး . . . ဦးကုလားကြီး။ ကျွန်တော် ဦးကုလားကြီးနဲ့ အေးအေးဆေးဆေး ဘဝဖြစ်စဉ်ဆန်းတစ်ခုအကြောင်းဆွေးနွေးပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ချင်လို့ပါ"

"ဗျာ . . . ဘယ်လို ဒေါက်တာ။ ဒေါက်တာပြောတာတွေ ကျွန်တော် လုံးဝ နားမလည်ဘူးခင်ဗျ။ ရှင်းပါဦး ဒေါက်တာ"

"ဒီလိုပါ . . . ဦးကုလားကြီးခင်ဗျာ။ ဒီဖြစ်စဉ်ဆန်းဟာ အလွန်ကို အံ့သြစရာကောင်းလှပါတယ်။ ဦးကုလားကြီး စိတ်ရှည်ရှည်နဲ့ နားထောင်ပြီး ကူညီလိုက်ရင် မိသားစုတစ်ခုရဲ့ဘဝရှေ့ရေး အလွန်ကောင်းမွန်သွားစရာရှိလို့ သီးသန့်အချိန်ယူပြီး လာခဲ့ရတာပါ"

"ဒါဆိုလည်း ပြောပါဒေါက်တာ။ ကျွန်တော် ဘယ်လိုကူညီရမလဲ"

"ဦးကုလားကြီး လွန်ခဲ့သည့် (၇)နှစ် (၈)နှစ်ခန့်တုန်းက ဦးကုလားကြီးရဲ့အမဲသားဆိုင်မှာ အမဲသားတုံးလာဆွဲတဲ့ ခွေးတစ်ကောင်ကို





အမဲသားလိုးတဲ့ဓားရှည်နဲ့ ခုတ်ပိုင်းလိုက်တာ မှတ်မိလား"

စိတ်ရောဂါကု ဆရာဝန်ဆိုသူက အဲဒီလိုပြောလိုက်ရော ကျုပ်လွန်ခဲ့သည့်ကာလကအကြောင်းတွေကို မနည်း ပြန်စဉ်းစားယူကြည့်ရတယ်။ ဒီမှာ ခပ်ရေးရေး မှတ်မိသလိုရှိလာတယ်။ ခွေးငယ်တစ်ကောင်။ အမဲသားတုံးကို အလစ်လာဆွဲတယ်။ ကျုပ် သားလိုးဓားနဲ့ လှမ်းခုတ်လိုက်တယ်။

လည်ပင်းစလွယ်ပြတ်လုလုနဲ့ ဒရောသောပါး ပြေးထွက်သွားတယ်။ ဈေးအပြင်ဘက်လမ်းထိပ်မှာ အဲဒီခွေးသေသွားတယ်။ ကျုပ်သူတွေက ပြောလို့သိရတယ်။ ဒါနဲ့ ငွေတစ်ဆယ်ပေးပြီး အဲဒီခွေးသေကို အမှိုက်ပုံမှာ သွားပစ်ခိုင်းလိုက်တယ်။

"ဟုတ်ပါတယ် . . . ဒေါက်တာ။ မှတ်မိပါပြီ ခင်ဗျာ"

"အဲဒီ ဦးကုလားကြီး ဓားနဲ့ခုတ်လို့သေသွားတဲ့ခွေး အခုလူ့ဝင်စားဘဝနဲ့ လူလားမြောက်အရွယ်ရောက်ပြီဆိုရင် ဦးကုလားကြီး ယုံကြည်လက်ခံမှာလားဟင်"

"ဗျာ . . ."

"အံ့သြလို့လား ဦးကုလားကြီး"

"ဟုတ်ပါ့မလား . . .၊ ဖြစ်နိုင်ပါ့မလား . . . ဒေါက်တာ။ ကျုပ်မယုံကြည်နိုင်ဘူးလေဗျာ။ ဘယ့်နှယ်ခွေးတစ်ကောင်က အသေဆိုးနဲ့သေပြီး လူ့ဝင်စားအဖြစ်နဲ့ လူ့ပြည်ပြန်ရောက် လူဖြစ်နေတယ်ဆိုတာ ဖြစ်နိုင်မလားဗျာ"

"ဖြစ်ကိုဖြစ်နေလို့ပါ ဦးကုလားကြီး"

"ဒါဆို . . . သူ . . . သူ . . . ဘယ်သူလဲဗျာ ဟင်"

"ဟိုတစ်ခါတုန်းက ဦးကုလားကြီး အမဲသားဆိုင်ရှေ့မှာ သတိ



www.burmeseclassic.com

www.burmeseclassic.com



လစ်မေ့မြောသွားတဲ့ ကလေးပဲ''

''ဟုတ်ရဲ့လား . . . ဆရာရယ်''

''ဟုတ်လွန်းလို့ ဟိုဘက်ကမ်းကိုတောင် လွန်သေးသဗျာ။ အဲဒီကလေးဟာ ဒေါ်မြအိမ်ဆိုတဲ့ မိန်းမတစ်ယောက်ထံမှာ မောင်ချစ်မွေးအမည်နဲ့ လူဖြစ်နေပါပြီ။ သူဟာ ဦးကုလားကြီးရှိတဲ့ ဈေးကိုမလာခဲ့ဘူး။ လာခဲ့ရင်လည်း ဦးကုလားကြီးကိုမြင်ရင် လန့်အော်ရော။ သူ့ကို သတ်ခဲ့သူလို့ အတိအကျပြောတယ်။ ဘယ်တုန်းက သတ်ခဲ့တာလဲလို့ ချော့မော့မေးတော့ လွန်ခဲ့သည့်(၇)နှစ် (၈)နှစ် ခွေးဘဝတုန်းကဆိုပြီး ခင်ဗျားတို့ရဲ့ဖြစ်စဉ်ကို မျက်ရည်လည်ရွဲနဲ့ ပြောပြခဲ့တယ်''

''ဘာသက်သေရှိလို့လဲ ဒေါက်တာ''

''အဲဒီကလေးရဲ့လည်ပင်းမှာ ဓားခုတ်ရာအကြီးကြီး ရင်ညွန့်အထိ ဟက်တက်ချိုင့်ကွဲကြီး မွေးကတည်းကပါလာတာ။ ဒီနေ့အထိ အထင်အရှားပါပဲ ဦးကုလားကြီးရာ''

''အို . . . ဖြစ်မှဖြစ်ရပလေဗျာ။ မတော်တဆတိုက်ဆိုင်မှုရော မဖြစ်နိုင်ဘူးလား ဒေါက်တာရယ် ဟင်''

''ကလေးပြောပြတဲ့ ပြီးခဲ့သည့်တစ်ဘဝဖြစ်စဉ်နဲ့ အခု ဦးကုလားကြီးကိုမြင်တိုင်း အသက်လွင့်မတတ် ကြောက်လန့်တဲ့ဖြစ်စဉ် ထပ်တူကျနေလို့ပါ''

ကျုပ်ပ် အံ့သြလွန်းလို့ စဉ်းစားရရောဗျာ။ ယုံရခက်မယုံရခက်ကြီးရယ်လေ။ ဒါနဲ့မေးရော . . .

''ထားပါတော့ ဒေါက်တာရယ်။ အဲဒါ ကျွန်တော် ဘာလုပ်ပေးရမှာလဲ။ လျော်ကြေးပေးရမှာလား။ သူက အခု ကျုပ်ကို ပြန်သတ်ကလဲ့စားချေမယ်လို့ရော ကြံမ်းဝါးနေလို့လား ဒေါက်တာ''





''သူ့ကို လျော်ကြေးပေးစရာ မလိုပါဘူး။ သူကလည်း ဦးကုလားကြီးကို တုံ့ပြန်ကလဲ့စားချေမယ်လို့ လုံးဝမကြံမ်းဝါးဘူး။ ကျွန်တော်ဖြေချင်တာက ဒီကလေး ခင်ဗျားကိုမြင်တိုင်း ကြောက်လန့်နေတယ်။ ခင်ဗျားမျက်နှာကိုစွဲလမ်းပြီး အလွန်ကို ကြောက်လန့်နေတာ။

ကျွန်တော်တို့ စိတ်ရောဂါကု ဆရာဝန်အမြင်အသိနဲ့ ပြောရရင် ဒါ အလွန်ဆိုးဝါးသွားနိုင်သည့် စိတ်ရောဂါဖြစ်စဉ် တစ်မျိုးပါပဲဗျာ။ သူ့ရဲ့ရောဂါကို ကျွန်တော် ကုသပေးနေရတယ်။ ဒီမှာ ကျွန်တော်ထင်ချေရှိသည့် ရောဂါကုထုံးသစ်တစ်ခုကို သွားတွေ့ခဲ့လိုက်တယ်။ တခြားတော့ အခြားမဟုတ်ဘူး . . .''

''ပြောပါ ဒေါက်တာ''

''ဦးကုလားကြီးများ သူ့ကိုကြင်နာသနားစွာ ချော့မော့နှစ်သိမ့်ပွေ့ဖက်ဖျာရပ်ခံလိုက်ရင်၊ တစ်နည်း မျှော်လင့်မထားတဲ့ အမှားတစ်ခုကြောင်းလို့သဘောထားပြီး ဒီကလေးကို တောင်းပန်မေတ္တာရပ်ခံလိုက်ရင် ဒီကလေးရဲ့ဘဝဟောင်းအစွဲ စိတ်ဝေဒနာ ပြန်ကောင်းသွားမယ်ရှိလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပြီး ကျွန်တော် လာရောက်တွေ့ဆုံ ဆွေးနွေးမေတ္တာရပ်ခံရတာပါ ဦးကုလားကြီး''

ဆရာဝန်ရဲ့ စကားဆုံးရော ကျုပ်ရင်ထဲမှာ အမျိုးအမည်မသိ ဝေဒနာတစ်ခု ခံစားရသလိုမျိုးဖြစ်ခဲ့ရတယ်။

''ကျုပ်စဉ်းစားပြီး အဖြေပေးပါ့မယ် ဒေါက်တာ''

''ကျေးဇူးတင်ပါတယ် . . . ဦးကုလားရယ်။ ဒီကိစ္စဖြစ်စဉ်အပေါ် ကြယ်မှုကို လေးလေးနက်နက် ယုံကြည်ပေးပါလို့ ကျွန်တော် ဖွတ်ပြောက်တွန်းချင်ပါဘူး။ သို့သော် ဦးကုလားကြီးရဲ့ ပူးပေါင်းဆောင်ရွက်မှု ထိတနာက်ရဲ့ အကျိုးသက်ရောက်မှုဟာ ကံကောင်းရင် နှစ်ပြီးနှစ်ဝ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောကိုယ်ပါ ချမ်းသာကြမယ်လို့ မျှော်လင့်လို့ပါ''

အဲဒီလိုပြောပြီး စိတ်ရောဂါကု ဆရာဝန် ဒေါက်တာဒေါနမွေ ဆိုသူ ကျုပ်အိမ်ကနေ ပြန်သွားခဲ့တယ်။ သူပြန်သွားမှ ကျုပ်စဉ်းစား ကြည့်တယ်။ လွန်ခဲ့သည့် ကာလတစ်ခုတုန်းက ကျုပ်ဓားနဲ့ခုတ်လို့ သေ သွားတဲ့ခွေးတစ်ကောင် အခုလူဝင်စားဖြစ်နေတယ်ဆိုတာ ဖြစ်နိုင်ပ့ ယောား။

ဒါ အဓိကအချက်ပဲ။

ကျုပ် ဒါကိုနားမလည်ဘူး။ ဘာသာရေးလည်း ကျုပ်က သိ စိတ်ဝင်စားတာမဟုတ်လို့ ဘာမှမသိဘူး။ ကျုပ်က စီးပွားရေးသမား နွားတစ်ကောင်ဝယ်ပြီးရင် ဒီနွားကိုအသားပေါ်ရင် ဘယ်လောက်ထွက် မလဲ။

အရင်းနုတ်ပြီးရင် အမြတ်ဘယ်လောက်ကျန်မလဲ။ အရိုးကို ဘာလုပ်ရမလဲ။ ဒါပဲ ကျုပ်နားလည်တာ။ ခုကိစ္စက အလွန်ကိုဆန် ကြယ်နေတာ။ ကလေးကလည်း ကျုပ်များမြင်ရင် မျက်နှာကိုလက်ဝါ နှင့်အုပ်ပြီး ငယ်သံပါအောင်အော်ပြီး သတိလစ်သွားရော။

ဒါနဲ့ ဟုတ်မဟုတ်၊ ဖြစ်နိုင်မဖြစ်နိုင် သိချင်နားလည်ချင်တာ နဲ့ ကျုပ်မိန်းမကိုးကွယ်တဲ့ ဘုန်းတော်ကြီးကို သွားမေးလျှောက်ရော ဒီမှာ ဘုန်းတော်ကြီးက ကုသိုလ်ကံအကုသိုလ်ကံတရားရဲ့အကျိုးဆက် အကျိုးပေးနဲ့ သေခါနီးအစွဲအလမ်းဘဝ။ အစွဲအလမ်းကြောင့်သေပြီး အသစ်တစ်ဖန်ပြန်ဖြစ်ရတဲ့ (၃၁)ဘုံသားဘဝနဲ့ လူဝင်စားပြန်ဖြစ်ရသူ များဘဝကို ဒီလိုအကျဉ်းအကျယ် ဖွင့်ဆိုရှင်းပြခဲ့တယ်။

စုတိစိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဘဝသစ်အတွက် ပဋိသန္ဓေ စိတ်ဖြစ်ပေါ်လာတယ်။ ရှေ့ဘဝနဲ့နောက်ဘဝ၊ ဘဝဟောင်းနဲ့ဘဝသစ်





ဆက်ပေးတဲ့ စိတ်ဖြစ်လို့ ပဋိသန္ဓေစိတ်လို့ခေါ်တာ။ ပဋိသန္ဓေစိတ် ဖြစ်ရင် ဘဝအသစ်စရော။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်၊ အာရုံတစ်ပါး ထင်လာရင် အဝိဇ္ဇာက ထိုအာရုံ၏အပြစ်ကို မမြင်အောင် ဖုံးကွယ် ပေးတယ်။ တဏှာက အဲဒီအာရုံကိုနှစ်သက်အောင် လက်ခံပေးတယ်။ ပြီး . . . ပဋိသန္ဓေစိတ်အာရုံပြုရန်လည်း ညွတ်ကိုင်းတယ်။

ဒီမှာပဲ ကျုပ် ကုသိုလ်နဲ့အကုသိုလ်ကံရဲ့ အကျိုးပေးကို တစ်စ တစ်စ နားလည်သဘောပေါက်ပြီး ကျုပ်ပြုလုပ်ခဲ့တဲ့ ရက်စက်ကြမ်း ကြုတ်မှု အကုသိုလ်ကံနဲ့ ခွေးဘဝတစ်ဖြစ်လဲပြီး လူဘဝပြန်ရောက် လာသူ၊ တစ်နည်း ခွေးဘဝတုန်းက သူ့မိခင်ကို အစာရှာဖွေကျွေးမွေး ခဲ့တဲ့ ခွေးကလေး(မောင်ချစ်မွေး)ရဲ့ ကုသိုလ်ကံအကျိုးပေးနဲ့ အစွဲအလမ်း ဘဝကို နားလည်သဘောပေါက်ပြီး ကျုပ်လုပ်ခဲ့တဲ့ ကျွဲသတ်နွားသတ် ခွေးသတ်အလုပ်များရဲ့ နောင်လာရာဘဝကို ကြိုတွေးမြင်ပြီး အလွန် ကို ထိတ်လန့်တုန်လှုပ်လာခဲ့ရတယ်။

ဒါနဲ့ တစ်နေ့ လူဝင်စားကလေးဘဝကို ကိုယ်ချင်းစာနာပြီး သူ့အိမ်ကိုသွားတွေ့ရော မောင်ချစ်မွေးဆိုသူက ကျုပ်ဝင်လာတာကို မြင် တာနဲ့ လန့်အော်ပြီး မိသားစုထိုင်နေရာက အပေါ်ထပ်ကိုပြေးတက်လို့ အခန်းတစ်ခုမှာ ဝင်ပုန်းနေပါရော။ ခေါ်လို့ကို မရဘူး။

''ကြောက်တယ် . . .။ ဒီလူကြီးကို ကြောက်တယ်''

''မကြောက်ပါနဲ့။ ဘကြီးမင်းကို ဘာမှမလုပ်ပါဘူး''

''ဟင့်အင်း . . . ခင်ဗျား ကျွန်တော်ကို ဓားနဲ့ခုတ်သတ်ခဲ့တာ။ အမေ ကျွန်တော်ကြောက်တယ်။ ဒီလူကြီးကိုကြောက်တယ်။ သူ သားကို သတ်ဖို့လာနေပြီ။ ကယ်ပါဦးဗျာ''

အစဦးဆုံးနေ့မှာ ကျုပ် ဒီကလေးနဲ့ စကားပြောခွင့်မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



သုံးကြိမ်တိုင်တိုင် စားစရာသောက်စရာ မုန့်ပဲသရေစာများယူသွားပြီး ကြိုးစားချဉ်းကပ်ဖျောင်းဖျဖို့ ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ခဲ့ပါဘူး။

နောက်ဆုံးတစ်ကြိမ်မှာ ...

စိတ်ရောဂါကု ဆရာဝန်ရယ် ... သက်ကြီးဘုန်းတော်ကြီး တစ်ပါးရယ် ... ဝိုင်းဝန်းဖျောင်းဖျ ကြိုးစားမတ်ရုံပေးကြလို့ ကျုပ် လူဝင်စားမောင်ချစ်မွှေးနဲ့ အေးအေးဆေးဆေး တွေ့ခွင့်ရခဲ့ရတယ်။

"မောင်ချစ်မွှေး ... ဘကြီးကို မကြောက်ပါနဲ့"

"ခင်ဗျား ကျွန်တော့်ကို သတ်ခဲ့တာ"

"ဘကြီးမှားခဲ့ပါတယ် ... သားရယ်။ အဲဒီအမှားကံတရား အကုသိုလ်အတွက် ဘကြီးလူကလေးကို တောင်းပန်ဖို့လာခဲ့တာပါ"

"ခင်ဗျား ကျွန်တော်ကို သတ် ... သတ်မလို့မဟုတ်လား"

"အို ... ဘုရားပေးပေး ကျမ်းပေးပေးပါ သားရယ်။ သား ရယ် ... ဘကြီး လူကလေးကို ဘာမှမလုပ်ပါဘူး။ ဘကြီး လူကလေး ကိုသနားတယ်။ ကိုယ့်မြေးသားလို ချစ်ပါတယ်။ ဟိုတစ်ဘဝက အမှား ကို နောင်ဘဝရေစက်အထိ အတွဲအလှည့်မပါရအောင် ဘကြီး လူ ကလေးကို အနူးအညွတ် တောင်းပန်ပါတယ်ကလေးရယ်"

ဒီတော့မှ မောင်ချစ်မွှေးက ကျုပ်ကို အတန်ကြာစိုက်ကြည့် ပြီး ဘုန်းကြီးကိုတစ်လှည့်၊ ဆရာဝန်ကိုတစ်လှည့် ကြည့်လိုက်တယ်။ ဘုန်းကြီးအိုကြီးက ပြုံးပြီး ခေါင်းညိတ်ပြလိုက်မှ မောင်ချစ်မွှေးဟာ ကျုပ်ကို ရဲရဲကြည့်ပြီး စကားပြောဖော်ရတော့တယ်။

ဒီမှာကျုပ် မောင်ချစ်မွှေးရဲ့လည်ပင်းနဲ့ ရင်ညွန့်ဖျားပေါ်က ကြီးမားနက်ရှိုင်းလှတဲ့ ဓားဒဏ်ရာကိုကြည့်ပြီး ရင်ထဲမှာ ဆို့နင့်လာခဲ့ တယ်။ ဒီမှာ မောင်ချစ်မွှေးကရော သူ့အမေကရော သူတို့ရဲ့ အမုတ်





ရ ဖြစ်ရပ်ဆန်းကြယ်ဇာတ်ကို လုံးစေ့ပတ်စေ့ပြန်ပြောပြလို့ ကျုပ် ဆန်းလှတဲ့ ကံတရားအလှည့်အပြောင်းနဲ့ ဘဝသံသရာဖြစ်စဉ်ကို ကြည် နားလည်ခဲ့ရတယ်။ ကျုပ်မောင်ချစ်မွှေးရဲ့ လက်အစုံကို ပြီး မျက်ရည်နဲ့တောင်းပန်ခဲ့လိုက်လို့ စားစရာသောက်စရာများကို ခဲ့လိုက်တယ်။

ဒါနဲ့အတူ ကျုပ်ရဲ့ ရက်စက်ကြမ်းကြုတ်လှတဲ့ မိစ္ဆာအာဇီဝ သားသတ် ပေါ်ရောင်းအလုပ်ကို အဲဒီနေ့ကစလို့ စွန့်လွှတ်လိုက် ဆန်ရောင်းတဲ့အလုပ်ကို ပြောင်းလဲလုပ်ကိုင်လိုက်တယ်။ ဘုန်းကြီး ကျောင်းကို ဥပုသ်နေ့တိုင်း ဇနီးသည်နှင့်အတူလိုက်ပါပြီး သီလတရား ယူလို့ ဘဝကူးကောင်းအောင် ကြိုးစားခဲ့လိုက်တယ်။

ဒါနဲ့အတူ ရှာသမျှငွေကြေးထဲက အချို့ကိုဖဲ့ဝေပြီး မောင်ချစ် တာသင်ကျောင်းကိစ္စမှာ လိုအပ်သလိုသုံးစွဲဖို့ ကုသိုလ်ပြုခဲ့လိုက်တယ်။ စ်နေ့ မောင်ချစ်မွှေးကို သူ့မိဘများက ရှင်ပြုပေးခဲ့ကြတယ်။ ကျုပ် ည်း ကုသိုလ်ပါဝင်ပါရစေလို့ပြောပြီး မောင်ချစ်မွှေးအတွက် ကိုရင် တ်နန်းတစ်စုံဝယ်လှူပြီး ကုသိုလ်အဖို့ဘာဂကို ရေစက်ချခဲ့တယ်။

ဒီလိုနဲ့ ကျုပ်နဲ့မောင်ချစ်မွှေးတို့ လက်ရှိပစ္စုပ္ပန်မှာ ချစ်ခင် ခင်နှီးမှုရရှိပြီး မောင်ချစ်မွှေးလည်း ကြောက်လန့်စိတ်များ ပြေပျောက် သို့ ကျုပ်အပေါ်ကို ဘကြီးတစ်ဦးလို သွေးရင်းသားရင်းတစ်ဦးလို ရင်းနှီး ချစ်ခင် သံယောဇဉ်ဖြစ်လာခဲ့တယ်။

ကျုပ်တို့ ဝမ်းသာလိုက်ရတာ ဆရာရယ်။ တစ်ချိန်တစ်ခါ တစ်ဘဝတုန်းက မောင်ချစ်မွှေးနဲ့ကျုပ် အစားအစာကိစ္စတစ်ခုအတွက် ရန်သူများဖြစ်ပြီး အမုန်းတရားနဲ့ ရင်မာခဲ့ကြပေမဲ့ ဒီကနေ့ တရား အသိ၊ ဘုရားအသိ၊ သံဃာအသိနဲ့ အချင်းချင်း စာနာနားလည်မှုဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထမင်းတစ်ပိုင်းတည်းစားနိုင်တဲ့ဘဝကို ရောက်ခဲ့ရတယ်။ အခု ကျုပ် ဒုလ္လဘဝတ်နေတယ်။

ဟောဒီသက်နိုးဟာ မောင်ချစ်မွေးက ကျုပ်ကိုဝယ်ကန်တော့တဲ့ သက်န်းပဲ။ ဒီသင်္ကန်းကိုဝတ်ပြီး ကျုပ်ဝိပဿနာတရားကို နေ့စဉ်ပွားများခဲ့တယ်။ မေတ္တာဘာဝနာကိုလည်း နေ့စဉ်ပွားများပြီး မောင်ချစ်မွေးအပါအဝင် ကျုပ်လက်နဲ့သေဆုံးခဲ့ရတဲ့ ကျွဲ၊ နွား၊ သတ္တဝါများကိုရော၊ ဘဝဟောင်းက သံသရာကြွေး ရှိခဲ့တင်ခဲ့သူများကိုပါ အဓိဋ္ဌာန်နဲ့ အရင်းပေါင်းပြီး မေတ္တာပို့ အမျှအတန်းပေးဝေခဲ့လိုက်တယ်။

ပြီး . . . ဆုတစ်ခုလည်း တောင်းခဲ့လိုက်တယ်။ နောင်သံသရာဘဝမှာ အခန့်မသင့်လို့ ပြန်ဆုံကြရင်တောင် တစ်ဦးနဲ့တစ်ဦး အမုန်းမရှိတဲ့ဘဝနဲ့ပြန်ဆုံပြီး လူ့လောကကောင်းကျိုးကို ချစ်ချစ်ခင်ခင်ပျော်ပျော်ရွှင်ရွှင် သယ်ပိုးနိုင်သူများ ဖြစ်ရပါလို၏လို့ ကျုပ်ဆုတောင်းခဲ့လိုက်တယ် စာရေးဆရာ။

(မှတ်ချက် ။ ။ ဤဇာတ်လမ်းသည် တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံရေးဖွဲ့ထားသည့် ဝတ္ထုဇာတ်လမ်း ဖြစ်ပါသည်။ ဤဇာတ်လမ်းအားပြောပြသည့် ဒေါ်မာမာဦးကို အထူးကျေးဇူးတင်ရှိပါကြောင်း)

မောင်ညိုမှိုင်း (သန်လျင်)


www.burmeseclassic.com

www.burmeseclassic.com

| ၁ |

ကျွန်တော်တို့အပါတ်စဉ် (၆)ထောင်မှူးအဖွဲ့ကို တူးတူးအဖွဲ့ ဟု ခေါ်ကြသည်။ ကိုယ်ပိုင်အမှတ်က (၂၂)ကစ၍ ဖြစ်သည်။ သင်တန်း ပြီးတော့ အမှတ်အခြေအနေ သက်ဆိုင်ရာ နေထိုင်ကြသည့် နေရာအေ အလိုက် (POSTING) များချမှတ်တာဝန်ပေးရာ ကျွန်တော်နှင့် ဦးဝင်း ဆန်း၊ စာကလေးစိုးသိန်း(စာရေးဆရာစိုးဝေ)၊ ဦးစောလှိုင်၊ စာရေးဆရာ ဗဟိုစော (ခေါ်) ပီတာမြဦး၊ ဦးဟာလိန်းစိုန်တို့က အင်းစိန်ဗဟို အကျဉ်း ထောင်တွင် တာဝန်ကျပါသည်။

ဘူးဝတံခါးကြီးတွင် တာရှည်စွာ တာဝန်ကျသူက ထောင်မှူး ဦးဝင်းဆန်းဖြစ်သည်။ ထိုစဉ်က ကျွန်တော့်တာဝန်မှာ အချုပ်ရုံးတာဝန် ဖြစ်၍ ရုံးထုတ်ရုံးပြန် လွှတ်လူကိစ္စများတွင် တံခါးကြီးထောင်မှူးဦးဝင်း ဆန်းနှင့် တွဲဖက်လုပ်ကိုင်ရသဖြင့် အလွန်ခင်မင်ကြသည်။





ဦးဝင်းဆန်း၏ စားပွဲအံဆွဲထဲ၌ ကြက်ဥပြုတ်၊ ငါးကြော်၊ မုန့် ...ျိုးက အဆင်သင့်ရှိနေသည်။ ထောင်ဆေးရုံနှင့် ခင်မင်သူဝန်ထမ်း ...ာ ပေးကြခြင်းဖြစ်သည်။ ရုံးထုတ်ပြီးသည်နှင့် ရေနွေးကြမ်းနှင့် ...ောပြေစားကြသည်မှာ နေ့စဉ် ထုံးစံဖြစ်သည်။ ဦးဝင်းဆန်း၏ ဘူး ...ံခါးကြီးတွင် တာဝန်ထမ်းဆောင်စဉ် ဆောင်ပုဒ်မှာ 'ဘူးတံခါးကြီး ...။ ၎င်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း လေယာဉ်ပျံမှလွဲ၍ သူ ...ီတဲ မည်သူမှမကျော်နိုင်' ဟူ၍ဖြစ်သည်။

ထိုစဉ်က တံခါးကြီးတွင် သူရွေးချယ်ခန့်ထားသော သူ့တပည့် ...ာလည်း အလွန်အတွဲညီ၍ သူ့ကြဖာသြောင်းသည်။ တစ်သွေးတစ်သံ ...စ်မိန့်ပင်။ ထောင်တွင် ဘူးဝက်ခါးကြီးဆိုသည်ကလည်း တစ်ပေါက် ...ည်းသာရှိပြီး အဝင်အထွက်လုပ်ကြရသည်။

ထို့ကြောင့်လည်း လူအဝင်အထွက် ပစ္စည်းအဝင်အထွက် ...ထွက် အလွန်အရေးကြီးပေသည်။ နိုင်နင်းစွာ ကိုင်တွယ်နိုင်မှာသာ ...န်ကာကျပေသည်။ အများအယွင်းတစ်စုံတစ်ရာရှိပါက ရာထူးပြုတ် ...ည်။ အရေးယူခံရမည်မှာ အသေအချာပင်ဖြစ်တော့သည်။

ကျွန်တော် ရန်ကုန်–မန္တလေးအမြန်လမ်း စီမံကိန်းအလုပ် ...ခန်းများသို့ထွက်ရတော့ ဦးဝင်းဆန်း၊ တံခါးကြီးတွင် ကျန်ခဲ့သည်။ ...၉၀ ခုနှစ် ကျွန်တော် အင်းစိန်ထောင်ပြန်ရောက်တော့ တံခါးကြီးတွင် ဦးဝင်းဆန်းမရှိတော့။ သူလည်း ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန်ကျရာ သို့ ပြောင်းရွှေ့ရပြီဖြစ်သည်။

ကျွန်တော် မြန်မာနိုင်ငံဒေသအနှံ့ ပြောင်းရွှေ့တာဝန်ထမ်း ဆောင်ရသလို ဦးဝင်းဆန်းလည်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရ ...ပါသည်။ သူက တောတောင်ကို ခင်တွယ်သူဖြစ်သလို ကရင်...မျိုးပီပီ



www.burmeseclassic.com

www.burmeseclassic.com



ငါးဖမ်း၊ ကြက်ထောင်၊ ငှက်ပစ် အလွန်ဝါသနာကြီးပါသည်။ တဖတ်လည်း အလွန်ပျင်းရှာသည်။

လက်တွေ့လုပ်ငန်းတာဝန် ထမ်းဆောင်ရာ၌ တော်သော်လည်း ရာထူးတိုးစာမေးပွဲများ၌ သူမဖြေနိုင်၍ ကျကျန်ရစ်သည်က များသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့က သူ့ကို (L.P.J)ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ (LOYALITY PARMENTANT JAILOR) အမြဲတမ်းထောင်မှူးဟု ခေါ်ဆိုခြင်းဖြစ်သည်။ သူကလည်း ထိုအမည်ကို အလွန်သဘောကျသည်။

ဦးဝင်းဆန်းမှာ ရှေ့တန်းစစ်ဆင်ရေးတွင် ရဲဘက်အုပ်ချုပ်သူအဖြစ် လိုက်ပြီးမသေ၍ ပြန်ရောက်လာသည်။ ထို့နောက် မြစ်ကြီးနားဘက်သို့ ရောက်သွားသည်။ ပြီးနောက် ဖောင်ကြီးလှေလှော်အင်းစခန်းတွင် မီးလောင်ရာ သူနေသောအိမ်ခန်း မီးလောင်သွားသည်။

ထို့နောက် မြိတ်ထောင်သို့ ရောက်သွားပြန်သည်။ ပြီးနောက် မြိတ်ဝန်ဆောင်စခန်းများတွင် တာဝန်ထမ်းဆောင်ရင်း (L.P.J) ဘဝမှ ထောင်မှူးကြီး (CHIEF JAILOR) သို့ ရောက်လာသည်။ ထိုအချိန်တွင် ကျွန်တော်သည် အကျဉ်းထောင်အရာရှိဘဝမှ နုတ်ထွက်ပြီးဖြစ်သည်။

ကျွန်တော်ရာထူးက နုတ်ထွက်ခဲ့သော်လည်း အပေါင်းအသင်းများဖြင့် ပြန်ဆုံတတ်ပါသည်။ ၂၀၀၈ ခုနှစ်တွင် ကျွန်တော်တို့အဖွဲ့မှာ နယ်ထွက်သူ သေဆုံးသူ ရာထူးပြုတ်သူများဖြင့် မှလက (၆၆)ယောက်ရှိခဲ့သော်လည်း ယခုတော့ အကျဉ်းဌာနတွင် တာဝန်ထမ်းဆောင်ရင်း ကျန်ရစ်သူ (၁၀)ဦးပင် မပြည့်တော့ပါ။ ဦးဝင်းဆန်းနှင့် ကျွန်တော်မှာ မဆုံဖြစ်သည်မှာ ကြာပြီဖြစ်သည်။

✿ ✿ ✿

| ၂ |

❑

(၂၇-၁၁-၂၀၁၀)ရက်နေ့က ကျွန်တော့်ထံ ဖုန်းဝင်လာသည်။ အပတ်စဉ်(၆) အပေါင်းအသင်းများဆုံတွေ့ရန် ကိစ္စဖြစ်သည်။ ကျွန်တော်က စုရပ်ကိုမေးရာ အိမ်မှသာစောင့်နေရန် သူငယ်ချင်း ဦးမြသိန်းက ပြောလာသည်။ ကျွန်တော်အိမ်တွင် စောင့်ဆိုင်းနေစဉ် ဦးတင်ထွန်း၏ LAND ROVER ကားကြီးဖြင့် ကိုမြသိန်းနှင့်ကိုဝင်းဆန်းတို့ ရောက်လာကြသည်။ ကျွန်တော်တို့ဆုံရပ်မှာ အင်းစိန်မြို့သစ်မှ ဦးမိုးကြိုးအောင်အိမ်တွင် ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ အလုပ်စဝင်ကြသည့် နှစ်စဉ် ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကျောင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံတွေ့ကြပြီး ဆွမ်းကျွေးအလှူလုပ်၍ ကွယ်လွန်လေပြီးသော အပတ်စဉ် (၆)မှ အပေါင်းအသင်းများကို အမှုအတမ်းဝေ မေတ္တာပို့ပြီး မိတ်ဆုံစားပွဲ လုပ်နေကျဖြစ်သည်။

ယခုလည်း နီးကပ်လာပြီဖြစ်သော မိတ်ဆုံစားပွဲအလှူအတွက် စည်းဝေးကြခြင်းဖြစ်သည်။ လူတော့ မစုံလင်ပါ။ နှစ်စဉ် ဦးဆောင်နေကျ ဦးမိုလ်နောင်နှင့် ဦးလှကြည်၊ စာကလေးစိုးသိန်း (စာရေးဆရာ စိုးဝေ)၊ ဦးအောင်ကျော်ဒွေးတို့က အဝေးရောက်နေကြသည်။ သို့သော် အချိန်နီးကပ်လာလျှင် မည်သူဖြစ်စေ အရောက်လာကြစမြဲပင်ဖြစ်ပါသည်။

ရှိသည့်လူများဖြင့် နေရာရွေးကြရာ ယခင်နှစ်ကလုပ်နေကျ အင်းစိန်၊ အောင်ဆန်းတောရကျောင်းတွင်ပင်လုပ်ရန်၊ အချိန်က မနက် (၉)နာရီမှ နေ့လယ် (၁၂)နာရီအထိဖြစ်သည်။ အချိန်နေရာသတ်မှတ်ပြီးသည်နှင့် မလာရောက်နိုင်သေးသည့် အပေါင်းအသင်းများထံ ဖုန်းဆက်အကြောင်းကြားရသည်။

အစည်းအဝေးပြီးတော့ ထုံးစံအတိုင်း စားသောက်စကားပြောကြရန် ဦးတင်ထွဋ် (ညွှန်ကြားရေးမှူး [ငြိမ်း]) က သူ့အိမ်သို့ ဖိတ်ခေါ်သဖြင့် ကျွန်တော်တို့အုပ်စု ဦးတင်ထွဋ်နေထိုင်ရာ ကြို့ကုန်းရိပ်သာသို့ ဦးတင်ထွဋ်၏ LAND ROVER ကားကြီးဖြင့် သွားကြပြီး ဦးတင်ထွဋ်၏ဇနီး ဒေါ်ညိုလေး၏လက်ရာဖြင့် နေ့လယ်စာကို ပျော်ရွှင်စွာ စားသောက်ကြပါသည်။ ဒေါ်ညိုလေးမှာလည်း ကျွန်တော်တို့ တက္ကသိုလ်တက်စဉ် တစ်တန်းတည်းနေခဲ့ကြရသော အခန်းတူအပေါင်းအသင်း သူငယ်ချင်းများဖြစ်ကြသည်။

ဒေါ်ညိုလေးက စက်ဘူမှုပြန်လာသည်မှာ မကြာသေး။ သို့သော်





နေ့လယ်စာစားပွဲ၌ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ချဉ်ပေါင်ဟင်းနှင့် အီရည်၊ တို့စရာအပြင် ငါးဖန်းမ ငပိကောင်ကြော်လည်း ပါသေးသည်။ မြန်မာလက်ရာစစ်စစ်ဖြစ်၍ ကျွန်တော်တို့အုပ်စု ဇွန်းခက်ရင်းဖြင့်မစားဘဲ လက်ဖြင့်သာ မြိန်ရှက်စွာ စားကြပါသည်။ စားလို့လည်း အလွန်မြိန်သည်။ စားပြီးတော့ အချိုပွဲတည်ကြရင်း စကားဝိုင်းဆက်ကြပါသည်။

ဘာလိုလိုဖြင့် အသက်(၆၀)ကျော်ကြပြီး ပင်စင်စားများဖြစ်ကြ၍ ကျန်းမာရေးက ချို့ယွင်းလာကြပြီဖြစ်သည်။ ထို့ကြောင့် ဆေးဝါးများအကြောင်း၊ ဆေးဖက်ဝင်အပင်များအကြောင်း ပြောဆိုကြရင်း ဦးဝင်းဆန်းက သူကြုံတွေ့ခဲ့ရသော မြိတ်ဝန်ဆောင်စခန်းမှ ဆေးဖက်ဝင်သစ်ပင်တစ်ပင်အကြောင်း စ၍ပြောတော့သည်။

❁ ❁ ❁

www.burmeseclassic.com

| ၇ |

"ကျွန်တော် မြိတ်တောင်မှာ တာဝန်ကျစဉ်တုန်းက တာဝန်ခံ ထောင်ပိုင်က ဦးတင်မြင့်ကို ကျွန်တော်နဲ့အတူ ထောင်မှူးအဖြစ် တာဝန် ထမ်းဆောင်ရတဲ့သူက စာကလေးစိုးသိန်း။ တစ်နေ့တော့ မြိတ်ဝန်ဆောင် စခန်းမှာ လူသေမှုဖြစ်လို့ ကျွန်တော်တို့အဖွဲ့နဲ့ (DE) သွားစစ်ရတယ်။ စခန်းက ကျောက်ထုစခန်းဖြစ်တော့ ရဲဘက်ဝန်ထမ်းတွေ အလွန်ပင်ပမ်း ကြတယ်။

ရဲဘက်တွေဆိုရင် ကျောက်ထုရင်း ကျောက်စမှန်လို့ တစ်ကိုယ် လုံးအနာတွေချည်းပဲ။ ဆေးဝါးကလည်း မပြည့်စုံတော့ အလွန်သနား ဖို့ကောင်းတယ်။ ကျွန်တော်လည်း (DE) စစ်ရင်း အားချိန်ကလေးရတာ





နဲ့ ရဲဘက်ဘားတိုက်ထဲဝင်တယ်။ ရဲဘက်တွေနဲ့ စကားစမြည်ပြောတယ်။ မြိတ်ဝန်ဆောင်စခန်းက ဘုတ်ပြင်းမြို့နယ်ထဲမှာ ရှိတယ်။ ပင်လယ်နဲ့ နီးတော့ ပင်လယ်စာ သားငါးပေါတယ်။

ရဲဘက်တွေအတွက် အစားအသောက်ပေါပါတယ်။ ဒါပေမဲ့ ဆေးဝါးကုသဖို့ ဆေးဝါးက မလုံလောက်ဘူး။ သူတို့ရထားတဲ့ ဒဏ်ရာ ဆွကာ မပျောက်နိုင်ဘဲ ကြာလာတော့ ဝဲစိုလိုဖြစ်လာတယ်။ အဲ့ဒါကို ဆေးနည်းတိုနဲ့ကုသဖို့ ကျွန်တော်စဉ်းစားတယ်။ အဓိကလိုတာက ဆီပဲ။

စခန်းမှာက ဆီက အလွန်ရှားတယ်။ ကျွန်တော်တွေးတာက SULPHA လို ဆေးမှုန့်ကို အုန်းဆီ၊ နှမ်းဆီ၊ ဒါမှမဟုတ် ရရာဆီနဲ့ ဆော့လိမ်းပေးချင်တာ စခန်းတစ်ခုလုံးဖြစ်နေတာဆိုတော့လည်း ဆေး ဖော်ဖို့ငွေကြေးက အတော်ကုန်ကျမှာ။

ဒါကြောင့် တစ်နေ့မှာ ဝန်ထမ်းတစ်ယောက်နဲ့ စခန်းအနီးက ရွာတွေထဲ လျှောက်လည်ရင်း အိမ်တစ်အိမ်ကို ရောက်သွားတယ်။ အဲ့ဒီ အိမ်မှာ အဘိုးကြီးတစ်ဦးက နွားတစ်ကောင်နဲ့ ဆုံဆီကြိတ်နေတာ။ ကျွန်တော်တို့လည်း ဆီကြိတ်တာမမြင်ဖူးတော့ ဝင်လေ့လာတာပေါ့။

ဆုံဆီစစ်စစ်ဆိုတော့ . . . နှမ်းလား၊ ပဲလားဘဲ။ ဈေးပေါရင် ရဲဘက်တွေအတွက် ဆီဝယ်ပြီး အနာပျောက်ဆေးဖော်ဖို့ ကြံရွယ်ချက် လည်း ပါတာပေါ့လေ။ အဲဒါနဲ့ . . .

"အဘ . . . ဘာဆီတွေ ကြိတ်နေတာလဲ"လို့မေးမိတော့ . .

"ကန့်ဖော်ဆီ" တဲ့လေ။

"စားဖို့လား"ဆိုတော့ . . .

"မဟုတ်ဘူး ဆေးဖော်ဖို့"တဲ့။

"ဘာရောဂါတွေ ပျောက်သလဲ"ဆိုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"အခုခေတ် ရောဂါကြီးတွေဖြစ်ကြတဲ့ နှလုံး၊ သွေးတိုး၊ လေငန်း၊ နူနာနဲ့ ဆီးချို၊ သွေးချိုရောဂါပါ ပျောက်တယ်"

လို့ ပြန်ဖြေတယ်။

"ဒါဆို အဘ တစ်ပုလင်းလောက် ကျွန်တော့်ကိုရောင်းပါ လား။ ဈေးက ဘယ်လောက်လဲ"ဆိုတော့ . . .

"တစ်ပုလင်းကို သုံးသောင်းတဲ့။ ဒါပေမဲ့ အခုရောင်းလို့ မရ သေးဘူး။ အမှာအော်ဒါရှိလို့ ကြိတ်ပေးနေတာ"တဲ့။

"ကန့်ဇော်သီးအခြောက်က အလွန်ဈေးကြီးတယ်။ ရှားလည်း အင်မတန်ရှားတယ်။ ကန့်ဇော်ပင်တစ်ပင်က နှစ်(၁၀၀)လောက်မှ အပွင့် ပွင့်ပြီး အသီးသီးတာ။ ကန့်ဇော်ပင်ဟာ ဘုတ်ပြင်းမြို့နယ်မှာပဲ ပေါပေါ များများရှိတာ။ အခု ဆီတစ်ဆုံကြိတ်ရင်လည်း သုံးလေးပုလင်းပဲ တာ"

လို့ ပြန်ပြောတယ်။

ကျွန်တော်တို့လည်း စိတ်ဝင်တစ်စား စောင့်ကြည့်နေရင်း အထပ်ထပ်အခါခါ ကြိတ်ပြီးတော့ ဆီစစ်ပြီး ကျန်ခဲ့တဲ့ကြိတ်ဖတ်တွေကို အဘိုးကြီးက ဆုံထဲမှာနေ ကလော်ထုတ်နေတယ်။ ကျွန်တော်လည်း အတွေးပေါက်တာနဲ့ . . .

"အဘ . . . အဲဒီကြိတ်ဖတ်တွေကို ကျွန်တော့်ရောင်းပါလား။ ကျွန်တော်တို့ရဲ့ဘက်စခန်းမှာ ရဲဘက်တွေ ကျောက်စမှန်လို့ အနာဖြစ် နေတာတွေကို ကုပေးချင်လို့ပါ" လို့ပြောတော့ . . .

"ဩော် . . . မောင်ရင်လေးတို့က ရဲဘက်စခန်းကလား။ အဘ မရောင်းပါဘူး။ ရဲဘက်တွေအတွက် ဆေးဝါးဒါနအနေနဲ့ အလကား ယူသွားပါ။ လှူပါတယ်"





လို့ဆိုပြီး ကြိတ်ဖတ်တွေကို စွန့်ကျဲတယ်။

"ဒါနဲ့အဘ ကန့်ဇော်ပင်ဆိုတာ ဘယ်လိုအပင်မျိုးလဲ"

"လူကလေးတို့ မဥ္ဇူသကနတ်ပန်းပင်ကို မြင်ဖူးသလား။ နတ်ဆေးပင်လို့ခေါ်တယ်။ မြင့်မြတ်လွန်းလို့ အိမ်ဝင်းထဲမှာစိုက်ရင် ခိုက် တတ်တယ်။ ဘုရားကျောင်းကန်တွေအနီးမှာပဲ စိုက်ကောင်းတယ်။ အခု ကန့်ဇော်ပင်ဆိုတာဟာလည်း မဥ္ဇူသကနတ်ပန်းအနွယ်ဝင်ပဲ။ အပွင့်က ခရေပွင့်နဲ့တူပေမဲ့ မအာဘူး။ အငုံမှာပဲ ကြွေကျတတ်တယ်။

အပွင့်ကို ပျားရည်နဲ့စိမ်စားရင် ရောဂါအမျိုးမျိုးပျောက်တယ်။ အသက်ရှည်တယ်။ ကန့်ဇော်ပင်ဟာ အပင်ကြီးမျိုးပဲ။ နှစ်(၁၀၀)သက်တမ်း မှ အပူးအပွင့်အသီးစုံတယ်။ အသီးက ခရေသီးနဲ့တူပေမဲ့ ခရေသီး လောက်မကြီးဘူး။ ထိပ်ချွန်တယ်။ အခု အဘကြိတ်နေတာ ကန့်ဇော် သီးပဲ။ သူ့အဆီက ကြမ်းပိုးနံ့နံတယ်။ သောက်ဆေးအဖြစ် လိမ်းဆေး အဖြစ် အလွန်အသုံးဝင်ပြီး ရောဂါကြီးအမျိုးမျိုးကို ပျောက်ကင်းတယ်"

"မဥ္ဇူသက နတ်ပန်းပင်ဆိုတာ အမရပူရ ဦးပိန်တံတားနား မှာပေါက်တဲ့ မဲဇယ်ပင်ကြီးတွေနဲ့ မျိုးမတူဘူးလားအဘ"

"အေး . . . အဘလည်း အညာရောက်ဖူးတော့ ဦးပိန်တံတား နားက မဲဇယ်ပင်ကြီးတွေကို တွေ့ဖူးတယ်။ မဲဇယ်သီးက အပြွတ်လိုက် သီးတယ်။ ဆီကြိတ်ပြီး စားဆီအဖြစ် စားလို့ရတယ်။ ကြမ်းပိုးနံ့မရ ဘူး။ ရှိုးရှိုးဆီလိုပဲ ကြော်ချက်စားလို့ရတယ်။ ဆေးဖက်မဝင်ဘူး။ အရွက်လည်း ကြီးတယ်။

အပင်ပုံစံကတော့ အပင်ကြီးမျိုးဖြစ်လို့ အလွန်တူတယ်။ မဲဇယ်ရာကျော် အပင်ကြီးတွေဆိုရင် လူကြီး(၃)ဖက်စာလောက်ရှိတယ်။ ကန့်ဇော်ပင်ကတော့ မဥ္ဇူသကနတ်ပန်းပင်နဲ့ အလွန်တူတယ်။ ကြွေကျ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမှုးကလေးတွေက အဖြူရောင်။ ဝါးစားကြည့်ရင် ကျွဲဆန်စား ရသလိုပဲ ဆန်နံ့မွှေးတယ်။ ဒါပေမဲ့ ကန်စော်ပင်နဲ့မတူတာက ကန်စော် မွှင့်ရော ကန်စော်သီးပါ ကြိတ်လိုက်ရင် ကြမ်းပိုးနံ့ရတယ်။ အဲ့ဒါ ကွဲပြား ခြားနားချက်ပဲ''

ကျွန်တော် အဲ့ဒီနေ့က မြိတ်ဝန်ဆောင်ရဲဘက်စခန်းကို ပြန်ခဲ့ ပြီး ညနေပိုင်း ရဲဘက်တွေ အလုပ်သိမ်းရေချိုးပြီးတာနဲ့ ဘားတိုက်တွေ အထဲဝင်ပြီး အနာဖြစ်တဲ့ရဲဘက်တွေကို ကန်စော်ဆီကြိတ်ဖတ်တွေ တစ်ဦး ချင်းဝေပေးပြီး ကိုယ်တိုင်လိမ်းနိုင်းတယ်။

ဆီကြိတ်ဖတ်တွေက ဆီလက်ကျန်ပါနေတော့ လိမ်းရတာ အဆင်ပြေတယ်။ အနာကြီးတဲ့ ရဲဘက်တွေကိုတော့ အနာဝမှာအုံပြီး အဝတ်နဲ့ စည်းနှိုင်းထားတယ်။ စပ်တယ်လို့တော့ ပြောကြတယ်။ ဒါပေမဲ့ သူတို့ ကျွန်တော့်စေတနာကို သဘောပေါက်ပြီး ယုံယုံကြည်ကြည် လုပ်ကြ ပါတယ်။

နောက်တစ်နေ့မနက် သူတို့နဲ့တွေ့တော့ အနာက မယားတော့ ပဲ ကောင်းစွာအိပ်ရကြောင်းလည်း ပြောကြတယ်။ ရဲဘက်ဆိုတဲ့အတိုင်း မနက်ပိုင်းမှာ ရေမချိုးရဘဲ အလုပ်ဆင်းကြရတာကိုး။ ဆေးတစ်ညအိပ် လိမ်းပြီး နောက်တစ်နေ့မနက် ရေမချိုးတာဟာ သူတို့အတွက် အနာ မစိုဘဲ ဆေးဖက်ဝင်သွားတယ်ထင်ပါရဲ့။

ညနေဘက် သူတို့ အလုပ်သိမ်းရေချိုးပြီး ပြန်လာကြတော့ ကျွန်တော်နဲ့ ဘားတိုက်ထဲမှာ တွေ့ကြပြန်တယ်။ အနာတွေက ခြောက် ကုန်ပြီလို့ ပြောကြတယ်။ အချို့ အနာကြီးသူများကတော့ မပျောက် သေးပေမဲ့ အနာတွေချုပ်သွားတယ်။

ကျွန်တော် အဲ့ဒီညနေမှာလည်း ကန်စော်ဆီကြိတ်ဖတ်တွေ





ကို ထပ်ဝေပြီး အနာတွေကို လိမ်းနိုင်းပြန်တယ်။ အနာတွေသက်သာ သာလို့ သူတို့လည်း အားတက်သရော လိမ်းကြပါတယ်။ နောက်တစ်နေ့ ညနေ တွေ့ကြပြန်တော့ ဒဏ်ရာကြီးသူမှအပ အားလုံး အနာတွေ ပျောက်ကင်းသွားကြောင်း သတင်းပို့ကြတယ်။ ဒါကြောင့် နောက်ဆုံး ဆတ်ကျန် ကန်စော်ဆီကြိတ်ဖတ်တွေကို ဒဏ်ရာကြီးသူတွေကိုပဲ ဝေပေး ပြီး အုံနိုင်းပြန်တယ်။

ကျွန်တော်တို့အဖွဲ့(၇)ရက်ပြည့်လို့ မြိတ်ထောင်ကို ပြန်မယ့် နေ့က်မှာ ကျွန်တော် ဘုတ်မထုတ်မီ ဆူးကြိုးဝင်းထဲကို ရောက်သွား တယ်။ သူတို့အနာတွေ အခြေအနေကို မေးမြန်းရင်း နှုတ်ဆက်ဖို့ပါ။ ရဲဘက်တွေဟာ အလုပ်ဆင်းဖို့တန်းစီနေရင်း ကျွန်တော့်ကို ဝိုင်းကန် တော့ကြတယ်။ သူတို့အနာတွေ အားလုံးပျောက်သွားပြီတဲ့။ ဝမ်းသာ စရာကောင်းလိုက်တာ။ ကျွန်တော့်ကိုလည်း ကျေးဇူးအရမ်းတင်နေကြ တယ်။

ဒါကြောင့် ကျွန်တော်လည်း ရဲဘက်စခန်းမှာ ဆေးဝါးမပြည့်စုံ ခင် ကန်စော်ဆီကြိတ်ဖတ်တွေကို ဆောင်ထားဖို့ စခန်းတာဝန်ခံကို မှာထားခဲ့ရတယ်။ ကန်စော်ဆိုတဲ့အတိုင်း ကန့်စာတ်ပါလို့ အနာတွေ ပျောက်တာထင်ပါရဲ့။

ခင်ဗျားတို့သိကြတဲ့အတိုင်း ကျွန်တော်ကလည်း ငယ်စဉ်က နေခဲ့တာခဲ့လို့ ရောဂါက စုံတယ်။ နှလုံးရောဂါနဲ့ အသဲရောဂါလည်းရှိ တယ်။ ကျောက်ကပ်တစ်ဖက်တောင် ထုတ်ထားရတာ။ အဲ့ဒါကြောင့် ကန်စော်ဆီနဲ့ စမ်းကြည့်ချင်ပေမယ့် ဝယ်မရခဲ့ဘူးလေ။ နောက်ပိုင်းမှာ ဝန်ဆောင်စခန်းကို လှမ်းမှာပေမဲ့ မရခဲ့ပါဘူး။

"အဲ . . . ဒါပေမဲ့ တိုက်တိုက်ဆိုင်ဆိုင် အဆင်ပြေချင်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း အကျဉ်းဦးစီးရုံးချုပ်က မြိတ်ထောင်ရဲ့သမိုင်းနဲ့ ဖွဲ့စည်းပုံအကျယ် အဝန်းတွေကို တောင်းလာတယ်။ မြိတ်ထောင်မှာ တာဝန်ကျခဲ့တဲ့ ဝန်ထမ်းဟောင်း အရာရှိဟောင်းတွေကို မေးမြန်းပြီး သမိုင်းရေးဖို့ အဆောက်အဦပုံဆွဲပြီး အကျယ်အဝန်းတိုင်းထွာဖို့ ထောင်တာဝန်ခံ အရာရှိက ကျွန်တော့်ကို ရွေးချယ်တာဝန်ပေးလာတယ်။

ကျွန်တော်လည်း ထောင်မှတ်တမ်းဟောင်းတွေကို ရှာဖွေပြီး ရှေးခေတ်မီသူတွေကို စုံစမ်းမေးမြန်းရတော့တာပေါ့။ ဒါပေမဲ့ ထောင်ပုံ ရေးဆွဲဖို့ အကျယ်အဝန်းတိုင်းပြီး မြေပုံဆွဲဖို့ကျတော့ ကျွန်တော်မကျွမ်း ဘူး။ အခက်တွေ့နေရတော့တာပေါ့''

''အဲ့ဒီအချိန်မှာ ကံကောင်းထောက်မစွာဘဲ မောင်လမြိုင်(GTI က (CIVIL) မြို့ပြနဲ့ ကျောင်းဆင်းပြီး ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ် နေရင်း ထောင်ကျလာတဲ့ ကျော်စိုးဆိုတဲ့ အင်ဂျင်နီယာလေးနဲ့တွေ့တယ် သူက မြိတ်ထောင်ထဲမှာ (၂)နှစ်(၃)နှစ်နေလာခဲ့တော့ ဝါသနာအ အဆောက်အဦပုံကြမ်းတွေကို ထုတ်ပေးမယ်လို့ပြောတယ်။ ဒါကြော သူ့ကို ထောင်တွင်းအနှံ့ လိုက်ပြရတာပေါ့။

မြိတ်ထောင်ပုံစံက စတုဂံပုံစံ ထောင်အပြင်ဘူးဝရှေ့မှာ ထော ပိုင်ကြီးအိမ်။ အကျဉ်းထောင်ညွှန်ရိပ်သာရှိပြီး ထောင်အဝင်လမ်း ဘက်မှာ ထောင်မှူးကြီးအိမ်နဲ့ ရိက္ခာကိုဒေါင် ထောင်မှူးတွေအိမ်ရှိတ ကျွန်တော်နဲ့ စာကလေးစိုးသိန်းက နှစ်အိမ်တွဲ အတူနေခဲ့တာပေါ့

''ထောင်ထဲက အဆောက်အဦတွေပုံစံကြမ်းလည်း ပြော ကိုဝင်းဆန်းရယ်''

''ခင်ဗျားက ဘာလုပ်ဖို့လဲ ကိုသိန်းဝင်းရဲ့။ ခင်ဗျားလ ရောက်ဖူးသားနဲ့''





''ကိုယ်က အလည်ရောက်ဖူးရုံပါ သူငယ်ချင်းရယ်။ အခု ကိုယ်က အကျဉ်းထောင်တွေသမိုင်းပြုစုနေတော့ အကျဉ်းထောင်တွေ ရဲ့ သမိုင်းနဲ့ ဖွဲ့စည်းပုံတွေကို သိချင်လို့ပါ''

''အင်း ... ကျွန်တော်ပြောနေတာက ကန့်ဇော်ဆီပင် အကြောင်းပြောနေတာ။ အင်း ... ဆက်စပ်မှုတော့ ရှိပါတယ်လေ။ အဲ့ဒီထောင်ကျ အင်ဂျင်နီယာလေးနဲ့ ကျွန်တော်တို့ မြေပုံကြမ်းထုတ်ကြ တယ်ဆိုပါတော့''

''မြိတ်ထောင်အဝင်ဝ ဘူးဝအပေါ်မှာ ဗဟိုကင်းရှိတယ်။ အောက်ထပ်မှာ ဘူးဝတံခါးကြီးနဲ့ ဘယ်ညာမှာ ထောင်ပိုင်ကြီးရုံးနဲ့ ထောင်မှူးများရုံးရှိတယ်။ အတွင်းဝင်တဲ့ MAIN JAIL လမ်းလက်ယာ ဘက်မှာ ဖိုကြီးနဲ့တိုက်ခန်းများ၊ လက်ယာဘက်အစွန်မှာ ဝါလားဆောင်။ အနောက်ဘက်မှာ ထောင်ဆေးရုံနဲ့ ကြိုးစင်ရှိတယ်။

လက်ဝဲဘက် ဘူးဝအနီးမှာ ရေတွင်းနဲ့ဘုရားဆောင်။ လက်ဝဲ ဘက်အုတ်ရိုးကိုဖောက်ပြီး အမျိုးသမီးဆောင်တို့ဖြစ်တယ်။ အတွင်း အမျိုးသမီးဆောင်အနောက်ဘက်မှာ အမျိုးသား အချုပ်သား နှစ်ထပ် ဆောင်နဲ့ စည်းရိုးခြားပြီး အမျိုးသားထောင်ကျဆောင်နဲ့ အလုပ်ကြီး ဆောင်၊ ကပ်လျက်ရှိတယ်။

မြိတ်ထောင်ဟာ အင်္ဂလိပ်ခေတ်ကတည်းက ဆောက်လုပ်ခဲ့ တဲ့ ရှေးထောင်ဟောင်းကြီးဖြစ်တယ်။ ထူးခြားတာကတော့ ထောင်ပိုင် အိမ်ကို ဘူးပေါ်မှာမထားဘဲ အုတ်ရိုးအပြင်ဘက်မှာ ဆောက်လုပ် ထားခြင်းပဲဖြစ်တယ်''

''သူငယ်ချင်း ... မြိတ်ထောင်သမိုင်းကြောင်းလေးလည်း သိသိရှိသလောက် ပြောပြပါဦး'



www.burmeseclassic.com

www.burmeseclassic.com



''အင်း . . . ကျွန်တော်ကိုယ်တိုင် ပြုစုခဲ့တော့ မှတ်မိနေပါ…တယ်။ ခရစ် ၁၈၂၄ ခုနှစ် အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲပြီးချိန်မှ… တနင်္သာရီတိုင်းနဲ့ ရခိုင်ပြည်နယ်တို့ကို အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့ပြီ… နောက် မြန်မာမျိုးချစ်သူရဲကောင်းတို့အား နှိပ်ကွပ်ရန်နှင့် ပုန်ကန်ထကြ… သူများအား ဖမ်းဆီးချုပ်နှောင်ရန် မြိတ်အကျဉ်းထောင်ကို ခရစ် ၁၈… ခုနှစ် တည်ဆောက်ခဲ့ရာ ယခုအချိန်တွင် နှစ်ပေါင်း (၁၁၄)နှစ် ကြာမြ… ခဲ့ပြီဖြစ်သည်။

တည်နေရာ နယ်နိမိတ်အနေနဲ့ မြောက်ဘက်မှာတပ်ပြင်… တောင်ဘက်မှာ ပလောင်စုရပ်ကွက်။ အရှေ့ဘက်မှာ မြန်မာနိုင်ငံရဲ့တပ်… အနောက်ဘက်မှာ တပ်ပြင်ရပ်ကွက်တို့ တည်ရှိပါတယ်''

''အကျဉ်းထောင် အကျယ်အဝန်းကရောဗျာ''

''ပြောမှာပါ။ အဲ့ဒီမှာ ကျွန်တော်ပြောစရာ ကျန်နေသေးတယ်… ထောင်ကျအင်ဂျင်နီယာလေး ကိုကျော်စိုးနဲ့ ကျွန်တော်တို့ထောင်တွင်း… အဆောက်အဦတွေကို တိုင်းထွာပုံစံကြမ်းထုတ်ပြီးတော့ ထောင်အပြင်… က မြေရေးရာနဲ့ အဆောက်အဦတွေကို တိုင်းထွာပုံစံရေးဖို့လည်း… ဖြစ်လာတယ်။ ဒီကိစ္စဟာလည်း ထောင်တိုင်းမှာ မဖြစ်မနေလုပ်သင့်… ကိစ္စပါ။

အကျဉ်းထောင်တိုင်းမှာ ဂရန်မြေရေးရာမြေပုံနဲ့ စာရွက်… စာတမ်းတွေ ရှိရမှာဖြစ်ပေမဲ့ နှစ်ပေါင်းကြာညောင်းလာတော့ ရှိချင်မှ… လည်း ရှိတော့မယ်လေ။ ဘယ်လောက်ပဲ လုံခြုံအောင်သိမ်းဆည်းပေ… အနိစ္စသဘောအရ ပျက်စီးဆုံးရှုံးရမှာ မလွဲတာပဲလေ။ ဒါကြောင့် မြို့နယ်… မြေတိုင်း ဦးစီးဌာနနဲ့ညှိနှိုင်း၊ စာရွက်စာတမ်းဟောင်းတွေကို ရှာဖွေပြီး… အကျဉ်းထောင်နယ်မြေရေးရာကို ပြန်တိုင်းထွာကြရတယ်''





မြေတိုင်းအဖွဲ့တွေနဲ့အတူ တိုင်းထွာရာမှာ ပုံစံထုတ်မဲ့ထောင်ကျ …ဂျင်နီယာလေး ကိုကျော်စိုးကိုလည်း စိတ်ချရတာကြောင့် ထောင်ပိုင် …မှာ ခွင့်တောင်းပြီး အပြင်ထုတ်တယ်။ ကျွန်တော်တို့အဖွဲ့ ကွင်း …ပြီး တိုင်းထွာကြရတော့တာပေါ့။

တစ်လက်စတည်း ထောင်ပိုင်ကြီးအမိန့်နဲ့ လက်သမားအဖွဲ့ …ကျဉ်းသားအပြင်ဘုတ်ကိုလည်း ထုတ်ပြီး မြေတိုင်းအဖွဲ့က တိုင်းထွာ …မှတ်ပြီးတာနဲ့ ခြံစည်းရိုးအသစ်ကို ချက်ချင်းပြန်ကာတယ်။ ပင်ပန်း …ပေမဲ့ ပျော်စရာတော့ အလွန်ကောင်းတယ်ဗျာ။ အလုပ်နားတာနဲ့ ထမင်း …စားတာလည်း အလွန်ကောင်းတယ်။

ထောင်ကျအင်ဂျင်နီယာလေး ကိုကျော်စိုးလည်း အပြင်ထွက် … အလုပ်လုပ်ရတော့ အလွန်ပျော်ရှာတယ်လေ။ ကျွန်တော်တို့အဖွဲ့ …ည်း ထောင်အနောက်ဘက် အပြင်တောင်ယာနားမှာ တိုင်းထွာကြ … နေလယ်ခင်းနေပူတော့ တောင်ယာထောင့်က သစ်ပင်ကြီးတစ်ပင် …အောက်မှာ နားခိုကြတယ်။

ခဏနား ရေနွေးကြမ်းသောက်ကြရင်း အမောဖြေနေတုန်း …ဂျင်နီယာလေး ကိုကျော်စိုးက အနီးကသစ်ပင်ကြီးကို မော့ကြည့် … . . .

''ဆရာ . . . ဒီအပင်ဟာ ကန့်ဇော်ပင်ပဲ။ အလွန်ရှားပါးပြီး …တန်တယ်။ ဆေးဖက် အလွန်အသုံးဝင်တယ်''

ကျွန်တော်လည်း ကန့်ဇော်ပင်ဆိုတာနဲ့ အလွန်စိတ်ဝင်စား …ပြီး အသေအချာကြည့်မိတယ်။ အရွက်သေးသေးချွန်ချွန် ကိုင်းတက် …ဆေးဆာနဲ့ အလွန်အရိပ်ကောင်းတဲ့အပင်ပဲ။ ပင်စည်လုံးက လှပြီး …တက်စာလောက်ရှိတယ်။ အပင်ပေါ်မှာလည်း ခရေသီးလို သီးချွန်



www.burmeseclassic.com

www.burmeseclassic.com



ချုံနဲ့ အသီးကလေးတွေကို တွေ့ရတယ်။ ကျွန်တော်ဝယ်မရခဲ့တဲ့ ကန့်ဇော်သီးကို အကျဉ်းထောင်ဝင်းထဲမှာ တွေ့ရတော့ ပိုင်ပြီပေါ့။ ဝယ် စရာမလိုတော့ဘူးလေ။

ကျွန်တော်က အပြင်ဘုတ် အကျဉ်းသားတွေကို အသီးခူးခိုင်း မယ်လို့လုပ်တော့ အင်ဂျင်နီယာလေး ကိုကျော်စိုးက ...

"ဆရာ ... နေပါဦး။ အသီးက နုသေးတယ်။ ဝါရောင်သန်း လာမှခူးရတာ။ ဒါမှ အဆီထွက်တယ်။ မှည့်သွားရင်လည်း အဆီမထွက် ပြန်တော့ဘူး။ တစ်လလောက်ကြာမှ ခူးပါ။ ခူးရင်လည်း ဒီအတိုင်း မခူးပါနဲ့။ ကန်တော့ပွဲပေးပြီးမှ ခူးရတယ်။ ခူးတဲ့သူကိုလည်း ရေမိုး သန့်စင်စေပြီး အဝတ်သစ်အစားသစ်ဝတ်ပြီးမှ ခူးခိုင်းပါ"

"ဘာဖြစ်လို့လည်း ကိုကျော်စိုး"

"ဒီအပင်မျိုးက အလွန်ရှားပါးပြီး အစောင့်အရှောက်ကြီး တယ်။ မဉ္ဇူသကနတ်ပန်းပင်ဆိုတာ ဆရာကြားဖူးမှာပေါ့။ အပွင့် ပျားရည်စိမ်စားရင် အသက်ရှည်တယ်။ အနာရောဂါကင်းတယ်။ အိမ် ဝင်းထဲမှာ မစိုက်ကောင်းဘူး။ ခိုက်တတ်တယ်။ လူသေတတ်တယ် ဒီကန့်ဇော်ပင်ဟာလည်း မဉ္ဇူသကနတ်ပန်းပင် အနွယ်ဝင်ပဲ။

ကန့်ဇော်ပင်က ပိုရှားပါးပြီး ဆေးဖက်အလွန်အသုံးဝင်တယ် အသီးကိုကြိတ်လို့ရတဲ့အဆီနဲ့ အနာအမျိုးမျိုးကိုလိမ်းရင် ပျောက်ကင်း ချမ်းသာတယ်။ ကိုယ်တွင်းက အနာရောဂါအမျိုးမျိုးကိုလည်း သောက် ဆေးအဖြစ်နဲ့ သုံးနိုင်တယ်။ နှလုံး၊ ဆီးချို၊ လေငန်း၊ အသည်းရော အမျိုးမျိုးကို နိုင်နင်းပျောက်ကင်းစေတယ်"

"ကိုကျော်စိုးက ကန့်ဇော်ပင်အကြောင်း တယ်သိပါလား ကိုယ်တွေ့ကြုံပြီး အသုံးချခဲ့ဖူးသလား"





ကိုယ်တွေ့ပေါ့ ဆရာရယ်။ ကျွန်တော်က ဘုတ်ပြင်းမြို့နယ် သာယာရွာသားပါ။ ကန့်ဇော်ပင်ဟာ ဘုတ်ပြင်းမြို့နယ်အတွင်းမှာပဲ ပေါက်တာများတယ်။ ကန့်ဇော်ပင်ကို မြင်ဖူးကြတဲ့သူက ရှားပါတယ်။ မြင်ဖူးသူတိုင်းလည်း အသေအချာ ခွဲခွဲခြားခြားသိတဲ့လူက ရှားပါတယ်။

ကန့်ဇော်ပင်ဟာ အညာဘက်မှာပေါက်လေ့ရှိတဲ့ မဲဖယ်ပင်နဲ့ ဆင်သလို မဉ္ဇူသကနတ်ပန်းပင်နဲ့တော့ ခွဲလို့မရအောင်ကို တူတာပါ။ ကျွန်တော်ကတော့ ကျွန်တော်တို့နေတဲ့ ခြံရှေ့မှာတင် ကျွန်တော်တို့ရဲ့ အဘေးလက်ထက်ကတည်းက စိုက်ထားလို့ အပွေးမြင်ရင် အပင်သိ ပြီး ခွဲခြားနိုင်တာပါ။ ကန့်ဇော်ပင်နဲ့ပတ်သက်လို့ ကျွန်တော့်ကိုယ်တွေ့ တလေးကို ပြောပြပါ့မယ်ဆရာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

ကျွန်တော်တို့အဘေးက အင်္ဂလိပ်စစ်သားဟောင်းကြီး တစ်ဦးပါ။ မြန်မာပြည်ကို အင်္ဂလိပ်ကသိမ်းတော့ အင်္ဂလိပ်စစ်တပ်ထဲဝင်ပြီး စစ်မှုထမ်းခဲ့တယ်။ ဆာဂျင်ကြီးအဆင့်ပေါ့။ အိန္ဒိယလည်းရောက်တယ်။ ပါကစ္စတန်၊ ပန်ဂျပ်နဲ့ အရှေ့အလယ်ပိုင်း အီဂျစ်၊ အာရေဗီးယားနိုင်ငံတွေအထိ လှည့်လည်ပြီး တာဝန်ထမ်းဆောင်ခဲ့တာ။

အဘေးပြန်လာတော့ အိန္ဒိယကနေ ပျိုးပင်ပေါက်တစ်ပင်ကို ပန်းအိုးနဲ့ ဒုက္ခခံပြီး သယ်လာတယ်။ အဲဒီအပင်ဟာ ကန့်ဇော်ပင်ပေါက်ပဲ။ ကျွန်တော်တို့အဘိုးတွေက မေးကြည့်တော့ ကန့်ဇော်ပင်ဟာ ဆေးဖက်အလွန်အသုံးဝင်ပြီး ဒဏ်ရာအနာဟူသမျှကို ပျောက်ကင်းချမ်းသာ





င်း အဘေးက ရှင်းပြသတဲ့။ သူကရှေ့တန်း မှာလက်တွေ့ကြုံခဲ့ရ အဖြစ်အပျက်တွေကိုလည်း ပြောပြခဲ့တယ်။

အဲ့ဒါနဲ့ အဘေးယူလာခဲ့တဲ့ ကန့်ဇော်ပင်ပေါက်ကို တယုတယ ရှေ့မှာ ရာဇမတ်ကွက်ကာပြီး စိုက်ပျိုးခဲ့တယ်။ တစ်လလောက် တော့ ကန့်ဇော်ပင်ကလေး ရှင်သန်လာတာနဲ့ စစ်သားဟောင်းကြီး ဘေးဟာ ရုတ်တရက် ဖျားနာပြီး သေဆုံးသွားတယ်။ ဘာရောဂါမှန်း ည်း မသိကြဘူး။ အရပ်ဗိန္ဒောဆရာကတော့ ငှက်ဖျားရောဂါလို့ သတဲ့။

အဘေးက စစ်သားဟောင်းကြီးဆိုတော့လည်း တောတကာ င်တကာပတ်သွားနေရတော့ ဟုတ်မှာပဲဆိုပြီး မိသားစုက လက်ခံ ကြတယ်။ နောက်(၁၀)နှစ်လောက်ကြာတော့ ကျွန်တော်တို့အဘိုး တရက် ကောက်ကာငင်ကာ ဖျားပြန်သတဲ့။

ရွာကဗိန္ဒောဆရာကိုပဲ ပင့်ပြီးပြတော့ အဖျားကြီးတာတဲ့။ ဖျားဆိုပြီး ငှက်ဖျားဆေးတွေနဲ့ ကုပြန်ရော။ အဘိုးလည်း ဘာခံ ည်း တစ်ပတ်လောက်ကြာတော့ ဆုံးပြန်ရော။ အဘိုးက မုဆိုးဆို ့လည်း ငှက်ဖျားရောဂါဆိုတာကို လက်ခံကြပြန်တယ်။

ကန့်ဇော်ပင်လေး (၂၀)နှစ်သားလောက်ရောက်လာတော့ ိုင်းအခက်တွေဝေဆာလာပြီး ပင်လုံးလည်း ကလေးတစ်ဖက် ာက်ဖြစ်လာတယ်။ ဒါပေမဲ့ အပွင့်လည်းမပွင့်သေးဘူး။ အသီးလည်း သေးဘူး။ အပင်ကြီးမျိုး ဖြစ်ပုံရတယ်။ အရိပ်ကတော့ တစ်အား ာင်းတယ်။ အရွက်ကြွေပေမဲ့ ရွက်သစ်က တစ်ချိန်လုံးထွက်နေတာ ရာသီမရွေး စိမ်းစိုနေတာပဲ။

ကျွန်တော်တို့လည်း ကလေးဘဝဆိုတော့ နွေရာသီမှာ ကန့်ဇော်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုအရိပ်ခိုပြီး ဆော့ကြတာ။ အလွန်ပျော် စရာကောင်းတယ်။ ကျွန်တော်တို့အဖေကလည်း လယ်သမား၊ ခြံသမားမျိုးရိုးဖြစ်တော့ အဘေးရဲ့အမွေ ကန့်ဇော်ပင်ကြီးကို အလွန်ဂရုစိုက်တယ်။ အပင်ကြီးတစ်ဖက်စာလောက်ဖြစ်နေတာတောင် မနက်မိုးလင်းတာနဲ့ ရေတွင်းက ရေကိုငင်ပြီး တစ်ဝလောင်းတယ်။

အပင်အောက် အိမ်ရှေ့မြေတလင်းကိုလည်း ပြောင်ရှင်းအောင် ရေဖျန်းပြီး အမှိုက်လှဲကျင်းထားလေ့ရှိတယ်။ ကျွန်တော်တို့ကလေးတွေကလည်း နေ့စဉ် အပင်အောက်မှာဆော့ကြတော့ အပင်အောက်မြေတလင်းဟာ ပြောင်ရှင်းပြီး တင်းနေတာပဲ။

နောက်(၁၀)နှစ်အကြာ အပင်ကြီး အနှစ်(၃၀)သားရောက်တော့ အဖေဖျားပြန်တယ်။ (၁၀)နှစ်တစ်ကြိမ် အိမ်ထောင်ဦးစီးတွေ ဖျားပြီးသေကြတာကို သတိထားမှတ်မိနေတာကတော့ ကျွန်တော်ရဲ့ အဘွားပဲ။ အဘွားက ကန့်ဇော်ပင်ကြီးကို သရဲသရဲဖြစ်နေတာ ကြား ဆိုပဲ။

ကံကောင်းချင်တော့ ပုလောပုလိုင်းဘက်က မြန်မာဆေး ဆရာကြီး ကြွလာတယ်။ အသက်က (၇၀)ကျော် မုတ်ဆိတ်ကျင်စွယ် သျှောင်တစ်စောင်းနဲ့ နံ့သာရောင်တိုက်ပုံအကျီဝတ်ထားပြီး ယောပုဆိုး နဲ့ အလွန်ခန့်ညားပြီး သမားပုံပီတာတယ်။

ဆရာကြီးက ရွာသူကြီးအိမ်လာရင်း သူကြီးကပြော့လို့ ကျွန် တော်တို့အိမ်ကို ဝင်လာတာ။ သွားပင့်လို့ လာတာမဟုတ်ဘူး။ ရွာသူကြီး ကိုယ်တိုင်ကလည်း အမျိုးတွေဆိုတော့ လိုက်လာပါတယ်။ ဆရာကြီး ဟာ ကျွန်တော်တို့ခြံဝရောက်တာနဲ့ ကန့်ဇော်ပင်ကြီးကိုမော့ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ ပြီးတာနဲ့ လူနာကိုဝင်ကြည့်တယ်။





ကျွန်တော်တို့ အဖေကမူ မမာရာက တစ်ပတ်လောက်ကြာ ဖျားနေပြီး အစာလည်းမဝင်တော့ ကယောင်ကတမ်းဖြစ်နေပြီး အရိုးပေါ် အရေတင် ကမ္ဗဏ္ဍာန်းရုပ်ပေါက်နေတာပေါ့။

ဆရာကြီးဟာ လူနာကို စမ်းသပ်စစ်ဆေးပြီး သူယူလာတဲ့ ဆေးပုလင်းထဲက နီညိုရောင်အဆီတစ်မျိုးကို တိုက်တယ်။ ရင်ဘတ်ကို လည်း အဲ့ဒီအဆီနဲ့ လိမ်းပေးတယ်။ နာရီဝက်လောက်ကြာတော့ အဖေ ဟာ အဖျားကျသွားပြီး ရေတောင်းသောက်တယ်။

အဲ့ဒီအချိန်မှာ အဘွားက ဆရာကြီးကို ဒီအပင်ကြီးနဲ့ပတ် သက်ပြီး မေးတော့တာပေါ့။

"ဆရာကြီးရှင့် . . . ကျွန်မတို့အိမ်ရှေ့မှာစိုက်ထားတဲ့ ကန့်ဇော် ပင်ကြီးနဲ့ ပတ်သက်နေသလားလို့ သိပါရစေ။ ကျွန်မစိတ်ထဲမှာ မတင် မကျဖြစ်နေလို့ပါ။ (၁၀)နှစ်တစ်ကြိမ် အိမ်ထောင်ဦးစီးတွေ သေဆုံးနေ တာဟာ ဒီအပင်ကြီးနဲ့ ပတ်သက်နေသလားလို့ သိချင်လို့ပါဆိုတော့"

ဆရာကြီးဟာ ပြုံးပြီး အဘွားကိုကြည့်တယ်။ ပြီးတော့မှ . . .

"ဟုတ်ပဲ့ အစ်မကြီးရယ်။ ဆေးဖက်အသုံးဝင် အဖိုးတန်ဖြစ် ပေမဲ့ ဒီအပင်မျိုးက မဉ္ဇူသက နတ်ပန်းမျိုးနွယ်ဝင်ဖြစ်လို့ လူနေတဲ့ အိမ်ခြံဝင်းထဲမှာ မစိုက်ကောင်းဘူး။ ခြံဝင်းထဲမှာ နေထိုင်ကြတဲ့ အိမ် ထောင်ဦးစီးတွေကို နိုက်တာတ်တယ်။ အပင်ကြီးပြီး အဖူးအပွင့်အသီး တွေဝေလာရင် ပိုတောင်နိုက်ဦးမယ်။ ဒီအပင်ရဲ့အသီးအဆီက ဆေး ဖက်အလွန်အသုံးဝင်တယ်။ အခုကျုပ်တိုက်တာလည်း ကန့်ဇော်ဆီပဲ" လို့ပြောသတဲ့။

"ဒါဆို ဒီအပင်ကြီးကို ခုတ်ပစ်လိုက်ရမှာလား ဆရာကြီး"

လို့ အဘွားကမေးတော့ ဆရာကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ . . . မလုပ်နဲ့။ ဒီအပင်ကြီးက ရှားပါးဆေးပင်။ ခြံဝင်းထဲ မစိုက်ကောင်းတာပဲရှိတယ်။ နောက်ပိုင်းသီးလာရင် အစ်မကြီးတို့ကို အကျိုးပေးလိမ့်မယ်။ အပင်ကြီးကို နေရာပြောင်းစိုက်လို့လည်း မရတော့ အကောင်းဆုံးနည်းကတော့ ခြံစည်းရိုးကို နောက်ဆုတ်ကာပြီး အပင်ကြီးကို အပြင်ထုတ်ပစ်လိုက်ပါ။ ဒါ အကောင်းဆုံးနည်းပါပဲ" လို့ ပြောတယ်။

ဒါကြောင့် အဘွားက အိမ်နီးပါးချင်းနဲ့ လယ်လုပ်သမားတွေကိုခေါ်တယ်။ အားလုံးက အဖေဆုံးပြီလို့ ထင်ကြတာပေါ့။ အိမ်ပေါ်ရောက်လာကျမှ အဖေဟာ ဆရာကြီးဆေးကြောင့် ထူထူထောင်ထောင်ဖြစ်ပြီး အမေတိုက်တဲ့ ကြက်သားဆန်ပြုတ်ကိုတောင် သောက်နိုင်နေပြီလေ။ အဘွားကလည်း ကိုယ်တိုင်ဦးစီးပြီး ခြံစည်းရိုးတိုင်တွေကို နုတ်ခိုင်း ချက်ချင်း ခြံစည်းရိုးအသစ်ကာတော့တာပဲ။ ကန့်ဖော်ပင်ကြီး ခြံစည်းရိုးအပြင် ရောက်သွားတာပေါ့။

ဆေးဆရာကြီးဟာ ကျွန်တော်တို့အိမ် ဘုရားခန်းရှေ့မှာပဲ တည်းနေပြီး ဘုရားဝတ်ပြုတယ်။ ပုတီးစိပ်တယ်။ မေတ္တာပို့တယ်။ ညစာမစားပဲ ဥပုသ်စောင့်တယ်လို့လည်း ပြောတယ်။ ညဘက် အိပ်ရာဝင်ခါနီးမှာ ဆရာကြီးက အဖေ့ကို ဆေးတစ်ခွက်တိုက်ပြန်တယ်။ အဲ့ဒါ ကန့်ဖော်ဆီပဲလို့ သိရတယ်။ အဲ့ဒီသူက အဖေဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ ညည်းသံလည်း မကြားရတော့ဘူး။

အမေနဲ့ အဘွားကတော့ အဖေအိပ်တာငြိမ်လွန်းလို့ စိတ်မချလို့ထင်ပါရဲ့ မကြာခဏ ထကြည့်ကြတယ်။ ကျွန်တော်တို့ကတော့ ကလေးပီပီ တစ်ချိုးတည်းအိပ်တာပဲ။ မနက်မိုးလင်းတစ်ရေးနိုးတော့ အဖေဟာ ဆရာကြီးနဲ့ ထိုင်တောင် စကားပြောနေတယ်။ ရေနွေးကြမ်းသောက်





ရင်း ကောက်ညှင်းပေါင်းစားရင်းပေါ့။

အဖေက ဆရာကြီးကို ကျေးဇူးတင်စကားတွေ တဖွဖွပြောနေတာ။ ဆရာကြီးကတော့ အဖေ့ကို ကန့်ဖော်ဆီ ထုတ်ပုံထုတ်နည်းနဲ့ ဆေးဖက်အသုံးဝင်ပုံတွေကို ပြောနေတယ်။ အလွန်ရှားပါးပြီး အဖိုးတန်တဲ့ အကြောင်းတွေကိုလည်း ပြောပြတယ်။ ကန့်ဖော်ပင်ဟာ အနှစ် (၅၀) ကျော် (၁၀၀)အတွင်းမှ သီးပွင့်လို့ ရှားပါးပြီး ဆေးဖက်ဝင်တာတဲ့။ မြန်မာပြည်မှာ ရှားပါးပြီး အိန္ဒိယပြည်၊ ဘီယာနယ်တကြောမှာပဲပေါက်ရောက်ပြီး ရှင်သန်ကြီးပြင်းသတဲ့။

ဆေးဆရာကြီးဟာ ကျွန်တော်တို့နဲ့အတူနေပြီး တစ်ပတ်တိတိအဖေ့ကိုစောင့်ကြည့်ပြီး ဆေးကုတယ်။ (၇)ရက်ပြည့်လို့ အဖေလမ်းလျှောက်နိုင်ပြီး အစာကောင်းကောင်းစားနိုင်မှ သူပြန်ဖို့ပြောလာတယ်။ အဘွားနဲ့အမေက ဆရာကြီးကို ထိုက်ထိုက်တန်တန်ပဲ ငွေ(၅၀၀၀/-)ကျပ်နဲ့ ကန်တော့တယ်။ အဲ့ဒီအချိန်တုန်းက ရွှေတစ်ကျပ်သားကို ထောင်ထောန်းပဲရှိသေးတယ်။ ဆရာကြီးက လမ်းစရိတ်လောက်ပဲပေးပါ။ သူ့အာယုဒါနပြုတာတဲ့။ ငွေ(၁၀၀၀/-)ကျပ်ပဲ ယူတယ်။

အဲ . . . တစ်ခုတော့ ပြောသွားသေးတယ်။ ကန့်ဖော်ဆီကိုရှင် တစ်ပုလင်း (၃၀၀၀/-) ကျပ်တန်တယ်တဲ့။ ဒီအပင်ကြီးက ရေမြေအနေအထား ရာသီဥတုကိုကြိုက်တော့ စောစောသီးလိမ့်မယ်။ သီးရင်အသီးရင့်အောင်စောင့်ပြီး ဆီကြိတ်ပါ။ ပထမဆုံးရတဲ့ဆီတစ်ပုလင်းကို သူ့ထံလာပို့ပါ။ သူနေတာက ပုလောပုလိုင်းကျွန်း ဆရာကြီးဦးမိုးလို့မေးရင် အကုန်သိသတဲ့။

ဆရာကြီးကို လှေဆိပ်လိုက်ပို့ကန်တော့ပြီး ကျွန်တော်တို့ပြန်လာကြတော့ ကျွန်တော်က ကလေးပီပီ အဖေ့ကိုမေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ...အဖေ ...ဆေးဆရာကြီးက အသက်(၇၀) လောက်ရှိပြီ။ ကန့်ဇော်ပင်ကြီးက အခုမှ အနှစ်(၃၀)ရှိသေးတာ။ အနှစ်(၅၀)မှသီးမယ်ဆိုတော့ နောက်ထပ်အနှစ်(၂၀)လိုသေးတယ်။ ဆေးဆရာကြီးဟာ အဲ့ဒီအချိန်မှာ အသက်ထင်ရှား ရှိပါဦးမလားလို့မေးတော့ အဖေက ကျွန်တော့်ကိုပြောတယ်"

"သားရယ် ...ဆေးဆရာကြီးက အသက်(၇၀)တောင်ကမှ မရှာဘူးကွ။ အဖေက သူနဲ့အနီးကပ်နေကြည့်တော့မှ သတိထားမိတာ။ သူတို့လို ဂန္ဓာရီဆေးဆရာတွေဟာ ဆေးကောင်းဝါးကောင်းမှီဝဲပြီး အသက် (၉၀)ကိုမပြောနဲ့ အသက်(၁၀၀)ကျော်တောင် နေရတတ်တယ်။ ပုလောပုလိုင်းကျွန်းကို အဖေရောက်ဖူးတယ်။ အသက်ရှည်တဲ့ အဘိုးအဘွားတွေ အလွန်များတယ်။

ပင်လယ်စာစားပြီး ပင်လယ်လေရှူရလို့လားမသိဘူး ကျွန်းပေါ်ကလူတွေ ကျန်းမာရေးကောင်းပြီး အလွန် အသက်ရှည်ကြတယ်။ အဖေ့အထင်တော့ အဖေ့ကိုကုပေးတဲ့ ကန့်ဇော်ဆီကြောင့်ပဲ ဖြစ်လိမ့်မယ်။ သားတို့လည်း ကန့်ဇော်ပင်ကြီးကို ဂရုစိုက်ကြ။ နေ့စဉ် ရေလောင်းပေး။ အပင်ပေါ် တက်မဆော့ကြနဲ့။ အကိုင်းအခက်လည်း မခုတ်ကြနဲ့။ မြေဩဇာကျွေးပြီး ရာဇမတ်ကွက်ကာထား။ ကြားလားသား"လို့ပြောတယ်။

ကျွန်တော်တို့ကလေးတွေလည်း ကန့်ဇော်ပင်ကြီးကို အလွန်ချစ်ကြပါတယ်။ ကန့်ဇော်ပင်အောက်က မြေတလင်းဟာပြောင်ရှင်းနေပြီး အရိပ်ရပြီး အေးလွန်းလို့ နေ့လယ်နေ့ခင်း ပူအိုက်တဲ့ရာသီအချိန်တွေမှာ ကလေးတွေသာမက ရွာထဲက သက်ကြီးရွယ်အိုတွေပါ ဖျာကလေးခင်းပြီး လာအနားယူကြတယ်။

စိတ်ကူးသစ်စာပေ



အဖေက ကျန်းမာလာပြီး လယ်ယာအလုပ်ပြန်ဆင်းတော့ ကျွန်တော်တို့အိမ်မှာ ကျွန်တော်တို့ကလေးတွေရယ် အမေနဲ့အဘွားပဲ ကျန်ခဲ့တော့တယ်။ အမေနဲ့အဘွားကလည်း နေ့လယ်နေ့ခင်း ကန့်ဇော်ပင်အောက်မှာ လာနားကြတဲ့ သက်ကြီးရွယ်အိုတွေကို နေ့စဉ်ပဲ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်၊ ဂျင်းသုပ်ကို အာဟာရဒါနပြုတယ်။ ဒါကြောင့် နေ့စဉ် အလှူအတန်းကလေး လုပ်နေရသလိုပါပဲ။

နောက်ထပ်(၁၀)နှစ်ကြာတော့ အဘွားက စိုးရိမ်လာပြန်တယ်။

"ဒီတစ်ခါတော့ ငါ့အလှည့်ပဲထင်တယ်လို့ ပြောနေတယ်။ အဘွားအသက်ကလည်း (၉၀)ပြည့်တော့မယ်လေ။ အဲ့ဒီအချိန်မှာ အဖေ့ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပဲ။ အဖေ့အသက်တောင် (၇၀)ပြည့်တော့မယ်လေ"

ကျွန်တော်တောင် ဘုတ်ပြင်းကျောင်းက (၁၀)တန်းအောင်ပြီး မော်လမြိုင် (GTI) ကျောင်းမှာ CIVIL(မြို့ပြ)ဘာသာရပ်နဲ့ ကျောင်းတက်နေရအောင် ကြိုးစားနေချိန်ပေါ့။ အဲ့ဒီလိုနဲ့ ကျွန်တော်လည်း မော်လမြိုင် (GTI)ကျောင်းက ဒီပလိုမာရပြီး မြိတ်မြို့က ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်တယ်။ အငယ်တန်း အင်ဂျင်နီယာအဆင့်ပေါ့။ မြိတ်ကျွန်းစုခေါ်တယ်။ ဆောက်လုပ်ရေးတွေမှာလည်း ကျွန်တော်ပါပါတယ်။ (၁၀)နှစ်လောက်ကြာတော့ ကျွန်တော်အင်ဂျင်နီယာကြီး ဖြစ်လာတယ်။ လစာကလည်း အလွန်ကောင်းပါတယ်။

ကျွန်တော်လည်း အလုပ်ပါးချိန်မှာ ကုမ္ပဏီကခွင့်ယူပြီး ရွာကအိမ်ကိုပြန်တယ်။ မိဘတွေကျေးဇူးကိုဆပ်တဲ့အနေနဲ့ အဘိုးအဘွားသက်ထက်က အိမ်အိုကြီးကိုဖျက်ပြီး အိမ်သစ်ဆောက်ဖို့ပါ။ ကျွန်တော်ရွာပြန်ရောက်တော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကန့်ဇော်ပင်ကြီးက အဖူးအပွင့်တွေဝေပြီး အသီးတွေသီးနေပြီ။ ကျွန်တော်တို့မိသားစုက ပြုစုယုယတာကြောင့်နှစ်(၅၀)ကျော်တာနဲ့ ကန့်ဇော်ပင်ကြီးက အသီးတွေသီးတာ ဖြစ်ပါလိမ့်မယ်။

ကျွန်တော်က အိမ်အိုကြီးကိုဖျက်ပြီး အုတ်ပတ်ကားဆောက်ချင်ပေမဲ့ ကျွန်တော်တို့ရွာမှာ အုတ်နဲ့ဘိလပ်မြေက ရှားတယ်။ မြို့က တစ်ဆင့်စက်လှေနဲ့သယ်မှရမှာ။ အဖေ၊ အမေနဲ့ အဖွားတို့ကလည်း သစ်သားအိမ်ပဲ ကြိုက်ကြတယ်။ ကျွန်တော်တို့ရွာမှာက သစ်သားပေါတာကိုး။ အဲ . . . ပြောရဦးမယ်။ အဲ့ဒီအချိန်မှာ အဘွားအသက်က (၁၀၀)ပြည့်နေပြီ။ ဒါပေမဲ့ ကျန်းမာရေးက ကောင်းတုန်းပဲ။ တောင်ဝှေးတော့ ဆောင်နေရပြီ။

ညဘက်စကားဝိုင်းမှာ အဘွားကပြောတယ်။ ကျွန်တော့်အဖေကို ပြောတာပါ။

''သား . . . ကန့်ဇော်ပင်ကြီးက သီးနေပြီ။ ရင့်မှည့်တာနဲ့ မင်းရဲ့အဘိုး ပုလောပုလိုင်းရွာက ဆေးဆရာကြီးကို သွားကန်တော့ဖို့ မမေ့နဲ့''

တဲ့လေ။ အဖေကလည်း . . .

''ကျွန်တော်နေ့တိုင်း သတိရနေပါတယ် အမေ။ ကန့်ဇော်သီးတွေရင့်မှည့်တာနဲ့ ဆီကြိတ်ပြီး ဦးဦးဖျားဖျားသွား ကန်တော့မှာပါ''

လို့ ပြောတယ်။

''အဲဒီလိုနဲ့ တစ်လလောက်ကြာတော့ ကျွန်တော်တို့(၅)ပင်အိမ်နှစ်ထပ်ကြီး ပြီးသွားတယ်။ ကျွန်တော်လည်း ခွင့်ရက်စေ့လို့ မြို့ကိုပြန်လာပြီး ကုမ္ပဏီမှာ အလုပ်ပြန်ဝင်ရတော့တာပေါ့။ နောက်တစ်လလောက်ကြာတော့ ကုမ္ပဏီမှာ ငွေသိန်း(၅၀၀)ကျွံမှုဖြစ်တယ်။ ကျွန်တော်





ဆိုင်ပေမဲ့ ကျွန်တော်လုပ်တာမဟုတ်ဘူး။

ကျွန်တော်ခွင့်တစ်လယူပြီး ရွာပြန်အိမ်ဆောက်တုန်း ကျွန်တော့်အက်ထောက်အင်ဂျင်နီယာက လုပ်သွားတာ။ သူကငွေယူပြီး တစ်ဖက်နိုင်ငံကူးပြေးသွားတော့ ကျွန်တော့်မှာတာဝန်ရှိတယ်ဆိုပြီး အမှုဖြစ်လို့ထောင်(၅)နှစ်ကျတာပါ။ အခုလည်း နေသား (၃)နှစ်ကျော်ပြီဆိုတော့ လျှော့ရက်စနစ်နဲ့ နောင်တစ်နှစ်လောက်ကြာရင် လွတ်တော့မှာပါဆရာ''

ကျွန်တော်ထောင်ကျတော့ အဖေနဲ့အမေထောင်ဝင်စာ လာတွေ့တယ်။ ကန့်ဇော်ပင်ကြီးက အသီးတွေရင့်တာနဲ့ အဖေက ဆီကြိတ်ပြီး ပုလောပုလိုင်းက ဆရာကြီးဆီကိုသွားကန်တော့တယ်တဲ့။ ဆရာကြီးက အသက်(၁၀၀)လောက်ရှိနေပြီဖြစ်ပေမဲ့ သန်တုန်းမြန်တုန်း ရုပ်ကလည်း မကျဘူးတဲ့။

နောက်ဆုံး ဆရာကြီးမှာလိုက်တာကတော့ ကန့်ဇော်ဆီကို တစ်လတစ်ခါ တစ်ဖွန်းသောက်ပါတဲ့။ ကန့်ဇော်ပွင့်တွေကို စုဆောင်းခြောက်လှမ်းပြီး ပျားရည်စိမ်စားပါ။ အသက်ကြီးလာတာနဲ့အမျှ ကန့်ဇော်ပင်ကြီးအရိပ်မှာ အချိန်ရတိုင်းနားနေပါ။ အဲ့ဒါဟာ သက်ရှည်ကျန်းမာလို့ဝက်ဆေးပဲလို့ မှာကြားလိုက်တယ်။

''ဟ . . . တယ်ဟုတ်ပါလား ကိုကျော်စိုးရ။ ဒါဆိုရင် ကိုယ်တို့အားယူဝိုင်းအဖွဲ့ဖို့ ကန့်ဇော်ပင်ကြီးအောက်မှာ ထိုင်ခုံဝိုင်းတွေ ရိုက်ရဦးမှာပဲ''

''ဆရာတို့က ကန့်ဇော်ပင်ကြီးအောက်မှာ ဝိုင်းဖွဲ့မှာဆိုတော့ ရက်ဝိုင်းလား၊ လက်ဖက်ရည်ဝိုင်းလား။ အရက်ဝိုင်းတော့ မဖြစ်ဘူးနော် ဆရာ။ ကန့်ဇော်ပင်က အစောင့်အကြပ် အလွန်အားကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်လိမ့်မယ်''

''အခုလိုပဲ နေ့လယ်နေ့ခင်း ရေနွေးကြမ်းဝိုင်းကို ပြောတာ
ကိုကျော်စိုးရယ်။ မင်းပြောတာနဲ့ ကန့်ဇော်ပင်ကြီးအောက်မှာ မဖွယ်
မရာလည်း မလုပ်ဝံ့ပါဘူး''

✿ ✿ ✿

။ ၅ ။

❑

နောက်တစ်ပတ်ခန့်ကြာသောအခါ ကျွန်တော်တို့လုပ်ဆောင်
တဲ့ မြိတ်အကျဉ်းထောင်သမိုင်းနဲ့ တည်နေရာ၊ မြေပုံအညွှန်းအတိုင်း
ထွာတွေနဲ့ အဆောက်အဦပုံစံတွေပါ အတိအကျအတိုင်းအထွာနဲ့
တာကိုက် ထွက်လာပါတယ်။ အင်ဂျင်နီယာကိုကျော်စိုး အလွန်တော်
တယ်။

ဒါကြောင့် ကျွန်တော်တို့ ထောင်ပိုင်ကိုတင်ပြပြီး အကျဉ်း
ဌာနရုံးချုပ်ကို တင်နိုင်ပါတယ်။ ထောင်ပိုင်ကြီး ဦးတင်မြင့်ကိုက
သာကျလွန်းလို့ ကျွန်တော်တို့ထောင်မှူးတွေကိုလည်း တစ်ဝိုင်းကျွေး
ယ်။ အင်ဂျင်နီယာလေးကိုကျော်စိုးကိုလည်း ဆုငွေနဲ့ လျော့ရက်တွေ
ပေးတယ်။

---

စိတ်ကူးသစ်တစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်ကြာတော့ ကိုကျော်စိုးအိမ်က မိဘတွေလာပြီး ထောင်ဝင်စာလာတွေ့တယ်။ ထောင်ပိုင်ကြီးကလည်း ထောင်ဝင်စာကို အထူးတွေ့အနေနဲ့ လွတ်လွတ်လပ်လပ် တွေ့ခွင့်ပေးပါတယ်။ အဘိုးကြီး အဘွားကြီးတွေဟာ အသက်ရာဂဏန်းနီးကြပေမဲ့ အသားအရေ စိုပြေပြီး ကျန်းမာသန်စွမ်းကြတယ်။

ကိုကျော်စိုးက လူပျိုလူလွတ်ဆိုတော့ သားမယားလည်းမရှိဘူး။ ဒါကြောင့် မိဘတွေက သားကိုအားကိုးပြီး ပိုချစ်ကြဟန်တူပါတယ်။ ကျွန်တော်နဲ့လည်း မိတ်ဆက်ပေးပြီး ကျွန်တော်လိုချင်နေတဲ့ ကန့်ဇော်ဆီတစ်ပုလင်းကို လက်ဆောင်ပေးတယ်။ ကျွန်တော်လည်း အလွန်သဘောကျသွားတာပေါ့။

''အဲ့ဒီကန့်ဇော်ဆီကြောင့် ရောဂါစုံတဲ့ကျွန်တော် အခုလို ကျန်းမာရေးကောင်းပြီး ငယ်ပေါင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ပြန်တွေ့နေနိုင်တောပေါ့''

''ဒါနဲ့ ကိုဝင်းဆန်းရေ . . . မြိတ်ထောင်ဝင်းထဲက ကန့်ဇော်ပင်ကလည်း ကန့်ဇော်ဆီရသေးတယ်မဟုတ်လား''

''ရပါ့ဗျာ။ ကျွန်တော်အညွှန်းကောင်းတာနဲ့ ဆီကြိတ်ပြီး အရက်တွေ အကုန်ဝေယူရတာ။ နောက်ပြီး ဒီအပင်က ရာသီတိုင်းသီးတာ ပွင့်တာမဟုတ်ဘူး။ အအေးကြိုက်ပုံရတယ်။ ဆောင်းတွင်းမှ သီးတာ ပွင့်တာ။ နွေဦးပေါက်ကျမှ ရင့်မှည့်တာ။ တစ်နှစ်တစ်ကြိမ်ပဲ အသီးတယ်ဆိုပါတော့။ ဒါကြောင့်လည်း ရှားပါးပြီး တန်ဖိုးကြီးတာ။

အခုဆိုရင် တစ်ပုလင်း (၃၀၀၀ဝိ/-)ကျပ်ရှိတယ်။ လိုချင်တိုင်းလည်း မရနိုင်ဘူး။ ရနိုင်ရင်လည်း အတုတွေ အရောတွေကများတယ်။ ဒါကြောင့် စိတ်ချရတဲ့ဆီရမှ အစစ်အမှန်ဖြစ်တယ်။ စီးပွားဖြစ်





စိုက်ပျိုးဖို့ကလည်း မဖြစ်နိုင်ဘူး။ နှစ်ပေါင်း (၅၀)က (၁၀၀)လောက်စောင့်ရတော့ ဘယ်လွယ်မလဲ''

ဦးဝင်းဆန်းပြောပြီးတော့ အိမ်ရှင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း)ဦးတင်ထွန်းက စကားဝိုင်းထဲ ဝင်ပြောလာပြန်သည်။ ကန့်ဇော်ဆီအကြောင်းပင်ဖြစ်ပါသည်။

''သူငယ်ချင်းတို့ . . . ကိုယ်လည်း ကိုဝင်းဆန်းပြောတာကို ထောက်ခံတယ်။ ကိုယ်လည်း ကန့်ဇော်ဆီနဲ့ပတ်သက်ရင် လက်တွေ့ပဲ။ ကင်ဆာရောဂါဆိုတာ ကမ္ဘာပေါ်မှာ ကုမရတဲ့ရောဂါဆိုတာ လူတိုင်းသိကြတယ်။

ကိုယ်လည်း ကျန်းမာရေးလိုက်စားတော့ ကင်ဆာရောဂါကို အလွန်ကြောက်တယ်။ ဒါကြောင့် ကြက်သွန်ဖြူစားတယ်။ ရှောက်ရွက်ကို နေ့စဉ်စားတယ်။ သံပုရာရည်လတ်လတ်ဆတ်ဆတ်ကို သောက်တယ်။ ကိုယ့်ခြံဝင်းထဲမှာလည်း သံပုရာပင်တွေ ရှောက်ပင်တွေ စိုက်ထားတယ်။

တစ်နေ့တော့ ဆရာသာကဒိုးက ကင်ဆာရောဂါ ကြိုတင်ကာကွယ်နိုင်တဲ့ ဂုလာနဖာ ဆေးပင်အကြောင်းရေးတဲ့ ဆောင်းပါးကို ကိုယ်ဖတ်ရတယ်။ တစ်ခါ AIDS ရောဂါ ကာကွယ်ဆေးနဲ့ ကုသဆေးဖြစ် အိမ်ခြံဝင်းဟောင်းတွေနဲ့ မြို့သစ်လမ်းဘေးတွေမှာ ပေါက်တတ်တဲ့ ဒီးဝပ်ပင်အကြောင်းလည်း ရေးတယ်။ ကိုယ်ဖတ်ကြည့်တော့ အလွန်သဘောကျသွားတယ်။ ဒါကြောင့် ကိုယ့်တပည့်တွေကို ဂုလာနဖာပင်ရှာခိုင်းပြီး မကြာမကြာ စွဲသောက်တယ်''

ဆေးကလည်းမဝယ်ရဘဲ အလကားရတာဆိုတော့ ထယ်နှစ်လောက်စွဲသောက်လိုက်တာ ကိုယ်ပင်စင်ယူခါနီး ခါးကြီးကျန်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြမှာပေါ့။ အထူးကုဆေးခန်းတွေမှာပြတော့ အရိုးပျော့ရောဂါ
တာဆိုတာနဲ့ စက်ာပူမှာ သွားကုလိုက်ရတာ။ သိန်း ငါးဆယ်ခြောက်ဆ
ကုန်သွားတယ်။ ဒါပေမဲ့ သက်သာရုံပဲ။ ရှင်းရှင်းမပျောက်ဘူး။

မြန်မာပြည်ပြန်ရောက်ပြီး ဆရာသမားကညွှန်းတာနဲ့ ဘု
ပြင်းမြို့နယ်ဘက်က ကန့်ဇော်ဆီစစ်စစ်ကို လူကြုံနဲ့မှာပြီး သောက်
မှ အကောင်းအတိုင်း ပြန်ဖြစ်သွားတယ်။ တစ်ပုလင်းကို (၃၀၀၀
ကျပ်တောင်ပေးရတာ။ ဒါပေမဲ့ အလွန်တန်ပါတယ်။ အိမ်မှာလည်းဆေ
ထားတယ်။ ရောဂါကြီးမှန်သမျှ အကုန်ပျောက်တဲ့ အဖိုးတန်ဆေး
ပါပဲ။ အခုတော့ ကိုဝင်းဆန်းပြောလို့ မြိတ်ထောင်က ထောင်ပိုင်ကို
ရင် ရနိုင်ပြီပေါ့နော်။

ထိုစဉ် ကျွန်တော်က ...

"ကဲ ... ခင်ဗျားတို့ပြောပြီးရင်လည်း ကျွန်တော် ပြော
စဦး။ ကျွန်တော်လည်း အပင်တစ်ပင်ကို တွေ့ထားတယ်။ ကျွန်တော်
မွေးစားမိခင် ဒေါ်သန်းသန်းနုရဲ့ အိမ်ခြံဝင်းအတွင်း အိမ်ရှေ့မှာစို
ထားတာ။ စိုက်တဲ့သူက ဗိုလ်မှူးတစ်ယောက် အိန္ဒိယပြည်က
လာတာလို့ပြောတယ်။

ရပ်ကွက်ထဲက လူကြီးသူမတွေက အဲ့ဒီအပင်ကို မဥ္စူသက
နတ်ပန်းပင်။ အိမ်ခြံဝင်းထဲမှာ မစိုက်ကောင်းဘူး။ ခိုက်တတ်တယ်
ပြောတယ်။ ဒါပေမဲ့ ဗိုလ်မှူးကစစ်သားကြီးဆိုတော့ အယုံအကြည်မ
ဘူး။ အကျအနကို ပြုစုပျိုးထောင်တာနဲ့ အဲ့ဒီအပင်ဟာ ကြီးထွား
မာလာတယ်။

တစ်နှစ်လောက်ကြာတော့ ဗိုလ်မှူးဖျားပြီး ဆေးရုံတင်ရ
ဆုံးပါးတယ်။ နောက်တစ်နှစ်မှာ သားကလေးဆုံးတယ်။ နောက်တစ်နှ





ကျတော့ ဇနီးဆုံးတယ်။ အဲ့ဒါနဲ့ ဗိုလ်မှူးညီမက အဲ့ဒီအိမ်ကြီးကို
နေရဲတော့ဘဲ လူငှားထားတယ်"

ပထမဆုံးလူငှားက ကျွန်တော့်မွေးစားမိခင် ဒေါ်သန်းသန်းနု
သားအမိပဲ။ အမေက အိမ်နဲ့ အဲ့ဒီအပင်ကြီးကို သဘောကျလို့ ငှား
လိုက်တာပဲ။ အမေက ဘုရားတရားလုပ်တော့ အကြောင်းသိပေမဲ့
ကြောက်ဘူးလေ။ ရပ်ရွာကတော့ အရင်သုံးဦးတော့သွားပြီ။ နောက်
ဦးလည်း ကြာမှာမဟုတ်ဘူးလို့ ပြောနေကြတယ်။

အမေက သမထနဲ့ ကမ္မဋ္ဌာန်းထိုင်တယ်။ မေတ္တာပို့တယ်။ အဲ့ဒီ
အပင်ကြီးခြေရင်းမှာ မနက်ညစကားပြောပြီး မေတ္တာပို့ဆုတောင်းတယ်။
တိုင် ဖရောင်းတိုင် ထွန်းညှိပူဇော်တယ်။ အပင်ကြီးက အခုဆိုရင်
ကြီးတစ်ဖက်စာလောက်ရှိပါပြီ။ အသက်တော့ မခန့်မှန်းတတ်ဘူး။

အမေဒေါ်သန်းသန်းနုက စံရဏအင်အားကောင်းတော့ ဘာ
ဖြစ်ဘူး။ အခုဆိုရင် အသက်(၈၄)နှစ်ရှိပြီ။ သန်တုန်းမြန်တုန်း။ သွား
နိုင်လာတုန်းပဲ။ အလွန်လည်း ပေါ့ပါးဖျတ်လတ်တယ်။ ဝတော့မဝ
ဘူး။ ပိန်ပိန်သွယ်သွယ်ပဲ။ ဒါနဲ့ ကျွန်တော်က မေးကြည့်တာ။

"အမေ ... ဘာဆေးတွေစားသလဲ"ဆိုတော့ ...

"အမေက ဒီအပင်ကြီးကြောင့် ဒီအိမ်ကိုသဘောကျပြီး ပြောင်း
လာတာတဲ့။ မေတ္တာထားတော့ မေတ္တာပြန်တာပေါ့တဲ့လေ။ အမေက
တော့ အဲ့ဒီအပင်ကြီးကို မဥ္စူသကနတ်ပန်းပင်လို့ပြောတယ်။ အမေ
အဲ့ဒီအိမ်ကြီးကိုငှားနေတာ အခုဆိုရင် (၁၄)နှစ်တောင်ရှိပြီ။ အိမ်ငှား
တစ်ဦးက (၁၄)နှစ်ကြာအောင် အိမ်ငှားနေနိုင်တာ အလွန်အံ့သြတယ်။

အမေက (၁၀)နှစ်ပြည့်တော့ မဥ္စူသကနတ်ပန်းပင်ကြီးကို
ပြည်တယ်တဲ့။ နတ်ပန်းပင်ကြီး အပွင့်မပွင့် အသီးမပေးရင် ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဆိုတော့ အဲ့ဒီနှစ်မှာ အပွင့်တွေပွင့်ပြီး ကြွေကျတယ်။ အ
က အဲ့ဒီအပွင့်အဖူးတွေကို နေလှမ်းပြီး ပျားရည်နဲ့စိမ်စားတယ်။ 
ကြောင့် အသက်ရှည်ပြီး ကျန်းမာတာလို့ပြောတယ်”

“ကျွန်တော့်ကိုလည်း အပွင့်ငုံကြွေကလေးတွေကို ကျွေး
တယ်။ အဖြူရောင်ကလေးတွေ။ ဝါးကြည့်တော့ ဆန့်မွှေးနံ့ရတယ်။ အ
ကတော့ ခရေသီးနဲ့တူတယ်။ အဲမေက အသီးတော့ဘာမျှ မလုပ်ဘူ
အပွင့်ကိုပဲစားတာ”

ထိုစဉ် ဦးဝင်းဆန်းက ...

“ဟာ ... ဒါဆို ကျွန်တော်တို့ ခင်ဗျားအမေအိမ်ကို တစ်
လောက် လိုက်ကြည့်ချင်တယ်ဗျာ။ ကျွန်တော်က မြို့တော်ဝင်းထဲ
ကန့်ဖော်ပင်ကိုမြင်ဖူးတော့ အသေအချာသိပါတယ်။ အမေက ဘယ်
နေတာလဲ အတော်ဝေးသလား”

“မဝေးပေါင်ဗျာ။ သမိုင်းမဟာဗန္ဓုလလမ်း အိမ်အမှတ်(၃
မှာနေတာ။ ကျွန်တော်တို့အိမ်နဲ့ အနီးကလေးပါ။ တစ်နေ့အပေါင်းအသင်း
တွေ စုပြီးသွားကြတာပေါ့။ မဥ္ဇူသကနတ်ပန်းပင်မဟုတ်ဘဲ ကန့်ဖော်
ဆိုရင်တော့ ဟန်ကျပြီပေါ့။ အမေက အသီးမှမသုံးတာ။ ဒါပေမဲ့ အေးချ
တဲ့ဆောင်းရာသီမှ သီးတာနော်။ အခု နိုဝင်ဘာဆိုတော့ နီးပါပြီ”

“နောက်လ ဒီဇင်ဘာလ (၁၅)ရက် ကျွန်တော်တို့ ထောင်မှူး
အပတ်စဉ်(၆) မိတ်ဆုံစားပွဲပြီးတာနဲ့ တစ်စုတစ်ဝေးကြီးသွားကြတာ
ပေါ့ဗျာ”

**ထောင်မှူးကြီးသိန်းဝင်း**



www.burmeseclassic.com

| ၁ |

"ကျို . . . အီ . . . အီ . . ."

စေ့ရုံသာစေ့ထားသော တံခါးရွက်သည် တအီအီအသံပေးလျက် ဖြည်းဖြည်းချင်း ပွင့်သွားသည်။ မျက်ဝန်းတစ်ခတ်အရှေ့၌ သူ့ကိုစောင့်ကြည့်နေကြသူများ၏ မျက်နှာတွေကိုမြင်၏။ ဝါဆိုပယောင်းတိုင်ကြီးများ၏ လင်းလင်းရှင်းရှင်း မီးရောင်ဝင်းဝင်းတွေအောက်၌ သူ့ကိုပြင်းပြထက်သန်စွာ ရှုးရှုးရဲရဲကြည့်နေကြ။

"သြော် . . . လူကလေး ရောက်လာပြီကိုး။ ဒီလောက်မြန်မြန်ကြီးရောက်လာလိမ့်မယ် ထင်မထားမိလို့ ထွက်မကြိုမိခဲ့ကြဘူးကွယ်။ အဲဒါအတွက်တော့ လူကလေးက ခွင့်လွှတ်ပေတော့။ ဩ . . . တံခါး





ကို ပြန်စေ့ထားလိုက်ကွယ့်။ အပြင်က နှင်းမှုန်တွေ တသဲသဲဝင်လာသိမ့်မယ်"

မျှော်လင့်မထားမိခဲ့။

သည်မျှ ညံ့သက်ချိုသာ ငြိမ်းအေးသည့်အသံမျိုးကို သူ့တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှ မကြားခဲ့ရဘူး။ မေတ္တာဖြင့် ချစ်ခြင်းအားဖြင့် ငြိမ်၍ ငြိမ်းနေသောအသံတွေ ငြိမ့်ငြိမ့်အေးအေး ကြောင့်ကြမှုကင်း ရင်တွင်းဓာတ်ခံရှင်းရှင်းသန့်သန့်ကို အတိုင်းတိုင်း မြင်သာစေနိုင်သည့်အသံမျိုး။

ကျွန်းသားစားပွဲအိုအို မည်းညို့ညို့ကြီးကို ဝိုင်းပတ်၍ ယှိုင်နေကြသည့် သက်ကြီးရွယ်လွန် ဘအိုဘွားအို လေး ငါး ခြောက် အဲ . . ခုနစ်ဦးကို မြင်သည်။ ဟုတ်သည်လေ . . .။ ဟိုးထောင့်စွန်းကွေးအမှောင်ရိပ်ထဲ၌ လူကောင်သေးသေး ကြုံလှီလှီ ဘအိုတစ်ယောက်က သူ့ဆေးတံတိုတစ်ဆုံနှင့် လောကကို အဆက်အသွယ် ခထားဖြတ်ထားလေဟန် ငြိမ့်နေသေးသည်ကိုး။ ကျွန်သူတွေကို သူက အမှုမထား။ သူ့ကိုလည်း ကျွန်သူတွေက အလေးတယူရှိကြဟန်မပြ။ သို့နှင့်တိုင်သူသည် ဤလူစု၌ တစ်စုံတစ်ရာ ဩဇာညောင်းပုံဖြင့် ပေါ်ချင်ချင်အုံအုံစရာဖြင့် ကောင်းလွန်းနေတော့သည်။

မည်းမှောင်နက်ရှိုင်း ဝေးလံသီခေါင် သည်လိုသစ်တောကြီးထီးထီးမားမားအလယ်က ငါးပင်လေးခန်းနှစ်ထပ် သစ်သားအိမ်အိုအိုကြီးဆီသို့ သည်လိုပုံမျိုးဖြင့် သူရောက်လာခဲ့ရခြင်း။ သည်လို ဆိတ်ငြိမ်သိပ်သည်း တောကြီးမျက်မည်းထဲမှာ သည်လိုသစ်သားအိမ်အိုအိုဟောင်းဟောင်းကြီးတည်နေရှိနေခြင်း။ သည်အိမ်အိုကြီးထက်ပင် ပို၍ အိုရင့်ခက်မာနေကြပြီဖြစ်သည့် ဘအို့ဘွားအိုကြီးတွေ တစ်စုတစ်စေး တစ်စု



www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံးရှိနေကြခြင်း။ မမျှော်မလင့်သူရောက်လာမည်ကိုပင် ကြိုတင်၍ သိနေကြခြင်း စသည် ... စသည်များက တွေးရင်းတွေးရင်းပင် သူ့ ကျိုးကြောင်းဆင်ခြင် သိမှတ်စိတ်တွေကို မှုးလည်ချင်အောင် ပြုစား နေတော့သည်။

"ငြိမ်ငြိမ်နေစမ်း ... ရမ်ဘို၊ နင့်ကိုယ်ပေါ်က နှင်းစက်တွေ ကို အောက်မှာသွားခါချေစမ်း။ ဟိုနှစ်ကောင် 'ဘောသော'နဲ့ 'ဘော ကျော်' လည်း လိုက်သွား"

သူက သူ့အဖော် လမ်းပြခွေးသုံးကောင်ကို တိုးတိုးကြိတ်၍ ကြိမ်းလိုက်ရသည်။ အမြီးတန့်နှံ့ဖြင့် သူတို့ကိုယ်ပေါ်ကနှင်းတွေကို ခါ ထုတ်ပစ်ဖို့ ဟန်ပြင်နေဆဲ ခွေးသုံးကောင်သည် သူ့မျက်နှာကို ရုတ်ခနဲ မော့ကြည့်လျက် စေ့ထားသည့် တံခါးရွက်အကြားခေါင်းတိုးကာ ည မှောင်ကြီးထဲ လျောခနဲ ဝင်သွားကြပြန်သည်။

"ဩော် ... ဧည့်သည်တွေ ပါလာခဲ့သေးတာကိုး"

"ခွေးတွေပါ ...။ ကျွန်တော်နဲ့အတူပါလာတဲ့ ကျွန်တော့် ခွေးတွေပါ"

"အေးလေ ... ဘာပဲဖြစ်ဖြစ်ပေါ့။ တို့များရဲ့ 'ရွက်ကြွေတော ရိပ်သာ'ကို ဒီကနေ့ ဒီအချိန်အခါမျိုးမှာ ရောက်လာတဲ့သူ ဝေနေယျ မှန်သမျှဟာ ကြီးမြတ်တဲ့ဧည့်သည်တွေချည်းပေါ့ကွယ်။ တို့များကို ကောင်း ချီးပေးဖို့ကြွလာမယ့် အဖဘုရားသခင်ရဲ့ ရှေ့တော်ပြေး ကျက်သရေ မင်္ဂလာတွေပဲပေါ့ ဟုတ်လား"

"ဘုရားသခင်ဟာ ဧည့်သည်တွေနဲ့အတူ အိမ်တံခါးဝကို ရောက် လာတတ်တယ်လို့ အမြဲသတိပေးနေတတ်တဲ့ 'ဂျော်ဘွန်'က တို့များရဲ့ သင်းအုပ်ဆရာကြီး ဦးဒီယောဂျာကို နင်မမေ့သေးပဲကိုး။ 'ရွှယ်ကျူး'ဟင်"





"အေး ... လွန်ခဲ့တဲ့ အနှစ်ငါးဆယ်ကျော်က ..."

ဘာတွေကို ပြန်၍ သတိတရ ရှိလိုက်ကြလေသည်မသိ။

တခစ်ခစ် ရယ်မောနေလိုက်ကြသည်မှာ အူလှိုက်သည်းလှိုက် ...သွန်းလှ၏။ တော်တော်နှင့် မပြီးနိုင် မဆုံးနိုင်။

အလို ... ဘုရား။ ယခုမှပင် ဖျတ်ခနဲ သတိဝင်လာမိသည်။ ဒီကနေ့က ဒီဇင်ဘာ ၃၁ ရက်၊ သက္ကရာဇ် ၂၀၀၀ပြည့်နှစ်ရဲ့ နောက်ဆုံး ...ကျန်နေ့ကလေး တစ်ရက်သာပါကလား'။ အတွေးတွေက ရင်ကို ...ခနဲ ဇတ်ခနဲ ပုတ်နှိုးလိုက်သလို ရုတ်ခြည်းလွန့်လူး၍ တက်ကြွလန်း ...ချင်လာမိပြန်သည်။ အနှစ် ၂၀၀၀ ဟူသည့် ထောင်ခုနှစ်နှစ်ခုသည် ...ကြာမတင်မီ ကလေးတွင် ကမ္ဘာမြေကို လက်ပြနှုတ်ဆက်သွားတော့ ...ည်ပါတကား။

"မင်းကိုယ်ပေါ်က နှင်းရွှဲနေတဲ့ မိုးကာနဲ့ ဦးထုပ်ကို ... အဲ ...က သမင်ချိုမှာချိတ်လိုက်။ ပြီးတော့ ... မင်းရဲ့ တောစီးဖိနပ်ကြီး ...လည်းချွတ်ပြီး ဟိုးထောင့်မှာထားလိုက်ဦး။ အဲ ... ပြီးရင် ဒီကို ...ထိုင်လှည့်။ ဒီမှာ မီးဖိုရှိနေတော့ နွေးတယ်"

ဩဇာတိက္ကမတွေဖြင့် တစ်ဘဝလုံး ထွေးလုံးရစ်ပတ်ကျင့်သား ...နေဟန် ခပ်ရှူးရှူးအသံတစ်သံကို ကြားရသည်။ မျက်နှာထားတင်းတင်း၊ ...ခေါင်းချွန်ချွန်၊ မျက်လုံးပြူးပြူး၊ အရပ်မြင့်မြင့် အဘိုးအိုထံက ...ကြည့်ရှုးရှူးများကြောင့် စောစောက စကားခွန်းတွေကို သူပြောလိုက် ...း သိသာစေ၏။ သူ့နှုတ်ခမ်းနှစ်လွှာကမူ တင်းတင်းစေ့စေ့။

သေးကွေး၍ အကြောပြိုင်းပြိုင်းထနေသော လက်များသည် ...ပိတောက်နှစ်သား လက်ကိုင်တုတ်ထိပ်မှ ဆင်စွယ်လက်ကိုင်ရိုးကို ...င်းကျစ်စွာဆုပ်ကိုင်ထားလျက်ရှိပြီး ရှည်လျားသေးသွယ်သည့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ကို မမှိတ်မသုန် စိုက်ကြည့်လျှက်ရှိသည်။

"မင်းခွေးတွေအတွက်ကတော့ ဘာမှ အဆင်သင့်မရှိဘူးကွယ့် နှစ်ဆယ့်တစ်ရာစုကိုကြိုမယ့် ဒီနေ့လို ထောင်ခုနှစ်ကူးည တွေ့ဆုံပွဲ ဒီလိုဖြင့် ဇရာမခွေးကြီးသုံးကောင်ပါ ရောက်လာဖြစ်ကြလိမ့်မယ်လို့တော့ ဘယ်ထင်ထားမိပါ့မလဲကွယ်။ ဘုရားသခင်က တို့များကို ကျိုစယ်တော် မူဟန်တူပါရဲ့။

တို့တွေစောင့်နေကြတာကတခြား ရောက်လာကြတော့ တစ်မျိုး ဖြစ်ကုန်ကြတာကိုးကွယ့်။ ဒါပေမဲ့ ဟောဒီလူအိုကြီးတွေ အမြဲစား တတ်တဲ့ အမဲစွပ်ပြုတ်တွေကဖြင့် ပေါပေါများများရှိလေရဲ့ကွယ့်။ ခွေး ကောင်တွေ ဒါမျိုးကို ကြိုက်ကြလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။

ကဲ ... လူကလေးက ဒီမှာလာထိုင်။ ဖခါးရည်ပူပူလေး သောက်လှည့်ဦး။ ရင်ထဲနွေးသွားတာပေါ့ကွယ်။ ဝမ်းထဲမှာ နွေး တဲ့လူတစ်ယောက်ဟာ ဘယ်တော့မှ သူ့နှလုံးသားတွေ အေးစက်မ တတ်ဘူးတဲ့ကွယ့်။ လာ ... လာ ... မင်းကောင်ကြီးတွေအတွက် ဟင်း ပေးလိုက်ဦးမှပါလေ။ သူတို့ကြည့်ရတာ ဆာနေပုံရတယ်"

'ရွှယ်ဂျား'ဟု အခေါ်ခံထားရသည့် အဘွားအို ပုသေးသေး ကလေးက ပြုံးရွှင်ချိုသာစွာပြောရင်း တလှုပ်လှုပ် အလုပ်ရှုပ်နေပြီ တော့သည်။

လက်မှနာရီကို အကြည့်ဝေ့မိ၏။ ည ၁၂ နာရီထိုးဖို့ နာရီဝက် သာသာခန့် လိုပေသေးသည်။ နောက်တစ်ဒင်္ဂတွင် နှစ်ဆယ့်တစ်ရာ ဆိုသည်ကြီးက မြူနီးခနဲ ရောက်လာပေဦးတော့မည်။

မီးညွန့်တွေက တလှုပ်လှုပ်ယိမ်းနွဲ့ ကခုန်လျက်ရှိနေကြ၏။ မီးဖိုမီးရောင်နှင့် ပျားဖယောင်းတိုင်ကြီးတွေ အလင်းရောင်





သူတို့လူစု၏ အရိပ်တွေက တိုလာလိုက် ရှည်သွားလိုက်၊ ကြီးလာလိုက် သေးသွားလိုက်။ မသက်မငြိမ်။ သူတို့အခန်းကြီးကလည်း ဝင်းခနဲ ထင်းချင်လင်းလာလိုက် ရဲခနဲထဲ၍လက်သည့်အခါ လက်လိုက်။

သေချာသည်ကမူ နေရာတော်တော်များများကို ညအမှောင် က စုပ်မြိုညှို့ငင်ထားခြင်းဖြစ်သည်။ သူတို့အစုသည်ပင် အမှောင် ဆိုလယ်ကြီးထဲ၌ ပေါလောပေါလောမျောပါနေသည့် ရေမြှုပ်ပွစီဖောင်း ကလေးတွေလို။

"သူတို့တွေ ... နောက်ကျလိုက်တာ"

"အေး ... ရောက်ဖို့သင့်နေတာဖြင့် ကြာလှပြီ။ ရောက်လာ ကြဦးမယ်လို့တော့ ထင်တာပဲ"

"သေချာပေါက်ရောက်လာကြမှာပါ။ တစ်သက်ရဲ့ ဒီနေ့ဒီရက် ဒီအချိန်အတွက်ကိုပဲ မျှော်လင့်တကြီးနဲ့ နေလာခဲ့ကြတာမဟုတ်လား"

"ဟုတ်တော့ ... ဟုတ်ပါတယ်။ အချိန်လင့်နေလို့သာ စကား အဖြစ်ပြောနေကြရတာကိုး။ စောနေဝင်းနဲ့ မိုင်းထွန်းညာဏ်တို့ နှစ်ဦး လုံးဟာ အသည်းကြီး ဖွဲ့ကြီးတတ်တာလည်း အသိသားမဟုတ်လား"

လုံးဝကြီး ငြိမ်တိတ်နေသည်ကို စကားသံကလေးမှဖြစ်စေ ကြားနေအောင်လည်းကောင်း၊ တအုံ့နွေးနွေး ပူပန်စိတ်တွေဖြင့် ဂနာ မငြိမ် လှုပ်လှုပ်ခတ်ခတ် ခဏတာတွေကို ရသေ့စိတ်ဖြေ လျော့လျော့ ရဲရဲဖြစ်စေရန်လည်းကောင်း၊ စကားမရှိစကားရှာ ပြောနေကြခြင်းဖြစ် ကြောင်း သိသာနေသည်။ သုံး့လေးဦးက အချီအချပြောနေသမျှကို ကျန် သူများက ငြိမ်ငြိမ်ကလေး ကြွန္မေမပျက် နားထောင်နေကြသည်ကိုမြင် ကြသည်။

သံမိုခုံလောက်ပေါ်မှ ဖခါးရည်အိုးက 'တဗွက်ဗွက်'မြည်သံပေး



www.burmeseclassic.com

www.burmeseclassic.com



လျှက်ဆုဝေနေ၏။ 'အား . . . ကောင်းလိုက်တာ။ မွှေးပြီး ပူးနွေးနေတာပဲ' ဖခါးရည်တစ်ကျိုက်က သူ့လျှာဖျားမှသည် လည်ချောင်းအတွင်းသို့ ပြိုက်ခနဲ စီးဆင်းထိုးကျသွားသည်။

တစ်ပြိုင်နက်တည်း၌ သိသိမှတ်မှတ် သည်သို့သာပဲ သူခံစားလိုက်ရသည်။ မွှေးပျံ့သော ဖန်ခါးရှသော နွေးခနဲ ကိုယ်ကို ပျံ့နှံ့ဖိန်းရှိန်းသွားစေသော နီတွတ်တွတ် မည်းညို့ညို့ ဖခါးရည်တစ်ငုံသည် တစ်ငုံတစ်ရာဖြင့် တမင် တစ်သီးတစ်သန့်စီရင်ထားလေမှန်း ချက်ချင်းသိသည်။

ဥတ္တရဒေသမြောက်ဘက် တောင်ကုန်းများ၏ ကျောပေါ်၌ သူရှင်သန်နေထိုင်ခွင့်ရခဲ့သည်မှာပင် သုံးနွေသုံးမိုး သုံးခါလည်သာသာကလေး ကျော်လာခဲ့ပြီဖြစ်သည်။ ဒေသခံသွေးချင်း ကချင်တို့၏ ဖခါးရည်ဓလေ့တွေနှင့် သူ ကျွမ်းဝင်ရင်းနှီးခဲ့သည်မှာလည်း ကြာလှခဲ့ပြီ။

✿ ✿ ✿

| ၂ |

ထောင်စုနှစ်သစ်အကြိုပွဲကလေးကို စ,ကြတော့မည်။

ဘအိုဘွားအိုတွေ တလှုပ်လှုပ်တရွရွ ပြင်ဆင်ကြပြီ။ သည်...နှစ်တွင်မှ သူနှင့် သူ့ချွေးသုံးကောင်က အရာဝင် အသုံးအကျသား။ ...တာ ဝါးထိုင်ခုံတွေ၊ စားပွဲပုကလေးတွေ ၊ စားဖွယ်သောက်ဖွယ်တွေ၊ ...အစ်ရာရာတွေကို ဒိုင်ခံ၍ သယ်ပိုးရွှေ့ပြောင်းပေးနိုင်ခဲ့သလို သူ့ချွေး...တွေကလည်း ဘအိုဘွားအိုတို့အား 'ရွက်ကြွေတော'အိမ်ကြီး၏ရှေ့...ာလုံးကွင်းကလေးတစ်ကွင်းစာသာသာ မြက်ရိုင်းလွင်ပြင်ကြီးဆီသို့...ာ်ကသုံးတောင်ဝှေးသဖွယ် ကူသယ်ခေါက်သယ် တွဲရွဲခေါ်လာနိုင်...ကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တမ်းဆို တို့ရဲ့မူလစိတ်ကူးက ဒီကနေ့ည ဒီပွဲမှာ လူစိမ်းသူစိမ်းတွေပါဖို့ မဟုတ်ဘူး ... လူကလေးရဲ့။ ပြီးတော့ ဒီကနေ့ အချိန်ထိ တို့ကိုယ်တို့ သန်သန်မာမာ ကြွားကြွားရားရား ရှိနေကြလိမ့် ဦးမယ်လို့လည်း အထင်ရောက်ခဲ့မိကြသေးတာကိုး။ တို့များအတွေးတော့ မပြည့်မစုံရှိခဲ့တာလည်း အရွယ်ကပေးတဲ့ မာနပဲထင်ပါရဲ့"

အိမ်အိုကြီးကိုဝင်စက သူ့ကို စတင်ကြိုဆိုခဲ့သော အေးအေး ငြိမ်းငြိမ်းအသံရှင် ဘအိုက ပြောနေခြင်းဖြစ်သည်။ 'ဘိုးအေးနု'တဲ့ ဤ အဘိုး၏နာမည်။ သို့ပင်ဖြစ်လည်း ဘာကြောင့်ရယ်ဟုမသိ။ ထိုဘအို ကို အများက 'အောင်ဘာလေ'ဟုပဲ ခေါ်နေကြသည်။

"သူတို့ကို ဘုရားသခင်က တို့တွေရဲ့မာန်ကို ပြက်ရယ်ပြုဖို့ တမင်စေလွှတ်တော်မူလိုက်တာနေမှာပဲ။ ဟဲ့ ... အောင်ဘာလေ ... သိလား"

မြစ်ကြီးနားကော်လိပ်၌ အင်္ဂလိပ်ဘာသာကထိက ဖြစ်ခဲ့ဖူး သည်ဆိုသည့် 'ရွယ်ဂျား .. ရွယ်ဂျား'ဟုဆိုသော ပုပုသေးသေးဘွားအို က ပြောနေပြန်သေးတော့သည်။ ဘွားအိုသည် ယခုတိုင် အသက်အစိတ် သုံးဆယ်အရွယ်ကဲ့သို့ ရွှင်ရွှင်မြူးမြူးရှိချင်ဆဲပင်။

"လကလည်း သာလိုက်တာဟယ် ... ထိန်နေတာပဲ"

ဟုတ်သည်။

လရိပ်အောက်၌ ရှိနေသည့် ရှက်ကြွေတောနှင့် အိမ်ကြီးပြို လျှင် မြက်ရိုင်းလွင်ပြင်ကြီးက နှင်းခင်းလောက်နီးနီး လင်းကျင်းနေသည်။ ညဦးပိုင်းက ခပ်ရိုင်းရိုင်းခပ်သည်းသည်း ပြိုဆင်းလာချင်ခဲ့သော နှင်းမိုး သည် ယခုဖြင့် တိတ်လို့။

ဖြူနုနု နှင်းမှုန်နှင်းစကလေးတွေသာလျှင် တိမ်စိုင်တွေ ကဲ့





ဘူးလာသလို ဖွဲဖွဲကလေးဝေနေတော့သည်။ နှစ်ဦးတည်းသော မိန်းမ သူတွေဖြစ်သည့် ဘွားအို 'ရွယ်ဂျား'နှင့် ယောဂီရောင် ရသေ့ဝတ်စုံ ဖြင့် ပိန်ခြောက်ခြောက် ရှည်ကိုင်းကိုင်း 'ဘွားငြိမ်းသာ'တို့ခမြာ လသာ ညကို တစ်ခါမှမမြင်ဖူးခဲ့ဘူးသလို စုံစုံမက်မက်ကြီး ကြည့်နေကြ၏။

တစ်ယောက်လက်တစ်ယောက်ဆွဲ၍ သံယောဇဉ်ဖွဲ့နေလိုက်ကြ ပုံမှာ အရွယ်ငယ်သေးလျှင် သူတို့ရှေ့က မြက်ရိုင်းနုနုလွင်ပြင်ကြီးထဲ၌ သူ့ခွေးသုံးကောင်နှင့် ပြေးတမ်းလိုက်တမ်း ကစားကြတော့မလို ဖြစ် တော့၏။

"ဟော့ .. ကောင်လေး။ ငါ့ဝိုင်ပုလင်းတွေထည့်ထားတဲ့ ကြိမ် ခြင်းကလေးနဲ့ ဝိုင်ကလပ်ကလေးတွေ၊ ငါ့ ဝါးပက်လက်ကုလားထိုင် ကလေး၊ ခုံကလေးတွေ ... ပြီးတော့ သံဒယ်ကြီးခံထားတဲ့ မီးလင်းဖို သေးသေးကလေးကို ထုတ်ချေပါဦးဟ။

အေး ... အေး ... အုပ်ဆောင်းကလေးနဲ့ အုပ်ထားတဲ့ ငါ့သလဲထိုးကြော် ပန်းကန်ကလေးရယ်၊ 'ဒေါ်နုဖုံ'က ပန်းသီးမွှမွှကြီး တွေရယ်၊ အောင်ပန်းလိမ္မော်ထွားထွားကြီးတွေထည့်ထားတဲ့ ကြိမ်ခြင်း တောင်းကလေးတွေလည်း သယ်ခဲ့ပါဟ။ အဲဒါမှ တောင်စုနှစ်သစ်အကြို ညက ပိုမြိုင်ပိုဝေစည်၊ ပိုအရသာရှိမှာပ။ ဟေး .. ဟေး .. ဟေး"

ဆေးတံတိုဆရာဘအိုက ထူးထူးခြားခြား။ အဲ ... ထက်ထက် သန်သန်ကြီး တက်ကြွရွှင်မြူးစွာ သူ့ကို စေနေပြန်တော့သည်။ ရွှန်းမြမြ လရောင်ပြာမှုန်မှုန်ထဲမှာ ရဲခနဲရဲခနဲ သူ့ဆေးတံမီး၌ အရှင်ဓာတ်ကဲ သည့် သူ့မျက်နှာနေကို မြင်ရ၏။ သူပျော်နေသည်ထင့်။

သူနှင့် သူ့ခွေးသုံးကောင်က ရှက်ကြွေတောအိမ်ကြီးသို့ ဝင် ချည်ထွက်ချည်ပြုကြရပြန်သည်။ အပျော်က သူတို့ကို ကူးစက်ခံထားရ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်လေရာ အလိုလို ပေါ့ပါးမြူးရွှင်နေမိကြ၏။ ခွေးသုံးကောင်တ အကဲဆုံး။

ရှက်ကြွေတောလွင်ပြင်ဆီမှ သီချင်းဆိုသံဝဲဝဲကလေးကို ကြား လိုက်ရ၏။ သူသည် လှမ်းဆဲခြေအရွေ့တွေကို ရုတ်တရက် ရပ်လိုက် သည်။ ‘ရဝမ်ကျေးလက်ရိုးရာတေးတစ်ပုဒ်ကို သီဆိုနေခြင်းပေလား’

သီချင်းသံမှာ မသဲကွဲချေ။ ဘာသီချင်းကို ဆိုနေသည်မှန်း အတပ်မသိနိုင်သော်လည်း သီဆိုနေသူကိုယ်တိုင်သာမက သီချင်းသံကို ကြားနေရသူများအားလည်း တက်ကြွလှုပ်ရှားလာစေအောင် ပြုစွမ်းနိုင် သည်ကား အမှန်။ သီချင်းသံအကြားမှ တဗုန်းဗုန်းရိုက်ခတ်နေသည့် စည်သံကိုလည်း အဆက်မပြတ် ကြားနေရသေးသည်။

“စကားသံက ဝဲနေလို့ပါ။ သူဆိုနေတာ ရဝမ်ကျေးလက် သီချင်းမဟုတ်ဘူး။ ဆရာဇော်ဂျီရဲ့ ‘သင်သေသွားသော်’ကဗျာကို ကချင် တေးသွားထည့်ပြီး ဆိုနေတာ။ မြန်မာလိုတစ်လှည့် ရဝမ်လိုတစ်လှည့် လေ”

ဘအို ‘ဦးကျုံတန်’က မပြုံးစဖူး ပြုံး၍ပြောသည်။ သူသည် ယနေ့တိုင် တူမီးနှင့် သူ့လက်ဖြစ်ဒူးလေးကြီးကိုမစွန့်သည့် အာဂ ရဝမ် မုဆိုးကျော်ကြီး တစ်ယောက်ဖြစ်သည်။ အရပ်အမောင်းက ကြီးကြီး နိုင်နိုင်၊ ခြေဆံလက်ဆံ တုတ်တုတ်ခဲခဲ။ ခြေကုပ်မမြဲဟုအကြောင်းပြ လျက် ဘယ်သောအခါကမျှ ဖိနပ်မစီးခဲ့စဖူး။

ဆံပင်၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့က ငွေမျှင် ထွေးကြီးတွေလို ဖွေးဖွေးဖြူနေသည့်တိုင် ခါးမကိုင်းသေး၊ မျက်စိ မမှုန်သေး။ သွားတစ်ချောင်း မကျိုးမပဲ့သေး။ နားတစ်စုံက သူ့ခွေးသုံး ကောင်ထက်ပင်လျှင် သေးပါသေးသည်တဲ့။





ထောင်စုနှစ်သစ်အကြိုညအတွက် ခင်းကျင်းပြင်ဆင်မှုများ၌ နှင့် သူ့ခွေးသုံးကောင်ကို ဦးဆောင်နေသူ ဘအိုဖြစ်သည်။

ဆောင်းလေအဝေ့ နှင်းငွေ့မပြယ်တပြယ်တွင် အအေးဓာတ် စိမ့်၍စိမ့်၍ တိုးဝင်လာနေ၏။

“ဟော ...”

ဘအိုက ရပ်၍ နားစွင့်သည်။

“ဝုတ် ...”

“ဝုတ် ... ဝေါင်း ... ဝေါင်း ...”

လျင်မြန်လွန်းလှသည်။ ရမ်ဘိုနှင့် ဘောကျော်၊ ဘောသော ကြီးသုံးကောင်က လရောင်မှုန်မှုန် နှင်းငွေ့မှုန်မှုန်ထဲမှ ရှက်ကြွေ တောကို ဦးတည်လာနေသည့် အရိပ်မည်းမည်းများဆီ ‘တဝုန်းဝုန်း’ ဟောင်လျက် တရှူးထိုး ပြေးထွက်သွားကြ၏။

“လူကလေး ... မင်းကောင်ကြီးတွေကို ပြန်ခေါ်ထားလိုက်။ တောထဲကလူတွေဟာ တို့ကိုရန်မူမယ့်သူတွေ မဟုတ်ပါဘူးကွယ့်။ ပျော်နေတဲ့သူတွေပါ။ ဒီကနေ့ညဟာ သူတို့ပါမှ အဓိပ္ပာယ်ရှိပြီး ပြည့်စုံ တော့မှာ”

ခွေးကြီးတွေကို ပြန်မခေါ်ဖြစ်လိုက်တော့။ တိရစ္ဆာန်များကို ညီပါးအောင်ပြုခြင်း၌ ကျွမ်းကျင်အဝါးဝနေပုံရသည့် ညည်သည်လူစိမ်း ရှေ့တွင် သင်းတို့သုံးကောင်သားက ပြေးရှူးပြေးရှူးဖြင့် ဦးဆောင် လှုပ်ပြုလျက် ပြန်လာနေကြသည်။

“ဝေး ... စောနေဝင် ... ဝေး ... ထွန်းညာဏ် ... နင်တို့ ယောက် သေပြီမှတ်နေတာ။ မသေသေးပဲကိုး။ ဟား .. ဟား .. ဟား”

“နင်တို့သေရင် ဝတ်ပြုဆုတောင်းပေးဖို့ သရုဏာဂုံတင်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူကို သရဏာဂုံတင်ပေးဖို့ ငါတို့ရှိနေရဦးမယ်လေ ကျုံးတန်း၊ ဘယ်မှာ သေလို့ဖြစ်ဦးမှာလဲဟ။ ဟား ... ဟား ... ဟား ..."

ရွက်ကြွေတောလွင်ပြင်စပ်က လူအုပ်တွေ တလှုပ်လှုပ်ဖြင့် ပြုံဆင်းလာ၏။ လူသံသူသံတွေ ဝေဝေစည်စည်။ ညသည်ချက်ချင်းကြီး အသက်ဝင်လာသလို။

"ဝေး ... ရွယ်ကျား ... ဟေး ... မယ်မင်းကြီးမ ရှင်ပြုံး သာ ... မာရဲ့နော။ ဟဲ .. ဟဲ .. ဟဲ ..."

"စိတ်ပူလိုက်ရတာဟယ် နင်တို့နှစ်ကောင်ဟာ"

"ဟုတ်ပကွာ ...။ ကြိုကြိုတင်တင် တစ်ရက်နှစ်ရက်ဆေ ပြီးများလာလိုက်ရင် ဘာဖြစ်မှာတဲ့တုန်း။ ဘာလဲ ... တစ်ယောက်က ကျားမနိုက၊ နောက်တစ်ယောက်က ဆွစ်ဇာလန်ကနေ လာခဲ့ကြရတာ လို့ ဆင်ခြေပေးကြဦးမလို့လား။

အဲဒီလိုဆိုရင် တောင်အာဖရိက တောကြိုအုံကြားထဲက ဗုဒ္ဓ သာသနာပြုစခန်းကလေးကနေ အချိန်မီအချိန်ကိုက်ရောက်လာတဲ့ 'ရှင် ပြုံးသာ'ကို ဘာပြောဦးမလဲ။ တောင်အာဖရိကရဲ့ ဟိုးအတွင်းပိုင်းထဲ ကနေ ပြေးလာခဲ့ရတာတဲ့'

ဆေးတံတိုဆရာက လေသံခပ်ထန်ထန်ဖြင့် ဆီးဟောက်သည်။ ညှိုသည်လူစိမ်းနှစ်ယောက်က တဟဲဟဲရယ်ရင်း ဆေးတံတိုဆရာကို ဝိုင်းပွေ့လျက် ဖက်ရမ်းနှုတ်ဆက်ကြ၏။ သူလည်း ကြာကြာတင်း၍ ခံနိုင် ပုံမရ။ တဟဲဟဲပြန်၍ရယ်ရင်း သူငယ်ချင်းသုံးဦးသား ဝမ်းမြောက်ပျော်ရွှင် နေတော့သည်။

"ကဲ ... ကဲ ... အလွမ်းသယ်မနေကြနဲ့ဦးဟေ့။ မကြာခင် နှစ်ကူးတော့မယ်။ မိနစ်ပိုင်းကလေးပဲလိုတော့တယ်။ လာကြ ... လာကြ





ထပ်သုပ်သုတ်လာလှည့်ကြ။ ဟဲ့ .. ဟိုသူငယ် မင်းနဲ့ မင်းခွေးသုံးကောင် ပါ်လည်း လာလေ၊ မင်းတို့က ဘုရားသခင်တမင်လွှတ်လိုက်တဲ့ တို့များရဲ့ ကံထူးဆောင် အထူးဧည့်သည်တော်တွေပဲဟာ"

"ဒီနှစ်တော့ ပိုပြီး ပြည့်စုံပါကလားဟေ့"

"အေး ... ဘုရားသခင်ရဲ့ ကျေးဇူးတော်ပေပဲ"

ဘအို 'ဦးအောင်ဘလေ'က တိုက်တိုက်တွန်းတွန်း တက် ကြွက်ကြွကြ။ သူနှင့်အတူ ဘအိုဘွားအိုတွေ အလွန်အမင်းတက်ကြွ ပျော်ရွှင်များနေကြသည်။ လူစုံတက်စုံ စုံလင်ကြပြီဖြစ်၍လည်း ဝမ်းမြောက် ဝမ်းသာ မြူးတူးနေကြခြင်းဖြစ်သည်။

လရောင်ချိုချိုသည် ပို၍ပို၍ လင်းလာဝင်းလာ၏။

နှင်းထုကိုဖြတ်ပြေးလာရသည့် ဆောင်းလေ၏ တရှဲရှဲ လေချွန် သံတွေသည် ညကို စိတ်လှုပ်ရှားချင်ဖွယ်ကောင်းအောင် ဖန်တီးလျက် ရှိသည်။ မြူများနှင်းမှုန်များဆိုင်းလာပြီး ဝန်းကျင်သည် မှုန်မှိုင်းသွား လိုက် နှင်းထုကို လက တစ်လှည့်တစ်ပြန် တိုးဖေ့ခွဲထွက်လာနိုင်ပြန် သည့်အခါ လရောင်အလင်းဖြင့် လင်းကျင်းဝင်းလှဲ့လာလိုက် မြူနှင်း များပြုံဆင်းလိုက် လရောင်ချိုကတလှည့် ရွှန်းပလိုက်နှင့် ညသည် မာယာ များနေဆဲ။

"ရှို ... ဒိုင်း .. ဖောင်း ... ဖောင်း ... ဖောင်း ..."

"ဖောင်း ... ဖောင်း ..."

"ရှုး ... ဒိုင်း .... ဒိုင်း ..."

"မီးပန်းရောင်စုံတွေ ဖောက်ပြီဟေ့"

"ဟေး .. ဟေး ... ဟေး ... ဟက်ပီးနယူးရီးယား"

"ဟက်ပီနယူးရီးယား ..."



www.burmeseclassic.com

www.burmeseclassic.com



"ထောင်စုနှစ်သစ်မှာ ပျော်ရွှင်ပါစေ"

"နှစ်ဆယ့်တစ်ရာစုမှာ အေးချမ်းသာယာပါစေ"

"ဝေး . . . ဟေး . . . ဟေး . . ."

ရွှက်ကြွေတော၏ ကောင်းကင်ယံတွင် ရောင်စုံမီးပန်းတွေ တဖျတ်ဖျတ် တောက်စားနေသည်။

မည်သူကစတင်၍ ရှို့လိုက်သည်မသိ။ အသင့်စီစဉ်ထားပြီး ဖြစ်သည့် ဖိုခုံလောက်ဆိုင် ထင်းပုံကြီးသုံးပုံမှ မီးညွန့်မီးတောက်တွေ က ဟုတ်ခနဲ ထိုးတက်လာသည်။ မီးမှုန်မီးပွင့်များသည် ရွှေမှုန်တွေ တလက်လက်လွင့်နေသလို ဖွားခနဲဖွားခနဲ စင်နေကြ၏။ မီးနိုးငွေ့ တလှုလှု။

သက္ကရာဇ် ၂၀၀၀ ၏ နောက်ဆုံး ဒီဇင်ဘာညသည် ကုန်ဆုံး ခဲ့ပြီ။ နှစ်ဆယ့်တစ်ရာစု၏ နေ့သစ်သည် မွေးဖွားသန့်စင်ခဲ့ပြီး

✿ ✿ ✿

[ ၃ ]

❑

လောက တဖြည်းဖြည်းသိပ်သည်းပြီး အေးမြလာနေသည်။

နှင်းမှုန်က တဖွဲဖွဲ ဆောင်းညဉ့်လေအေးတသဲသဲ။ ရင်တွင်း၌ ဆတ်ဆတ်ခုန်ပြီး တဖျတ်ဖျတ် တုန်နေမိရတော့၏။

ဖိုခုံလောက်ဆိုင် မီးပုံကြီးတွေက မီးအားကောင်းလှသည်။ မီးကျီး တွေ ရဲနေအောင်ရှိရနေ၏။ သို့နှင့်တိုင် ရှေ့က ရင်တစ်ခြမ်းသာပဲ ပူပြီး နောက်ကျောတစ်ပိုင်းကိုမူ ဥတ္တုရလေက အေးစိမ့်တုန်ခိုက် အောင် ကုတ်ခြစ်နေတော့သည်။

စစ်သုံးဆွယ်တာတစ်ထပ် စစ်သုံးဂျာကင်ကြီးတစ်ထပ်နှင့် သိုး ခေါင်းစွပ်ကို နားရွက်ဖုံးအောင်စွပ်ထားသည့်တိုင် အချမ်းမပြေသိချင်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၁ ခု နှစ်သစ်ဦးကာလထဲသို့ အတန်အသင့်ကူးဝင်ခဲ့ပြီ

သူသည် ဝါးပက်လက်ကုလားထိုင်ကလေးတွေ ကိုယ်စီဖြ နှင်းတွေမှုန်ဝေနေသည့် မပီဝိုးဝါး ကောင်းကင်ပြင်ကြီးနှင့် လဝန်း မော့ကြည့်နေကြရင်း သည်လိုတောကြီးမျက်မည်းထဲက မြက်ရိုင်းလွင်ပြ ကြီးနံဘေးမှာမှ ယောင်စုနှစ်သစ် 'နှစ်ကူးပွဲ'ကလေးကို တကူးတ တိတ်တိတ်ငြိမ်ငြိမ် စုဝေးဆင်နွှဲနေကြသည့် ဘအိုဘွားအိုတစ်သိုက် ပို၍ပင် နားမလည်နိုင်တော့။

သူနှင့် သူ့ခွေးကြီးသုံးကောင်မှတစ်ပါး အသက်အရွယ်အတ အသင့် ဖျတ်ဖျတ်လတ်လတ်သန်စွမ်းသေးသူ တစ်ဦးတစ်လေမျှမ အသက်ရှစ်ဆယ်နှစ်များကို အတော်စွန်းစွန်း ကိုးဆယ်ပါးနီး လူ လူမင်းကြီးတွေချည်းဖြစ်၏။ စုစုပေါင်း ကိုးယောက်တိတိ။ ဘွား နှစ်ယောက် ဘအို ခုနှစ်ယောက်။

အင်္ဂလိပ်စာကထိကဟောင်း ပုပုသေးသေးကလေး 'ဘွားရွှ ဂျား'နှင့် တောင်အာဖရိကမှ တကူးတက သည်နေ့၊ သည်ရက်၊ သည အချိန်၊ သည်နေရာကို မရောက်ရောက်အောင် ပြန်လာခဲ့လေသူ။ ဗု သာသနာပြု ယောဂီ 'ဘွားငြိမ်းသာ'။ သူတို့နှစ်ဦးက ပုံစံချင်း ဆန့်ကျ ဘက်ဖြစ်နေကြသည့်တိုင် အချစ်ဆုံးသူငယ်ချင်းတွေ။

ပြီးလျှင် 'ဘိုးအေးနု'ခေါ် ဦးအောင်ဘာလေး။

မြန်မာနိုင်ငံ၌သာမက တိုင်းရင်းဆေးကို စုံရေမက်ရေ အသ ပြုဆဲ အရှေ့တောင်အာရှ၊ အာရှနှင့် အာဖရိကနိုင်ငံများအထိ ကျေ ကြားလှသည့် 'ဝိဇ္ဇာကြယ်စင်'သက်စောင့် ရွှေပြာသက်ရှည်ဆေး ထု လုပ်ရောင်းဝယ်ရေးလုပ်ငန်းစုကြီး၏ အကြီးအကဲ။ ပြီးလျှင် မြ နိုင်ငံလုံးဆိုင်ရာ 'ဗုဒ္ဓသာသနမာမက အဖွဲ့ချုပ်ကြီး' ၏ ကနဦးတ





ဆောင်သူနှင့် ရာသက်ပန်နာယကကြီး။

ဆေးတံတိုဆရာလူသေးသေး ဗလံကလေးဘအိုက 'ဘိုးသီလ'။ မြေ တပ်မတော်တွင် ဗိုလ်မှူးကြီးရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့ အရေးပါသည့် ဦးစီးဌာနကြီးတစ်ခု၌ ဦးဆောင်ညွှန်ကြားရေးမှူး ကာလအတန်ကြာ ဦးစီးဆောင်ရွက်ခဲ့ရဖူးသူ။ ယခုဖြင့် မြန်မာ ငံ တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအသင်း၏ ထူးဆောင် နာယကကြီးဖြစ်၍နေ၏။

ရှက်ကြွေတော၏အိမ်ရှင် 'ဘအိုဦးကျူတန်'က ဒေသခံရဝမ် ကြီးကျော်ကြီး။

ယခုအချိန်တိုင် စကားဟဟ မပြောဖြစ်သေးသော်လည်း သူ စ်ပါးလုပ်သမျှတွေကို တပြုံးပြုံးနှင့် နှစ်လိုသဘောကျနေကြသူနှစ်ဦး ား ရုပ်ခပ်ကြမ်းကြမ်း၊ လူကောင်ထွားထွား 'ဘိုးမင်းအောင်'နှင့် လုံး န်ရုပ်တန် ချင်းအဘိုးကြီး 'ဘိုးထန်လင်းနိုင်'တို့ဖြစ်ကြသည်။

သူ့ဘဝ၏ ကာလအတော်များများကို ကွန်မြူနစ်ဝါဒဝဲကတော့ ြီးထဲသို့ တစ်လမ်းမောင်း တစ်ကြောင်းထိုးစနစ်ဖြင့် ထိုးနှစ်ပစ်ခဲ့ပြီး မြိ်ချည်ပေါချည် ဝဲလည်စက်နေခဲ့သူ 'ဦးမင်းအောင်'သည် အကြောင်း အားလျော်စွာ ဝေဘူဆရာတော်ကို ဖူးတွေ့ခွင့်ကြုံခဲ့ရပြီးသည့်နောက် ိုက်ဆိုက်မြိုက်မြိုက် အကျွတ်တရားရခဲ့သူ။

ယခုဖြင့် ဆွေမရှိမျိုးမရှိ ဥတစ်လုံးတစ်ကောင်ကြွက်။ ခြေ လုံးအိမ်တိုင်။ သို့သော် ဦးတည်ချက်မဲ့ လေလွင့်ရွက်ဝါတစ်ရွက်ကား ဟုတ်။ ကမ္ဘာပတ်၍ တရားရှာနေသူ။ ဝတ်ဖြူစင်ကြယ်ကို ဝတ်၍ ြီးရာကျရာ သာသနာ့ဝန်တွေကို ထမ်းရွက်နေသူ။ အတိတ်နှင့် ပစ္စု ်က မတူခြားနား လုံးဝ အဆက်အစပ် ကင်းမဲ့နေသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးထန်လင်းနိုင်ကတော့ တစ်မျိုးတစ်ဘာသာ။

သူ့အရပ်သူ့ဒေသ ဝိတိုရိယတောင် (ခ) ခေါ်နသုမ်တောင်ကြီးနှင့် ဝန်းကျင်တောကြားမြိုင်ကြားမှ သစ်ခွမျိုးရင်းတို့ကို ရှာဖွေ သုတေသနပြုရင်း ပန်းတွေထဲ၌ ဘဝနှစ်၍ မြန်မာ့သစ်ခွမျိုးရင်း သုတေသီ ပညာရှင်ဖြစ်လာသူ။ သူ့အသက် ၄-၅-၁၀နှစ်သားမှ ယနေ့ကာလ အထိတိုင် သစ်ခွပန်းပင်၊ ပန်းခက်တွေကို ကိုင်မကြည့်ခဲ့ရဘဲ သစ်ခွပန်းရနံ့ကို မရှူရှိုက်ရဘဲ မျက်စိနှစ်လုံးပိတ်၍ အိပ်ခဲ့ဖူးခြင်းမရှိဟု ဆိုကြသည်။

"လူကလေးရေ . . . သူက စောနေဝင်းတဲ့။ ဘတို့သူငယ်ချင်းပဲ။ ဂျာမနီ 'ဖရန့်ဖွတ်'မှာနေတယ်။ အပူပိုင်းဒေသ အဆိပ်အမျိုးမျိုးနဲ့ အဆိပ်သင့်ရောဂါဗေဒ အထူးကုပါရဂူကြီးပေါ့။ အဲဒီက တက္ကသိုလ်တစ်ခုမှာ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ်နဲ့ သုတေသနလုပ်ငန်းတွေမှာ ကြီးကြပ်ပေးနေရတယ်။

သူ့သားတွေ သမီးတွေလည်း ဂျာမနီမှာပဲ အလုပ်ရနေကြလေရဲ့။ အဲ . . . သူကတော့ ထွန်းဥာဏ်။ သူ့ကျန်းမာရေးအရ ဆွစ်ဇာလန်မှာသွားနေပြီး မြန်မာဝတ္ထုတိုတွေကို အင်္ဂလိပ်ဘာသာပြန်ပြီး အဖွင့်ကျမ်းတွေရေးရင်း ကမ္ဘာကျော်နေတဲ့ 'Mr. Dawn' ဆိုတဲ့ ပုဂ္ဂိုလ်ပေါ့"

အဘိုးအောင်ဘာလေက လေအေးကလေးဖြင့် မိတ်ဆက်ပေးစဥ်က 'အားပါးပါး' တ,ခဲ့မိရသေးသည်။ တကယ့်'ခေါင်'တွေချည်းပါတကား။ တစ်ယောက်မှ ခေသူမဟုတ်တွေချည်းဖြစ်၏။

"ဟင် . . . ဒီလိုပုဂ္ဂိုလ်တွေက ဘာလို့ ဒီရွာကြွေတောင်နေရာမျိုးမှာ ဒီလိုပုံမျိုးကြီးတွေနဲ့ ရောက်နေရတာလဲ"။ လှုပ်ခနဲရင်ထခုန်ချင်သည်။ တပ်တပ်အပ်အပ် သိချင်စိတ်တွေ တဖြုန်းဖြုန်းထလာ





မိပ်မက်တစ်ခုလေလား၊ ပုံပြင်လား၊ ဒဏ္ဍာရီလား။ သူ့အဖြစ်ကိုသူ ယုံချင်။ မယုံရဲ။ ရင်ဖိုမိသည်။

သို့နှင့်တိုင် . . .

ဆောင်းညက မွှေးမွှေးမြမြ အေးဆဲ။ မီးဖိုကြီးတွေက မီးညွန့်လျှံတွေ တဝုန်းဝုန်း တောက်လောင်နေဆဲဖြစ်၏။

အမယ်မယ် . . . လကွေးကွေးတစ်ခြမ်းပဲ့ကလေးပင် နှင်းတွေထဲမှာ ရှင်ရှင်ကြည်ကြည်သာလို့ပါကော။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

"Two roads diverged in a wood and I
I took the one less traveled by,
And that has made all the difference.

"သစ်တောထဲကလမ်းက နှစ်ခုကွဲသွားတယ်။
ငါက ... ငါကတော့ သွားသူနည်းတဲ့လမ်းကိုရွေးခဲ့တ[illegible]
ဒီတော့ အရာရာအတိုင်းဟာ တစ်မျိုးတစ်ဖုံ ဖြစ်သွား[illegible]
တော့တာပဲ ...တဲ့"

ကချင်ဘွားအိုဆရာမကြီးက အင်္ဂလိပ်ကဗျာတစ်ပုဒ်ကို အ[illegible] ကြားသာရုံ ခပ်တိုးတိုးရွတ်ပြနေသည်။ ရောဘတ်ဖရော့ (စ်)ရဲ့ 'မရွေး[illegible] တဲ့လမ်း' (The road not taken) ဆိုသည့်ကဗျာတဲ့။ သူမက တိ[illegible] ရှင်းပြလိုက်သေးသည်။





"ဘယ်လမ်းကိုရွေးရွေး တခြားလမ်းကို မရွေးမိခဲ့တဲ့အတွက် [illegible]နောင်တတော့ရရမှာပဲ။ ကဗျာဆရာက အဲဒါကိုပြောချင်တာ။ တို့တစ်[illegible]သွားလိုပေါ့"

ဘိုးသီလက သည်စကားတစ်ခွန်းကိုပဲ အမှတ်မထင် ထ, [illegible]ပြောလိုက်ပြီး နှင်းမှုန်တွေထဲက လကိုသာ သည်းသည်းမည်းမည်း စိုက်[illegible]ကြည့်နေတော့၏။

လမှုန်းတိမ်းခဲ့ပြီ။

၂၁ ရာစုထဲသို့ သိသိသာသာ တိုးဝင်လာခဲ့ကြပြီးဖြစ်၏။

သူတို့လူစုတွေ၏ ရှေ့မှ စားစရာသောက်စရာတွေ အားလုံး [illegible]ပါး ပြောင်စင်သလောက်ရှိပြီဖြစ်သည်။ မီးပုံတွေပင် မီးညွန့်ကျိုးပြီး [illegible]မှိန်သေတော့မတတ်ဖြစ်နေ၍ ရဝမ်မုဆိုးကျော်ကြီးက ထင်းခြောက် [illegible]င်းချောင်းတွေ ထပ်ထည့်လျက် ပြန်ဆွဆွပေးနေရသည်ကို မြင်၏။ [illegible]ပုံနံဘေး ခပ်နွေးနွေးအပူတစ်ကမ်း၌ သူ့ခွေးကြီးသုံးကောင်လည်း [illegible]နှစ်မြိုက်မြိုက် အိပ်ပျော်နေကြပြီ။

"နေပါဦးကွယ့် ... လူကလေးရဲ့။ တို့များက လူကလေးသိ[illegible]ချင်လွန်းနေတဲ့ ငါတို့လူအိုလူမင်းကြီးတစ်တွေ ဟောဒီ'ရွက်ကြွေတော' [illegible]တောကြီးခေါင်ခေါင်မှာ ခဲခဲခက်ခက် တကူးတက စုဝေးတွေ့ဆုံကြပြီး [illegible]ဆောင်စုနှစ်သစ်ကြိုပွဲကို အားကြိုးခန့်လုပ်ဖြစ်ကြရတဲ့ အကြောင်းတွေ [illegible]ပဲ အလုအယက် ပြောနေမိကြတယ်။

အင်း ... ဒီအသက်အရွယ် ဒီကာလမျိုးမှာကလည်း ပြော[illegible]ချင်စရာက ဒါပဲရှိတော့တာကိုး။ 'ငယ်ငယ်တုန်းက အိပ်မက်တွေ[illegible] [illegible]ရာထခဲ့ကြသတဲ့။ လူအိုလူမင်းဘဝကျတော့မှ ပုံပြင်တွေနဲ့ပဲ [illegible]ရာ [illegible]ကြရသတဲ့'။ ဒါ သဘာဝကိုးကွယ့်။ အေး ... အေး .. ရွက်[illegible]ကြွေတော



www.burmeseclassic.com

www.burmeseclassic.com



ကို လူကလေး ဘယ်လိုရောက်လာခဲ့သလဲဆိုတာကိုတောင် မမေးမိကြ ရသေးဘူး။ ဟုတ်စ''

ကြားရပြန်သည့် အဘိုးဦးအောင်ဘာလေ၏ ညံ့ညံ့သက်သက် စကားသံ။ စည်စည်ညံ့ဝေ အလုအယက် နောက်ကြောင်းပြန်နေကြ သည့် မနေ့တစ်နေ့ ဟိုးတစ်ရံရောအခါက အတိတ်ဖွဲ့ပုံပြင်များထဲ၌ တစ်ချိန်လုံး ငြိမ်တိတ်နေခဲ့ရာက ယခုမှ ပြန်၍ ကြားရပြန်ခြင်းဖြစ် သည်။

''အေး ...ဟုတ်ပ။ နေဦး မင်းကဘယ်သူလဲ။ ဘယ်က လာတာလဲ။ ရွက်ကြွေတောကို ဘယ်လိုရောက်လာတာလဲ။ ဘယ်ကို သွားမှာလဲ''

''ဟုတ်တယ်ဟေ့။ ဒီနေ့ဒီအချိန်မျိုးမှာမှ တိုက်တိုက်ဆိုင်ဆိုင် ဘယ်လိုရောက်လာတာလဲ။ နာနာဘာဝ ပရဘုံလောကသားက ဖျော ယောင်ဖန်ဆင်းလာခဲ့တာတော့ မဟုတ်ပါဘူးနော် ..ဟင် ...ကောင် ကလေး''

''မဖြစ်နိုင်ဘူး။ မျက်တောင်လည်း ခတ်တယ်။ မျက်တောင် လည်း မနီဘူး။ ဖနောင့်ကလည်း မတိုတဲ့အပြင် အရိပ်လည်း ထွက်[illegible] သေးတယ်။ မျက်လုံးမျက်ဖန်က လူစင်စစ်အတိုင်းတိုင်းပဲ''

''ဟယ် ...အဲငြိမ်းသာရယ်။ နင်ပြောသလိုသာ ပြောမယ် ဆိုရင် ခေါင်းရေလည်းသောက်တယ်။ ဖပ်ပီလည်း စုပ်တယ်။ ဝိုင်ရှေ့ ကိုတောင် ကြွက်တွင်းမှရေလောင်း၊ ရေတံလျှောက်လို သောက်နိုင်တယ် ပြီးတော့ ငါစောင့်ကြည့်နေတာ သူက အသားမစားဘူး။ လှည့်တောင် မကြည့်ဘူး။ ပန်းသီး၊ လိမ္မော်သီးနဲ့ သစ်သီးတွေပဲ တစ်ချိန်လုံးစား[illegible] တာ။ ဘယ်ဝိညာဉ်ကောင်က ဒီလိုနေမလဲ ဟုတ်ဘူးလား''





သူ့ကိုရှေ့တွင်ထား၍ ငြင်းကြခုံကြပြန်သည်။ ဘွားရွယ်ကျား ၏အသံတွေက တစာစာအမြည်ဆုံး။ အလွင်ဆုံး။

သူကိုယ်တိုင်ပင် ဘာသာမနေနိုင်။ သူတို့လူသိုက်နှင့်ရော၍ တက်ဟက်ပက်ပက် ရယ်မောမိရတော့၏။

''လူစစ်စစ်ပါ။ တကယ်က ကျွန်တော်က ထောင်မှူးကြီးပါ''

''ဘာရယ် ...''

''ထောင်မှူးကြီးတဲ့ ..ဟဲ့''

''Chief Jailor ပေါ့ ...။ မြစ်ကြီးနားထောင်မှာ ငါ့မိတ်ဆွေ ထောင်မှူးကြီးတစ်ယောက် ရှိခဲ့ဖူးတယ်။ လွတ်လပ်ရေးမရမီက မစ္စတာ ခရစ္စနား ...တဲ့''

''ကွယ် ...ပညတ်သဘောတွေပါ။ သူတစ်ပါးကို ချုပ်နှောင် အိန်းသိမ်းရင်း ကိုယ်ကိုယ်တိုင်လည်း အဲဒီ 'ထောင်သံသရာ' ကြီးထဲ [illegible]တ်မှန်းမသိ ဘာသာ ပိတ်မိနေရတဲ့ သနားစရာလူသားတွေပါ။ ဟုတ်စ [illegible]လူ။ ငါပြောတာ ...ဘယ့်နှယ်လဲ''

''ဟုတ် ...''

ဘာကြောင့်ရယ်မှန်းမသိ။ ဆေးတံတိုဆရာ၏စကားကို အား [illegible]က ဝိုင်း၍ ရယ်ကြသည်။ သူလည်း သူတို့နှင့်ရောယောင်၍ ရယ်မိ [illegible]

''အင်း ...ထောင်မှူးကြီးဆိုတဲ့ ဂုဏ်ဒြပ်နဲ့ညီအောင်တော့ [illegible] လူကလေးက အတန်ဖြင့် ငယ်နေသေးသလားလို့ကွယ့်။ ထားပါ [illegible] 'ရွက်ကြွေတော'ကို ဘာလို့ ...''

''တောမှောက်ပြီး လမ်းမှားဝင်လာမိခဲ့တာပါဘာဘ''

''ဟော ...''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သွားရမယ့်လမ်းက အင်ကြင်းတောရဲ့ ဟိုဘက် ထိပ်။ မြေနီတောင်တောနဲ့ ကဂျီကွင်းကြီးဘက်က ဧက ၂၀၀ မပါဆိုင် ကွင်း ရဲ့ဘက်စခန်းကုန်းကိုပါ။ ကျွန်တော်က အဲဒီစခန်းရဲ့ စခန်းတာဝန်ခံ ထောင်မှူးကြီးပါ။

'ဖလိယန့်ရွာ'ဘက်က ဆရာဝန်ကြီးဦးတန့်ငွမ်းတို့ ဆရာမကြီး (ခေါင်နီကျိုး)'တို့ဆီ အလည်သွားပြီးပြန်လာတာ တောမှောက်လို့ ထင်း ရဲ့၊ စခန်းကုန်းဆီပြန်တဲ့လမ်းဆီ ဘယ်လိုမှမရောက်တော့ပဲ တဝဲလည် လည်နဲ့ ဒီဘက်ပဲ ခြေဦးကရောက်ရောက်နေတယ်။ ကျွန်တော့် ရဲဘော် ရဲဖက်ခွေးတွေကလည်း ဒီဘက်ကိုပဲ အူယားဖားယားပြေးပြေးပြီး ညှိ လုပ်နေကြတာလေ။

တောကြီးခေါင်ခေါင်ထဲမှာ မီးရောင်တဝင်းဝင်းနဲ့အိမ်ကြီးက လည်း ကျွန်တော့်စိတ်ကို လာဖြစ်အောင် ညို့ထားမြူထားသေးတယ် ခြော် ... ကျွန်တော်က ဟိုဟိုဒီဒီ စာတိုပေစကလေးတွေ ရေးရေချက်ရ တာမှာလည်း ဝါသနာထုံသေးတယ်ခင်ဗျ။ စပ်စပ်စုစုကလေးကလည်း ရှိချင်သား"

"ဟား ... ဟား ... ဟား ...။ ဟုတ်လည်း ဟုတ်တဲ့ လူပဲဟေ့။ ကဲ ... ကိုရင်ရာ တို့တစ်တွေကများ အကယ်၍ လူစင်စစ် တွေမဟုတ်ခဲ့ဘူးဆိုရင် ကိုရင် ဘယ့်နှယ်လုပ်ပမတုံး"

"ဘာမှဖြစ်မှာ မဟုတ်ပါဘူး"

"အောင်မယ် ... သေချာလုချည်လား။ ပြောပါဦး ...။ ဘာ ကြောင့် ..."

"ကိစ္စတစ်ခုခုနဲ့ ပတ်သက်ပြီး ကျိုးကြောင်းဆီလျော်အောင် ဖြေရှင်းဖို့ ကြိုးစားကြည့်တဲ့အခါ ယုတ္တိနည်းကျကျ လုပ်ကောင်းလုပ်ရာ





ဲ့အဖြေ ဘယ်လိုမှ ထွက်မလာတော့ဘူးဆိုရင် ကျွန်တော်တော့ ရောက် ဲ့နေရာမှာ စိတ်အေးလက်အေးထိုင်ချလိုက်ပြီး 'ဝင်လေထွက်လေ' သတိ ပ်လိုက်တော့တာပဲ။ အတွင်းစိတ်တွေ ငြိမ်သွားအောင်လေ။

ကျိုးကြောင်းယုတ္တိတွေ အနည်ထိုင်သွားတဲ့အခါ စိတ်ထဲက ူအလိုလို အသံကြားလာရတတ်တာပဲ။ ရွေးသင့်တဲ့လမ်း၊ လုပ်သင့်တဲ့ လုပ်ကို အလင်းရောင်ပေးတာပဲ။ အဲဒီလိုလုပ်ခဲ့မိလို့ မှားခဲ့ဖူးတာ ်ခါမှမရှိခဲ့ဘူး"

"ဒီတော့ ..."

"ရွက်ကြွေတောကို အဲဒါကြောင့် လာခဲ့မိတာ။ ကျွန်တော့် ိတ်ထဲကအသံက ရွက်ကြွေတောကို ရောက်အောင်သွားတဲ့"

"အင်း ... ငယ်စိတ်ရဲ့ ရှုးသွပ်မှုလို့ပဲခေါ်မလား။ ထက်သန် ြင်းပြတဲ့ ယုံကြည်မှုအပေါ် ခိုင်မြဲတဲ့ သစ္စာတရားလို့ပဲ ကင်ပွန်းတပ်ရ တော့မလား။ ဒါပေတဲ့ သေချာတာက အဲဒီလို ပိုင်းဖြတ်မှုမျိုးတွေဟာ ယ်တုန်းမှာပဲ ရှိတတ်တာမျိုးကလား"

"အင်း ..."

"အဲတာတော့ ... ဟုတ်သား"

ဘအိုဘွားအိုကြီးတွေ တဒင်္ဂအတွင်း ငြိမ်ကျသွားကြ၏။ ပိုးပိုး ပေါက်ပေါက်နှင်းပွင့် ကြွေသံတွေအကြား၌ သူတို့၏ အသက်ရှူသံခပ် ျင်းမျှင်းနှင့် ထွက်သက်လေကို မှုတ်ထုတ်လိုက်သည့် နှာခေါင်းကလေး ွကို အဝိုင်းသားကြားနေ မြင်နေရ၏။

"ငါတို့ ... ငယ်ငယ်တုန်းက ..."

ဘိုးသီလက စ၍ နှုတ်ဖွင့်လာသည်။

"တိတိကျကျပြောရရင် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ(၃၁)ရက် ည



www.burmeseclassic.com

www.burmeseclassic.com



ကပေါ့''

အားလုံး၏အသက်ရှူသံတွေ ပိုပြင်းလာနေသလိုလို။ ဘိုးသိလ၏ စကားကိုဝိုင်း၍ အထောက်အခံပြုပေးနေသည့်သို့ဖြစ်၏။

''တို့သူငယ်ချင်းတစ်တွေ ဟောဒီရွက်ကြေတောမှာ ဆုံဖြစ်ကြတယ်။ အားလုံး ၂၅ ယောက်တိတိပဲ။ အခု ဒီမှာရှိနေကြတဲ့ တို့တွေ ၉ ယောက်လည်း အပါအဝင်ပေါ့။ အေး ...လွန်ခဲ့တဲ့ ၅၃ နှစ်တုန်းက ထိုင်ခဲ့ကြတာလည်း ဒီနေရာမှာပဲ။ ဒီလိုပဲ ...။ အဲဒီအချိန်တုန်းက ...''

နှင်းကြွေသံတွေ ပို၍ သည်းလာ၏။

ညသည့်ပင် လရောင်ကိုယ်စား ပို၍ ရွှန်းရွှန်းစားစားလင်းနေသလိုလို။

❀ ❀ ❀

[ ၅ ]

❑

အတိုချုပ်ရလျှင် ဘိုးသိလပြောပြသည်မှာ ဤသို့ဖြစ်၏။

ထိုနေ့ မှတ်မှတ်ရရ ၃၁ ဒီဇင်ဘာ၊ ၁၉၄၇ ရက်နေ့ည။ နှင်းတွေ တအားကြွေသည့် ကြယ်ရောင်လင်းသော ညလယ်မှာ ရွက်ကြွေတော၌ သူတို့တွေ ဆုံမိခဲ့ကြခြင်းဖြစ်သည်။ သူတို့သူငယ်ချင်းတွေအားလုံး ၂၅ ယောက်ဖြစ်၏။

မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တက်နေကြသည့် ကျောင်းသားတစ်သိုက်။ အေသခံသူငယ်ချင်းတွေနှင့် စိတ်နှလုံးချင်းညှိ ဘာသာစကား အတွေးအခေါ်ချင်းတူမျှသော ကျောင်းပြီးကာစ စိန္တာ ဆက်ကိုအစ်မတွေ အားလုံးလည်းပါသည်။

---

စိတ်ကူးသစ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်အရေးက ယနေ့လား နက်ဖြန်လား ‘လွတ်လပ်ရေး’ ခေါင်းဆောင်တွေ အတော်များများ သွေးမြေကျခဲ့ရသည့်တိုင် လွတ်လပ်ရေးကြိုးပမ်းမှုခရီးကား ပန်းဝင်ပေတော့မည်။

“ကဲ ... အဲဒါပဲဟေ့”

ဟု စကားကို အဆုံးသတ်လိုက်ရင်း ‘သက္ကရာဇ် ၂၀၀၀ ပြည့် စိတ်ကူး’ကို အဆိုပြုခဲ့သူမှာ ‘အောင်ဘာလေ’ ခေါ် အေးနု။ စိတ်ကူးယဉ်လွန်းလှ၏ဟု ဆိုချင်ဆို၊ သူပြောပြခဲ့သည့် အစီအစဉ်ကလေးက စိတ်ဝင်စားဖွယ်ဖြစ်၏။

သူက ဤသို့ဆိုသည်။

“တို့တစ်တွေ ဒီကနေ့ ဒီနေရာမှာဆုံပြီး သစ္စာအဓိဋ္ဌာန်ပြုကြမယ်။ တို့တတ်ထားတဲ့ပညာ၊ တို့မှာရှိတဲ့ ကိုယ်ကျင့်သီလတွေနဲ့ တို့တိုင်းပြည်၊ တို့အမျိုးသား၊ တို့ဘာသာ သာသနာကြီးပွားရာ တိုးတက်ကြောင်း ကြိုးပမ်းကြမယ်။ အဲဒီလိုကြိုးပမ်းနိုင်ဖို့ တို့တွေရဲ့ သက်တမ်းကို ကာလရှည်ရှည် ဆွဲဆန့်ထားနိုင်ရမယ်။

ဆိုကြပါစို့ကွယ် ...။ လာမယ့် သက္ကရာဇ် ၂၀၀၀ အဲ သက္ကရာဇ် ၂၀၀၀ ကုန်တဲ့နေ့ ညသန်းခေါင်ယံအထိ တို့ရဲ့သက်တမ်းကို ကိုယ့်နည်းနဲ့ကိုယ် ရှင်သန်အောင် ထိန်းထားကြရမယ်။

သက္ကရာဇ် ၂၀၀၀ ကုန်ဆုံးတဲ့ည သန်းခေါင်ယံ ၁၂ နာရီတိတိမှာ ဟောဒီ ‘ရွက်ကြွေတော’ကို ဖြစ်တဲ့နည်းနဲ့ အရောက်လာကြရမယ်။ လာတဲ့အခါ ကိုယ်နဲ့အတူ ကိုယ်ဘယ်လို အသက်ရှင်နေထိုင်ခဲ့တဲ့အကြောင်း၊ ကိုယ်ဘာတွေ လုပ်ခဲ့ပြီးတဲ့အကြောင်း၊ အသက်ရှည်ရှည် ရှင်သန်နေထိုင်နိုင်ဖို့ ကိုယ်ရှာတွေ့ထားတဲ့ ‘လျှို့ဝှက်နည်းလမ်း’ကိုလည်း နေ့စဉ်ရေးမှတ် ယူလာခဲ့ရမယ်။ အဲဒီမှတ်တမ်းကို





‘ရွှေဒဏ္ဍာရီ’လို့ခေါ်မယ်။

တို့တွေပြန်ဆုံကြပြီးတဲ့အခါ အဲဒီ ‘ရွှေဒဏ္ဍာရီ’ မှတ်တမ်းတွေကို စိစစ်ပြီး နောင်လာနောက်သားတွေအတွက် မှတ်တမ်းတစ်စောင် ပြုစုချန်ထားရစ်ခဲ့ကြမယ်။

အဲဒီအချိန်မှာ တို့တွေ(၂၅)ယောက်ရဲ့ ပျမ်းမျှအသက် နှစ် (၈၀) ကျော်ပြီး စုစုပေါင်း အနှစ် ၂၀၀၀ ပြည့်တဲ့အထိ ကြိုးစားကြရမယ်။ အကယ်၍များ လမ်းခုလတ်မှ တစ်ယောက်ယောက်က ခြေချော်လက်ချော် ဆုံးပါးသွားခဲ့ရရင် စုစုပေါင်း အနှစ် ၂၀၀၀ ပြည့်အောင် ကျန်ရစ်သူတွေက ကိုယ့်ရဲ့သက်တမ်းကို ပိုရှည်အောင် ကြိုးစားပြီး ဖြည့်ပေးရမယ်” တဲ့။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

“အခုတော့ဖြင့် လူကလေးရယ် ...။ တို့သူငယ်ချင်းတွေ အသက်ရှင်ရက်နဲ့ ကိုးယောက်ပဲ ပြန်ဆုံနိုင်တော့တယ်။ တို့ရှေ့က သွားနှင့်ကြသူတွေရဲ့ ‘ရွှေဒဂုန်ရှာရီ’ မှတ်တမ်းစာအုပ်ကလေးတွေကဖြင့် သူတို့သားတွေ၊ မြေးမြစ်တွေက သူတို့ဘွားတွေဘိုးတွေ မှာထားခဲ့တဲ့အတိုင်း ‘ကိုသီလကြီး’ ဆီကို မရောက်ရောက်အောင် မပျက်မကွက် ပို့ပေးခဲ့ကြပါရဲ့။ အားလုံးရောက်လာခဲ့ကြပါတယ်။ အဲ ... လူတွေကသာ ...”

အဘိုးအောင်ဘာလေး၏အသံက ဆွေးဆွေးမြေ့မြေ့ လွမ်းလွမ်းတတ။ လရောင်လင်းရိပ်၌ နှင်းတွေဖြိုင့်မှုန်နေသည့် ညကိုသာပဲ ငေး၏။

“လူသွားနည်းတဲ့လမ်းကိုတော့ဖြင့် တို့တွေ ရွေးမိခဲ့ကြတာပဲကွယ်။ အဲဒီလမ်းအတိုင်း ဘယ်လောက်ခရီးပေါက်ခဲ့သလဲ။ ခရီးလမ်းတစ်လျှောက်မှာရော သာတောင့်သာယာရှိခဲ့ရဲ့လား။ ‘တောင်လည်းသာမော၊ တောလည်းသာတွေ’ ဆိုသလို တို့လျှောက်ခဲ့တဲ့ တောက





တောင်ကကော အရိပ်အာဝါသ ကောင်းခဲ့ရဲ့လား။ တို့တွေကရော တောနဲ့တောင်အပေါ် ကျေးဇူးပြုနိုင်ခဲ့ရဲ့လား။ အကယ်၍များ ဒီလမ်းကို မရွေးမိခဲ့ကြရင် ဟိုဘက်လမ်းမှာ ဘယ်လိုတွေကြုံရနိုင်မလဲ။ တွေးစရာတွေပလေကွယ်”

သည်အသံမျှင်းမျှင်းက ဘိုးသီလ၏အသံ။

“အေး ... တိုက်တိုက်ဆိုင်ဆိုင် ဒီကနေ့မှာမှ ကံစွပ်ပြီး လူကလေးက ရောက်လာခဲ့ရတယ်လို့။ နို့ပေတဲ့ ... အဲလိုရောက်လာလိုက်တာက ပိုပြီးကောင်းပေတာပကွယ်။ ဒီကမ္ဘာမြေပေါ်မှာ ဒီလိုခေါင်ခေါင်ခါး ကြုံကြုံဖန်ဖန်အတွေးတွေနဲ့ လူတစ်စုတော့ဖြင့် ရှိလေရဲ့လို့ သက်သေထားရစ်ခဲ့စရာ ဖြစ်သွားတာပလေ။ ပြီးတော့ ... လူကလေး”

“ဟုတ်ကဲ့ ဘဘ”

“ရော့ .. ဒီမှာ”

“ခင်ဗျာ ...”

“ဟောဒီသေတ္တာထဲမှာ တို့တစ်တွေကိုယ်စီရေးထားတဲ့ ‘ရွှေဒဂုန်ရှာရီ’ မှတ်တမ်းတွေ ပါလေရဲ့။ လူကလေးကိုပဲ အပ်လိုက်ရတော့မယ်။ အဲဒါတွေကို အသေးစိတ်ဖတ်ပြီး ကောင်းကျိုးဆိုးပြစ်တွေကိုရှာ။ အဲဒီအထဲက လျှို့ဝှက်ချက်တွေကို အနှစ်ချုပ်ထားတဲ့မှတ်တမ်း တစ်စောင်ကို ရေးပလေကွယ်။ တတိယလူရဲ့အမြင်ပေါ့ ... ဟုတ်လား”

“ .....”

ဘာစကားကိုမျှ ဟုတ်ဟ,မဆိုမိ။ သူ့လက်ထဲသို့ ဖြုန်းခနဲရောက်လာသည့် ‘ရွှေဒဂုန်ရှာရီ’ သေတ္တာသော့ကိုသာ အထူးအဆန်း သတ္တဝါတစ်ကောင်လို ကြည့်နေမိနေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၇

❑

ကြာတောင်ကြာခဲ့ပြီ။

ယခုပင်လျှင် ၂၀၁၀ ခုနှစ်ဆို၍ ၁၀ နှစ်တာင်းတင်းပင် ပြည့်ပေတော့မည်။ ယခုထက်တိုင် 'ရွှေဒဏ္ဍာရီ' တွေကို ဖတ်ကြည့်မိဖို့ ဝေးစွ။ မှတ်တမ်းတွေထည့်ထားသည့် သေတ္တာကိုပင် ကိုင်မကြည့်ဖြစ်သေး။

ဒဏ္ဍာရီထဲက အကျိုးအကြောင်း၊ အဆိုးအကောင်းတွေကို သိမ်းဆည်းလက်ခံဖို့ အဆင်သင့်မဖြစ်သေးဟု သူ့ဘာသာသူ တွေးထင်နေမိသဲ။

တစ်နေ့နေ့တော့ ... အင်း ... တစ်နေ့နေ့တော့ ဖတ်ကြည့်ဖြစ်လိမ့်မည်ထင်ပါသည်။

အကယ်၍ .... ။ ။

မေတ္တာဖြင့်
စေယျမင်းသျှင်



www.burmeseclassic.com

[ ၁ ]

❑

ခင်မောင်ဆင့်မိန်းမယူစဉ်က အသက်(၃၀)ရှိလေပြီ။ ခင်မောင်ဆင့်မိန်းမ, ဖြူဖြူဝင်းခေါ် ဂျပန်မက ခင်မောင်ဆင့်ထက် အသက်အရွယ် ရှစ်နှစ်ခန့်ငယ်ပြီး ရွာမှာ အသက်နှစ်ဆယ်ကျော်လျှင် အပျိုကြီးတန်းဝင်လေပြီဖြစ်၏။

ခင်မောင်ဆင့်သည် လူပျိုကြီးဖြစ်၍ လူပျိုကြီးတွေ မိန်းမရတော့ အကြင်နာကြီးကြရသည်။

ခင်မောင်ဆင့်တို့မိဘများသည် ဘော့သပြေကန်ရွာမှ ငွေကြေးချမ်းသာသူတွေဖြစ်၍ လယ်ပိုင်မြေပိုင်နှင့်တင့်တောင့်တင့်တယ် နေနိုင်သည်။





ဘော့သပြေကန်ရွာမှာ သန်လျင်သုံးခွကားလမ်းပေါ်ရှိ သုဓွေးကွင်းရွာမှ အတွင်းသို့ သုံးမိုင်ခရီးဝင်သွားလျှင် ရောက်သည်။ ဘော့သပြေကန်ကိုကျော်၍ နောက်ထပ် နှစ်မိုင်ခရီးဆက်လျှင် ဂုံးသပြေကန်ကြီးသို့ ရောက်သည်။

ဂုံးသပြေကန်ကြီးမှာ ရွှေကျင်ဒုတိယသာသနာပိုင် ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ ချက်မြှုပ်ရာ ရွာကြီးဖြစ်၏။ စာတတ်၊ ပေတတ်၊ ပညာတတ်ပေါ်များပြီး ခရမ်းချောင်းအဝင်ဝတွင်ရှိလေသည်။

ဘော့သပြေကန်ရွာကတော့ ဘော့ချောင်းကမ်းပါး ဟိုဘက်ကမ်းသည်ဘက်ကမ်းတည်ထားသော ရွာဖြစ်၍ ရွာတည်ပုံကပင် နှစ်ပိုင်းခွဲခြားထားသည့်နှယ်ရှိ၏။ ဟိုဘက်ခြမ်း သည်ဘက်ခြမ်း သာရေးနာရေးကအစ ပြိုင်ဆိုင်နေတတ်သည်။ သို့သော် ကောင်းမွန်သော ပြိုင်ဆိုင်ခြင်းမို့ ရွာမှာ တိုးတက်သင့်သလောက် တိုးတက်၏။

ခင်မောင်ဆင့်၏အစ်ကိုကြီး ခင်မောင်မြင့်သည် မြို့ပေါ်တွင် အပေါင်းအသင်းဆန့်၍ ရပ်ရွာတိုးတက်မှုတွေကို ဦးဆောင်ပြီး လုပ်လေ့လုပ်ထရှိ၏။

ခင်မောင်မြင့်ဇနီး မသန်းအေးကလည်း သူ့ယောကျ်ားခင်မောင်မြင့်အလိုကျကိစ္စဆိုလျှင် မတွန့်မတို ဆောင်ရွက်တတ်၏။ ရှေ့သွားနောက်လိုက်ညီသော လင်မယားတွေဖြစ်သည်။

အစ်ကိုကြီးခင်မောင်မြင့်မှာ ရပ်ရေးရွာရေးတွင် ပါဝင်နေသလောက် ညီငယ်ခင်မောင်ဆင့်မှာ မပါဝင်နိုင်။ ခင်မောင်ဆင့်သည် ငယ်စဉ်ကတည်းက ကိုရင်ဝတ်သွားပြီးနောက် လူမထွက်တော့ဘဲ ပဉ္စင်းဘောင်ဆက်ဝင်နေခြင်းကြောင့် လူမှုကိစ္စများနှင့် ကင်းရှင်းနေခြင်းပင်။

ဦးပဉ္စင်းခင်မောင်ဆင့်သည် ပဉ္စင်းဘဝဖြင့် သန်လျင်မြို့ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရှိ ပရိယတ္တိစာသင်တိုက်ကြီးများတွင် စာသင်နေခဲ့သည်။ ဘုန်းကြီးစာ ဟုခေါ်သော ပထမကျော်ပင် အောင်၍ထားသည်။

သို့သော် သူ့မှာ မိဘတွေ အမွေအနှစ်ထားရစ်သော လယ်ယာမြေတွေ သူ့အတွက် အမွေအဖြစ်ကျန်ရစ်ခဲ့သည်။

အစ်ကိုကြီးခင်မောင်မြင့်က ယူပြီး လုပ်ကိုင်စားသောက်လျှင် ရနိုင်သော်လည်း မယူဘဲ သီးစားချထားပေးသည်။ သူရင်းငှားနှင့် လုပ်ကိုင်ဆောင်ရွက်ပေးတတ်သည်။

ကိုခင်မောင်မြင့်ကိုယ်တိုင်လည်း မိဘတွေပေးထားသော လယ်တွေရှိသည်။ တော်တော်လေးရှိသည်။ ဖရဲသီး၊ ပဲလွန်း၊ သီးထပ်သီးညှပ်တွေစိုက်သည်။ ရှာမီးရရေးအတွက် မီးစက်မောင်းရသေးသည်။

မြို့ပေါ်တက်ပြီး ရပ်ရေးရွာရေး နောက်မကျစေရန် ပူးပေါင်းဆောင်ရွက်နေရတာတွေရှိသည်။ ကိုယ့်အလုပ်နှင့်ကိုယ် မအားနိုင်အောင်ရှိသည်။

ယင်းကြောင့် ညီငယ်ခင်မောင်ဆင့်၏ အမွေပစ္စည်းတွေကို ကြာရှည်တာဝန်မယူနိုင် ယင်းအတွက် ခင်မောင်ဆင့်ကို လူထွက်မိုင်းရတော့သည်။

ခင်မောင်ဆင့်အသက် နှစ်ဆယ့်ကိုးနှစ်အရွယ်ရောက်မှ လူထွက်ရပြီ။

ဘုန်းကြီးလူထွက် ဘဝနှင့်ရွာထဲမှာ လူပြောစရာ ခွတီးခွကျနေခဲ့သေးသည်။ လူအနေနှင့် ရိုးအသော ခင်မောင်ဆင့်ကို မျက်စိကျနေသူကား ရွာအနောက်ပိုင်းရှိ ဒေါ်အေးမှင်တို့မိသားစုပင်။

မိသားစုဟုပြောရငြား ဒေါ်အေးမှင်မှာ အသက်နှစ်ဆယ့်တစ်နှစ်အရွယ် အပျိုကြီးဂျပန်မခေါ် ဖြူဖြူဝင်း၊ မှဆိုးမသားအမိနှစ်ဦးတည်းသာရှိသော မိသားစုဖြစ်၏။ ဂျပန်မမှာ အသားအရည်ဖြူဝင်းပြီး ဂျပန်ကော်ရုပ်ကလေးလို လှပသဖြင့် ဂျပန်မဟု ခေါ်ဆိုနေကြရာက ဂျပန်မဟု အမည်တွင်သွားခြင်းဖြစ်၏။





ဂျပန်မသည် ငယ်စဉ်က အတော့်ကိုလှလေသည်။ ဂျပန်မင်းသမီးလေးလို ဖြူဖြူဝင်းဝင်း နွဲ့နွဲ့နှောင်းနှောင်းလေးဖြစ်သည်။

ဂျပန်မတို့အဖေက ကျောင်းဆရာ။ ရွာထဲမှာ သူပဲပညာရှိသည်ဟုထင်သည်။ အင်္ဂလိပ်စာ မတောက်တစ်ခေါက် ရေးတတ်ဖတ်တတ်ရုံမျှနှင့် သူ့ကိုယ်သူ ထင်တစ်လုံးနှင့် ဘဝဖုံးနေခဲ့လေသည်။

❀ ❀ ❀

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ကျောင်းဆရာ၏သမီး ဖြူဖြူဝင်းအချောအလှလေးကို ရွာရှိကာလသားတွေနှင့် အိမ်ထောင်ချပေးရမည်အချိန်မှာ တူတာတန်တာ ရှာမတွေ့ဟုဆိုကာ အိမ်ထောင်ရပ်သား ချမပေးဖြစ်ခဲ့။ သမီးကိုလည်း လူငယ်ဘဝ ရည်းစားမထားနိုင်အောင် ချုပ်ချယ်ထားခဲ့သည်။

ကျောင်းတော်မှ အလယ်တန်းအောင်ရုံထားခဲ့ကာ အိမ်မှာဘဲ ဗိုင်းကောင်းကျောက်ဖိ မိခင်နဲ့မကွာ နေစေခဲ့သည်။ ကျောင်းဆရာဖြစ်ပါလျက် ပညာရေးအပေါ် အမြင်မကျယ်နိုင်ခဲ့။

ထိုစဉ်ကာလ၌ ကောင်မလေးမှာ ချောမောလှပလွန်းသောကြောင့် လာရောက်စပ်ဟပ်သူတွေမနည်း။





သန်လျင်ဗိုလ်ချုပ်ရွာမှ မောင်မြင့်ဝင်းဆိုလျှင် ဘော့သပြေဘန် ကိုခင်မောင်မြင့်ကြီးတို့အလှူလာရင်း ကွမ်းတောင်ပန်းတောင်ကိုင်အဖြစ် မြင်သွားရာမှ အစွဲကြီး စွဲလမ်းသွားသည်။

လူကြီးတွေနှင့် လာရောက်စေ့စပ် ကြောင်းလမ်းသောအခါ စကားများများ မောင်မြင့်ဝင်းပြောတတ်တာကို အကြောင်းပြုပြီး ဂျပန်မအဖေ ကျောင်းဆရာက ငြင်းသည်။

"ဟာ ... သည်ကောင်လေးက ကျောင်းဆရာထက်တောင်စကားများတယ်။ အသံကလည်း အကျယ်ကြီး။ သမီးက စကားနည်းနည်းနဲ့ အေးအေးလေးနေတတ်တဲ့ဟာ။ မလွယ်ပါဘူး။ သည်ကောင်လေးအသက်ကြီးရင် ဒီ့ထက်စကားများမှာ"

သူ့အဖေကျောင်းဆရာကြောင့် ဗိုလ်ချုပ်ရွာမှ မောင်မြင့်ဝင်း လုပုံချောကလေးနှင့် ဝေးခဲ့ရသည်။

မောင်မြင့်ဝင်းကဲ့သို့ပင် မြို့ပေါ်ရုံးတော်ရပ်ကွက်မှ ခေတ်ပညာတတ်ဘွဲ့ရ မောင်စိန်ဝင်းမော်က ဂျပန်မကိုမြင်၍ ချစ်ကြိုက်သွားကာ စေ့စပ်လမ်းကြောင်းဖူးသည်။

"ကောင်လေးကတော့ ဥစ္စာပေါ ရုပ်ချော ပညာတတ်ဖြစ်ပေမဲ့ ငါးသုံးလုံးစီးကရက်ဘူးထဲကနေ သူသောက်လက်စ ဆေးပေါ့လိပ်အတိုကို ထုတ်ထုတ်ပြီး သောက်လေ့ရှိတာ ငါတွေ့ထားတယ်ကွ။ ပုံစံက အင်မတန်ကပ်စေးနဲ စစ်စီတတ်တဲ့ပုံပဲ။ ပြီးတော့ ဗွာခြေကြီးတစ်ခွဲသားနှင့်။ သူကြည့်ရတာ ဟန်တစ်လုံးပန်တစ်လုံး အင်မတန်နိုင်တယ်။ မဖြစ်ပါဘူးကွာ"

ဤသို့ ထိုသို့ နောက်လူတွေလည်း လူတို့အားနည်းချက်နှင့် လူတို့ထံမှ ပြောစရာအချက်အလက်တွေကို ရှာတတ်သော ဂျပန်မတို့



www.burmeseclassic.com

www.burmeseclassic.com



အဖေမှာ သမီးအတွက် လင်စံရွေးနေသဖြင့် ဂျပန်မလေးမှာ အရွယ်ကောင်းတွင် လင်မရဘဲ အသက်ကလေး ရင့်၍ရင့်၍လာခဲ့သည်။

ရွာထဲက အကြောင်းသိတွေကတော့ ....

"ဒီလူကြီးဟာ သူ့သမီးနဲ့ပေါင်းမယ့်ယောက်ျားကို သူနဲ့ပေါင်းမှာကျနေတာပဲ အလားကား ရွေးများနေတယ်"

BURMESE CLASSIC .com

ဟု အမြင်ကပ်လျက်ရှိကြသည်။

အိမ်မှာက အလုပ်အကိုင် ဘာမှအထူးမရှိပဲ မိဘရှာဖွေစားပြီး ဖိမ်နှင့်နေနေရသဖြင့် ဂျပန်မမှာ ငြိမ်းနေသည်။ ကြာတော့ ဂျပန်မလေးသည် ဂျပန်မင်းသမီးလေးအဖြစ်နှင့် မဟုတ်တော့ဘဲ ဂျပန်ဖရဲသီးကြီးလို ဝဖီးပြီး အပျိုကြီးဘဝဖြင့် အရွယ်ရင့်လာ၏။

သည်ကြားထဲ တစ်မြန်နှစ်က ဂျပန်မ၏အဖေ ကျောင်းဆရာသေဆုံးသွားပြန်သည်။

ဒါတောင်မှ ကျောင်းဆရာမယား၊ ဂျပန်မ၏အမေက ဟန်တစ်လုံးပန်တစ်လုံးလုပ်ကာ သူ့သမီးကို ဘယ်သူနှင့်မှ မပေးစားနိုင်တော့ဘူးဟု စကားလွှင့်ပြန်သည်။

သို့သော် ဘုန်းကြီးလူထွက် ခင်မောင်ဆင့်နှင့်တွေ့တော့ သူတို့ချင်း ဖူးစာကံအကြောင်းက ဖန်သလိုဖြစ်သွားသည်။

ခင်မောင်ဆင့်အမွေရထားသော လယ်ကွက်များမှာ ဂျပန်မတို့ခြံနှင့်ကပ်လျက်သားရှိနေသည်။ ဆတ်သွားဖူးချုံဝါးပင်များတောထနေသော ကုန်းမြင့်ကလေးတစ်ခုပဲ ခြားသည်။ ရွာနှင့်ကပ်လျက်ရှိသော လယ်ကွက်များဖြစ်၍ မြေသြဇာကောင်းလှသည်။

ဂျပန်မတို့ခြံထဲမှာ ဝါးဘိုးပင်တွေ၊ ခရေပင်၊ ပိန္နဲပင်၊ သီဟိုဠ်ပင်တွေဖြင့် အရိပ်ဝေဝေဆာဆာရှိလှသည်။





ခင်မောင်ဆင့်လယ်ထွန်ရင်း နွားတွေကိုဖြုတ်၍ ခထာနားလျှင်ဆိုသစ်ပင်များဝေဆာသော ကုန်းကလေးမှာ အရိပ်ခိုရင်း ဂျပန်မနှင့်ဆုံသွားသည်။

ဖြစ်ချင်တော့ ခင်မောင်ဆင့်နှင့်ဂျပန်မတို့ ကြိုက်နေစဉ် ဂျပန်မအမေဒေါ်အေးမှင် လူကြီးရောဂါနှင့် ဆုံးသွားသဖြင့် ဂျပန်မတို့ အားကိုးရာမဲ့ ဖြစ်သွားပြန်သည်။

ခင်မောင်ဆင့်သည် ဦးပဉ္စင်းဘဝမှ လူထွက်လာပြီး လူဘဝရောင် စားချင်သလိုစား၊ နေချင်သလိုနေရသဖြင့် အသားများတတ်ကာ အသားမည်းသော သူ့အဖို့ ဝက်မည်းကြီးတစ်ကောင်လိုဖြစ်နေပြီ။ ဂျပန်မကလည်း ဟိုစပ်စပ်ဒီစပ်စပ် သွားလာလေ့ရှိသူမဟုတ်ပဲ အလုပ်မရှိသည့်အခါ စားပြီးအိပ်, အိပ်ပြီးစားဖြစ်နေသဖြင့် အသားတိုးဝက်ပျိုမကလေးလို ပုံမပျက်တပျက်ဖြစ်နေ၏။

"ခင်မောင်ဆင့်ရေ ...မင်းတို့နှစ်ယောက်ဟာ နတ်ရေးတဲ့ဖူးစာမဟုတ်ဘူး။ ဝက်ရေးတဲ့ဖူးစာကွ။ မင်းက ဝဝမည်းမည်း၊ ဂျပန်မက ဝဝဖြူဖြူ။ မင်းတို့နှစ်ယောက်က မွေးလာတဲ့ကလေးတွေကျရင်ဝက်သားပေါက်ကလေးတွေလို ဝဝကစ်ကစ်, အဖြူအမည်းစပ်ကြားလေးတွေ ဖြစ်မှာမြင်ယောင်သေးရဲ့။ ဟား ...ဟား ...ဟား ..."

ကာလသားတွေက ဆွေနီးမျိုးစပ်တွေလည်းဖြစ်နေတော့ ပြောနောဆိုမနာဖြင့် နောက်ပြောင်ကြသည်ကို ခင်မောင်ဆင့်က သဘောကောင်းသူပီပီ ခွင့်လွှတ်ခဲ့ရသည်။

အပျိုကြီး လူပျိုကြီးမင်္ဂလာဆောင်မှာ သူ့အစ်ကိုကြီး ခင်မောင်မြင့်ကပင် ဝက်တစ်ကောင် ပေါ်၍ကျွေးသည်။

မင်္ဂလာရှင် ခင်မောင်ဆင့်တို့ကလည်း နှစ်ကောင်မျှပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ရပ်ဝေးဆွေးမျိုး မိတ်သင်္ဂဟပေါင်းအသင်းများအား ထမင်း
ချောင်းစီး အလှူကြီးပေးသလို ညှော်ခံကျွေးမွေးခဲ့သည်။

မင်္ဂလာဆောင်ပြီးနောက် ခင်မောင်ဆင့် လယ်ကွက်နှင့်နီး
ဂျပန်မတို့အိမ်ကြီးပေါ် ပြောင်းရွှေ့နေထိုင်သည်။

ခင်မောင်ဆင့်နှင့် ဂျပန်မတို့ လင်မယားနှစ်ယောက်မှာ အသ
ကြီးမှ အိမ်ထောင်ကျကြသော်လည်း တစ်ယောက်ကိုတစ်ယော
အင်မတန်ချစ်ကြသော လင်မယားဖြစ်၏။

ခင်မောင်ဆင့်လယ်ထွန်နေစဉ် အိမ်ပေါ်မှလှမ်းကြည့်လျှ
အတိုင်းသားမြင်နိုင်ပါလျက် ဂျပန်မသည် လယ်ထဲအထိလိုက်ပြီး လယ
ကန်သင်းရိုးသစ်ပင်အောက်မှာထိုင်၍ ယောက်ျားကို ရေနွေးကြမ်း၊ ကွမ်း
ဆေးလိပ်မပြတ်ကမ်းလှမ်းရန် အဆင်သင့် စောင့်နေတတ်သည်။

ခင်မောင်ဆင့်ကလည်း နေ့ခင်းလယ်ထွန်နား၍ စားချိန်
လျှင် လယ်ထဲမှာမစားတော့ပဲ ဂျပန်မနှင့်အတူ လယ်နှင့်နီးသော
မှာ ထမင်းပြန်စားသည်။ နေ့လယ် လယ်ထွန်ရိုးသူများတွေလို ချ
ချင်းလယ်ထဲပြန်၍မဆင်း။ အကြာကြီး အိမ်မှာနားသည်။ မိမ်ရစ်သည်

"အေးပေါ့ကွာ ...။ မင်းလယ်က အိမ်နဲ့ကပ်နေတော
ထမင်းစားပြီး တစ်ဆိုတာလို တစ်ထောက်တစ်နားနားလို့ စည်းစိမ်လု
နိုင်တာပေါ့"

"ဒါကတော့ ကိုပြားကြီးရာ ...ကိုယ့်ကုသိုလ်နဲ့ ကိုယ်ဖြ
တာပေါ့"

"အေးပေါ့ ... မင်းတို့နှစ်ယောက်က ဘယ်တော့မှမခွဲပဲ အဖြ
တစ်တွဲတွဲပဲကိုး။ လယ်ထွန်ဆင်းတာတောင်မှ မခွဲတော့ ကျွန်းရွက်နှ
ရွက်ပူးထားတယ်လို့ ပြောရမလိုဖြစ်နေပြီ"





"ဟာဗျာ ...ကိုပြားကြီးကလည်း စွယ်တော်ရွက်နှစ်ရွက်ပူး
သို့ နှစ်လွှာပေါင်းမှတစ်ရွက်လို့ ပြောပါဗျာ"

"အသက်ကြီးမှ ညားကျတော့ ခပ်ငယ်ငယ် စွယ်တော်ရွက်
လို့ ပြောမဖြစ်တော့ဘူးလေ။ စွယ်တော်ရွက်ထက်ကြီးပြီး ရင့်ထော်နေ
တဲ့ ကျွန်းရွက်တို့၊ အင်ဖက်တို့နဲ့ နှိုင်းပြောမှ ..."

ကိုပြားကြီးစကားကိုကြားပြီး လယ်နီးချင်း စိန်ကုလားကပါ
ဝင်၍ နောက်သည်။

"စွယ်တော်ရွက်နှစ်ရွက်လို အမြဲတမ်းပူးနေတယ်လို့ မပြော
ချင်ရင် အမြဲတမ်းကပ်နေတဲ့ ခရုပက်ကျိလို့ ပြောလိုက်ဗျာ ဦးပြား
ကြီး"

"ဒီသေချင်းဆိုး စိန်ကုလားကလေ၊ မဟုတ်တရုတ်ဆို သိပ်ပြီး
မြှာ"

အသက်ကြီးမှအိမ်ထောင်ပြုတာ တစ်ယောက်ကိုတစ်ယောက်
ချစ်ပိုး၍သည်းနေကြသော ခင်မောင်ဆင့်နှင့် ဂျပန်မတို့လင်မယား
နှစ်ယောက်အား ရွာခံသူငယ်ချင်းတွေက နာလိုခံခက်စရင်း ပြောင်
နင်း နောက်ကြသည်။

❁ ❁ ❁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

သို့သော် . . . သူတို့အပျော်ကလေးတွေ တစ်နှစ်ကျော်ကျော်ခံသည်။

ဂျပန်မ မီးဖွားရန် ကျေးရွာသားဖွားဆရာမ အရပ်ဝမ်းလက်သည်တို့နှင့်မရဘဲ ဆေးရုံးတင်လိုက်ရာမှ ခက်ခက်ခဲခဲမီးဖွားရပြီး ဆေးရုံအပို့နောက်ကျ၍ သေဆုံးသွားခဲ့ရခြင်းကြောင့်ဖြစ်လေသည်။

မွေးဖွားပြန်တော့လည်း သမီးနှင့်သား အမြွှာပူးလေးနှစ်ယောက်။ ကလေးတွေအသက်နှင့် မိခင်အသက်ကို ဂျပန်မခမျာ လဲသွားခဲ့ခြင်းပေပဲကားဟု ပြောရမလို။

ခင်မောင်ဆင့်ကြီးအဖို့ ယောက်ျားတန်မဲ့ ပဏ္ဍာမြေလူး၊ ဂျပန်မအပေါ် အချစ်ကြီးသည့်စိတ်နှင့် ရူးမတတ်ခံစားရသည်။ ခုမှ အရှုံးပိုင်းခံရသည်ပမာ မနေတတ်မထိုင်တတ် ဆောက်တည်ရာမဲ့ဖြစ်ရသည်။





ညီငယ်၏ဒုက္ခကို စာနာတတ်သော အစ်ကိုကြီးခင်မောင်မြင့်ကိုလည်း . . .

"အစ်ကိုကြီးရာ . . . အစ်ကိုကြီးတို့သာ မိန်းမ မပေးစားရင် ကျုပ် ဒီဒုက္ခရောက်မှာ မဟုတ်ဘူးဗျာ။ သိလား . . ."

"အေးပါကွာ . . .။ မဖြစ်ချင်တာတွေ မထင်မှတ်ပဲဖြစ်တတ်တာကိုးကွ။ မင်းက ပိုပြီး တရားနဲ့နီးစပ်ပါတယ်။ တရားနဲ့ဖြေပါကွာ။ ဒီလိုဖြစ်လိမ့်မယ်ထင်ရင်လည်း မင်းကို ဘယ်မိန်းမပေးစားပါ့မလဲ။ ကြီးတဲ့လူတွေကတော့ ငယ်သူတွေကောင်းအောင် စီစဉ်မိတာပေါ့ . . . ငါ့ညီရယ်"

"အခုတော့ . . . ကျွန်တော်မှာ ဒီလူမမယ် ကလေးနှစ်ယောက်နဲ့ ဒုက္ခ တကယ့်ဒုက္ခပါပဲ အစ်ကိုကြီးရာ"

"လူ့ဘဝမှာ ဒုက္ခနဲ့ကင်းပြီး ဘယ်သူမှ မနေနိုင်ပါဘူးကွာ။ မင်း လယ်ထဲယာထဲ အလုပ်ဆင်းနေတုန်း မင်းရဲ့ကလေးနှစ်ယောက်ကို ငါ့မိန်းမ မသန်းအေးက ကြည့်ပေးမှာပေါ့ကွာ။ သူ့တူတွေ တူမတွေကို မိတဆိုးလေးတွေမို့ ပစ်မထားပါဘူး။ ပိုပြီးဂရုစိုက်မှာပါ"

အစ်ကိုကြီးခင်မောင်မြင့်က သူ့အပေါ် အပြစ်တင်သမျှ ညီလေးစိတ်မကောင်းဖြစ်မည်စိုး၍ ဖျောင်းဖျောင်းဖျဖျ ပြောဆိုသော်လည်း စိန်ကုလားတို့ကမူ ခင်မောင်ဆင့်ကို အဖြစ်သည်းလွန်းသည်ဟု ကွယ်ရာမှာ ပြောကြသည်။

"ကလေးတွေနဲ့ကျန်ခဲ့တာကို မကောင်းတဲ့ဘက်က လှည့်ပြောတယ်။ သူ့မှာ ဂျပန်မကျန်ခဲ့တဲ့ အိမ်ကြီးနဲ့ခြံကြီးရယ် လယ်တွေတောင် အပိုင်ရလိုက်သေးတယ်။ ဟင်း . . . ဟင်း . . . ကောင်းတာတွေတော့ ထည့်မပြောဘူး။ မကောင်းတာတွေကျတော့ အစ်ကိုကြီးကြောင့် အစ်ကို



www.burmeseclassic.com

ကြီးကြောင့်လို့ အပြစ်ချည်းပြောနေတယ်''

''အေး . . . ဟုတ်တယ်။ ငါသာသူ့နေရာမှာဆိုရင် ကလေးတွေရဲ့ နေရေးထိုင်ရေးကို အကြောင်းပြပြီး ဂျပန်မရဲ့ ညီမဝမ်းကွဲ အပျိုကြီးမခင်ညွန့်ကို လူကြီးတွေစပ်ဟပ်ခိုင်းပြီး ထပ်ယူတယ်''

''စောင့်ကြည့်ရသေးတာပေါ့။ ကောင်းမှန်းသိ, သားအိတ်ဝိုပါကွာ။ မိန်းမသေလို့ သိပ်လွမ်းသိပ်ငိုတဲ့လူတွေဟာ မိန်းမသေပြီးလို့ သိပ်မကြာဘူး နောက်တစ်ယောက်ယူတတ်တယ်ကွ။ ထန်းပင်ကုန်းက တို့ဘကြီး ဦးရွှေတင်ကို ကြည့်ပါလား''

ဒါပေမဲ့ ခင်မောင်ဆင့်ကား စိန်ကုလားတို့ပြောသလိုမဟုတ်။

သားလေးနှင့်သမီးလေးကို သူ့မိန်းမဂျပန်မ ကိုယ်စားထားခဲ့သည်ဟူသောအစွဲဖြင့် သူ့မှာ အချစ်တွေပိုနေကာ ခင်မောင်ဆင့် နောက်ထပ်အိမ်ထောင်ပြုရန် မစဉ်းစားတော့။

ထိုအစွဲကား မည်မျှသည်းခဲ့သည်ဟုဆိုပါလျှင် . . .

ညအိပ်ပျော်သည့်တိုင် ဂျပန်မကိုတွေးရင်း အိပ်မက်တွေထဲ ဂျပန်မ ရောက်ရောက်လာတတ်သည်။

အိပ်မက်ထဲ၌ .အိမ်အနောက်ဖက် ဝါးရုံကြီးအနီးတွင် ဂျပန်မကို ဥစ္စာစောင့်မလေးအသွင် နန်းဝတ်နန်းစားတွေနှင့် တွေ့ရတတ်သည်။ ဝါးဘိုးရုံကြီးအနီး သီဟိုဠ်ပင်ကြီးတွင် အင်မတန်လှပသော ဒန်းပုခက်ကြီးကို ဆင်ထားသည်။

ထိုဒန်းပုခက်ကြီးပေါ်တွင် ရှိနေစဉ် ခင်မောင်ဆင့်က လွှဲ၍ပေးလေ့ရှိသည်။ ထိုသို့လွှဲနေစဉ် ဂျပန်မသည် လူသားအသွင်ပျောက်သွားပြီး မြွေကြီးတစ်ကောင်အဖြစ် ပြောင်းသွားလေ့ရှိရာ ခင်မောင်ဆင့် စိုးရိမ်ထိတ်လန့်သွားတတ်သည်။

---

စိတ်ကူးသစ်တစေ



''မကြောက်ပါနဲ့ . . . ကိုဆင့်ရာ။ ကျွန်မလေ . . . ကိုဆင့်နဲ့ ကိုဆင့်တို့သားအဖတစ်တွေကို စိတ်မချလွန်းလို့ စွဲလမ်းပြီး ဒီဝါးရုံကြီး အတုန်းကလေးမှာ မြွေဖြစ်နေရတာ။ ဒီကုန်းကလေးက အိမ်မှာ ကိုဆင့် ဒီယ်ထွန်သွားလို့ ကျန်ခဲ့တဲ့ကလေးတွေကိုလည်း စောင့်ရှောက်နိုင်တယ်။ ကိုဆင့်လယ်ထွန်နေတာလည်း လှမ်းမြင်ရတယ်လေ''

ထိုအိပ်မက်ကို မကြာမကြာမက်တတ်၍ ခင်မောင်ဆင့် သူ့မိန်းမဂျပန်မ သူတို့နှင့် အတူတူရှိနေသည်ဟု မှတ်ယူထားခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

[ ၄ ]

❑

" 'တစ်ပင်လဲမှ တစ်ပင်ထူ' တဲ့ကွ။ မင်းသားနဲ့ မင်းသမီး လည်း ဆယ်နှစ်ကျော်လောက်ရှိနေပြီ။ ကိုမိထောင်ပြုဖို့ကောင်းနေပြီ ခင်မောင်ဆင့်။ သူတို့မှာ အနီးကပ်အုပ်ထိန်းဖို့ မအေတော့ လိုနေတာ ပဲ။ ငါတို့မိသားစုကလည်း သူတို့လေးတွေကို ကြာရှည်ကြည့်နိုင်မှာ မဟုတ်တော့ဘူး"

"ကလေးတွေ ဒုက္ခရောက်မှာစိုးရိမ်လို့ အိမ်ထောင်ထပ်မပြု တာပါ အစ်ကိုကြီးရယ်"

"ဟ ... ဘာရောက်စရာ ရှိမလဲ။ ခု မင်းကိုပေးစားမှာက ဂျပန်မရဲ့မွေးချင်းထဲကပဲ။ မင်းအခြေအနေကို စောင့်ကြည့်ရင်းနဲ့ ဂျပန်မ





ရဲ့ညီမဝမ်းကွဲတွေလည်း လင်ရကုန်ပြီ။ ခု ဂျပန်မတူမဝမ်းကွဲ အပျိုဆို လို့ တစ်ယောက်ပဲရှိတော့တယ်"

"အစ်ကိုကြီး ... မြူတုတ်ကိုပြောတာမဟုတ်လား။ မဖြစ်ပါ ဘူးဗျ။ ကျွန်တော်က အသက်လေးဆယ်ကျော်ပြီ။ မြူတုတ်က အသက် ဆယ့်ရှစ်နှစ်လောက်ပဲရှိသေးတာ"

"ဟော့ကောင် ... ယောကျ်ားပဋ္ဌင်း မိန်းမပုခက်တွင်းတဲ့ကွ။ မင်းအနေနဲ့ လယ်တွေခြံတွေ၊ အတွင်းပစ္စည်းတွေ အများကြီးရှိနေတာ သူတို့အမျိုးတွေ သိနေကြတာပဲ။ မင်း ဘယ်လောက် ကုတ်ကပ်စုဆောင်း ထားတယ်ဆိုတာ ဂျပန်မဘက်ကအမျိုးတွေကသိပြီး မင်းကိုလိုချင်နေ တာ။ ငါတို့ဘက်က တစ်ခွန်းဟလိုက်တာနဲ့ သူတို့ဘက်က ဘယ်နေ့လဲ ပဲကွ"

"နေပါစေတော့ အစ်ကိုကြီးရာ။ ကျွန်တော့်သားနဲ့သမီးကို ငဲ့ကွက်ပြီး ဒီအရွယ်ထိနေလာတာ ..."

"ဒါတော့ ဒါပေါ့ကွာ။ မင်းမှာ လယ်တစ်ဖက်နဲ့ ကလေးတွေ ကလည်းကြီးလာတော့ တာဝန်တွေများလာပြီ။ ခု ...မင်း အသက် လေးဆယ်ကျော်ဆိုတော့ အရွယ်ကောင်းတုန်းရှိပါသေးတယ်"

အစ်ကိုကြီးခင်မောင်မြင့်၏ အကြောင်းပြကောင်းမှုကြောင့် လည်းကောင်း၊ ကလေးနှစ်ယောက်၏ရှေ့ရေးကိုလည်း တွေးမိ၍လည်း ကောင်း ခင်မောင်ဆင့်မှာ ကြာတော့မငြင်းသာတော့ဘဲ ဂျပန်မ၏တူမ မြူတုတ်ကလေးနှင့်လက်ဆက်ရန် ခေါင်းညိတ်ရတော့သည်။

မြူတုတ်တို့ဘက်ကလည်း ခင်မောင်ဆင့်ကို ငြင်းပယ်ရန်မရှိ တော့၍ အလွယ်တကူပင် လက်ထပ်ပေးရန် သဘောတူလိုက်ကြသည်။

ခင်မောင်ဆင့်နှင့် မြူတုတ်တို့မင်္ဂလာပွဲကို ထိုနှစ်ပေါ်နေချိန်



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းနတ်တော်လတွင် ကျင်းပရန် ရက်တွေပင် သတ်မှတ်လိုက်ကြသည်။

ဒါကို လူပျော်လူနောက် စိန်ကုလားက အရပ်စကားပုံတစ်ခုနှင့် နောက်ပြောင်နေပြန်သည်။

"ဘယ်လိုလဲ ခင်မောင်ဆင့် ...မင်းက ရှေးစကားပုံကို အကောင်အထည်ဖော်လိုက်တာလား"

"ဘာစကားပုံလဲကွ"

"ဂျပန်မနဲ့စပ်ရင် ဖြူတုတ်ကလေးက မင်းနဲ့ဆိုရင် တူမတော်တယ်လေ"

"မိန်းမဘက်က တူမပါကွာ"

"ဟဲ ...ဟဲ ...တူမတပည့် ...ယူမှတည့်၏တဲ့ကွ"

"မင်းကွာ ...ပေါက်ပေါက်ရှာရှာ တော်တော်နောက်တဲ့ကောင်။ သူတို့ဘက်ကကြားသွားရင် မကောင်းပါဘူး"

"ဘာလို့မကောင်းရမှာလဲ။ မင်္ဂလာပွဲသာ မလုပ်ရသေးတာ စေ့စပ်ကြောင်းလမ်းထားတဲ့နေ့ကစပြီး ဖြူတုတ်ကလေးတစ်ယောက် မင်းအိမ်ပေါ်ကို ရောက်နေပြီမဟုတ်လား"

"အေးလေ ...ငါနဲ့ဖြူတုတ် စေ့စပ်ကြောင်းလမ်းတဲ့နေ့မှာပဲ လူကြီးဆုံရာရှေ့မှာ လက်မှတ်ထိုးပြီးကြလို့ အိမ်ပေါ်ရောက်လာတာပဲဟာ။ မင်္ဂလာရက်လည်း ကြေငြာပြီးသားလေ။ ဖြူတုတ်လေးကလည်း ငါ့သားသမီးနှစ်ယောက်ကို သူ့သွေးသားတွေဆိုပြီး ပြုစုပေးနေလို့ ကလေးတွေက ဖြူတုတ်ကို အမေ ...အမေနဲ့ ဖြစ်နေပြီ"

"အေး ...အေး ...ကောင်းတာပေါ့ကွာ။ မင်းလည်း ခုတော့ ဂျပန်မကိုသတိရပြီး လွမ်းမနေတော့ဘူးမဟုတ်လား"

---





"ဒီကောင်လား ...လွမ်းဖို့နေနေသာသာ စိန်ကုလားရာ။ ဖြူတုတ်ကလေး သူ့အိမ်ပေါ်အရောက် နောက်ကျတယ်လို့တောင် သူ့အတွင်းစိတ်က ပြောနေမှာကွ"

"ကိုပြားကြီး ...ခင်ဗျားက အသက်ကြီးပြီးတော့ ..."

"အသက်ကြီးပြီးတော့ ဘာဖြစ်သလဲ စိန်ကုလားရဲ့"

"အသက်ကြီးတော့ အတွေ့အကြုံများပြီး အမှန်တွေ သိပ်များတတ်တာပဲလို့ ပြောမလို့ပါ ကိုပြားကြီးရာ။ ဟား ...ဟား ...ဟား ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

လူ့ဘဝဆိုတာ မမျှော်လင့်တာတွေဖြစ်ပြီး၊ မဖြစ်သင့်တာတွေနှင့် ကြုံရတတ်သည်ဟု ခင်မောင်ဆင့်၏အစ်ကိုကြီး ခင်မောင်မြင့်ပြောသလို အမှတ်မထင် ကြုံလိုက်ရလေပြီ။

ခင်မောင်ဆင့်သည် သူ၏အိမ်ရှေ့မှာ ဖြူတုတ်ကလေးနှင့် သူ၏မင်္ဂလာဆွမ်းကျွေးပွဲနှင့် ပရိသတ်ကိုဧည့်ခံရန် စိန်ကုလားနှင့် ကာလသားများ မဏ္ဍပ်အကျအနထိုးဆိုင်းထားခဲ့သဖြင့် မင်္ဂလာမဏ္ဍပ်က ပြီးစီးနေလေပြီ။

တန်ဆောင်မုန်းလ မြောက်ပြန်လေနှင့်အတူ စပါးလှဲမိုးရွာပြီးချိန်တွင် လယ်ထဲရှိစပါးများ ရိတ်သိမ်းရန် လူငှားများနှင့်အတူ ခင်မောင်ဆင့်လယ်ထဲသို့ ရောက်ရှိနေချိန်ဖြစ်၏။





မင်္ဂလာရက်ကို ရွာဘုန်းကြီးကျောင်း ကထိန်နှင့်ရက်လွဲအောင် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှာကျင်းပရန် ရက်သတ်ထားခဲ့လေသည်။

သည်တစ်နှစ် ခင်မောင်ဆင့် စပါးရိတ်ရသည်မှာ ပို၍ ပျော်ရွှင်နေလေသည်။

ဖြူတုတ်ကလေးနှင့် မင်္ဂလာဆောင်ပွဲကြီးကျင်းပရန် တစ်ခုတည်းအတွက်တော့ မဟုတ်ချေ။ ထိုနှစ်မှာမှ သူ၏လယ်ကွင်းတွေမှာ စပါးအတွက် မကြုံဖူးအောင်ကောင်းလွန်းလှ၍ ပျော်ရွှင်နေတာလည်း ပါသည်။

ခင်မောင်ဆင့်လယ်ထဲမှာ မမောနိုင်မပန်းနိုင် သူရင်းငှားများနှင့်အတူ စပါးရိတ်သိမ်းနေစဉ် အိမ်ဘက်မှ သားအကြီးကောင် ရေးကြီးသုတ်ပျာပြေးလာသည်ကို မြင်တွေ့ရပြီး ရင်ထိတ်သွား၏။

"အဖေ ... အဖေ ... လုပ်ပါဦး။ အမေဖြူတုတ်ကို မြွေကိုက်သွားလို့"

"ဟင် ..."

ခင်မောင်ဆင့်တစ်ကိုယ်လုံး ထုံပွသွားသည်။

လက်ထဲမှကိုင်ထားသော တံစဉ်ကိုလွှတ်ချပြီး လာခေါ်သောသားကြီးနှင့်အတူ အိမ်ဘက်သို့ အပြေးတစ်ပိုင်း လိုက်လာခဲ့မိသည်။

ကွင်းတစ်ကွင်းလုံး ဖြူတုတ်ကလေးကို မြွေကိုက်သည့်သတင်း ပျံ့နှံ့သွားတော့သည်။

အချို့ ဆွေမျိုးမကင်းသူတွေ စပါးပင်ဆက်၍မရိတ်နိုင်တော့ဘဲ ခင်မောင်ဆင့်တို့အိမ်ပိုင်းဘက်ကို အမောတကော လာခဲ့ကြသည်။

ခင်မောင်ဆင့်အိမ်သို့ရောက်သွားတော့ ဖြူတုတ်ကလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝါးရုံကလေးအနီးမှာ အသက်ပျောက်လျက်ရှိချေပြီ။

သမီးငယ်ဖြစ်သူက ငိုယိုပြီး ခင်မောင်ဆင့်အား ဆီးကြို၍ပြော ရှာသည်။

"အဖေ့အတွက် အဆာပြေစားဖို့ ကောက်ညှင်းပေါင်းနဲ့ ဇ နွေးကြမ်းလယ်ထဲကို သွားပို့မလို့အထွက် ဒီဝါးဘိုးရုံကအဖြတ် မြွေကိုက် သွားတာပဲအဖေ"

"ဟင် ... ဖြစ်မှဖြစ်ရလေ ... ဖြုတ်တုတ်ရယ် ..."

ခင်မောင်ဆင့် ယူကြုံးမရပြောရင်း ဖြုတ်တုတ်အလောင်း မချိတင်ကဲဖြင့် ပွေ့ယူလိုက်သည်။

ပြီးတော့ သူ၏မျက်လုံးတွေက မီးဝင်းဝင်းတောက်သော အကြည့်စိမ်းကြီးနှင့် ဝါးဘိုးရုံဘက်ကိုကြည့်ပြီး တောက်တစ်ချက် ပြ စွာ ခေါက်လိုက်မိသည်။

"တောက် ..."

သူ၏ဒေါသမီး ပဲ့တင်ရိုက်ချက်ကား ဝါးဘိုးရုံအနီးက သီ ပင်၏ ကိုင်းထက်နားနေသော ငှက်ကလေးတွေပင် လန့်ပျံ၍ပြေး ပြီ။

✿ ✿ ✿

[ ၆ ]

❑

ရပ်ရွာကျေးလက်၏ ထုံးစံအတိုင်း မြွေကိုက်၍သေသော ဖြုတ်တုတ်ကလေး၏အလောင်းကို 'အစိမ်းသေ' ဟုပဲ သတ်မှတ်ကာ ရက် အကြာကြီးမထားပဲ သင်္ချိုင်းမှာ မီးသင်္ဂြိုဟ်လိုက်ကြသည်။

ခင်မောင်ဆင့်မှာ ဖြုတ်တုတ်ကလေးအလောင်း ပြာကျသည် အထိ ရင်နင့်စွာ မချိတင်ကဲဖြင့် ကြည့်နေမိသည်။ မျက်ရည်မကျအောင် ထိန်းထားပါလျက် မျက်ရည်ကျမိပြန်သည်။

လူတွေက ခင်မောင်ဆင့် မျက်ရည်ကျသည်ကို မြင်ကြပြီး သနားကရုဏာသက်သူတွေရှိသလို အပြစ်တင်ကဲ့ရဲ့စကား တီးတိုးပြော သူတွေပင် ရှိလာသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မည်သူတွေ မည်သို့ပင် တီးတိုးပြောပြော၊ မည်သည့်အကြည့်မျိုးနှင့်ကြည့်ကြည့် ခင်မောင်ဆင့်ကတော့ အမှုမထားနိုင်တော့။ သူ့ခံစားချက်ကို သူပဲသိနိုင်တော့သည်။ သူ့မှာ တွယ်တာစရာ သားလေးနှင့်သမီးလေးနှစ်ယောက်သာမရှိပါက ဖြူတုတ်အလောင်းအား လောင်မြိုက်နေသော မီးပုံအတွင်းသို့ပင် ခုန်ဆင်း၍ အလောင်ကျွမ်းခံလိုက်ပါမည်။

ဒီကြားထဲ ခင်မောင်ဆင့်၏နားထဲကို မကြားတကြား အသံတစ်ခုဝင်လာပြန်သည်။

"သူယူတဲ့ မိန်းမနှစ်ယောက်စလုံး အစိမ်းသေနဲ့ သေရတာချည်းပဲ။ နောက် သူ့ကိုယူရဲမယ့်မိန်းမ ရှိတော့မှာမဟုတ်ဘူး"

ခင်မောင်ဆင့် ကိုယ့်အားနည်းချက်နှင့်ကိုယ်မို့ ထိုခပ်တိုးတိုးအသံကို ဂရုမစိုက်နိုင်တော့။ တုံ့ပြန်ချေပရန်လည်း စိတ်မကူးမိတော့။ သူ၏စိတ်အတွင်းမှာ တစ်ကိုယ်တည်း ကိုယ့်ခံစားချက်နှင့်ကိုယ် ပြောနေတာကတော့ ...

"ဂျပန်မတို့၊ ဖြူတုတ်တို့က အစိမ်းသေ။ ငါလည်း ဘာလူလို့လဲ အစိမ်းသေပဲ။ သူတို့နှစ်ယောက်က အသက်ပျောက်တဲ့ အစိမ်းသေ။ ငါက အသက်မပျောက်တဲ့ အစိမ်းသေ ..."

✿ ✿ ✿

| ၇ |

❑

ခင်မောင်ဆင့်သည် ဇနီးမယားအသစ်စက်စက် ဖြူတုတ်လေးအတွက် ရက်လည်ဆွမ်းကျွေးပြီးသည့် နောက်တစ်နေ့တွင် အိမ်ကောက်ဖက်ကုန်းပေါ်မှ ဝါးရုံပင်နှင့် သီဟိုဠ်ပင်များကို သူ၏သူရင်းငှားများနှင့်အတူ အမြစ်ကတူး၍ မီးတင်ရှို့လေတော့သည်။

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



## [ ၁ ]

❑

"ရှုတ် ..."

"ဖြောင်း ..."

"ဟာ ...ဝင်ရိုးကျိုးပြီ"

"ဟယ် ...ဒုက္ခပါပဲတော်"

လှည်းလမ်းကြောင်းအတိုင်း ခပ်သာသာမောင်းနှင့်လာသော လှည်းသည် ဖြောင်းခနဲ ကျယ်လောင်လှသော မြည်သံကြီးနှင့်အတူ ကျိုးကာ လှည်းကြမ်းပြင်သည် လက်ယာဘက်ဆီသို့ နိမ့်ကျသွားတော့၏။

လှည်းပေါ်ပါလာသူအားလုံး၏ အာမေဋိတ်သံများ ထွက်ပေါ်လာပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ လှည်းပေါ်ပါလာသော ၁၅ နှစ်အရွယ် လူငယ်ကလေးက လှည်းပေါ်မှ လွှားခနဲမြေပြင်ပေါ်သို့ ခုန်ဆင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လှည်းမောင်းနေသော အသက်ငါးဆယ်ကျော်အရွယ် လူကြီး တစ်ယောက်က လက်မှ နှင်တံကိုပစ်ချကာ ရှန်းကန်နေသော နွားနှစ် ကောင်ကို 'ဟဲ့ . . . ဟဲ့ . . .' ဟုငေါက်ငမ်းကာ ထိုင်နေရာမှ မတ်တတ် ရပ်လိုက်၏။

အတူပါလာသော အမျိုးသမီးကြီးနှင့် အသက်နှစ်ဆယ်အရွယ် အပျိုမလေးကတော့ မျက်နှာတွေရှုံ့မဲ့ကာ လဲကျမသွားအောင် လှည်း ပေါ်ပါလာသော ဝန်စည်စလယ်ကုန်ပစ္စည်းများကို ကျမသွားစေရန် ထိန်း ကိုင်ရင်း ညည်းညူနေကြသည်။

မြို့မှပြန်လာသော သူတို့သည် လှည်းပေါ်မှာ ဝန်နှင့်အားမျှ သည်ကိုတော့ ဂန်ခံလိုပေသည်။ လှည်းပေါ်တွင် လှည်းမောင်းသူအဘိုး အဝင် စီးသူချည်းသက်သက် လေးယောက်တိတိပါလာသည်။ ကုန် ပစ္စည်းကလည်း လှည်းနှင့်အပြည့်။ ပေါ့ပေါ့ပါးပါး ပစ္စည်းများမဟုတ် အားလုံး လေးလံဝန်စည်စလယ်များသာဖြစ်သည်။ အလှူအတန်းပြု လုပ်ရန် ဝယ်ယူလာသော ပစ္စည်းများသာဖြစ်သည်ဟု ဆိုရပါမည်။

"ကျော်ရှင်း . . . နွားတွေဖြုတ်လိုက်တော့။ ဟိုနားမှာ စမ်း ချောင်းတွေ့တယ်။ ရေတိုက်ပြီး ပြန်ကောက်လာခဲ့။ ကဲ . . . လုံမလေး လှည်းပေါ်ကပစ္စည်းတွေကို အောက်ကိုချကြစမ်းဟဲ့။ မယ်သင် . . . ဖြည်းဖြည်းဆင်း၊ ချော်လဲမယ်ကွယ့်။ သစ်ပင်အောက်မှာ ပစ္စည်းတွေ သွားစုထားကြ"

"ဒုက္ခပါပဲတော်။ မြို့နဲ့လဲဝေး ရွာနဲ့လည်း အဝေးကြီးတော့ ခရီးလမ်း အပုံကြီးလိုပါသေးသကော။ အင်း . . . စိတ်ပျက်စရာကြီးပါ လား ကိုသာတိုးရယ်"

"မယ်သင် . . . ညည်းမနေနဲ့တော့။ ဝင်ရိုးကျိုးပါတယ်ဆိုမှ





ဘာမှမတတ်နိုင်ပေဘူးကွယ့်။ ကဲ . . . ကဲ . . . လုပ်ကြ။ နေစောင်း ပြီ"

လှည်းမောင်းသူအဘိုးကြီးသည် နွတ်မှ တရစပ်ပြောရင်း လှည်းပေါ်ပါလာသူများကို အမိန့်ပေး စီမံခန့်ခွဲ၊ သူကိုယ်တိုင်လည်း ပစ္စည်းတွေကိုချ၊ လှည်းလမ်းဘေး အရိပ်ကောင်းလှသော သစ်ပင်ကြီး သစ်ပင်အောက်သို့ ပစ္စည်းတွေကိုနေရာရွှေ့နှင့် အလုပ်ရှုပ်သွားလေ သည်။

လှည်းပေါ်မှ လူငယ်ကလေးအတူပါလာသော ၁၅ နှစ်အရွယ် ကောင်မလေးသည် ထမိတိုတိုပြင်ဝတ်ကာ ပစ္စည်းများကို မနိုင်မနင်း ကူသယ်ချပေးလေ၏။ ထိုအချိန်တွင် ကျော်ရှင်းဆိုသော လူငယ်ကလေး က နွားနှစ်ကောင်ကို လှည်းမှဖြုတ်ယူကာ စမ်းချောင်းတွင် ရေတိုက် ပြီး သစ်ပင်အောက်သို့ ပြန်ခေါ်လာလေသည်။

နွားစားရန်ယူလာသော ကောက်ရိုးထုံးများကို နွားနှစ်ကောင် ရှေ့တွင် ချပေးလိုက်လေ၏။

"ဟဲ့ . . . လုံမလေး . . . လာစမ်း . . . ဒီကို . . .။ ဟောဒီက ဆီပုံးကို အောက်ချ။ လေးတယ်နော်။ ကျော်ရှင်းနဲ့ ဝိုင်းကူချည်"

အဘိုးကြီးက ကောင်မလေးကို လှမ်းပြောလိုက်လျှင် ပြာပြာ သလဲပြေးလာပြီး မှောက်ကျလုဆဲဆဲဆီပုံးကို ဝိုင်းမပေးလေသည်။ ဆီပုံး က ဆီအပြည့်မို့ လေးလံလှပါသည်။ လေးထောင်သံပုံးအပြည့် ထည့် ထားသော ဆီသန့်သန့်ကို ကောင်လေးက ပခုံးပေါ်မတင်ရင်း သစ်ပင် အောက်သို့ ယူသွားလေသည်။

လှည်းပေါ်တွင် ပစ္စည်းများက စုံလင်လှသည်။ ငါးခြောက်နှင့် ပုစွန်ခြောက်များ၊ စားသောက်ဖွယ်ရာများ၊ ပရိက္ခရာပစ္စည်းများ၊ သင်္ကန်း



www.burmeseclassic.com

www.burmeseclassic.com



ဒွိစုံ ရှင်လောင်းလှည့်ရာတွင်အသုံးပြုသော ကွမ်းတောင်ကိုင်ပစ္စည်းများ စသည်ဖြင့် စုံလင်လှသည်။

အဘွားကြီးကလည်း တတ်နိုင်သရွေ့ ပေါ့ပေါ့ပါးပါးပစ္စည်းများကို ကူသယ်ရင်း . . .

''ဒုက္ခပါပဲတော်။ ဘယ်လိုဆက်လုပ်ကြမတုံးတော့''

''ဟ . . . မသင်ရယ် . . . ဘာဆက်လုပ်ရမလဲဆိုတာ ငါလည်း မသိဘူးလေကွယ်။ အဆင်ပြေသလို ဆက်လုပ်ရမှာပေါ့ဟဲ့။ နီးစပ်ရာ ရွာတစ်ရွာကို လိုက်ရှာ၊ အကူအညီတောင်း၊ လှည်းဝင်ရိုးပြန်ပြင် ဒါပဲ ရှိတာပေါ့ကွယ်။ ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ။ လှည်းဘီးက ချိုင့်ထဲကျသွားတော့ ဝင်ရိုးကို လှန်ချိုးလိုက်သလို ဖြစ်သွားတာပေါ့။ နေ လည်းဝင်တော့မယ်။ ကဲ . . . ကျော်ရှင်း လှည်းဘီးဖြုတ်ဖို့ပြင်ပေတော့''

ကျော်ရှင်း ပြေးလာသည်။

''ဖယ် . . . ဖယ် . . . အဖေ . . . ကျွန်တော်လုပ်မယ်''

''အမယ်ကွယ် . . . မင်းတစ်ယောက်တည်း တတ်နိုင်လို့လား''

ကျော်ရှင်းက တစ်ချက်ပြုံးလေသည်။

''ရပါတယ် . . . အဖေရ၊ တောတက်ပြီး လှူတောင်ဆွဲနေပြီ ပဲဟာ''

ကျော်ရှင်းသည် ပြောပြောဆိုဆို ဝင်ရိုးကျိုးသွားသော လှည်းဘီးဖက်မှ အခြမ်းကို တစ်ယောက်တည်း ဖြုတ်လေသည်။ အဘိုးကြီး ကတော့ ပခုံးပေါ်မှာတင်ထားသော မျက်နှာသုတ်ပဝါကို အသာဖြုတ် ကာ နဖူးမှချွေးကို သုတ်နေသည်။ ထိုအချိန်တွင် အဘွားကြီးနှင့်ကောင် မလေးကတော့ ပါလာသောပစ္စည်းများကို နေသားတကျဖြစ်အောင် စုပုံထားနေကြလေသည်။





ညနေခင်းနေရောင်ခြည်သည် ဝါရွှေသော အဆင်းအဖြစ် ...မှောင်ဖက်ဆီသို့ တဖြည်းဖြည်းကူးပြောင်းရန် အားယူနေပြီဖြစ်လေ ...ည်။ ထိုအခါမှပင် သူတို့သည် နေထွက်ရာအရပ်၊ နေဝင်ရာအရပ်ကို ...သနိုင်တော့ပြီး သူတို့ရောက်ရှိနေသည့်အရပ်ကို သိရှိနိုင်တော့သည်။ ...ယ်တော့ သူတို့မိသားစုသည် မြို့နှင့် အတန်ဝေးကွာသောအရပ်သို့ ...ာက်ရှိနေပြီဆိုတာကိုတော့ နားလည်နိုင်ကြတော့သည်။

အဘိုးကြီးသည် လှည်းဘီးပြန်လည်တပ်ဆင်ရန်အရေးနှင့် ရွာ ...ရွာကို အမြန်ဆုံးတွေ့ရှိရောက်ရှိရေးကို လေးလေးနက်နက် စဉ်း ...ာန်ဖြင့် သစ်ပင်တစ်ပင်အောက်တွင်ထိုင်ရင်း တီးတိုးစကားပြော ...ကြလေသည်။

ကျော်ရှင်းကတော့ လူငယ်ပီပီစပ်စပ်စုစုဖြင့် ပတ်ဝန်းကျင် ...လေ့လာရန် လှစ်ခနဲပျောက်သွားလေသည်။

ထိုအချိန်တွင် နေ့၏အပူရှိန်သည် တဖြည်းဖြည်း လျော့ပါးစ ...ာပြီး ဝင်လုဆဲနေရောင်ခြည်ကတော့ တိမ်တွေကို ကန့်လန့်ဖြတ် ...တ်ချင်းခတ်လာပင် ခြေအောက်သို့ ဖြာကျနေလေသည်။ ခပ်ဝေးဝေး ...တ်တွင် မြေဝပ်ငှက်တစ်ကောင် လန့်ဖျတ်ပျံပြေးသွားသောနေရာတွင် ...ယုန်ကလေးတစ်ကောင် ထွက်လာသည်ကို တွေ့လိုက်ရသည်။

အိပ်တန်းပျံငှက်များသည် အရောင်အသွေးတူရာတူရာ အုပ်စု ...၍ အရပ်ဒေသအသီးသီးသို့ တိတ်ဆိတ်စွာ ပျံသန်းနေကြသည်။ ...ငြိမ်းသောတောအုပ်သည် တစ်စတစ်စ တိတ်ဆိတ်မှုဆီသို့ အသွင် ...င်းလာသည်။ ငြိမ်သက်မှုဖြင့် တောသည် ကြောက်မက်ဖွယ်ဖြစ် ...ခြင်းပင်။

အဘွားကြီးနှင့် ကောင်မလေးကတော့ ညှိုးငယ်စွာဖြင့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နေကြလေပြီကော။

"ဒုက္ခပါပဲ။ ဒီညတော့ အမေတို့ ဒီတောထဲမှာအိပ်ရဖို့ သေချာပြီ သမီး"

"ဟုတ်ပါရဲ့ . . . အမေ"

ကောင်မလေးသည် နှုတ်ခမ်းတစ်ချက် စူလိုက်လေသည်။ ထို့နောက် သူမ၏ မျက်ဝန်းဝိုင်းဝိုင်းကလေးများဖြင့် ဟိုဟိုသည်သည် ကြည့်ကာ။

"ရွာကို ဘယ်တော့များမှ ရောက်ပါတော့မလဲ။ တဖြည်းဖြည်း မှောင်လာပြီ။ ကြောက်လိုက်တာ"

ဟု ဆက်၍ပြောလေသည်။

"အရေးထဲ ဗိုက်ဆာလာပြီသမီး။ ပါလာတဲ့ ထမင်းထုပ်နဲ့ မုန့်ကလေးပဲစားကြဖို့ ပြင်ကြစို့ရဲ့"

ကောင်မလေးသည် ထိုင်ရာမှ ဖျတ်ခနဲထကာ တောင်းထဲလုံးထဲမှ စားစရာအချို့ကို ထုတ်နေလေသည်။ ထိုအချိန်တွင် ကောင်မလေးသည် ပတ်ဝန်းကျင် ဟိုဟိုသည်သည်လှမ်းကြည့်ရာမှ ပြန်ရောက်လာလေသည်။

❁ ❁ ❁

၂

"ကျော်ရှင်း . . . မင်း ဘယ်တွေလျှောက်သွားနေတာလဲကွယ်။ မှာ ဘာဆက်လုပ်ရမှန်းမသိလို့ စိတ်အိုက်နေရတဲ့ အထဲကွာ"

ကျော်ရှင်းသည် လုံချည်တိုတိုဝတ်ထားပြီး အဘိုးကြီးနားသို့ အပြာပြာ ရောက်လာလေသည်။

"အဖေ . . ."

"ဗော . . ."

"ကျွန်တော် မြောက်ဖက်ကတောအုပ်အစပ်နားထိ ရောက်ခဲ့သယ်ဗျ"

အဘိုးကြီးက ကျော်ရှင်းကိုစိုက်ကြည့်ပြီး ညည်းညူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနှယ် ... ဒီလောက်တောခေါင်ခေါင် ကိုယ်မကျွမ်းကျင်တဲ့နေရာ၊ ကိုယ့်အရပ်မဟုတ်တဲ့ဒေသ၊ အချိန်မဟုတ်အခါမဟုတ်ကြီးမှာ ခြေအငြိမ်မထားဘဲကိုးကွ။ ဘာဖြစ်လို့ အဲဒီလို လျှောက်သွားရတာလဲ"

ကျော်ရှင်း၏မျက်နှာတစ်ဝိုက်တွင် ချွေးနှင့်ဖုန်မှုန့်များ ပေကျံနေသည်။ သူသည် ပတ်ဝန်းကျင်နေရာအနှံ့ကို လျှောက်သွားခဲ့သည်မှာ သေချာပေပြီ။

"ရွာဖြစ်ဖြစ်၊ လူဖြစ်ဖြစ် တွေ့လိုတွေ့ငြား လျှောက်ကြည့်တာပါ အဖေ"

"တွေ့ခဲ့လား"

ကျော်ရှင်း ခေါင်းခါသည်။

"ဘာမှမတွေ့ဘူး။ တော်တော်ခေါင်တဲ့နေရာပဲ အဖေ။ ဒါပေမဲ့ ..."

အဘိုးကြီးက ကျော်ရှင်းကို ဆတ်ခနဲ မော့ကြည့်လိုက်လေသည်။

"ဒါပေမဲ့ ... ဘာဖြစ်သတုံး ပြောလေ"

"မြေပြောင်ပြောင်တစ်ခုတွေ့ခဲ့တယ်"

အဘိုးကြီး မျက်မှောက်ကြုတ်လိုက်သည်။ သူ့၏မျက်နှာမှာ စိတ်ပျက်လက်ပျက်အမူအရာ ပျောက်ကွယ်မသွားသေးပေ။ ပနုံးပေါ်တင်ထားသော မျက်နှာသုတ်ပဝါကို ဆွဲဖြုတ်ကာ မျက်နှာကို ပွတ်လေသည်။ လည်ပင်းကို သုတ်သည်။ အဘွားကြီးနှင့်ကောင်မလေး အလုပ်ရှုပ်နေသော လှည်းဝိုင်းနားဆီသို့ လှမ်းငေးသည်။

"မြေပြောင်ပြောင်တွေ့တာ ဆန်းသလားကွယ့်"





"အဘရယ် ... ထူးဆန်းလိုက်တာ။ လူသူမနီးတဲ့တောကြီးအလယ်မှာ မြေပြင်ပြောင်ပြောင်ဆိုတာ လူက လုပ်ထားတဲ့အတိုင်းပဲ ချောပြောင်ပြီးရှင်းနေတာ။ ခြင်းဝိုင်းတစ်ဝိုင်းစာလောက်ရှိမယ်။ သံမံတလင်းလိုဖြစ်နေတာ။ ပြီးတော့ ... အဲဒီအလယ်ခေါင်တည့်တည့်မှာ သက်သီးဆုပ်လောက် အပေါက်ကြီးတစ်ပေါက်တွေ့ခဲ့တယ်။ ထူးဆန်းတယ်ဗျ။ မြွေတွင်းလား ... ဘာမှန်းမသိပါဘူး အဖေရာ"

အဘိုးကြီးသည် မျက်နှာသုတ်ပုဝါဖြင့် သုတ်နေရာမှ ပနုံးပေါ်သို့ ပုဝါကို ရုတ်တရက်ပစ်တင်လိုက်ပြီး ကျော်ရှင်းကို အံ့သြတကြီးမျက်နှာဖြင့် လှမ်းကြည့်လေသည်။ သူ၏မျက်ဝန်းညိုညိုထဲတွင် စိုးရိမ်ထိတ်လန့်မှုကြီးအရိပ်အရောင်တစ်ခု ဖြတ်သန်းသွားသည်ကို ကျော်ရှင်း တွေ့လိုက်ရသောအခါ သူတစ်ခုခု မှားယွင်းသွားပြီလားဟူသော အတွေးဖြင့် အဘိုးကြီးကို မဝံ့မရဲပြန်ကြည့်မိလေသည်။

"ဘာ ... ဘာ ... ဘာပြောတယ် ... ဟော့ကောင် ... ပြန်ပြောစမ်း ... ကျော်ရှင်း ..."

အဘိုးကြီး၏ အလန့်တကြား အမူအရာကြောင့် ကျော်ရှင်း လန့်ဖျပ်သွားသည်။

"ဩော် ... အ .. အဖေ .. ရ ... ကျွန်တော် ဒီနေ့ညနေ မြောက်ဖက်ကိုလျှောက်ကြည့်တော့ သံမံတလင်း ခင်းထားသလို ချောပြီးပြောင်ချောနေတဲ့ မြေပြောင်ပြောင်ကွက်လပ်ကလေးတစ်ခု တွေ့ခဲ့တယ် အဖေ။ မြေကြွက်တစ်ကောင်ဝင်နိုင်တဲ့ တွင်းဂယ်ပေါက်တစ်ခုလည်း တွေ့ခဲ့တယ်လို့ ပြောတာပါ အဖေရ"

အဘိုးကြီး၏ အတွေးနက်နက် မျက်ဝန်းများသည် ဝေဝါးစုံတစ်ခုသော အကြောင်းရင်းတစ်ခုကို ပြန်လည်မှတ်မိ သိရှိသွားသည့်



www.burmeseclassic.com

www.burmeseclassic.com



အလား ချက်ချင်း ပြုံးကျယ်သွားလေတော့သည်။

“ကျော်ရှင်း ... မင်း အဲဒီမြေပြောင်ပြောင်နေရာကို ဘာရေ[…] လုပ်ခဲ့သေးသလဲကွ။ ပြောစမ်း ... မှန်မှန်ပြောစမ်း”

“ကျွန်တော် ... ကျွန်တော် ... ဘာမှမလုပ်ခဲ့ရပါဘူးအဖေ ဘာဖြစ်လို့လဲဟင်”

ကျော်ရှင်းသည် အထစ်ထစ်အငေါ့ငေါ့ပြောရင်း အဘိုးကြီးကို ကြောက်ကြောက်ရွံ့ရွံ့ ကြည့်နေလေသည်။

ထိုအခါမှ အဘိုးကြီးသည် သက်ပြင်းတစ်ချက်ချလေသည်။

“ဟုတ်ပြီလေ ...။ မင်း ဘာမှမလုပ်ခဲ့ဘူးဆိုတာ ဘယ်[…] ဘာမှမလုပ်ဘူးဆိုတာကို ပြောတာလဲ။ အဲဒီမြေပြောင်ပြောင်ပေါ်မှာ […] သွားတာတို့၊ ကျင်ကြီးစွန့်တာတွေ လုပ်ခဲ့သလားမေးတာကွ။ မြန်မြ[န်] ပြောနော်”

ကျော်ရှင်းသည် ထိတ်ထိတ်ပျာပျာဖြစ်နေလေပြီ။

“ကျွန်တော် ဘာအညစ်အကြေးမှ မစွန့်ခဲ့ပါဘူးခင်ဗျ။ မြေပိုင်[…] ထဲတောင် ခြေမချခဲ့ရပါဘူးအဖေရာ။ အဖေလုပ်တာနဲ့ ကျွန်တော် ဘာပြောရမှန်းတောင် မသိတော့ပါဘူး”

“မင်း တော်တော်ခြေရှည်တဲ့ကောင်မို့လို့ ပြောရတာပေါ့ကွ မင်း ဘာမှမလုပ်ခဲ့ဘူးဆိုတာ သေချာတယ်နော်”

“သေချာပါတယ် အဖေရ။ လှဲအိပ်ချင်စရာတောင်ကောင်းတဲ့ မြေပြောင်ပြောင်ပေါ်မှာ ဘယ်သူက အညစ်အကြေးစွန့်မှာလဲ”

အဘိုးကြီးသည် သက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း ငြိမ်သက်သွားလေသည်။ အတန်ကြာမှ ...

“ကဲ ... ကျော်ရှင်း၊ အဲဒီနေရာ ငါ့ကို လိုက်ပြစမ်း။ ငါ





သိုက်ကြည့်ချင်တယ်။ နောက်မှ အကြောင်းစုံရှင်းပြမယ်။ ကဲ ... သွား”

“ဟုတ်ကဲ့ အဖေ၊ သိပ်မဝေးပါဘူး”

အဘိုးကြီးနှင့်ကျော်ရှင်း ခပ်သွက်သွက်ခြေလှမ်းများဖြင့် ထွက်သွားကြလေသည်။ သူတို့သားအဖနှစ်ယောက်သည် ရှုပ်ထွေးလှသော တောစိုးသစ်ပင်များကို ခက်ခက်ခဲခဲ တိုးဝှေ့ကျော်ဖြတ်ရင်း တဖြည်းဖြည်းလျှောက်လာကြလေရာ ကိုက်တစ်ရာခန့်အကွာအဝေးအထိ လျှောက်ခဲ့ကြလေသည်။

ထို့နောက် မြေကွက်လပ်တစ်ခုဆီသို့ ရောက်သွားကြလေသည်။ ထိုအခါမှ အဘိုးကြီးသည် ပြောင်ရှင်း၍ သန့်ပြန့်သော အိမ်ဝိုင်းတစ်ဝိုင်းအမျှ မြေပြောင်ပြောင်ကွက်လပ်တစ်ခုကို ဘွားခနဲ တွေ့လိုက်လေသည်။

ပြောင်ချောညီညာသော ကျောက်ပြဉ့်ကဲ့သို့ ညီညာမာကျောသော သန့်ရှင်းလှသော မြေကွက်ကလေးသည် လူတို့ပြုပြင်ထားသည့်အလား သဲတစ်မှုန်မှမရှိပဲ ရှင်းပြောင်နေခြင်းပင်တည်း။ သစ်ရွက်သစ်ခက်များ အမှိုက်စများပင် ထိုမြေပြင်ပြောင်ပြောင်ပေါ်တွင် တင်ကျန်မနေခြင်းက အံ့သြစရာပင်။

“အဖေ ... အဲဒီမြေပြောင်ပြောင်က ဘာလဲဟင်”

အဘိုးကြီးသည် အံ့သြတကြီးမျက်နှာဖြင့် ခေါင်းတစ်ချက်ညိတ်ပြီး အဓိပ္ပာယ်ပါပါဖြင့် ကျော်ရှင်းကို ကြည့်လိုက်လေသည်။

“ဘယ်မှာလဲ မင်းပြောတဲ့ တွင်းပေါက်တစ်ပေါက်ဆိုတာ”

“ဟိုမှာလေ ... အဖေရ ...”

ကျော်ရှင်းပြရာဆီသို့ အဘိုးကြီး၏အကြည့်က ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြေပြောင်ပြောင်ကွက်လပ်၏ အစွန်းဖက်တစ်နေရာတွင် လက်သီးဆုပ်ခန့် တွင်းပေါက် (ဂယ်ပေါက်) တစ်ခုကို တွေ့လိုက်ကြရသည်။

"ဒါ . . . တော်တော်ဆန်းကြယ်တယ် ကျော်ရှင်း။ လူကြီးသူတွေပြောတဲ့ စကားတွေက ဟုတ်နေလောက်ပြီကွာ။ လူကြီးတွေမျက်ရမ်းမှန်းဆပြောခဲ့တာ မဟုတ်ဘူးဆိုတာ သေချာတယ်။ ဒီလို လူသူမနီး၊ ယာတောတွေ၊ ခြံတွေနဲ့ ဝေးလှတဲ့တောခေါင်ခေါင်အလယ်မှာ ဟောဒီမြေကွက်လပ်နဲ့ တွင်းပေါက်က တော်တော်ဆန်းကြယ်တယ်။

ဘာဖြစ်လို့ ဒီလိုဖြစ်နေရတာလဲ။ ကဲ . . . မဟုတ်သော်ရှိ ဟုတ်သော်ရှိ မပြေးသော် ကန်ရာရှိရမယ်ကွာ။ မင်း လှည်းဆီကိုပြေးပြီး ပစ္စည်းတွေပြန်ယူ။ ငါ ဒီကပဲစောင့်တော့မယ်။ နေဝင်တော့မယ်။ မြန်မြန်ပြန်လာနော် ကျော်ရှင်း။ မင်း အစားအသောက်နည်းနည်းနဲ့ ရေပုလင်းယူလာခဲ့။ ဖန်ခွက်၊ ပန်းကန်ပြားပါပစေ။

တောရဲ့ပရိယာယ်ဆိုတာ ကျယ်ပြန့်တယ်။ ငါတို့မသိတာ တွေအများကြီးရှိတယ်ကွ။ သွား . . . မြန်မြန်။ တောပိုင်တောင်ပိုင်တွေ ကိုပသ,ဖို့အတွက်ပေါ့။ တို့အတွက် အကျိုးမယုတ်စေရပါဘူးကွယ်။ အားလုံးဟာ သုံးဆယ်တစ်ဘုံမှာ ကျင်လည်နေကြရတဲ့ သတ္တဝါချည်းပဲ။

သူတို့ကို တလေးတစားနဲ့ တုံ့ပြန်ရင် ဂရုစိုက်ရင် သူတို့လည်း ကျေနပ်နှစ်သက်ကြမှာပဲကွ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မှာ တို့ဟာ သူတို့ပိုင်နက်ထဲ ရောက်နေပြီလေ။ ကဲ . . . နောက်မှ ငါဆက်ရှင်းပြမယ်။ မင်းသွားတော့။ မြန်မြန်ပြန်လာနော် . . . ကျော်ရှင်း"

ကျော်ရှင်းလှစ်ခနဲထွက်သွားသည်။ အဘိုးကြီးတစ်ယောက်တည်း အတွေးကိုယ်စီဖြင့် ဘယ်ဆက်လုပ်ရမည်ကို တွေးတောရင်





ကျန်ရစ်ခဲ့လေသည်။

ခဏကြာလျှင် ကျော်ရှင်းပြန်ရောက်လာလေသည်။ သူ့လက်ထဲတွင် ချိုင့်ချည်ခဲဖွယ် . . . ပန်းကန်ပြား . . . . သောက်ရေအချို့ပါလာသည်။

ထို့နောက် အဘိုးကြီးသည်ပစ္စည်းများကို မြေပြောင်ပြောင်အလယ်တွင်စီချရင်း . . .

"ကဲ . . . ကျော်ရှင်း . . . တောစပ်မှာ ငှက်ပျောရိုင်းပင်တွေ တွေ့ခဲ့တယ် . . . ငှက်ပျောရွက်သွားခူး . . . စမ်းချောင်းမှာရေဆေးယူခဲ့ . . . သေသေချာချာဆေးနော် . . . မြန်မြန်"

"ဟုတ်ကဲ့ . . . အဖေ"

ကျော်ရှင်း ပြန်ထွက်သွားပြန်သည်။

အဘိုးကြီးသည် ပါလာသော မုန့်အချို့များကို ပန်းကန်ပြားပေါ်တွင် သပ်သပ်ရပ်ရပ် သေသေချာချာ ထည့်လေသည်။ သောက်ရေသန့်သန့်ဖြင့် တွင်းပေါက်ကြီးကို ရေဆေးသန့်စင်ပြီး ရေလောင်းပေးလေသည်။ ထို့နောက် ဖန်ခွက်ထဲသို့ သောက်ရေအပြည့် ထည့်လေသည်။

ထိုအချိန်တွင် ကျော်ရှင်းသည် ရေဆေးပြီးစ ငှက်ပျောဖက်များနှင့် ပြန်ရောက်လာလေသည်။ အဘိုးကြီးသည် ငှက်ပျောရွက်သန့်သန့်များပေါ်မှ မုန့်ပဲသရေစာ ရေသန့်ခွက်တို့ကို ချခင်းလေသည်။

ထို့နောက် တတ်သမျှမှတ်သမျှ တောပိုင်နှင့်တကွ ဘုမ္မာစိုး၊ အာကာသစိုး၊ တောလမိုင်း တောင်လမိုင်းနှင့် ဤအရပ်ဒေသတွင် နေထိုင်ကြကုန်သော မြင်အပ်မမြင်အပ် ပရလောကနွယ်ဝင် သတ္တဝါတို့ကို သဒ္ဓါကြည်ဖြူစွာတင်လှူ၍ မြိန်ရှက်စွာစားသုံးကြရန်နှင့် အမျှပေး



www.burmeseclassic.com

www.burmeseclassic.com



ဝေလေသည်။

ထိုအချိန်တွင် တောတွင်းရှိ သစ်ပင်အချို့သည် လေပြင်း တိုက်ခတ်သည့်ပမာ တရှဲရှဲ မြည်ကြွေးရင်း တဝေါဝေါအော်သံကြီးများ ကို ကြားလိုက်ရသည်။ ထူးထူးခြားခြားဖြစ်သွားသည့် ဖြစ်စဉ်များ တော့ ကျော်ရှင်း သတိပြုမိလေသည်။ အဘိုးကြီးကတော့ ရွတ်ဖ သရဇ္ဈာယ်ခြင်းအမှုကို အာရုံနှစ်ထားသောကြောင့် သတိမပြုမိချေ။

✿ ✿ ✿

| ၂ |

❑

အမှောင်သည် တဖြည်းဖြည်း အိပ်ပြိုကျလာသည်။ သစ်ပင် များ ချုံပုတ်များ ပတ်ဝန်းကျင်သည် သိပ်သည်းကျစ်လစ်လှသော အမှောင်အောက်တွင် ငြိမ်သက်နေကြ၏။ သစ်ရွက်ကြားမှ တိုးဝင်လာ သော လေပြည်သည် နွေခင်းပိုင်းကကဲ့သို့ ပူလောင်ခြင်းမရှိတော့ပဲ အေးမြသောလေကြောင့် စိုစိုပြည်ပြည်ဖြစ်လာသည်။

တောသည် နက်ရှိုင်းသောအမှောင်ဖြင့် တိတ်ဆိတ်လာလေ ပြီ။ နက်ရှိုင်း၍ တစ်စတစ်စအေးမြကာ ကြောက်မက်ဖွယ်ကောင်းသော အမှောင်ထုသည် သူတို့အားလုံးကို ပွေ့ဖက်နွတ်ဆက်လိုက်ခြင်းဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုလေးဦးသည် နွားနှစ်ကောင် သစ်ပင်တစ်ပင် အောက်တွင် ချည်နှောင်ရင်း မိမိမကျွမ်းကျင်သော မိမိအရပ်မဟုတ် သော ပတ်ဝန်းကျင်၏ လှည်းလမ်းကြောင်းဘေးတွင် တစ်ညတာ ကုန်ဆုံးရပေတော့မည်။ ဘာဘဲဖြစ်ဖြစ်၊ နောက်တစ်နေ့ မိုးလင်း တော့ လှည်းဝင်းရိုးအသစ်တပ်ဆင်ပြီး ခရီးဆက်နိုင်ဖို့ အရေး သည်။

နွေကျောင်းပိတ်ရက် ခြံလုပ်ငန်း၊ ယာလုပ်ငန်း အားလပ် တွင် သားများ၊ တူများကို ရှင်ပြုရန်အတွက် ဦးသာတိုးနှင့် ဇနီးမယ ...တို့သည် သမီးသဒ္ဓါဖြူနှင့် သားကျော်ရှင်းတို့ကိုခေါ်ကာ မြို့တက်၊ ဝယ် လှည်းဖြင့်ပြန်လာကြရာမှ လမ်းခုလတ်တွင် လှည်းဝင်ရိုးကျိုး ခရီးဆိုင်းငံ့ခဲ့ရခြင်းဖြစ်ပေသည်။

တစ်နည်းအားဖြင့် သူတို့ကျေးလက် မိသားစုသည် ...ဖြင့် ရင်းနှီးရာမွေ့ခဲ့ရသော အကျိုးအမြတ်ဖြင့် ကုသိုလ်ကောင်းမှုပြု ကြခြင်းဖြစ်သည်။

သူတို့သည် မနက်စောစောပိုင်းကပင် မြို့ဈေးတွင် လို... သည်များကို စုဆောင်းဝယ်ယူပြီး ကိုယ်ပိုင်လှည်းဖြင့် မြို့မှထွက်ခဲ့ မိုင်နှစ်ဆယ်ခရီးကြမ်းကို ဖြတ်ကျော်လာကြခြင်းဖြစ်သည်။ မြို့မှထွက် လာကြတော့ မွန်းတည့်နေပြီ။

အတွေးကိုယ်စီဖြင့် ငြိမ်သက်နေစဉ်မှာပင် အမှောင်သည် တဖြည်းဖြည်း နက်ရှိုင်းအိပ်ပြုကျလာလေသည်။

ညအမှောင်ထဲတွင် အမျိုးအမည်ခွဲခြားမရနိုင်သော တော... များ၏ရန့်က တစ်မျိုးလှပနေသည်။ ကောင်းကင်တွင် ကြယ် မှိန်... သာမြင်နေရသည့် သာမောဖွယ်ညတစ်ညဖြစ်သော်လည်း အလှ...





...နိုင်။

သည်လိုနှင့် အမှောင်က တဖြည်းဖြည်း နက်ရှိုင်းလာကာ ...အိပ်ချိန်သို့ပင် ရောက်လာလေသည်။ ဦးသာတိုးတို့မိသားစုသည် ...ပင်အောက်ရှိ ဝန်စည်စလွယ်တွေကြားတွင် ဖြစ်သလိုအိပ်စက်ရန် ...ဆင်ကြရသည်။ အဘိုးကြီးကတော့ ဘုရားစာကို ခပ်တိုးတိုးရေ ...နေလေသည်။

သဒ္ဓါဖြူသည် မြို့မှဝယ်လာသော ခြောက်တိုင်ထုပ် ဖယောင်း ...တစ်တိုင်ကိုထုတ်ယူကာ လေကွယ်ရာတွင် ထွန်းညှိလိုက်လေသည်။ ...ခပ်ဝေးဝေးတွင်တော့ နွားနှစ်ကောင်သည် စားမြုံ့ပြန်ရင်း အမြီး ...ယမ်းဖြင့် ပုဆစ်တုပ်လှဲနေကြသည်။ ကျော်ရှင်းသည် နွားနှစ် ...ကောင်နှင့်ခပ်ဝေးဝေး သစ်မြစ်ခွဆုံတွင် နေရာတကျ ခပ်ကွေးကွေး ...နေသည်။ အဘွားကြီးကတော့ စောစီးစွာကပင် ခရီးပမ်းသဖြင့် ...ပျော်သွားလေပြီ။

ညဉ့်အမှောင် နက်ရှိုင်းစပြုလာသည့်တိုင်အောင် လုံးဝမအိပ် ...နိုင်နေသူနှစ်ဦးမှာကား ဦးသာတိုးနှင့် သဒ္ဓါဖြူသာဖြစ်ပေသည်။ ကျော် ...ကတော့ လူငယ်ပီပီ အလုပ်အများဆုံးလုပ်ရပြီး အပင်ပန်းဆုံးမို့ ...ချလိုက်သည်နှင့် ချက်ချင်းပင် အိပ်ပျော်သွားလေသည်မှာ တခေါ ...ပင် ဟောက်၍နေပေပြီ။

ဦးသာတိုးသည် မေတ္တာသုတ်တော်ကို သံနေသံထားဖြင့် ...ကပ်ပေါင်းမြောက်များစွာ ရွတ်ဖတ်ပူဇော် သရဇ္ဈာယ်နေခြင်းဖြစ် ...၊ အသံနေအသံထားနှင့် နာပျော်ဘွယ်ရှိလှသော ဦးသာတိုး၏ ...သည် တိတ်ဆိတ်နေသည့် ညဉ့်ယံကိုဖောက်ကာ ပတ်ဝန်းကျင် ...ကြည်နူးဖွယ် ပျံ့လွင့်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယေန ဝိန်ညူ ပရေ အုပ ဝဒေယျံ
သုခိနော ဝ ခေမိနော ဟွန်တု
သဗ္ဗသတ်တာ ဘဝန်တု သုခိတတ်တာ
ယေကေစိ ပါဏ ဘူတတ်ထိ
တသာ ဝါ ထာဝရာ ဝ နာ
သေသာ

ဦးသာတိုးသည် ရွာဦးကျောင်းဆရာတော်ထံတွင် ပဋ္ဌာန်းပါဠ်ထိ တက်ခဲ့ဖူးပေရာ ပရိတ်ကြီး(၁၁)သုတ်ကို ကျောင်းကျောင်းမြေး ရွတ်ဆိုနိုင်ပြီး ပါဠိ–နိဿယကို အရည်ကျိုသောက်လုနီးနီး ကျွမ်းကျင်နေ မှန်းကို သူ၏ဖတ်ရွတ်သံကို ကြည့်ခြင်းအားဖြင့် ခန့်မှန်းနိုင်ပေသည်။

သူသည် မေတ္တာသုတ်ကိုချည်း အခေါက်ပေါင်း မည်မျှကြာအောင် ရွတ်ဖတ်နေပြီပင် မသိတော့ပေ။ ပတ်ဝန်းကျင်ရှိ မိသားစု အားလုံး အိပ်ပျော်သည့်အနေအထားကိုသိလို၍ ရွတ်ဆိုရင်း အကဲခတ် ကြည့်ရာ အားလုံး အိပ်ပျော်နေလေပြီ။ သဒ္ဓါဖြူပင် သက်နှမရိကွာ ထားသော တောင်းတစ်တောင်းနားတွင် ခွေခွေကလေး အိပ်ပျော်နေ သည်။

သူသည် မေတ္တာသုတ်ကို အဆုံးအထိရွတ်ဆိုလိုက်ပြီး ရပ်နား လိုက်လေသည်။ မှိန်ပျပျ ဖယောင်းတိုင်မီးအလင်းအောက်တွင် ပင်ပန်း ကြီးစွာအိပ်ပျော်နေလေသော မိသားစုကိုကြည့်ကာ နောက်တစ်နေ့မနက် မိုးလင်းလျှင် မည်သို့စခန်းသွားရမည်ကို စဉ်းစားကာ စိတ်ထွေပြား လျက်ရှိလေသည်။

ထိုအချိန်ရောက်ခါမှပင် သူသတိရလိုက်သော အရာတစ်ခု ရှိ လေသည်။ ၎င်းအရာကား ဆေးလိပ်သောက်ရန်တည်း။ ဆေးလိပ်





သောက်ရန် မေ့လျော့နေသည်အထိ ဦးသာတိုး၏စိတ်တွေ အာရုံတွေ ပြားနေတာ အမှန်ပင်။ နောက်တစ်နေ့မိုးလင်းလင်းချင်း လှည်းဝင်ရိုး အသစ်လဲလှယ်ရန် လိုအပ်သည်မဟုတ်ပါလား။

သူသည် အိတ်ထောင်ထဲမှ မီးခြစ်နှင့်ဆေးလိပ်ကို နှိုက်ယူ သည်၊ မီးခြစ်ခြစ်သည်။ မီးခြစ်ခြစ်၍ မီးတောက်ကလေး ယိမ်းထိုးနေ စဉ်မှာပင် အမှောင်ထုကိုဖောက်ကာ ခပ်အုပ်အုပ်အသံများကို ကြား လိုက်ရပါသည်။

ဦးသာတိုးသည် နားထဲသို့ ရုတ်ခြည်းဝင်ရောက်လာသော ဆူ ညံညံအသံဗလံများကြောင့် လက်ကြားတွင်ညှပ်ထားသော ဆေးလိပ် ကိုကို ဆက်သောက်ရမလား၊ ဒါမှမဟုတ် ပစ်ချလိုက်ရမလား ကြောင် အမ်းအမ်းဖြစ်သွားပြီး မသောက်ဖြစ်သေးဘဲ အသံလာရာဆီသို့ အထိတ် တလန့် နားစွင့်နေမိလေသည်။

ထိုအသံများသည် သူ့ဘယ်လိုမှ မျှော်လင့်မထားသော လူသူ မနီး တောအုပ်အလယ်ညဉ့်မှောင်မှောင်မှ လူသံသူသံနှင့်တိရစ္ဆာန်အသံ များပင်တည်း။ ထိုအသံများ တဖြည်းဖြည်း ကျယ်လောင်နီးကပ်လာ သောအခါ ထိုအသံများသည် သူ့အား မိန်းမူးရီဝေအောင်၊ အံ့ဩတကြီး ဖြစ်အောင်၊ အထိတ်တလန့်ဖြစ်အောင် ဖမ်းစားညို့ယူလိုက်ပါပြီ။

ဦးသာတိုးသည် ထိုအခါမှ ဆေးလိပ်သောက်ဖို့ သတိရသွား ပြန်ကာ အားရပါးရဖွာရှိုက်ရင်း သူ၏မိသားစုကို အကဲခတ်လိုက်လေ သည်၊ ထိုအချိန်အထိ သူ၏မိသားစုသည် အပူအပင်ကင်းမဲ့စွာ အိပ် ပျော်လျက်ရှိလေသည်။ ကျော်ရှင်းသည် တခွီးခွီးဟောက်နေတုန်းပင်။

သူသည် စောစောကကြားလိုက်ရသော လူသံသူသံများကို ငိုရိုမ်မှုတစ်ဝက်၊ အံ့ဩမှုတစ်ဝက်ဖြင့် နားစိုက်နေစဉ်မှာပင် ထိုအသံ



www.burmeseclassic.com

www.burmeseclassic.com



များသည် ပိုမိုကျယ်လောင်လာကာ နီးကပ်လာလေသည်။ ကိုက်သုံးဆယ်မျှပင် မဝေးတော့ချေ။ သို့သော် ရှုပ်ထွေးနက်မှောင်သော တော၏အခြေအနေကြောင့်သာ မည်သည့်အသံများဖြစ်ကြောင်း ခွဲခြားမရခြင်းသာဖြစ်သည်။

ထိုစဉ် အသံဗလံများဆီမှ လွင့်စဉ်ဖြာကျလာသော တုတ်မီး (လက်နှိပ်ဓာတ်မီး) အလင်းရောင်သည် နက်မှောင်သော တောချုံပုတ်များ၊ ထူထပ်သောသစ်ပင်များကို တိုးဖြတ်ကာ ဖျတ်ခနဲဖျတ်ခနဲ ပေါ်လာလေသည်။

ဦးသာတိုးသည် အသက်ကို ပြင်းပြင်းမရှူရဲတော့ဘဲ အသံများကို နားစိုက်ထောင်နေမိတော့သည်။ ယောကျ်ားအုပ်စုတစ်စု အော်ဟစ်ငေါက်ငမ်းသံများ၊ တစ်ဦးနှင့်တစ်ဦး ဆဲဆိုသံများနှင့်အတူ နွားတစ်ကောင်၏ တဘူးဘူးတဘဲဘဲအော်သံကို ကြားလိုက်ရခြင်းပေတည်း။

သူသည် အသံဗလံများကို နားစွင့်နေရာမှ သူ၏နွားနှစ်ကောင်၏အခြေအနေကို လှမ်းကြည့်မိလိုက်သေးသည်။ နွားနှစ်ကောင်ကတော့ မလှုပ်မယှက် ဝပ်စင်းနေဆဲ။ သို့သော် သူတို့၏အမြီးများက တဖျပ်ဖျပ်လှုပ်ကာ ခြင်မောင်းနေဟန်ရှိသည်။

ထိုဆူဆူညံညံအသံများသည် တခြားတစ်နေရာဆီသို့ ရွေ့လျားမသွားတော့ဘဲ သူတို့လှည်းဝိုင်းနှင့် ကိုက်ခြောက်ဆယ်ခန့်အကွာတွင် ရပ်တန့်နေလေသည်။ သို့သော် အော်ဟစ်မောင်းမဲသံများ၊ နွားအော်သံများ၊ လက်နှိပ်ဓာတ်မီးများ တဖျတ်ဖျတ်အလင်းရောင်စူးစူးများကိုတော့ မြင်နေရသေးသည်။

ဦးသာတိုးသည် ပထမတော့ တွေဝေသွားသေးသည်။ နောက်မှ အသိတစ်ခု ဖျတ်ခနဲဝင်လာသည်။ ထိုအသိသည် သူတို့မိသားစုအတွက်





'အဖော်' ဟူသော အသိပင်တည်း။ လူဟူသော သတ္တဝါသည် ဒုက္ခရောက်နေချိန် အကူအညီလိုအပ်နေချိန်တွင် အဖော်ကောင်းကို တမ်းတတတ်သည်မဟုတ်ပါလော . . .။

ထို့ကြောင့် ဦးသာတိုးသည် ဆူဆူညံညံအသံများကြောင့် 'ခရီးသွားအဖော်' တွေ အချိန်လွန်ကာ ရောက်လာတာပဲဟုတွေးကာ 'အင်းအဖော်ကောင်းတော့တွေ့လေပြီ။ နတ်သိကြားများ မ,ပေတာပဲဟု ပီတိဖြစ်ကာ အားတက်သွားလေသည်။

ယောကျ်ားသံများ၊ နွားအော်သံများက တဖြည်းဖြည်း ကျယ်လောင်လာလေသည်။ ထိုအသံများကြောင့် ကျော်ရှင်းသည် အိပ်ရာမှ ရုတ်တရက်နိုးလာကာ ပတ်ဝန်းကျင်ကို ပြူးတူးပြူးတူးကြည့်ရာ ထိုင်နေသော သူ၏ဖခင်ကို တွေ့ရလေသည်။

"အဖေ . . . ဘာသံတွေလဲဟင်"

"လူသံတွေပေါ့ကွ"

ကျော်ရှင်းသည် အသံလာရာဆီသို့ ငေးမျှော်ကြည့်လိုက်သည်။

"အဖေ . . . နွားအော်သံတွေလည်း ကြားနေရတယ်။ ဘာတွေလဲမသိဘူးဗျ"

ဦးသာတိုးသည် ဆေးလိပ်ကို တစ်ဖွာနှစ်ဖွာ ရှိုက်လိုက်လေသည်။ သူ၏အသက်ရှူသံမှာ တိတ်ဆိတ်နေသော ညထဲတွင် ပိုမိုကျယ်လောင်လာသည်။

"ခရီးသွားတွေ ထင်ပါရဲ့ကွာ။ တို့အတွက် အဖော်ရတာပေါ့။ နက်ဖြန်မှ သွားပြီး နှုတ်ဆက် အကူအညီတောင်းရတာပေါ့ကွယ်"

ကျော်ရှင်းသည် ဘာမှပြန်မပြောတော့ဘဲ အသံဗလံတွေလာ



www.burmeseclassic.com

www.burmeseclassic.com



ရာဆီသို့သာလျှင် နားစွင့်မြဲစွင့်၍ နေလေသည်။ ထိုအချိန်တွင် အသံဗလံတွေဆီမှ နွားမောင်းသံ၊ အော်ဟစ်ဆူညံသံတွေ အဆက်မပြတ် ထွက်ပေါ်လာနေလေသည်။ လက်နှိပ်ဓာတ်မီးအရောင်များကလည်း တဖျတ်ဖျတ် ဝေ့ခနဲဝေခနဲဖြင့် တောစိုးသစ်ပင်များပေါ်သို့ ကျရောက်နေလေသည်။

"အဖေ ... ခရီးသွားတွေဆိုရင် ကျွန်တော်တို့အတွက် အကူအညီရတာပေါ့နော်။ အခုသွားကြည့်ရင် ကောင်းမယ်ဗျ။ မဝေးပါဘူးဗျာ"

"နေပါစေ ... ကျော်ရှင်းရာ။ သူတို့လည်း သူတို့ကိစ္စနဲ့သူတို့ ရှုပ်နေကြမှာပါ။ ကိုယ်ပါသွားရင် ကိုယ့်အတွက်နဲ့ တာဝန်ပိုနေပါ့မယ် ကွယ်။ မနက်မိုးလင်းမှ သွားနှုတ်ဆက်ပြီး အကူအညီတောင်းကြတာပေါ့။ အနည်းဆုံး ရွာတစ်ရွာတော့ လမ်းညွှန်ကောင်းပါရဲ့။ ကဲ ... မင်းလည်းအိပ်ချေတော့"

ကျော်ရှင်းသည် ဦးသာတိုးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ညဏ်မှောင်မိုက်မှုက ပိုမိုခွန်အားပြည့်ဖြိုးလာသည်။ သစ်ပင်ကြီးများ၏ ရွေ့လျားနေသော အရိပ်သဏ္ဍာန်သည် အ‹မှာင်ထဲတွင် တိတ်တဆိတ် ငြိမ်သက်နေသည်။

"အဖေ ... သူငယ်အိပ်ချိန်ကျော်လာပြီ။ ခုနစ်စဉ်ကြယ်တောင် အမြီးကော့လာပြီ။ အဖေလည်း အိပ်တော့လေ"

သားအဖနှစ်ယောက်သည် မည်သည့်စကားမှမဆိုကြတော့ဘဲ ငြိမ်သက်သွားပြန်လေသည်။ သူတို့အဖို့ လောလောဆယ် အဖော်ကောင်းလိုသည်မဟုတ်ပါလား။ တောကြီးခေါင်ခေါင်ထဲတွင် ခရီးသွားဖော်တွေ့ရသည်က နွေးထွေးမှုတစ်ရပ်၊ အင်အားတစ်ရပ်ပင်ဖြစ်ပေသည်။





ဦးသာတိုးသည် အိပ်ငိုက်ချင်သော်လည်း မအိပ်ချင်သေးဘဲ ဆေးလိပ်ကို တစ်ဖွာနှစ်ဖွာ ရှိုက်ဖွာလိုက်လေသည်။ ကျော်ရှင်းကတော့ အိပ်စက်ရန် လုံချည်ကိုပင် ခေါင်းမြီးခြုံလိုက်၏။

ဦးသာတိုးသည် ဆေးလိပ်ကို အားရပါးရ ဖွာရှိုက်နေရာမှ တို့၍ အရည်ပျော်စပြုနေသော ဖယောင်းတိုင်အသစ်တစ်တိုင်ကို ထပ်မံထွန်းညှိလိုက်ပြန်ပါသည်။ တစ်စတစ်စ ညည့်နက်လာလေလေ အအေးဓာတ်က ပိုလာလေလေဖြစ်သည်။ တောခြင်ရိုင်းများ၊ ဖြုတ်ကောင်များကလည်း တစီစီညာသံပေးကာ သူတို့မိသားစုကို ကိုက်ခဲစပြုလာပြီဖြစ်သည်။

ထိုအချိန်တွင် စောစောက တစ်ဖက်တောစပ်မှ ဆူညံနေသော လူသံသူသံများလည်း ငြိမ်သက်စပြုနေပြီး သစ်ပင်ကြိုသစ်ပင်ကြားမှ တောကောင်ကလေးများ၏ အော်မြည်သံ၊ တစ်ခါတစ်ရံ သစ်ပင်တွေကြားမှ ဖြတ်သန်းပျံသွားသော ငှက်မှုဆိုးများ၏ တောင်ပံခတ်သံ စသည်တို့ကိုသာ ကြားနေရလေသည်။

တိတ်ဆိတ်လွန်းလှသော ထိုနေရာတွင် ထိုအသံတွေက တုန်လှုပ်ချောက်ချားမှုကို အနည်းနှင့်အများ ဖြစ်ပေါ်စေပါသည်။ သိမ်ငယ်အားငယ်မှုကိုဖြစ်စေသည်မှာ ဓမ္မတာဖြစ်သည်။

သူသည် ဆေးလိပ်ကိုဖွာရှိုက်ရင်း တောင်တောင်အီအီ စဉ်းစားနေဆဲမှာပင် တောတစ်တောလုံးသည် လေတိုးသံဖြင့် ရုတ်ခြည်း ဆူညံလာသည်။ တဝေါဝေါလေတိုက်သံတွေကြောင့် ဦးသာတိုးသည် လန့်ဖျတ်သွားကာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားပြန်သည်။

ဦးသာတိုးသည် ဆေးလိပ်ကိုကိုင်ရင်း ထိုင်ရန်း ထရန်း အယောင်ယောင်ဖြစ်သွားသည်။ သူ၏မိသားစုကို လှမ်းကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



တုပ်တုပ်မျှမလှုပ်နိုင်အောင် အိပ်မောကျနေပြီဖြစ်သည်။ နွားတွေကတော့ ငြိမ်သက်လျက်။

ထိုစဉ် သူ၏မြင်ကွင်းထဲသို့ ရောက်လာသော ခိုးခိုးခစ်ခစ် ရယ်သံများနှင့်အတူ မိန်းမပျိုကလေးနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဦးသာတိုးသည် မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ့တစ်ကိုယ်လုံးရှိသွေးလည်ပတ်မှုများ ရပ်တန့်သွားသလို ဖြစ်သွားမိသည်။ ပြူးကျယ်သွားသော သူ၏မျက်လုံးများသည် မျက်တောင်ခတ်ရန်ပင် မေ့လျော့သွားပြီး ပါးစပ်အဟောင်းသားနှင့် အသံပင်မထွက်နိုင်အောင် အံ့ဩသွားခြင်းဖြစ်သည်။

ကောင်မလေးနှစ်ယောက်သည် တခစ်ခစ်ရယ်မော စကားတပြောပြောနှင့် ဦးသာတိုးတို့မိသားစုရှိရာသို့ ညင်သာသော ခြေလှမ်းများဖြင့် အေးအေးလူလူ လျှောက်လှမ်းလာခြင်းဖြစ်ပေသည်။ ကောင်မလေးနှစ်ယောက်သည် ဖျက်ကျယ်သော တောင်းပြန့်ပြန့်တစ်လုံးစီကိုင်ကာ ဝင်လာကြခြင်းဖြစ်သည်။ တောင်းတွေထဲမှာ ဘာမှရှိဟန်မတူပါ။

ဦးသာတိုးသည် ဆေးလိပ်ကို ပစ်ချလိုက်လေသည်။ ကောင်မလေးနှစ်ယောက်ကို စူးစမ်းသော မျက်ဝန်းများဖြင့် စိုက်၍ကြည့်သည်။

သူမတို့သည် ပြုံးရွှင်သော မျက်နှာထားများဖြင့် ဦးသာတိုးရှိရာသို့ တန်းတန်းမတ်မတ် ဝင်လာလေသည်။ တစ်ယောက်က အရပ်မြင့်မြင့်မားမားနှင့်ဖြစ်ပြီး တစ်ယောက်က အရပ်အနည်းငယ်နိမ့်ပါသည်။ ဒါပေမဲ့ နှစ်ယောက်စလုံး ဆံပင်ရှည်ရှည်များကို စုစည်းမထားကြဘဲ နောက်ကျောဖက်သို့ နွယ်ရိုင်းများသဖွယ် ဖြန့်ဝဲထားလေသည်။





"အဘတို့လှည်းဝိုင်းကိုမြင်လို့ ကျွန်မတို့ ဝင်လာကြတာပါ"

"ဟုတ်လား ...။ အေး ...အေး ...လာကြပါကွယ်။ အဘတို့လှည်းက ညနေက ဝင်ရိုးကျိုးသွားတော့ ခရီးမဆက်နိုင်တော့ဘဲ သောင်တင်နေကြတာလေ"

ဦးသာတိုးသည် ကောင်မလေးနှစ်ယောက်ကို အကဲခတ်ရင်း နေရာထိုင်ခင်းပေးလေသည်။ သို့သော် မြေပြောင်ပြောင်ရှိပြီး နေစရာသတ်သတ်မှတ်မှတ်မရှိပေ။

ဦးသာတိုးသည် လှည်းဝိုင်းရှေ့မြေကွက်လပ်တွင် ကောင်မလေးနှစ်ယောက်ကို နေရာထိုင်ခင်းပေးလိုက်လေသည်။ သူသည် လူသူမနီးညဉ့်နက်နက်တောကြီးအလယ်တွင် ကောင်မလေးနှစ်ယောက်ကို အေးအေးလူလူပုံစံဖြင့် တွေ့လိုက်ရသဖြင့် ထူးဆန်းအံ့ဩနေပြီး စောစောကကြားနေရသော လူသံသူသံ၊ နွားအော်သံများကိုပင် သတိမထားမိတော့ပဲ မေ့လျော့သွားပေသည်။

အဆိုပါကောင်မလေးတွေက ထိုဆူဆူညံညံ လူစုလူဝေးဆီကထွက်လာသော ကောင်မလေးနှစ်ယောက် ဖြစ်နိုင်သည်ဟူသော အတွေးမျိုးကို စဉ်းစားမိသေးလေသည်။

"ကျွန်မတို့က ညနေဈေးရောင်းပြီး ရွာကိုပြန်ကြတဲ့ ဈေးသည်တွေပါ ဦးလေး။ ဒါကြောင့် ခုကတည်းက တောလမ်းကိုလျှောက်မှ နက် ၂ နာရီလောက် ရွာကိုပြန်ရောက်မယ်လေ။ ရွာရောက်မှ အနားယူပြီး အိပ်ကြရမှာ"

ဦးသာတိုးသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်လေသည်။

"ညဉ့်နက်လှပါပကောကွယ် ...သမီးတို့"

ဟု ကရုဏာဖြင့် ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လမိုက်လို့ပါ ဦးလေးရဲ့။ ည ၂ ချက်တီးလောက်ပဲ ရှိဦးမှာပါ"

"ဟုတ်ပါတယ်ကွယ်။ ဘယ်လိုပဲဖြစ်ဖြစ် သမီးတို့အတွက် ပြောတာပါ။ အန္တရာယ်ကြီးပြီး ပင်ပန်းလိုက်တာကွယ်"

ဟု ကောင်မလေးနှစ်ယောက်ကိုကြည့်ပြီး ကရုဏာသက်မိသွားလေသည်။ သည်လို ညအမှောင်လမိုက်မိုက်မှာ တောလမ်းခရီးကိုဖြတ်ပြီး နေ့တဓူဝ ဝမ်းရေးအတွက် အလုပ်လုပ်နေရသည့် ကလေးလေးနှစ်ယောက်ကို သားသမီးချင်းကိုယ်ချင်းစာကာ သနားကြင်နာသွားမိခြင်းသာဖြစ်သည်။

ထို့ပြင် ရုပ်ရည်ချင်းဆင်တူသဖြင့် ညီအစ်မအရင်းဟု သဘောပေါက်မိလိုက်ပေသည်။ ငယ်ရွယ်ချောမောသော မိန်းကလေးတွေတန်း ညအမှောင်အောက်မှာ အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုအတွက် ကရုဏာသက်စရာဖြစ်ရပါသည်။

"အဘ စိတ်မကောင်းပါဘူး တူမတို့ရယ်"

ညီအစ်မနှစ်ယောက်အနက် အကြီးမလေးဟုထင်ရသော ကောင်မလေးက တစ်ချက်ပြုံးလိုက်လေသည်။ သွက်လက်ချက်ချာလည်း ရပါသည်။ ကောင်မလေးနှစ်ယောက်စလုံး၏အပြုံးက အပြစ်ကင်းစင်လှသည်။ ထူးခြားချက်မှာ သူမတို့နှစ်ယောက်စလုံး၏မျက်ဝန်းများမှာ ဖယောင်းတိုင်မီးမှိန်မှိန်အောက်တွင် ဝိုင်းစက်လှပါပြီ ထူးခြားစွာ တောက်ပနေခြင်းဖြစ်သည်။

ဦးသာတိုးသည် ကောင်မလေးနှစ်ယောက်၏ ရုန်းကန်လှုပ်ရှားရသော ဘဝအခြေအနေကြောင့် သူ၏ လောလောဆယ် ကြုံတွေ့နေရသော ဒုက္ခဆင်းရဲကိုပင် မေ့ပျောက်သွားမိလေသည်။





ထိုသို့ အချီအချ စကားပြောနေကြသော အသံများကြောင့် အဘွားကြီးနှင့်ယှဉ်လျက် အိပ်ပျော်နေသော သဒ္ဒါဖြူမှာ ရုတ်တရက် လန့်နိုးသွားလေသည်။ သူမသည် ကောင်မလေးနှစ်ယောက်ကို တွေ့လိုက်ရသောအခါ အံ့သြတကြီးဖြစ်သွားပြီး အိပ်နေရာမှ ထ၍ထိုင်လေသည်။

သဒ္ဒါဖြူသည် တောခေါင်ခေါင် ညသန်းခေါင်ကြီးမှာ ရုတ်တရက်ရောက်လာသော အမျိုးသမီးနှစ်ယောက်ကို အထူးအဆန်းသဖွယ်ဖြစ်သွားပုံရသည်။

"အဖေ ... ဘယ်သူတွေလဲဟင်"

"ဪ ... သမီးရေ ... ဟောဒီကအစ်မတွေက ညနေပိုင်းမြို့ဈေးက ဈေးရောင်းပြီးပြန်လာကြတာတဲ့။ ရွာအထိ လမ်းလျှောက်ပြီးပြန်ကြမယ့် ကလေးမတွေလေသမီးရဲ့။ ဒီမှာ အဖေတို့လှည်းဝိုင်းက မီးရောင်တွေ့လို့ ဝင်လာကြတာတဲ့။ လာ ... အစ်မတွေနဲ့ စကားလာပြောလေ သမီးရဲ့"

သဒ္ဒါဖြူသည် အိပ်ရာမှလူးလဲ၍ ထထိုင်ပြီး စကားပြောရန် ရှေ့သို့တိုးလာ၏။ ထိုအချိန်တွင် ကျော်ရှင်းကပါ နိုးလာပြန်သည်။ အဘွားကြီးကတော့ ဆက်၍အိပ်ပျော်နေဆဲပင်ဖြစ်လေသည်။

"ဪ ... အစ်မတို့ရယ်၊ မိုးကြီးစုပ်စုပ်ချုပ်လှပါပကော"

ဟု သဒ္ဒါဖြူက ကရုဏာဖြင့်ပြောသည်။

အမျိုးသမီးနှစ်ယောက်စလုံး ပြုံးလေသည်။ အစ်မကြီးဖြစ်ဟန်တူသူက သဒ္ဒါဖြူကို တောက်ပသောမျက်ဝန်းအစုံဖြင့် ကြည့်ရင်း ငြိမ်ချမ်းစွာ စကားဆိုလေသည်။

"အစ်မတို့အဖို့တော့ ဒီခရီးလမ်းက နေ့စဉ်နဲ့အမျှ ရိုးလှ



www.burmeseclassic.com

www.burmeseclassic.com



နေပါပြီကွယ်။ ညနေဖက် မြို့ဈေးမှာဈေးရောင်း ပြန်လာ။ ဒီလိုပဲ တောလမ်းကနေ လျှောက်ပြန်လာရတာပဲကွယ်။ အင်း ... မနက် နေမမြင့်ခင် အိပ်ရာထ၊ ဒီလိုပဲ အလုပ်နဲ့လက်မပြတ်အောင် လုပ်နေကြရတာပါကွယ်''

သဒ္ဒါဖြူသည် အကြင်နာမျက်ဝန်းများဖြင့် အမျိုးသမီးနှစ်ယောက်ကို ငေးမောကြည့်နေသည်။ ရှည်လျားသောဆံပင်များကို ထုံးနှောင်ထားခြင်းမရှိဘဲ နောက်ကျောဖက်သို့ ဖြန့်ဝဲချထားပြီး စိမ်းမှောင်သော မျက်ခုံးတန်းများ၊ တောက်ပသောမျက်ဝန်းများကို ငေးကြည့်ရင်း 'တော်တော်ချောမောလှပတဲ့ အစ်မကြီးတွေပဲ' ဟု ရင်ထဲမှ တိုးတိုးပြောနေမိလေသည်။

''သြော် ... ဟုတ်လား။ ကျွန်မတို့လည်း ဒီလိုပါပဲအစ်မရယ် ဈေးမရောင်းရတာ တစ်ခုပါပဲရှင်။ ယာထဲမှာ မြေပဲစိုက်၊ ထင်းခွေတာပါပဲ။ သြော် ... အဖေ ဟောဒီကအစ်မတွေကို မုန့်ကလေးတာလေး ကျွေးပါဦးအဖေရဲ့။ လုပ်ပါ။ ဓာတ်ဘူးထဲမှာ ရေနွေးတွေရှိသေးတယ်အဖေ။ သြော် ... အစ်မတို့ရဲ့ သောက်ကြပါရှင်။ မုန့်တွေလည်း စားကြပါနော်''

ဦးသာတိုးသည် ထိုအခါကျမှပင် ပျာပျာသလဲဖြစ်သွားပြီး ...

''ဟုတ်ပေသားပဲ မေ့တတ်ရန်ကောကွယ်''

ဟု ညည်းညူရင်း တောင်းထဲမှ မုန့်အချို့များကို ထုတ်၍ အမျိုးသမီးနှစ်ယောက်ကို ကျွေးမွေးလေသည်။ သဒ္ဒါဖြူကတော့ ရေနွေးဓာတ်ဘူးထဲမှ ရေနွေးများဖြင့် ဖန်ခွက်ထဲသို့ထည့်ကာ ဧည့်ခံသည်။

သဒ္ဒါဖြူသည် ရက်စနီးဟန်ဖြင့် တစ်ချက်ပြုံးလိုက်ပြီး ...

''သြော် ... ကျွန်မကို တစ်မျိုးတော့ မထင်ကြပါနဲ့နော်





အစ်မတို့နှစ်ယောက်စလုံးကလေ လှလိုက်ကြတာနော်။ ဓာတ်ရှင်မင်းသမီးတွေတောင် အရှုံးပေးကြရမယ်။ အစ်မတို့ ကျွန်မ မသိလို့ ပြောမိ ယ်ပဲ သဘောထားကြပါရှင်။ သြော် ... မုန့်တွေလည်း စားကြပါ။ ရေနွေးလေးလည်း သောက်ကြပါ''

''ရပါတယ်ကွယ် ... ပြောပါ။ လွတ်လွတ်လပ်လပ်ပြောပါ။ အစ်မတို့သိတာ ဖြေပါ့မယ်။ စိတ်မဆိုးပါဘူး။ ညီမလေးကလည်း လှတာပါပဲကွယ်''

သဒ္ဒါဖြူသည် သူမကို 'လှတယ်' ပြောသဖြင့် အကျေနပ်ကြီးကျေနပ်သွားကာ မုန့်တွေကို အတင်းကျွေးလေတော့သည်။ အမှန်တော့ သဒ္ဒါဖြူသည် ချောမောလှပသူတစ်ယောက်ဖြစ်ပါသည်။ ရွှေရင်သိမ်း ... ဆယ့်ခြောက်နှစ်ကျော်ကတည်းက အချောအလှတွေ စုဝေးလာ ... တစ်ရွာလုံးတွင် အချောအလှဆုံးဖြစ်လာသည်။ စိတ်ဝင်စားသူတွေ များလာသည်။

''သြော် ... အစ်မတို့က ဘယ်ရွာကလဲဟင်။ ကျွန်မတို့က အရပ်ကမဟုတ်ဘူး''

အမျိုးသမီးအကြီးမကြီးက သဒ္ဒါဖြူကို တစ်ချက်စိုက်ကြည့် ... ပြုံးလိုက်လေသည်။ ထို့နောက် မဆိုင်းမတွ ဖြေလေသည်။

''အစ်တို့က ပန်တော်ဖြူရွာကပါ''

သဒ္ဒါဖြူသည် တွေဝေ၍ ကြည့်လိုက်လေသည်။ ပန်တော်ဖြူ ... ကို သူမ မကြားဖူးပေ။ ထိုရွာ ဘယ်နေရာမှာရှိမှန်းပင် မသိချေ။

''ဟုတ်လား အစ်မ။ ပန်တော်ဖြူရွာကို ဒီကနေ ဘယ်လို ... ရသလဲဟင်''

''ပန်တော်ဖြူရွာကို ဒီကနေ လှည်းလမ်းအတိုင်းသွားရင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပါတယ် ညီမလေး။ ရေဝတီမြစ်ကမ်းနဲ့ နီးတယ်လေ။ ခရမ်းခြေကျေးရွာ၊ လက်ပံကုန်းကျေးရွာ အဲဒီရွာနှစ်ရွာကိုကျော်ရင် ပန်းတော်ဖြူရွာကိုရောက်ရော''

သဒ္ဒါဖြူသည် ညီအစ်မနှစ်ယောက်စလုံးကို ရွှန်းရွှန်းစားစား ကြည့်လိုက်လေသည်။

''ဒီနေရာကနေ တော်တော်ဝေးသလားဟင်''

တစ်ချိန်လုံး ငြိမ်သက်နေသော ညီမက ...

''ဘာလဲ ... ညီမက အစ်မတို့ဆီကို လာလည်မှာလား''

သဒ္ဒါဖြူသည် သွက်လက်စွာ ခေါင်းညိတ်လိုက်လေသည်။ ထိုအချိန်တွင် ဦးသာတိုးသည် သူတို့အချင်းချင်း စကားပြောနေသည်။ နွားထောင်ရင်း ထောင့်တစ်နေရာတွင် ခပ်ကွေးကွေးလှဲနေလေသည်။

''လာလည်မှာပေါ့ အစ်မတို့ရယ်။ အစ်မတို့က ခင်မင်စရာကောင်းပါတယ်။ သဘောလည်း ကောင်းကြတယ်လေ။ အစ်မတို့လို လူမျိုးတွေဆီကိုလာမလည်ရင် ဘယ်သူ့ဆီကို ကျွန်မ သွားလည်ရမှာလဲ''

သဒ္ဒါဖြူ၏စကားဆုံးတော့ ညီအစ်မနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးကြရယ်ကြပြန်လေသည်။ ညီမနှစ်ယောက်နှင့် သဒ္ဒါဖြူသည် တစ်ခဏချင်းမှာပင် ငယ်ပေါင်းကြီးဖော်များပမာ၊ ဆွေမျိုးရင်းခြာများပမာ ရင်းနှီးကျွမ်းဝင်သွားလေသည်။

''အို ... စကားတွေကောင်းနေကြလိုက်တာ အစ်မတို့ရဲ့ အစ်မတို့နာမည်မေးဖို့တောင် မေ့နေတယ်။ နာမည်ကလေးများ ပြောပါဦးနော်''

အမျိုးသမီးနှစ်ယောက် သဒ္ဒါဖြူတည်ခင်းကျွေးသော မုန့်များကို တို့ကနန်းဆိတ်ကနန်းစားရင်း ...

''အစ်မနာမည်က တင်တင်ကွယ့်။ ဟောဒီညီမနာမည်က ခင်ခင်။ ညီမလေးနာမည်လည်း ပြောပါဦး''

သဒ္ဒါဖြူက လှစ်ခနဲ ပြုံးလိုက်လေသည်။

''ကျွန်မနာမည်က သဒ္ဒါဖြူတဲ့ရှင့်''

''အို ... လှလိုက်တဲ့ နာမည်လေး။ လူကလည်းလှ၊ နာမည်ကလည်းလှ''

ဟုပြောကာ တင်တင်သည် သဒ္ဒါဖြူကို မွေ့ဖက်လေသည်။

''ဟုတ်ပါရဲ့ မမရယ်၊ သဒ္ဒါဖြူဆိုတဲ့နာမည်ကလေးက နာမည်နဲ့လူနဲ့ လိုက်ဖက်ပါပေရဲ့နော်။ မိဘတွေက မှည့်လည်း မှည့်တတ်ပါပေတို့ မမရယ်''

ညီအစ်မနှစ်ယောက်သည် သဒ္ဒါဖြူ၏လက်မောင်းကို တရင်းတနှီးဆုပ်ကိုင်၍ ဝမ်းသာအားရ ပြောကြလေသည်။ သဒ္ဒါဖြူသည် သူမအား လှပကျော့ရှင်းပြီး ကျက်သရေရှိသော အလှပိုင်ရှင်များဖြစ်သည့် တင်တင်နှင့်ခင်ခင်တို့က စိတ်အရင်းခံအတိုင်း ချီးမွမ်းခန်းဖွင့်ကြသောအခါ မျက်နှာမထားတတ်အောင်ရှိနေရင်း တောနက်ထဲမှာ ဒုက္ခသုက္ခရောက်နေရသည့် အဖြစ်အပျက်များကိုပင် မေ့လျော့သွားမိသည်။

''အစ်မတို့က အဲဒီ ဆူဆူညံညံအသံတွေဆီက မဟုတ်ပါဘူးနော်''

''မဟုတ်ပါဘူးကွယ်။ အစ်မတို့က သပ်သပ်ပါ''

တင်တင်တို့ညီအစ်မသည် ဦးသာတိုးပြောသမျှကို အလေးအစား နားထောင်နေကြပြီး လူသံသူသံ တိရစ္ဆာန်သံများကိစ္စကို ဂရုစိုက်ဟန်မပြဘဲ သဒ္ဒါဖြူနှင့်သာ ဆက်လက်၍ အလှအကြောင်း ရှာ







www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတို့ကို ဆက်၍ပြောနေကြသည်။

ထိုသို့ ရောက်တတ်ရာရာ ပြောဆိုနေကြစဉ် လေတစ်ချက် တိုက်လိုက်သဖြင့် ဖယောင်းတိုင်မီးသည် ဟုပ်ခနဲ တစ်ချက်ငြိမ်းသွားလေသည်။

"ဟောတော့ . . . အရေးထဲ ဖယောင်းတိုင်မီးက ငြိမ်းသွားပြီပါပြီ။ အဖေရေ . . . မီးခြစ်ခဏလောက်နော်"

သဒ္ဒါဖြူသည် ထိုင်ရာမှထကာ အိပ်ပျော်စပြုနေသော ဦးသာတိုးဆီမှ မီးခြစ်ကို မမီမကမ်း လက်ကမ်းလိုက်လေသည်။ သို့သော် မီးခြစ်ယူပြီး ဖယောင်းတိုင်မီးထွန်းရန် ပြင်ဆင်လိုက်သောအခါ ဖယောင်းတိုင်မီးလင်းနေသည်ကို တွေ့လိုက်ရ၍ အံ့အားတသင့်ဖြစ်သွားပြီး . . .

"ဘုရားရေ . . . ဖယောင်းတိုင်မီးက ဘယ်လိုလုပ်ပြန်လင်းလာပါလိမ့်"

ထိုအခါ တင်တင်က . . .

"ခင်ခင် . . . ထွန်းလိုက်တာလေ"

ဟု ရယ်မောကာ ပြောလေသည်။ ဖယောင်းတိုင်နှင့် သူထိုင်နေသောနေရာသည် လက်နှစ်တံကျော်ကျော် ကွာဝေးပါသည်။ ဘယ်လိုများ ဖယောင်းတိုင်မီးကို ထွန်းညှိလိုက်ပါလိမ့်။ သူမတို့မှာ မီးခြစ်ပါရဲ့လားမသိဟု စိတ်ထွေပြားစွာ စဉ်းစားနေစဉ် တင်တင်တို့ညီအစ်မသည် သဒ္ဒါဖြူ၏ ကြောင်စီစီအမူအရာကိုကြည့်ပြီး ခိုးခိုးခစ်ခစ် ရယ်ကြပြန်လေသည်။ ထိုအခါ သဒ္ဒါဖြူကပါ ရောယောင်ရယ်မောရင်း တွေရာလေးပါး ဆက်ပြောပြန်သည်။

"အစ်မတို့ပန်တော်ဖြူရွာကို လိုက်လည်မယ်နော်"

"လာလည်ပါ ညီမလေးရယ်။ ဖိတ်ခေါ်ပါတယ်"





"အစ်မတို့ရွာမှာ ဘာတွေပေါသလဲဟင်"

ခင်ခင်က . . .

"ပန်းတွေပေါပါတယ်။ လိုချင်တဲ့ပန်း၊ ကြိုက်တဲ့ပန်းသာ ပြောပါတယ်။ အစ်မတို့က မြို့ကို ပန်းပို့ရတယ်ဆိုတော့ ရွာမှာ လူတိုင်းလိုလို ပန်းစိုက်ကြတယ်၊ ယာလုပ်ကြတယ်လေ"

"ဪ . . . ဟုတ်လား။ ကျွန်မက ပန်းသိပ်ကြိုက်တာ အစ်မရဲ့၊ သိပ်ပျော်စရာကောင်းမှာပဲနော်"

"အစ်မတို့ရွာက သိပ်ကိုပျော်စရာကောင်းတာပေါ့။ ရောဝတီမြစ်ကမ်းနဲ့ နီးတယ်လေ"

"လာလည်မယ်နော် အစ်မ"

တင်တင်သည် ခေါင်းတစ်ချက်ညိတ်ကာ ရှုးရှတောက်ပြောင်သော မျက်ဝန်းများဖြင့် သဒ္ဒါဖြူကို ကြည့်လိုက်သည်။ ထို့နောက် အနည်းငယ်ပြုံးရင်း . . .

"လာလည်ပါ ညီမလေး။ ဪ . . . အစ်မတို့လည်း ရွာကို ဆက်ပြန်ရဦးမယ် သဒ္ဒါဖြူရေ။ သက်ကြီးခေါင်းချချိန် ရောက်တော့မယ်။ ညီမလေးတို့အလှူကိုဖိတ်တာလည်း ကျေးဇူးတင်ပါတယ်။ လာပါ့မယ်။ သဒ္ဒါတရားကြီးမားတဲ့ ညီမလေးတို့မိသားစုကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်မှာပါကွယ်။

ဪ . . . ဒါထက် လှည်းဝင်ရိုးကျိုးသွားတာ မပူနဲ့နော်။ ရွာရောက်ရင် လူတစ်ယောက်လွှတ်ပြီး ဝင်ရိုးအသစ်တစ်ချောင်း ပို့ပေးလိုက်မယ်နော်"

"ကျေးဇူးတင်လိုက်တာ အစ်မတို့ရယ်။ အစ်မတို့ကျေးဇူးကို မမေ့ပါဘူး။ ကျွန်မတို့က ဒီခရီးကို တစ်ခါမှသွားဖူးတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နွားလှည်းနဲ့ ဒီတစ်ခါပဲ သွားဖူးတာပါ။ ရောဝတီမြစ်ကြောင်းအတိုင်း သင်္ဘောနဲ့ သွားကြတာချည်းပါပဲ။ ခုမှ အလှူရှိတာနဲ့ သယ်စရာပစ္စည်းတွေကလည်း များလွန်းတာကြောင့် လှည်းနဲ့လာကြတာပါ။ အစ်မတို့ လှူအလှူတ်ကို စောင့်နေမယ်နော်''

''စိတ်ချပါကွယ် ...။ လှူတစ်ယောက်လှူတ်ပြီး ပို့နိုင်းလိုက်ပါ့မယ်။ သြော် ... အားလုံးကို နှုတ်ဆက်လိုက်ပါတယ်။ ဦးလေးတို့ အိပ်မောကျနေကြပြီထင်တယ်''

သဒ္ဒါဖြူသည် ဦးသာတိုးတို့ဖက်သို့ လှမ်းကြည့်လိုက်လေရာ မည်သည့်တုံ့ပြန်သံမှ မကြားရတော့ဘဲ ငြိမ်ချက်သားကောင်းကာ အိပ်ပျော်နေလေပြီ။

''ကဲ ... သွားမယ် သဒ္ဒါဖြူရေ။ သြော် ... ညီမလေးတို့ကို ပြောရဦးမယ်။ ဒီနေရာကနေ ဘယ်မှမရွေ့နဲ့နော်။ ဘာကိုမှလည်း မကြောက်ကြနဲ့။ ဒီနေရာကနေ ဘယ်ကိုမှမသွားရင် ဘာမှမဖြစ်ဘူး ကွယ့်။ မနက်မိုးမလင်းမချင်း ဒီနေရာကမရွေ့ဖို့ အရေးကြီးတယ်နော်''

သဒ္ဒါဖြူသည် အိမ်ပြန်ရန် ပြင်ဆင်နေပြီဖြစ်သော တင်တင်နှင့်ခင်ခင်တို့ ညီအစ်မခါးကိုဖက်၍ တရင်းတနှီး နှုတ်ဆက်လေသည်။

ထိုအချိန် သဒ္ဒါဖြူသည် အမျိုးအမည်ခွဲခြားမရသော ဆွတ်ပျံ့ ယစ်မူးမွှေးအီလှသော ပန်းရနံ့တစ်မျိုးသည် ထူးထူးခြားခြား သင်းပျံ့ နေသည်ကို သတိပြုမိလေသည်။ တောပန်းတွေဟာ ခေါင်သီဝေးလံလှ တဲ့ တောနက်ကြီးထဲမှာလည်း အလှေကျပေါက်နေတတ်တာပဲလေဟု တွေးလေသည်။

''စိတ်ချပါရှင် ...။ ကျွန်မတို့ ဒီနေရာကနေ ဘယ်ကိုမှ မရွေ့ပါဘူး။ ဘယ်မှလည်း မသွားတတ်ဘူးလေ။ မနက်မိုးလင်းခါမှ





ရွာကိုဘယ်လိုပြန်ရမယ် ခရီးဆက်ရမယ်ဆိုတာ စီစဉ်ရမှာပေါ့''

ထိုအချိန်တွင် သက်ကြီးခေါင်းချချိန် ရောက်ရှိပေပြီ။ တောနက် ထဲမှ ကြက်တွန်သံမကြားရသော်လည်း ခုနစ်စဉ်ကြယ်ကတော့ အမြီး ထောင်နေပြီဖြစ်သည်။

''ကဲ ... ညီမလေးရေ၊ ဒါဆို အစ်မတို့ သွားတော့မယ်။ ဘုန်းဝင်ရိုးအတွက် လှူကြုံလှူတ်လိုက်မယ်ကွယ့်''

ဟုပြောရင်း တင်တင်က နှုတ်ဆက်စကား စတင်ဆိုလေသည်။

တင်တင်နှင့်ခင်ခင်သည် ပါလာသော ခေါင်းရွက်တောင်းများ ကို ကိုယ်စီကိုယ်ငဆွဲယူကာ သိပ်သည်းနက်မှောင်လှသော အမှောင်ထု ထဲသို့ တိုးဝင်ပျောက်ကွယ်သွားကြလေသည်။

အမှောင်ထုကား တစ်စတစ်စ နက်ရှိုင်းသိပ်သည်းလာပြီဖြစ် လေသည်။ ဟိုးဝေးဝေး တောစပ်တစ်နေရာတွင် တောခွေးများ၏ အူချက်ချားမွှယ်အူသံကို ကြားနေရသည်။ တောပန်းတွေကတော့ မွှေးထုံ ကြိုင်လှောက်နေဆဲပင်။

သဒ္ဒါဖြူသည် သူမ၏ရှေ့မှောက်မှာပင် အမှောင်ထုထဲသို့ ဖြည်းဖြည်း ရွေ့လျားတိုးဝင်ပျောက်ကွယ်သွားသော ညီအစ်မနှစ် ယောက်ကို ကရုဏာသက်စွာဖြင့် ငေးကြည့်နေမိလေသည်။ ထိုအချိန် တွင် မဖြစ်စလောက်သော ဖရောင်းတိုင်မီး၏အလင်းရောင် မှိန်ဖျော့ ဖျော့အောက်မှာ သူမ၏မိသားစုသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက် ရှိပေ၏။

သူမသည် အသက်ရှင်ရပ်တည်မှုအတွက် ဘဝကို ခက်ခဲစွာ ရုန်းကန်နေရသော ထူးခြားသော အလှူပိုင်ရှင်များဖြစ်သည့် ညီအစ်မ နှစ်ယောက်အကြောင်းကို စဉ်းစားပေးရင်း သူမတို့ တိုးဝင်ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည့် အမှောင်ထုထဲသို့ အားငယ်စိုးရွံ့စိတ်ဖြင့် ငေးကြည့်နေမိလေသည်။

ဘယ်ပုံဘယ်နည်းဖြင့်များ ညီအစ်မနှစ်ယောက်သည် သူတို့ရွာဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မည်လဲဟု ကရုဏာပိုကာ ချောချောမောမောရောက်ပါစေ၊ မသူတော်တွေနှင့် မတွေ့ပါစေနှင့်ဟု ဆုတောင်းနေမိလေသည်။

ညကား ထူပိန်းစေးပျစ်နက်မှောင်ဆဲ။

ညငှက်တစ်ကောင်သည် သူမရှေ့ရှိသစ်ပင်ပေါ်မှ အဝေးသို့ 'ဂီး' ခနဲတစ်ချက်အော်ကာ ရုတ်တရက် ထပျံသွားသဖြင့် သူမ လန့်ဖျတ်သွားမိသည်။ သူမ၏ရင်ထဲတွင် ကရုဏာနှင့်အတူ လေးလံစီးမှုတစ်ခုသည် တမြေ့မြေ့ လောင်ကျွမ်းနေလေသည်။

သဒ္ဒါဖြူသည် လုပကျော့ရှင်းသော တင်တင်တို့ညီအစ်မနှစ်ယောက်၏ဘဝကို ကရုဏာသက်စွာဖြင့် အဲတွေးနယ်ချဲ့မိပြန်သည်။ ထူးခြားသန့်ပြန့်သော ရုပ်ရည်များဖြင့် အဆိုပါညီအစ်မတို့ကို သူမသည် တဒင်္ဂမြင်ရုံမျှဖြင့် မေ့မရအောင် ခင်မင်မိသွားလေသည်။

နေ့တစ်ရက် ညည့်နက်သန်းခေါင်ထိ တောအုပ်ကိုဖြတ်ကာ ရွာကိုပြန်နေရသည့်ဘဝကို စာနာရင်လေးနေမိလေသည်။ တောအလယ်လမ်းမှာ သူခိုး၊ ဓားပြ၊ လူယုတ်မာများနှင့်တွေ့ရပါက ထိုညီအစ်မနှစ်ယောက်၏ဘဝသည် မတွေးဝံ့စရာမဟုတ်လား။ လူဆိုးလူယုတ်တွေတွင် ဦးချိုမပါချေ။

အချိန်နာရီကား မမှတ်မိနိုင်လောက်အောင် ညဉ့်ကား နက်ရှိုင်းစပြုလာပြီဖြစ်သည်။ ဖခင်ဦးသာတိုးပြောသော လူသံသူသံ၊ ခွေးအော်သံတွေ ယခုတော့ ပျောက်ချက်သားကောင်းနေလေပြီ။ တစ်နေရာ





သို့ ရွှေ့ပြောင်းသွားကြပုံရသည်။

ထိုအချိန်တွင် လေပြေကလေးက ဆွဲခါယမ်းလိုက်သလို ဇေ့ယမ်းတိုက်ခတ်လိုက်လေသည်။ တစ်ခါတစ်ရံ ညင်ညင်သာသာ တိုက်ခတ်လာသော လေပြေကလေး၏အသံက သီချင်းတစ်ပိုဒ်ကို မတီးခတ်ခင် အသံစမ်းနေသည်နှင့် တူလေသည်။

မိုးလင်းပိုင်းအရုဏ်ဦးဆီသို့ ရွေ့မျောလာပြီလား။

ညသည် အေးမြစွာ နှုတ်ဆက်တော့သည်။ ကောင်းကင်မှာ ငွေမှုန်ကြဲသလို ကြဲပတ်ထားသော ကြယ်ပြာကလေးတွေကို သစ်ရွက်သစ်ကိုင်းမှ ကျိုးတိုးကြဲတဲ မြင်နေရသည်။ သစ်ရွက်တွေကြားက ကြယ်ရောင်သည် တိတ်ဆိတ်ကာ မှုန်ရီလွန်းလှလေသည်။

မိသားစုအားလုံးသည် ပစ္စည်းပုံတွေကြားမှာ ဖြစ်သလို အိပ်မောကျနေကြလေပြီ။ သည်အချိန်မှာ အပူအပင်မှန်သမျှ သူတို့ မေ့လျော့နေကြပြီ။ သဒ္ဒါဖြူမှာတော့ ရွာရောက်မှ အတိုးချအိပ်စက်ရတော့မည်။ သူမသည် တစ်ချက်သမ်းပေးလိုက်သည့် လေအဝေ့တွင် ဖယောင်းတိုင်မီးက ယိမ်းနွဲ့လှုပ်ရှားသွားသည်။

သူမသည် ခြေဆင်းထိုင်ပြီး ဝန်စည်စလွယ်တစ်ခုကို ကျောမှီနေ ပြင်ဆင်လိုက်စဉ်မှာပင် ချုံပုတ်တစ်ခုနောက်ဆီမှ ခပ်ကြမ်းကြမ်းခြေသံတစ်စုံနှင့်အတူ လှုပ်ရှားမှုတစ်ခုကို မြင်လိုက်ရပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၃ |

သဒ္ဒါဖြူသည် ဝိုးတဝါးအလင်းဖြင့် မြင်လိုက်ရသော လူတစ်ယောက်ကို အံ့ဩတကြီး ငေးကြည့်နေမိရင်း 'အမလေး' ဟုတအော်လိုက်မိမလို ဖြစ်သွားသည်။ ထိုလူရောက်လာပုံမှာ ကောင်းကင်ပေါ်မှ ရုတ်တရက်ကျလာပုံမျိုးဖြစ်သည်။

ချုံကွယ်မှ ထွက်လာသောလူသည် သဒ္ဒါဖြူတို့မိသားစုနှင့် ပစ္စည်းပုံကြီးကို စူးစမ်းသောမျက်ဝန်းများဖြင့် မှုန်ကုပ်ကုပ် စိုက်ကြည့်လေသည်။ ထိုလူ၏ပုံစံမှာ မိုက်ရူးရဲပုံစံမျိုးဖြစ်ပြီး ဘာမဆို လုပ်ရဲကိုင်ရဲမည့် အနေအထားဖြစ်သည်။ ထို့ထက်ပို၍ ထူးခြားလှသော အချက်ကား ထိုလူသည် အရပ်အနေ ၃ ပေခန့်သာရှိသည့် လူပုကလေးဖြစ်နေသောကြောင့်ပင်တည်း။





ထိုလူပုကလေးသည် သူ၏အရပ်အမောင်းထက် ရှည်လျားကြီးမားသော လှည်းဘီးဝင်ရိုးတစ်ချောင်းကို ထမ်းပိုးပြီး သဒ္ဒါဖြူကို ခမိုတ်မသုန် စိုက်ကြည့်နေပြန်ရာ သူမမှာ လန့်ဖျတ်သွားပြန်လေသည်။

"သဒ္ဒါဖြူဆိုတာ နင်လား"

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

လူပုကလေးထံမှ အသံသြသြ နက်ကျော့ကျော့ကြီး ထွက်ပေါ်လာရာ သဒ္ဒါဖြူမှာ ကြောက်စိတ်ဝင်ပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့် ခေါင်းညိတ်လိုက်မိလေသည်။ လူပုကလေးသည် လှည်းဝင်ရိုးကြီးကို ထမ်းလျက်ကပင် သဒ္ဒါဖြူတို့ လှည်းဝိုင်းဆီသို့ တဖြည်းဖြည်း လျှောက်လာလေသည်။ ထို့နောက် မြက်ပုတ်များပေါ်သို့ လှည်းဝင်ရိုးတံကို အသာအယာချလိုက်၏။

သဒ္ဒါဖြူသည် စကားဆိုရန် မဝံ့မရဲဖြင့် လူပုကလေးကို အံ့ဩတကြီး ငေးကြည့်နေမိလေသည်။ လူပုကလေး၏အသက်ကို ခန့်မှန်းရသည်မှာ မလွယ်ကူပေ။ ဆံပင်ပုံစံမှာ ကျီးကန်းအသိုက်ကဲ့သို့ ဖွာလန်ကြဲနေကာ ဘုတ်သိုက်ကြီးဖြစ်သည်။

မျက်နှာအချိုးအစားမှာ ဆယ်ပြားစေ့ကဲ့သို့ လေးထောင့်စပ်စပ်ဖြစ်ပြီး ကြီးမားကျယ်ပြန့်လှသော ပါးစပ်ကြီးက မြင်တွေ့ရသူအဖို့ကို မရယ်ချင်ဘဲမနေနိုင်သော ဥပမိရုပ်မျိုးဖြစ်ပေရာ သဒ္ဒါဖြူမှာ မရယ်မောမိအောင်ပင် စိတ်ကို ချုပ်တည်းထားလိုက်သည်။ စောစောကဖြစ်ပေါ်နေသော ကြောက်စိတ်များလည်း တဖြည်းဖြည်း လွင့်ပါးသွားလေသည်။

ထို့နောက် သူမသည် လုံချည်တိုတို ဝတ်ဝတ်ဆင်ထားသော လူပု၏ခြေထောက်ကို ငုံ့ကြည့်လိုက်မိပြန်ရာ လန့်ဖျတ်အော်ဟစ်မိမတတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသော်လည်း စိတ်ကို ချုပ်တည်းထားလိုက်ရပြန်ပါသည်။ သို့မဟုတ် ပါက စိတ်လွတ်ကိုယ်လွတ် အော်ဟစ်မိမည် အမှန်ပင်။

ကိုလှပု ခြေဖဝါးကြီးများက တစ်တောင်ခန့်ရှည်လျားပြီး ခြေဖမိုးအကျယ်မှာ တစ်မိုက်ခန့်ကျယ်ပြန့်လှသည်။ သူ၏အရပ်အမောင်းနှင့်ယှဉ်ကြည့်ပါက လွန်စွာ အချိုးအစားညီညာမှုမရှိဘဲ ပုံပန်းမကျနှင့် ကာတွန်းရုပ်ကဲ့သို့ ဖြစ်နေပေသည်။

လူစင်စစ်က ဖားပြုပ်ဘဝသို့ ကူးပြောင်းလာတာလား။ ဒါမှမဟုတ် ဖားပြုပ်ဘဝမှ လူစင်စစ်ဘဝသို့ ကူးပြောင်းခဲ့ပြီလား မသိရပေ။ ဘာဘဲဖြစ်ဖြစ် လူတစ်ပိုင်း ဖားပြုပ်တစ်ပိုင်း လူတစ်ယောက်ဟုဆိုကာ မှားနိုင်ဖွယ်မရှိချေ။

ကိုလှပုသည် သဒ္ဒါဖြူက သူ့ကို အကဲခတ်ကြည့်ရှုနေသည်ကို ကောင်းစွာ နှစ်မြို့က်လိုလားပုံမရဘဲ ကျယ်ပြန့်ကြီးမားသော ပါးစပ်ကြီးကိုဖြဲဟလျက် ...

"ကျုပ်တာဝန် ကျေပြီ။ ပြန်တော့မယ်။ မမကြီး၊ မမလေးတို့ကို ဘာမှာဦးမှာလဲ။ မမကြီးတို့က မှာချင်တာမှာပါလို့ အမှာပါးလိုက်တယ်"

ထိုအခါကျမှ သဒ္ဒါဖြူသည် အသက်ဝင်လာသူပမာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ...

"ဩော် ... ဟုတ် ... ဟုတ်ကဲ့ရှင် ... လှည်းဝင်ရိုးပို့ပေးတာ ကျေးဇူးတင်ပါတယ်ရှင်။ မမတင်တင်နဲ့ မမခင်ခင်တို့ကို ပြောပြပေးပါ။ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးလို့။ ကံမကုန်ရင်တော့ မေတို့နဲ့ ပြန်ဆုံချင်ပါသေးတယ်ရှင်"

"ကောင်းပြီလေ ... ကျုပ် သေသေချာချာ ပြောပြလိုက်ပါ့





မယ်။ ကဲ ... ကျုပ်ပြန်ပြီ ... မိန်းကလေး"

ထိုလှပုသည် သဒ္ဒါဖြူကို တစ်ချက်စိုက်ကြည့်ပြီး လာလမ်းအတိုင်း ချာခနဲလှည့်၍ ထွက်သွားလေသည်။ ချုံပုတ်အစပ်သို့ ရောက်သောအခါ သဒ္ဒါဖြူကို နောက်တစ်ကြိမ် သမင်လည်ပြန်လှည့်ကြည့်ပြီးလျှင် ကြီးမားကျယ်ပြန့်သော လက်ဝါးကြီးတစ်ဖက်ကိုထောင်ကာ 'တာ့တာ' လုပ်ပြနှုတ်ဆက်လေသည်။

ထို့နောက် လေထဲတွင် နောက်ကျွမ်းတစ်ပတ်ထိုးကာ အမှောင်ထုထဲသို့ လှစ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ထိုလှုပ်ရှားမှုသည် မြန်ဆန်လွန်းလှရကား သူမမှာ အံ့ဩတကြီး ကြက်သေသေငေးကြောင်နေမိလေသည်။

"ဘုရား ... ဘုရား ဘယ်လို ပုံမကျပန်းမကျလူပါလိမ့်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

နောက်တစ်နေ့ အရှေ့ဖက်မိုးကောင်းကင်ဆီမှ အလင်းနှင့် အမှုန်စက်ကလေးများ ပျို့အန်စအချိန်တွင် မိသားစုအားလုံးအိပ်ရာမှ နိုးလာကြလေသည်။ တစ်ညလုံးမအိပ်စက်ဘဲ ငုတ်တုတ်မိုးလင်းသူမှာ သဒ္ဒါဖြူသာလျှင် ဖြစ်ပေလိမ့်မည်။

သဒ္ဒါဖြူသည် အသိရခက်လှစွာသော လှပချောမောသည့် တင်တင်နှင့် ခင်ခင်ညီအစ်မ ...

တိုတောင်းသောအချိန်အတွင်း လှည်းဝင်ရိုးကြီးထမ်းကာ ဝင်လာသော ဖားပြုပ်လိုလူပု ...

၎င်းတို့သည် အတွေးအာရုံထဲမှာ ဖယ်ထုတ်၍ မရလောက်အောင် နက်နက်ရှိုင်းရှိုင်း စိုက်ဝင်နေရလေသည်။





သူမသည် ဖြစ်ပျက်သမျှအလုံးစုံကို မိသားစုဝင်အားလုံးကို ပြောပြလိုက်လေသည်။ ဦးသာတိုးနှင့် ကျော်ရှင်းသည် မြက်ခင်းပေါ် လဲကျနေသော လှည်းဝင်ရိုးအသစ်ကြီးကို အံ့အားသင့်စွာ ငေးကြည့်နေမိသည်။ ထို့နောက် သူတို့သည် ထင်ရာမြင်ရာအမျိုးမျိုးကို ပြောဆိုခင်း လှည်းဝင်ရိုးအသစ် ပြန်လည်တပ်ဆင်နိုင်ရန် တစ်ခဏချင်းမှာပင် အလုပ်ရှုပ်သွားကြလေသည်။

"ကလေးမလေးတွေကို ကျေးဇူးတင်လိုက်တာကွယ်။ နတ်ကောင်းနတ်မြတ်တွေက လူယောင်ဆောင်ပြီးတို့ကို အကူအညီပေးသလား မှတ်ရတယ်ဟေ့"

"ဟုတ်တယ်အဖေ ... တော်တော်အံ့သြဖို့ကောင်းတယ်။ သမီးတော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးအဖေ။ အဲဒီအစ်မတွေက လူသားစစ်စစ်တွေမှဟုတ်ရဲ့လား"

ဟု သဒ္ဒါဖြူသည် ပစ္စည်းတွေကို ပြန်လည်စီစစ်ရင်း အသံတုန်တုန်ရင်ရင်နှင့် ပြောလေသည်။

ထိုအချိန်တွင် ကျော်ရှင်းသည် အပေါ့အပါးသွားရန် တောအတွင်း ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ကွမ်းတရာညက်ခန့်အကြာတွင် ကျော်ရှင်းသည် အူယားဖားယား ပြေးလာလေသည်။

"အဖေ ... အဖေ ... ကျွန်တော်တို့ ကံကောင်းလို့ဗျာ"

ဦးသာတိုးသည် ကျော်ရှင်းကို အထိတ်တလန့်လှမ်းကြည့်လေသည်။

"ဟာ ... အလန့်တကြား ... ဘာများလဲကွာ"

"ဟုတ်ပါရဲ့ နင်ကလည်း အလန့်တကြားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သဒ္ဒါဖြူက စိုးရိမ်တကြီးပြော၏။ သူတို့အားလုံးသည် လုပ်လက်စအလုပ်များကို ရပ်တန့်ကာ ကျော်ရှင်း၏အပြောကို စောင့်နေကြလေသည်။

"အဖေ ...ဟိုဖက်တောစပ်မှာ နွားတစ်ကောင်ကို သတ်ထားတာတွေ့ရတယ်။ ခိုးပြီးသတ်ထားတာထင်တယ်အဖေ။ လူတွေတော့ တစ်ယောက်မှ မရှိတော့ဘူး။ အရက်ပုလင်းခွံတွေကော ရဲတင်းတစ်ချောင်းလည်း တွေ့တယ်အဖေ။ အမဲတွေတော့ဖျက်ပြီး ယူသွားကြပြီထင်တယ်။ ချိုတွေပဲ ကျန်ရစ်တော့တယ်။ သွေးတွေလည်း မြင်မကောင်းပါဘူး အဖေရာ။ နွားသူခိုးတွေလား၊ တားပြဲတွေလားမသိဘူး"

"ဟော ...ဟုတ်လား"

"အမယ်လေး ...ကြောက်စရာကြီးပါလားတော်ရေ"

"ကြောက်လိုက်တာ အဖေ။ သမီးတို့ကံကောင်းလို့"

"ဟုတ်တယ် ...။ ကျွန်တော်တို့ တော်တော်ကံကောင်းသွားတယ်အဖေ။ ကျွန်တော်တို့ ညက တော်တော်ကံကောင်းသွားကြတယ်။ အဲဒီလူတွေကို လူကောင်းထင်ပြီး သွားအကူအညီတောင်းမိရင်တော့ ကျားရှေ့ မှောက်ရက်လဲမှာပဲခင်ဗျ။ ကျွန်တော်တို့ကိုသတ်ပြီး ပစ္စည်းယူမှာသေချာတယ် အဖေ"

အဘွားကြီးသည် ရင်ဘက်ကိုလက်ဖြင့် ဖိနှိပ်ကာ မျက်လုံးပြူးနေလေသည်။

"ဟုတ်ပါရဲ့ ကိုသာတိုးရယ်။ ကျွန်မတို့ ဒုက္ခရောက်တော့မလို့ပါလား"

အဘွားကြီးနှင့် သဒ္ဒါဖြူသည် ကျော်ရှင်းပြောစကားကို အံ့သြတကြီး ငေးကြည့်နားထောင်နေကြလေသည်။ အမှန်ပင် သဒ္ဒါဖြူသည်





သန့်ဖျော့တာ တုန်တုန်ယင်ယင် ဖြစ်သွားလေသည်။ 'ဩော် ...ညီမလေးကို ပြောရဦးမယ်။ ဒီနေရာကနေ ဘယ်ကိုမှ မရွေ့နဲ့နော်။ ဘယ်အရာကိုမှလည်း မကြောက်နဲ့။ ဒီနေရာကနေ ဘယ်ကိုမှမသွားရင် ဘာမှမဖြစ်ဘူးကွယ့်' ဟုပြောလိုက်သော တင်တင်၏အသံကို ပြန်ကြားယောင်ရင်း တစ်ကိုယ်လုံး တုန်ခိုက်မတတ် ကြက်သီးမွေးညင်းထသွားလေသည်။

ဦးသာတိုးသည် ညည့်ဦးပိုင်းက လူသံသူသံဆူဆူညံညံနှင့် နွားအော်သံများကို ကြားမိခဲ့ရာမှ ယခုတော့ ဇာတ်ရည်လည်သွားလေသည်။ အကယ်၍များ လူကောင်းသူကောင်းထင်မှတ်ကာ သွားရောက်၍ အကူအညီများတောင်းမိလေလျှင် မတွေးဝံ့စရာမဟုတ်လား။

"ဟိုညီအစ်မနှစ်ယောက်ရဲ့ ကျေးဇူးတွေက ကြီးမားလွန်းလှပါရဲ့နော်"

ဟု ဦးသာတိုးသည် ညည်းညူရင်းပြောလေသည်။

ထိုအချိန်တွင် နွားလှည်းကိုပြုပြင်ပြီး လှည်းဝင်ရိုးအသစ်တပ်ဆင်ပြီးဖြစ်ရာ လှည်းပေါ်သို့ ပစ္စည်းများကို တင်ကြလေသည်။

သဒ္ဒါဖြူသည် ညီအစ်မနှစ်ယောက် ထွက်ခွာသွားရာ တောတန်းကလေးကို သတိရစွာ လှမ်းကြည့်ရင်း ...

"အမေရယ် ...သူတို့ညီအစ်မနှစ်ယောက်က သိပ်ပြီးထူးဆန်းတာပဲနော်။ ဘယ်သူတွေလဲမသိဘူးနော် အမေ။ လူစစ်စစ်တွေမှ ဟုတ်ရဲ့လား"

မိသားစုအားလုံးသည် သဒ္ဒါဖြူ၏မေးခွန်းကို ရုတ်တရက် မဖြေနိုင်။ သိပ်ထူးဆန်းတာပဲဟုတ်လား။ သိပ်ထူးဆန်းတာပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

❑

ဦးသာတိုး၏ နေအိမ်ညှိုခန်းဖြစ်သော ဘုရားကျောင်းဆောင်ရှေ့တွင် ကျေးရွာရှိ ရပ်မိရပ်ဖများ စုံစုံလင်လင် ရောက်ရှိနေကြသည်။ ဦးသာတိုး၏ အငယ်ဆုံးသားနှစ်ယောက်နှင့် တူတော်မောင်များကို နွေရာသီ ရှင်ပြုပေးရန်အတွက် ရပ်မိရပ်ဖနှင့်တိုင်ပင်ရန် နေအိမ်သို့ ပင့်ဖိတ်ခေါ်ထားသဖြင့် လူစုံလှပေသည်။

သူကြီးဟောင်းဦးသံတုတ်သည် အသက်အရွယ် ကြီးရင့်လာသဖြင့် သူကြီးတာဝန်ကိုစွန့်လွှတ်ကာ ဘုရားတရားနှင့် ပျော်မွေ့နေပြီ။ သူသည် တုတ်ကောက်ကြီးကိုဘေးချကာ ခေါင်းရင်းတည့်တည့်တွင် ကျကျနနထိုင်လျက် ရေနွေးကြမ်းသောက်လျက်ရှိသည်။





သဒ္ဒါဖြူသည် ရွာထဲမှ သူမ၏သူငယ်ချင်းများနှင့်အတူ ညှိသည်များကို လက်ဖက်ကွမ်းဆေး၊ ဆေးလိပ်များဖြင့် ညှိခံကျွေးမွေးရန်အတွက် အိမ်နောက်ဖေးတွင် အလုပ်ရှုပ်နေလေသည်။ မြန်မာ့ကျေးလက်နေ ပြည်သူတို့၏ဓလေ့ထုံးစံအတိုင်း သာရေးနာရေးမှန်သမျှကို စုပေါင်းကူညီတတ်ကြသော ချစ်စဖွယ်ဘဝ စရိုက်အတိုင်းကူညီရန် အဆင်သင့်ဖြစ်နေကြသည်။

လူကြီးများသည် အလှူအတွက် ရက်သတ်မှတ်၍ အစီအစဉ်များကို ဆက်လက်ဆွေးနွေးနေကြလေသည်။ အားလုံး ဆွေးနွေးညှိနှိုင်းပြီးသွားသောအခါ ...

ဦးသာတိုးသည် မြို့မှ သက်န်းပရိက္ခရာဝယ်ယူလာပြီး လမ်းခုလတ်တွင် လှည်းဝင်ရိုးကျိုးသည်မှအစပြုကာ တစ်ညလုံး ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်တို့ကို မြင်သမျှ ကြားသမျှ ခရေစေ့တွင်းကျ စီကာပတ်ကုံး ရှင်းပြလေ၏။

အားလုံးက ခေါင်းတညိတ်ညိတ် ရှိကြလေသည်။ ရပ်မိရပ်ဖများသည် အသက် ၄၀ ကျော်အရွယ်မှသည် အသက်ရှစ်ဆယ်ကျော်အထိ လူများဖြစ်ကြသည်။ အမျိုးသမီးဆို၍ အသက် ၆၀ အရွယ် ဒေါ်ဘုတ်ဆုံသာပါဝင်သည်။

ဦးသာတိုးသည် သူတို့ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာများကို လူတိုင်းစေ့နီးပါး ပြောပြထားပြီးဖြစ်ရာ တစ်ရွာလုံးလိုလို သိရှိနေကြပေပြီ။ သူသည် ထူးဆန်းဖွယ်ရာများဖြင့် ပြည့်နှက်သွားသည့် တစ်ညတာအရေးအခင်းကို သည်လိုလူကြီးစုံရာရှေ့တွင် အားရပါးရ ပြောရလျှင် ဘယ်မှာသွားပြောရမည်နည်း။

ထို့ကြောင့် အကြိမ်ဘယ်လောက်မှန်းမသိရအောင် မမှတ်မိ...



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် အားပါးတရ ပြောလေတော့သည်။

ဧည့်သည်များသည်လည်း သဒ္ဓါပိုစွာ ဧည့်ခံသော ကြက်သွ ကြော်များများ၊ ပုစွန်ခြောက်များများ၊ ဆီရွှဲရွှဲနှင့် လက်ဖက်မွှေး ကိုစားလိုက် သင်းသင်းကလေးအနံ့ထွက်အောင် လှော်ထားသော လ ဖက်ခြောက် (ရှမ်းပြည်မြောက်ပိုင်း) ခပ်ထားသော ရေနွေးကြမ်း သောက်လိုက် ဆေးလိပ်ဖွာလိုက်နှင့် အဆင်ပြေနေကြလေ၏။

သူကြီးဟောင်းဦးသံတုတ်သည် ခေါင်းပေါင်းထားသော မျက်နှာ သုတ်ပဝါကြီးကို ဖြည်ချလိုက်ပြီး အေးဆေးသောလေသံဖြင့် အောက် အတိုင်း တစ်ခွန်းချင်း ပြောလေသည်။

"ဒါနဲ့ နေပါဦးဟဲ့ ... သာတိုးရဲ့။ မင်းပြောတဲ့ တင်တင် ခင်ခင်တို့နေကြတဲ့ ပန်တော်ဖြူရွာဆိုတာ ဘယ်နားလဲဆိုတာ ပြော ပါဦး။ မြန်မာပြည်မှာ ပန်တော်ဖြူဆိုတဲ့ ပန်တော်ဖြူနာမည်တွေနဲ့ မှည့်တာ အနည်းသားကွယ့်"

ဦးသာတိုးသည် ဟက်ခနဲ လည်ချောင်းတစ်ချက်ရှင်းလို ရင်း လက်ဖက်တစ်ဖွန်းကို ပုစွန်ခြောက်များများနှင့်ကော်ကာ ခပ်မှ များ ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။ ပါးစောင်တွင် ဝါးလက်စ ပု ခြောက်တွေက ကပ်နေသဖြင့် တော်တော်နှင့် စကားမဆိုနိုင်သေး။

လည်ချောင်းထဲမှာ နင်၍နေသေးသည်။ ရေနွေးတစ်ခွ ကောက်သောက်လိုက်မှ အဆင်ပြေသွားသည်။ ထို့နောက် လည်ချောင်း တစ်ချက်ရှင်းလေသည်။

"ဧရာဝတီမြစ်အရှေ့ဖက်က ဒရယ်ချောင်းရွာနဲ့ လက်ပံကျ ကျေးရွာကြားလို့ ပြောတာပဲဗျာ။ ကျုပ်တို့လှည်းလည်း ဘယ်နေရာ ကျိုးသလဲတောင် မမှတ်မိတော့ပါဘူးဗျာ။ အဲ ... ဟိုဗျာ ... ကျုပ်





နှစ်ကောင်ရေတိုက်တော့ မြစ်ထဲစီးတဲ့ စမ်းပေါက်တစ်ခုရှိတယ်။ ရေစီးသံတွေတော့ ကြားရတယ်ဗျာ။ ကျုပ်တော့ အဲဒါပဲ မှတ်မိ တယ်ဗျာ။ သေချာပါတယ်။ မြစ်ထဲက ရေစီးသံကြားရတယ်ဗျာ ... တယ်ပါ"

ဦးသံတုတ်သည် တစ်ချက်မှုပြုံးကာ ...

"ဟော့ကောင် ... သာတိုးရ၊ မြစ်ထဲမှာ ရေစီးသံမကြားလို့ ခတ်သံ ကြားရမှာလား"

ဝါးခနဲ ရယ်သံထွက်လာသည်။ ဦးသာတိုးလည်း ရောယောင် ယ်လေသည်။ မည်သည့်အရပ်တွင် သူ၏ လှည်းဝင်ရိုးကျိုးသည့် လည်း သူကိုယ်တိုင်မသိချေ။ ဝေဝေဝါးဝါးသာဖြစ်သည်။ သူသည် အမ်းအမ်းမျက်နှာနှင့် ...

"ဖြစ်ရပ်ကတော့ တကယ့်ကို အံ့မခန်းလိလိပါပဲ သူကြီးရယ်။ ပ် လိမ်လည်လုပ်ကြံပြီး မပြောတုံ့ပါဘူး။ ဘုရားပေးပေး ကျမ်းပေး ပါ။ လျှာဖြတ်တုံ့ပါရဲ့"

ရယ်သံဆုံးသွားသောအခါ ဦးသာတိုးက ဇာတ်ကြောင်းကို က်၍ ပြောပြန်လေ၏။

"အဲ ... ကျုပ်သမီးသဒ္ဓါဖြူကို မေးကြည့်ရင် ပိုကောင်းလိမ့် ။ ကျုပ်တို့အိပ်ပျော်နေချိန်မှာ သူတို့သုံးဦးသား စကားတပြောပြော ရင်းရင်းနှီးနှီး ရှိခဲ့ကြတယ်လေ။ နောက် ... မိချောတို့ကို မေးကြည့် ပိုသိရလိမ့်မယ်။ ဟာ ... မဟုတ်သေးပါဘူး။ မင်းတို့ပြောတာနဲ့ ားတွေ မှားကုန်ပါပြီ။ မိချောက ငါ့လှည်းက နွားမလေးပဲကွ"

တစ်ဝိုင်းလုံး ဦးသာတိုး၏ စကားအမှားတွေကြောင့် ... သာနှင့် ရယ်ကြပြန်လေသည်။ မှန်ပေသည်။ မိချောသည် လှည်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ရန်သာ သီးသန့်ထားသော နွားမလေးတစ်ကောင်သာဖြစ်ပါသည်။ ထို နေ့ညနေက လှည်းဝင်ရိုးကျိုးတော့ မိချောလည်းပါသည် မဟုတ်ပါလား။

ထိုအချိန်တွင် တဝါးဝါးတဟားဟား ရယ်သံများကြောင့် သန္ဒါဖြူသည် သူငယ်ချင်းများနှင့်အတူ အိမ်ရှေ့သို့ ထွက်လာလေသည်။

ထို့နောက် ဖခင်၏ကိုယ်စား အားလုံးကို စိကာပတ်ကုံး ရှင်းလင်းပြောပြလိုက်လေသည်။

သန္ဒါဖြူ၏ စကားဆုံးသွားသောအခါ ဦးသံတုတ်သည် ဦးသာတိုးကို ခပ်ပြုံးပြုံး စိုက်ကြည့်လိုက်လေသည်။ အားလုံးက ဦးသံတုတ် ဘာပြောမလဲဆိုတာကို စိတ်ဝင်တစား နားစိုက်နေကြ၏။

ဦးသံတုတ်သည် လည်ချောင်းတစ်ချက်ရှင်းလိုက်၏။

"တော်တော် ဆန်းကြယ်တဲ့ဖြစ်ရပ်ပဲကွာ သာတိုးရေ၊ အေး တစ်ခုတော့ရှိတယ်။ အဲဒီဒရယ်ခြေကျေးရွာနဲ့ လက်ပံကုန်းကျေးရွာ ကြားက ပန်းတော်ဖြူရွာဆိုတာ မရှိတော့တာ ကြာပြီကွ။ အဲဒီမှာ ရောဝတီမြစ်ကမ်းပါးပြို ဝမ်းရောဂါတွေဖြစ်ပြီး ရွာပြန်မတည်တော့တာ ဒီနေ့အထိပဲ။ အင်း ... ရွာမရှိတော့တာ နှစ် နှစ်ဆယ်မကတော့ဘူး လေ။ ရွာဆိုတာ နာမည်ပဲရှိတော့တာကွ။ ရွာပျက်ကြီးဖြစ်တာ ကြာပြီ၊ အင်္ဂလိပ်ခေတ်ကတည်းက"

"ဟာ ..."

"ဟင် ..."

"အို ..."

"အမယ်လေး ..."

အားလုံး၏အာမေဋိတ်သံများ အံ့ဩတကြီးအသံများ စီခနဲ ညံခနဲ ထွက်ပေါ်လာပြီး ဦးသံတုတ်ကိုတစ်လှည့် ဦးသာတိုးကိုတစ်လှည့်





ကြည့်နေကြလေသည်။ ဦးသာတိုးသည် သောက်လက်စရေနွေးပန်းကန် ကို မသောက်တော့ဘဲ ပြန်ချလိုက်၏။

"ကဲပါ ... သာတိုးရာ၊ မင်းတို့ သူတော်ကောင်းပုဂ္ဂိုလ်တွေ နဲ့ တွေ့တာပါပဲ။ မင်းကို အံ့ဩစရာ ထပ်ပြောရဦးမယ်။ အဲဒီပန်းတော် ဖြူရွာပျက်နားမှာ ခုထက်ထိ စေတီတစ်ဆူရှိသေးတယ်။ အဲဒီစေတီကို ညီအစ်မနှစ်ယောက်တည်ထားတာလို့ ရှေးစကားအဆင့်ဆင့် ရှိခဲ့တယ် ကွ။

ဘာဖြစ်လို့ ငါတိတိကျကျ ပြောနိုင်သလဲဆိုတော့ ငါလူပျို ပေါက်ဘဝတုန်းက အဲဒီ ပန်းတော်ဖြူရွာမှာ သုံးနှစ်လောက် နေခဲ့ရလို့ပဲ သာတိုး။ စောစောကညီအစ်မနှစ်ယောက် ဘုရားတည်တာ ဆက်ပြော ဦးမယ်။ သူတို့က ပန်းသည်တွေ။ ပန်းရောင်းပြီး ပိုက်ဆံစု ဘုရား တည်ခဲ့တယ်လို့ ရာဇဝင်ရှိတယ်။ သူတို့နှစ်ယောက်နာမည်တော့ ငါမေ့ နေတယ်ကွ"

"သြော် ... ဟုတ် ... ဟုတ်ကဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။ အားလုံးဟာ ၃၁ ဘုံ ကျင်လည်ရာ ဘဝများစွာ လည်ပတ်နေကြတာချည်းပဲ။ မင်း အလှူတရားနာပြီး ရေစက်ချတဲ့နေ့ကျရင် မင်းသူတို့ညီအစ်မနှစ်ယောက်ကို ပင့်ဖိတ် အမျှ ဝေဖို့ မမေ့လေနဲ့"

"စိတ် ... စိတ်ချပါ ... သူကြီး။ ညီအစ်မနှစ်ယောက်စလုံး ကိုပင့်ဖိတ်ပြီး အမျှအတန်းဝေပေါ့မယ်"

မင်းဆုန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

မြသွေးရည် ဖောင်ဝင်မြစ်ကမ်းနံဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင်ရပ်ရင်း အဝေးဆီသို့ မျှော်ငေးနေမိသည်။ သူမ မျှော်ငေးနေမိသောအရာမှာ မိန်းမလှကျွန်းဘက်ဆီသို့ဖြစ်သည်။

မြောက်ဘက်မှစီးဆင်းလာသော ဘိုကလေးမြစ်သည် ကျွန်းညိုကြီးကိုဖြတ်ကာ မိန်းမလှကျွန်းကိုဦးခိုက်ပြီး ဖောင်ဝင်မြစ်ထဲသို့ စီးဝင်သွားလေသည်။

ထို့နောက် ဖောင်ဝင်မြစ်နှင့်အတူ ပင်လယ်ထဲရောက်အောင်စီးဆင်းသွားတော့သည်။ ဖောင်ဝင်မြစ်၏ တောင်ဘက်တစ်ကြောတွင်ချဉ်ဒရယ်သစ်တောကြိုးဝိုင်းရှိသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသစ်တောကြိုးဝိုင်းထဲတွင် သစ်တောတန်းလျားရှိသည်။ ထို သစ်တောစခန်းများအနက် မြက်ပြေးစခန်းနှင့် ရေကျော်ကြီးစခန်းတို့ မှာ နာမည်ကြီး သစ်တောစခန်းများဖြစ်သည်။ ထိုသစ်တောစခန်းများ တွင် အစိုးရသစ်တောရုံးများ ဖွင့်လှစ်ထားသည်။

မြက်ပြေးသစ်တောစခန်းမှာ မော်လမြိုင်ကျွန်းမြို့နယ်ထဲတွင် ရှိပြီး ရေကျော်ကြီးသစ်တောစခန်းမှာ ဘိုကလေးမြို့နယ်ထဲတွင် ပါဝင် သည်။ ထိုစခန်းများဆီသို့ ထိုမြို့များမှ တစ်ထပ်သင်္ဘောများ ပြေးဆွဲ ပေးလျက်ရှိရာ သစ်တောစခန်းရှိလူများမှာ သွားရေးလာရေး အဆင် ပြေလှသည်။

သစ်တောထဲတွင် နေရသည်ဆိုပေမဲ့ ရွာများနှင့်မခြား စည် ကား၍နေလေသည်။

တကယ်တော့ မိန်းမလှကျွန်းမှာ ပျဉ်ဒရယ်သစ်တောနယ်နိ မိတ်အတွင်းပါဝင်သော ကျွန်းတစ်ကျွန်းဖြစ်သည်။ မိန်းမလှကျွန်းနှင့် မျက်စောင်းထိုးတွင် ကျွန်းညိုကြီးရှိသည်။

မြသွေးရည်လို မိန်းမလှကလေးတစ်ဦးက မိန်းမလှကျွန်းဘက် ဆီသို့ မျှော်ငေးနေသောအဖြစ်က ထူးခြားဆန်းကြယ်၍နေသည်။ အဝေး ဆီတွင် တောညိုညိုကြီးကို လှမ်းမြင်နေရသည်။ ထိုတောညိုညိုကြီး မှာ ပျဉ်ဒရယ်သစ်တောကြီးဖြစ်သည်။

မြသွေးရည်ကို ထိုပျဉ်ဒရယ်သစ်တောကြီးထဲမှာ မွေးဖွားခဲ့ သည်။ ထို့ကြောင့် မြသွေးရည်မှာ ပျဉ်ဒရယ်သူစစ်စစ်ဖြစ်သည်။

တကယ်တော့ မြသွေးရည်အဖေက ပျဉ်ဒရယ်သစ်တောကြီး အတွင်းရှိ ရေကျော်ကြီးသစ်တောစခန်းမှ တောအုပ်ကြီး ကိုမြမောင် ဖြစ်သည်။ ကိုမြမောင်နှင့် မသွေးခင်တို့မှာ အိမ်ထောင်သက်ဆယ်နှစ်





ကျော်ကြာလာသည့်တိုင် သားသမီးမရခဲ့ပေ။

မှတ်မှတ်ရရ မြသွေးရည်ကလေးကို သူတို့အိမ်ထောင်သက် (၁၂)နှစ်ပြည့်သော အချိန်တွင်မှ မွေးဖွားခဲ့ခြင်းဖြစ်သည်။ မြသွေးရည် မှာ သူတို့ရဲ့ တစ်ဦးတည်းသော သမီးကလေး။

အဝေးဆီတွင်တော့ တောညိုညိုကြီးက စိမ်းညို့နေသည်။ စိမ်းညို့သောတောကြီးက မြသွေးရည်စိတ်ထဲ စွဲထင်လို့နေသည်။ တော ထဲမှာမွေး၊ တောထဲမှာကြီးလာသူမို့ တောကြီး၏အရိပ်က မြသွေးရည် စိတ်ထဲ စွဲထင်လို့နေလေသလား။

ဒါမှမဟုတ် ...

"မိန်းမလှကျွန်းကိုသွားချင်တယ် အဖေရယ်။ အဖေလိုက်ပို့ ပေးပါလား"

မြသွေးရည်က အဖေ့ကို ပူဆာတတ်သည်။

"လိုက်ပို့ပေးမှာပေါ့ သမီးရယ်။ အဖေ ဒီတစ်ခေါက်သစ်တော တိုင်းနဲ့ အဲဒီဘက်သွားရင် သမီးကိုခေါ်သွားပါ့မယ်။ ဒါနဲ့ သမီးက မိန်း မလှကျွန်းကို ဘာဖြစ်လို့သွားချင်ရတာလဲ"

"အဲဒီကျွန်းပေါ်က မျောက်တစ်ရာဘုရားကို ဖူးချင်လို့ပါအဖေ။ ပြီးတော့ မျောက်တစ်ရာကိုလည်း သမီးတွေ့ချင်တယ်"

"ဟော ..."

မြသွေးရည်၏စကားကြောင့် အဖေ အံ့သြသွားသည်။

မျောက်တစ်ရာဘုရားမှာ မိန်းမလှကျွန်းပေါ်ရှိ တောနက်ထဲ တွင်ရှိသော ဘုရားတစ်ဆူဖြစ်သည်။ ထို့ကြောင့် တော်ရုံတန်ရုံလူများ ဖူးတွေ့ခွင့်မရနိုင်ပေ။ မျောက်တစ်ရာစေတီတော်နှင့် မနီးမဝေးတွင် မျောက်အကောင်တစ်ရာရှိသည်။ ထိုမျောက်အကောင်တစ်ရာမှာ သက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



မျောက်များမဟုတ်။ ကျောက်သားဖြင့် ထုလုပ်ထားသော ကျောက်သားမျောက်ရုပ်များဖြစ်သည်။

ထိုကျောက်သားမျောက်ရုပ်တစ်ရာကို အစွဲပြု၍ စေတီတော်ကို မျောက်တစ်ရာစေတီ၊ မျောက်တစ်ရာဘုရားဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

သို့သော် ထိုကျောက်မျောက်ရုပ်များကို တောထဲဝင်၍ရှာဖွေပါက မည်သူမျှရှာမတွေ့နိုင်ကြပေ။ သစ်တောအလုပ်သမားနှင့် တောလိုက်မုဆိုး တချို့တလေ မျက်စိလည်လမ်းမှားပြီး ထိုနေရာသို့ရောက်သွားခဲ့ကြဖူးသည်။ ထိုအခါ မျောက်ရုပ်များကို တွေ့ကြရသည်။

တွေ့၍ ရေတွက်ကြည့်သောအခါ ကောင်ရေတစ်ရာမရှိဘဲ (၉၉) ကောင်သာရှိသည်ကို တွေ့ကြရသည်။ ဘယ်လောက်ရေရေ အကောင်ရေတစ်ရာပြည့်အောင် ရေတွက်၍မရ။ (၉၉)ကောင်သာရှိလေသည်။တစ်ကောင်က ပျောက်ဆုံးနေမြဲဖြစ်သည်။

နားလည်သူတချို့က ပျောက်ဆုံးနေသောတစ်ကောင်မှာ အကြီးဆုံးမျောက်ကြီးဖြစ်ပြီး ထိုမျောက်ကြီးတွင် သိဒ္ဓိဝင်ပစ္စည်းတစ်မျိုးမျိုးကိန်းအောင်းတည်ရှိနေသဖြင့် သာမန်လူတို့ မမြင်နိုင်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ထိုကျောက်မျောက်ရုပ်ကြီးထဲ၌ 'မျောက်အမြုတေ' ကိန်းအောင်းနေသည်ဟုလည်း ဆိုကြသည်။ ထို့ကြောင့် ပျောက်ဆုံးနေသော ထိုကျောက်မျောက်ရုပ်ကြီးကို 'အမြုတေမျောက်ကြီး' ဟု ခေါ်ကြသည်။

ထိုနေရာသို့ ရောက်ရှိသွားသော တချို့သောသူတို့မှာ မျောက်တစ်ရာဘုရားကို ဖူးတွေ့ရသော်လည်း မျောက်ရုပ်တစ်ရာကိုကား မတွေ့ကြရပေ။ မျောက်ရုပ်တစ်ရာကိုတွေ့ကြရပါကလည်း ရေတွက်ကြည့်သော





အခါ (၉၉)ကောင်ကိုသာ တွေ့ကြရလေသည်။

တချို့ကလည်း ထိုကျောက်မျောက်ရုပ်များသည် ပင်လယ်ရေအတက်အကျကိုလိုက်၍ တောထဲ၌ နေရာရွှေ့၍နေသည်ဟု ဆိုကြသည်။ ကျောက်မျောက်ရုပ်များ၏အောက်၌ ပင်လယ်ရေဝင်ရောက်နိုင်သော မြေအောက်လိုဏ်ခေါင်း (သို့မဟုတ်) မြေအောက်ချောင်းငယ်တစ်ခုရှိပြီး ပင်လယ်ရေတက်သောအခါ ထိုလိုဏ်ခေါင်းအတွင်း ရေများပြည့်သွားလေသည်။

ထိုပြည့်သွားသော ပင်လယ်ရေများနှင့် ကျောက်မျောက်ရုပ်တို့ ဆက်စပ်ဆက်သွယ်မှုဖြစ်ပေါ်လာကာ ကျောက်မျောက်ရုပ်များ နေရာရွှေ့သွားကြသည်ဟုဆိုလေသည်။ သို့သော် ထိုအတွက် မည်ရွေ့မည်မျှမှန်ကန်မှုရှိသည်ကို မည်သူမျှ အတပ်မပြောနိုင် မသိနိုင်ကြပေ။

ထို့ကြောင့် မြသွေးရည်က မျောက်တစ်ရာဘုရားဖူးရန်နှင့် မျောက်တစ်ရာရုပ်များကိုရှာဖွေရန် ပြောသောအခါ ဦးမြမောင် အံ့ဩသွားမိခြင်းပင်။ သို့သော် ကနေ့အထိ ဦးမြမောင်သည် သမီးဖြစ်သူအား မိန်းမလှကျွန်းဆီသို့ ခေါ်သွားဖူးခြင်းမရှိသေးပေ။

မြသွေးရည်သည် မျှော်ငေးနေရင်းမှ မျက်ရည်စတချို့ ပါးပြင်ပေါ် ဝေ့ဝဲကျလာသည်။ ပျဉ်ဒရယ်သစ်တောအတွင်းပါဝင်သော မိန်းမလှကျွန်းပေါ်မှ တောညို့ညို့တို့က မြသွေးရည်စိတ်ထဲ စွဲထင်လို့နေသည်။ တွေးမိလိုက်တိုင်း အဖြစ်သနစ်တို့က အလွမ်းမြစ်ထဲ လက်ပစ်ကူးနေရသလို။

ဘဝက ခြားခဲ့ပြီ။ ခြားခဲ့လေသောဘဝတစ်ခုကို မြသွေးရည် ပြန်ပြီးတမ်းတနေမိတာလား။ ရင်ထဲမှာ အဲဒီဘဝတစ်ခုက ရှိနေဆဲ။ အခုထက်ထိရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် . . . ဘဝတစ်ခု။

ဘဝဆိုတာ တစ်ဘဝပြီး တစ်ဘဝ ပြောင်းလဲရွေ့လျားနေတယ် မဟုတ်လား။ အခုဘဝပြီးတော့ နောက်ဘဝ၊ နောက်ဘဝပြီးတော့ နောက်ဘဝ။

ဘဝတွေက သံသရာရဟတ်ချားလို လည်နေသည်။ နောက်ဘဝဆိုတာရှိသလို အရင်ဘဝလို့ခေါ်တဲ့ အတိတ်ဘဝဆိုတာလည်း နှီးမှာအမှန်ပဲ။ အခုလက်ရှိဘဝမရောက်ခင် ပြီးခဲ့တဲ့ဘဝဟာ အတိတ်ဘဝပဲပေါ့။

ဟုတ်တယ်။ မြသွေးရည်မှာ အတိတ်ဘဝရှိတယ်။ 'အတိတ်' ဆိုတာ ပြီးခဲ့တာ။

'ဘဝ'ဆိုတာ 'ဖြစ်စဉ်တစ်ခု'လို့ဆိုခဲ့ရင် အတိတ်ဘဝဆိုတာ 'ပြီးဆုံးခဲ့တဲ့ ဖြစ်စဉ်တစ်ခု'ပေါ့။

ဟုတ်တယ်။ မြသွေးရည်မှာ ပြီးဆုံးခဲ့တဲ့ ဖြစ်စဉ်တစ်ခုရှိတယ်။

ထိုစဉ် ညနေဆည်းဆာရီရိပ်က မြစ်ပြင်ရေပေါ်၊ သစ်ပင်တွေပေါ်၊ သစ်တောတွေပေါ် ဖြာကျလာသည်။ မြသွေးရည် တောက်ပနေသော ဆည်းဆာရီရောင်ကို ငေးကြည့်နေမိပြန်သည်။ မကြာပါ။ သူမကိုယ်တိုင်ပင် ဆည်းဆာရီရောင်ထဲ နစ်မြုပ်သွားလေသည်။

မြသွေးရည် . . . မလှုပ်။ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသည်။ ကျောက်ရုပ်မှ တကယ့်ကျောက်ရုပ်။ သို့ပေမဲ့ သူမရဲ့စိတ်အစဉ်ကတော့ ကျောက်ရုပ်မဟုတ်။ အတိတ်ကာလတစ်ခုဆီသို့ လွင့်ပါမျောနေသည်။

ထိုအချိန်မှာပင် . . .

သူမနားထဲ မျောက်အော်သံတွေကို ကြားလိုက်ရသည်။ စောစော





က ငေးရီနေသော မြသွေးရည်မျက်လုံးတွေ ရွှန်းလက်တောက်ပလာသည်။

ဟုတ်တယ် . . . မျောက်အော်သံတွေ။

မျောက်အော်သံတွေကြားတိုင် မြသွေးရည်ရင်မှာ လှိုင်းထရစမြဲ။

ဟော . . . အခု မျောက်အော်သံတွေ ကြားရပြန်ပြီ။ မြသွေးရည်ရင်က ဘိုကလေးမြစ်ပြင်လို လှိုင်းထလာသည်။ သူမမျက်လုံးက အကောင်တစ်ရာသောမျောက်တွေကို မြင်ယောင်လာသည်။ သူတို့ရဲ့ အော်သံတွေကိုကြားလာသည်။ သူတို့သည် တောနက်ထဲတွင် မြူးထူးလှုပ်ရှားဆော့ကစားနေကြသည်။

မြသွေးရည်စိတ်တွေ လှုပ်ရှားလာသည်။ မျောက်အော်သံတွေက ပိုပြီး ဆူညံလာသည်။ မျောက်တွေကြားထဲ သူမရောက်သွားသည်။ မျောက်တွေနှင့်အတူ မြသွေးရည် ပျော်ရွှင်စွာ ဆော့ကစားနေသည်။ မျောက်တွေက အကောင်တစ်ရာနီးပါးခန့်ရှိမည်။

သူမစိတ်လက်ပေါ့ပါးနေသည်။ သူမအာရုံထဲမှာ မျောက်တွေ၊ မျောက်တွေ။

တောနက်ထဲမှာ မျောက်တွေနှင့်အတူ မြသွေးရည်၊ သူမပျော်ပါသည်။ နေရာဟောင်းကို ပြန်လည်ရောက်ရှိသွားရသလို ခံစားနေရသည်။

ဒီတောနက်သည် သူမရဲ့နေရာဟောင်းလား၊ ဒီမျောက်တွေသည်ပင် သူမရဲ့ အဖော်ဟောင်းတွေလား။

"မြသွေးရည်"

ရုတ်တရက်ထွက်ပေါ်လာသော အသံနှင့်အတူ တစ်စုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က သူမလက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ဟင်"

အတိတ်ဆီသို့လွင့်မျောသွားသော မြသွေးရည်၏စိတ်အစဉ်တ ပစ္စုပ္ပန်သို့ပြန်ရောက်လာသည်။ လှမ်းကြည့်လိုက်တော့ ညိုညို။

ညိုညို့မျက်နှာပေါ်၌ စိုးရိမ်စိတ်တွေက အထင်းသား။ ညိုညို သည် မြသွေးရည်ရဲ့ အချစ်ဆုံးသူငယ်ချင်း။

"ငါသိပါတယ် မြသွေးရယ်။ နင်ဒီအချိန်ရောက်ရင် ဟော မြစ်ကမ်းနံဘေးကို ရောက်နေလိမ့်မယ်ဆိုတာ"

ညိုညိုကပြောရင်း မိန်းမလှကျွန်းရှိရာဘက်ဆီသို့ မျှော်ကြည့် လိုက်သည်။ မြသွေးရည်က ညိုညို့မျက်နှာကို တစ်ချက်အကဲခတ်ကြည့် လိုက်ပြီး . . .

"မျောက်အော်သံတွေ မကြားဘူးလားညိုညို"

ဟုမေးလိုက်သည်။

"မျောက်အော်သံတွေ . . ."

ညိုညိုက အံ့အားသင့်ဟန်ဖြင့် မေးလိုက်သည်။

"ဟုတ်တယ်။ မျောက်အော်သံတွေလေ နင်မကြားမိဘူးလား။ ဒီလောက်ဆူညံနေတာ"

"ငါမကြားမိပါဘူးဟယ်"

"တကယ်"

"တကယ်မကြားမိတာပါ"

မြသွေးရည် တွေသွားသည်။

"ဒါဆိုရင် ဒီအသံတွေကို ငါတစ်ယောက်တည်း ကြားနေရ တာလား"





"အေး . . . နင်တစ်ယောက်တည်းကြားနေရတာ ဖြစ်မှာပေါ့"

"နင်တကယ်မကြားတာလား"

"တကယ်မကြားတာပါ မြသွေးရယ်"

"ဒီအချိန်ဆိုရင် ငါမျောက်အော်သံတွေကို ကြားကြားနေရတာ ကြာပြီ"

မြသွေးရည်စကားကြောင့် ညိုညို အံ့သြရပြန်သည်။

"နင့်ရဲ့အကြားအာရုံတွေ လွဲမှားနေပြီထင်တယ်"

"ငါတကယ်ကြားရတာပါ ညိုညို။ ပြီးတော့ ငါကိုယ်တိုင် အဲဒီ မျောက်တွေနဲ့အတူတူ ဆော့ကစားနေတာ"

"နင့်အာရုံတွေလွင့်နေတာ ဖြစ်မှာပေါ့"

"အာရုံလွင့်တာ"

"ဟုတ်တယ်လေ။ အာရုံလွင့်နေတာ ဖြစ်မှာပေါ့"

"ဒါဆိုရင် ငါ့အာရုံတွေက တောထဲက မျောက်တစ်ရာဆီကို လွင့်သွားတာလား"

"မျောက်တစ်ရာ . . . ဟုတ်လား။ မျောက်တစ်ရာဆိုတာ ဟို မိန်းမလှကျွန်း တောနက်ကြီးထဲက မျောက်တစ်ရာကို ပြောတာလား"

"ဟုတ်တယ်လေ။ အဲဒီမျောက်တစ်ရာပဲပေါ့"

ညိုညိုက မြသွေးရည်ကို တအံ့တသြငေးကြည့်နေသည်။ ပြီး မှ . . .

"အဲဒီမျောက်တစ်ရာက ကျောက်သားနဲ့ထုလုပ်ထားတဲ့ မျောက် တွေပဲ။ သက်ရှိမျောက်တွေမှ မဟုတ်တာ။ ပြီးတော့ လူတိုင်း ဒီမျောက် ရုပ်တွေကိုမှ မတွေ့နိုင်တာ"

"ဟုတ်တယ်လေ။ သူတို့က မျောက်တော့မျောက်ပဲ၊ ဒါပေမဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် မြသွေးရည်နားထဲ မျောက်အော်သံတွေကို ကြား လိုက်ရသည်။

"ဟော ... မျောက်အော်သံတွေ ကြားရပြန်ပြီ"

ညိုညိုကလည်း နားစွင့်ကြည့်သည်။ ဒါပေမဲ့ သူ့နားထဲမှာ ဘာသံမှုမကြားပါ။

"ငါမကြားဘူး မြသွေး"

မြသွေးရည်နားထဲတွင်တော့ မျောက်အော်သံတွေ တဖြည်းဖြည်း ဝေး၍ဝေး၍သွားလေသည်။

"နားထဲမှာ မျောက်အော်သံတွေ ပျောက်ကွယ်သွားပြီ ညိုညို"

မြသွေးရည်က ခပ်လေးလေး ပြောလိုက်သည်။

"အံ့သြစရာပဲ မြသွေးရယ်။ အဲဒီကျောက်မျောက်ရုပ်တွေကို နင်တွေ့ဖူးလို့လား"

"အပြင်ဘက်မှာတော့ မတွေ့ဖူးပါဘူး။ ဒါပေမဲ့ အိပ်မက်ထဲ မှာတော့ တွေ့ဖူးတယ်"

"အိပ်မက်ထဲမှာ ..."

"ဟုတ်တယ် ညိုညို။ အိပ်မက်ထဲမှာတွေ့ဖူးတာ။ အဲဒီမျောက် ရုပ်တွေကိုတင်မကဘူး မျောက်တစ်ရာဘုရားကိုပါ ဖူးတွေ့ရတာ။ အဲဒီ ဘုရားကိုဖူးရတော့ အရင်တုန်းကလည်း အဲဒီဘုရားကို ဖူးခဲ့ရဖူးသလို ခံစားရတယ်။ ပြီးတော့ ငါနဲ့အတူ ကျောက်မျောက်ရုပ်တွေကလည်း ဘုရားဖူးနေကြတာ တွေ့ရတယ်"

"ကျောက်မျောက်ရုပ်တွေက ဘုရားဖူးတယ်"

ညိုညိုက တအံ့တသြမေးသည်။

"ဟုတ်တယ်။ သူတို့လည်း ဘုရားဖူးကြတယ်။ အိပ်မက်ထဲ





မှာ သူတို့က ကျောက်မျောက်ရုပ်တွေ မဟုတ်တော့ဘူး။ တကယ့် သက် ဝင်လှုပ်ရှားလို့ရတဲ့ မျောက်တွေဖြစ်နေကြတယ်"

"နင့်အိပ်မက်က ထူးဆန်းလိုက်တာ"

"အေးဟယ် ... ထူးဆန်းတယ်လို့ ပြောရမှာပဲ။ ဒါပေမဲ့ ငါ့ စိတ်ထဲမှာ အိပ်မက်ကို တကယ်လို့ထင်နေတယ်။ ဒါမှမဟုတ် ငါ့စိတ် လိပ်ပြာလွင့်သွားတာများလား မသိဘူး"

"နင့်စိတ် လိပ်ပြာလွင့်သွားတာ"

"ဟုတ်တယ်။ နင်စောစောကပြောတဲ့ အာရုံလွင့်သွားသလို ပေါ့။ ငါ့စိတ် လိပ်ပြာလွင့်သွားတာများလားမသိဘူး ညိုညိုရယ်"

"ဘယ်လို စိတ်လိပ်ပြာက လွင့်သွားရတာလဲ"

"ငါအိပ်ပျော်နေတုန်းမှာ ငါ့စိတ်လိပ်ပြာက မိန်းမလှကျွန်းဆီ ကို လွင့်သွားတာပဲထင်ပါရဲ့ ညိုညိုရယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

❑

မြသွေးရည်တစ်ယောက်တည်း လျှောက်လာခဲ့သည်။ သူ့ကိုယ်က လွန်စွာပေါ့ပါးနေသည်။ လျှောက်လာရင်းလျှောက်လာရင်း ထော်ပိုင်ချောင်းများဘက်ဆီရောက်လာသည်။

မိန်းမလှကျွန်း၏မြောက်ဘက် ဖောင်ဝင်မြစ်တစ်ဖက်ကမ်းတွင် စက်စု၊ စက်ဆန်းထော်စီထော်ပိုင်အစရှိသော နေရာများရှိသည်။ ထော်စီ ထော်ပိုင်တစ်ဝိုက်မှာ သစ်တောကြီးများဖြစ်သည်။ စက်စုနှင့် စက်ဆန်း တစ်ဝိုက်မှာတော့ လူနေအိမ်ခြေများနှင့် လယ်မြေရိုင်းများရှိသည်။

မြသွေးရည် လမ်းလျှောက်လာရင်း ထော်ပိုင်ချောင်းများ အရောက်တွင် သဲနုန်းများအောက်၌ နစ်မြုပ်နေသော လောင်းလှေကြီး





တစ်စင်းကို တွေ့လိုက်ရသည်။ တစ်စင်းလုံး နုန်းများအောက် နစ်မြုပ် ပျောက်ကွယ်နေပြီး ဦးပိုင်းကြီးကတော့ ပေါ်နေသည်။ ပဲ့ပိုင်းကလည်း ပေါ်နေသည်။ လှေကြီးမှာ ရှေးခေတ်သုံးလောင်းလှေကြီးဖြစ်သည်။ ဦး များဘက်တွင် မှန်စီကနုတ်ပန်းများဖြင့် လှပတင့်တယ်စွာ ပြုလုပ်ထား သည်။

လောင်းလှေကြီးကိုကြည့်ပြီး မြသွေးရည်စိတ်ထဲတွင် ထိုလောင်း လှေကြီးကိုပင် တစ်ချိန်တစ်ခါက စီးခဲ့ဖူးသလို ခံစားနေရလေသည်။ သူမသည် လောင်းလှေကြီးကို အာရုံစိုက်နေမိသဖြင့် လောင်းလှေကြီး ဦးဘားတွင်ရပ်နေသော လူကြီးကိုပင် သတိမထားလိုက်မိပေ။

"ငါ့မြေးက လောင်းလှေကြီးကို စိတ်ဝင်စားနေတာကိုး"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် လောင်းလှေကြီး ဦးဘားကို ကြည့်လိုက်တော့မှ လူကြီးတစ်ဦးကို တွေ့လိုက်ရသည်။

လူကြီးက ရှေးခေတ်အဝတ်အစားများကိုဝတ်ကာ သျှောင်ထုံး ကြီးထုံးထားသည်။ နှုတ်ခမ်းမွေးကားကား၊ အရပ်ထောင်ထောင်မောင်း မောင်း၊ ဉပမိရုပ်ကောင်းကောင်းနှင့်ဖြစ်သည်။ လူကြီးက မြသွေးရည် ကို ကြည့်နေသည်။ မြသွေးရည်ကလည်း ဘာကြောင့်လည်း မသိ။ ရုတ်ခနဲပြောလိုက်မိသည်။

"သမီး ... ဒီလောင်းလှေကြီးကို စီးဖူးသလိုပဲ။ ဘယ်တုန်း က စီးဖူးခဲ့မှန်းမသိဘူး အဘ"

"ဟုတ်ပါ့သမီးရယ်၊ သမီးစီးခဲ့ဖူးတာပေါ့။ ဟိုတုန်းက စီးခဲ့ ဖူးတာ။ ဟိုဘဝတုန်းက စီးခဲ့ဖူးတာ"

"ဟင် ... သမီး ဟိုဘဝတုန်းက စီးခဲ့ဖူးတာဟုတ်လား အဘ"

"ဟုတ်တာပေါ့ သမီး။ ဒီအကြောင်းတွေကိုပြောပြဖို့ အဘ



www.burmeseclassic.com

www.burmeseclassic.com



က သမီးကို ဒီကိုခေါ်လိုက်တာပေါ့ကွယ်''

''ဟုတ်တယ်အဘ။ အဘပြောမယ့်အကြောင်းတွေကို သမီး စိတ်ထဲမှာ သိနေသလိုလိုပဲ။ ဒါပေမဲ့ ဝိုးတိုးဝါးတားဖြစ်နေတယ်''

''ကြာခဲ့ပြီဆိုတော့လည်း မှုန်ရီဝိုးတဝါးဖြစ်နေတော့မှာပေါ့ ငွေ မြေးရယ်။ ငွေမြေးမှတ်မိအောင် ပြောရရင်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း တစ် ရာကျော်အချိန်လောက်ကပေါ့။ ကျူတုံးမြို့ဆိုတာ ခုလံသံလိုက်သုမထိုင် ဆိုတဲ့ချောင်းဖျားဘက်မှာ ရှိခဲ့ဖူးတယ်။ ကြက်ပျံမကျအောင် စည်ကား ခဲ့တဲ့ မြို့ကြီးတစ်မြို့ပေါ့။

အဲဒီအချိန်မှာ ဟံသာဝတီပြည်မှာ ဗညားဒလဆိုတဲ့ ဘုရင် တစ်ပါးအုပ်ချုပ်နေတယ်။ နောက်တော့ ရွှေဘိုနယ်က ဦးအောင်ဇေယျ က ဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက်လို့ ဟံသာဝတီပျက်သွားတဲ့အချိန် မှာ ကျူတုံးမြို့စားကြီးလည်း သူ့မြို့သူ့ရွာကို မြေလှန်ဖျက်ဆီးပြီး ဂုံညင်း တန်းမြစ်အတိုင်း အောက်ဘက်ကို စုန်ဆင်းလာခဲ့တယ်။

အဲဒီလိုစုန်ဆင်းလာရင်း လူသူမရောက်နိုင်တဲ့ မိန်းမလှကျွန်း နဲ့ ထော်စီထော်ပိုင်တစ်ဝိုက်မှာ အခြေချနေထိုင်ခဲ့ကြတယ်။ မြို့စားကြီး ရှိစဉ်က ဘုရားတွေတည်သွားခဲ့တယ်။ ဒီဘက်မှာ ကျိုက်ဒေးယံဘုရား မိန်းမလှကျွန်းပေါ်မှာ မျောက်တစ်ရာဘုရားနဲ့ ဟိုးအောက်ဘက်မရမ်း ချောင်းဖျားဘက်မှာလည်း ရှိသေးတယ်''

မြသွေးရည်သည် လူကြီးပြောသမျှကိုနားထောင်ရင်း သူ့စိတ် ထဲတွင် အတိတ်ဟောင်းကို မှတ်မိလာသလိုလို ခံစားလာရသည်။

''ကျူတုံးမြို့စားကြီးတို့လူစု ဂုံညင်းတန်းမြစ်အတိုင်း လောင်း လှေကြီးတွေနဲ့ စုန်ဆင်းလာတဲ့အချိန်မှာ ကျူတုံးမြို့စားကြီးနဲ့အတူ လိုက် ပါလာကြတဲ့သူတွေထဲမှာ အဘတို့ ငွေမြေးတို့လည်း ပါခဲ့ကြတာပေါ့ကွယ်။





သာဒီလောင်းလှေကြီးဟာ ငွေမြေးတို့၊ အဘတို့ စီးခဲ့ကြတဲ့ လောင်း လှေကြီးပေါ့။ ဒါကြောင့် ငွေမြေးစိတ်ထဲမှာ ဒီလောင်းလှေကြီးကို စီးခဲ့ ရသလိုလို ထင်နေတာပေါ့''

''ဪ . . .''

မြသွေးရည် အံ့ဩမှင်တက်မိနေသည်။

''ပြီးတော့ ဒီလောင်းလှေကြီးပေါ်မှ မောင်နေဒီပလည်း ပါခဲ့ တယ်''

''နေဒီပ . . . ဟုတ်လား အဘ။ သူက ဘယ်သူလဲဟင်''

မေးသာမေးလိုက်ရသော်လည်း မြသွေးရည်စိတ်ထဲတွင် ထို နာမည်ကို ကြားဖူးသလိုလို ထင်နေမိသည်။ ရင်းရင်းနှီးနှီးကို သိနေ သည်။

မြသွေးရည်အမေးကြောင့် လူကြီးက ပြုံးလိုက်သည်။

''ဘဝတွေကခြားသွားလို့ ငွေမြေးမမှတ်မိနိုင်တော့တာပဲလေ။ မောင်နေဒီပဆိုတာ ငွေမြေးရဲ့ချစ်သူပေါ့''

''ချစ်သူ . . .''

မြသွေးရည်က တီးတိုးရေရွတ်ရင်း လူကြီးကို အလန့်တကြား ကြည့်လိုက်မိသည်။

''ငွေမြေးစိတ်ထဲမှာ လွမ်းလွမ်းနေတဲ့သူဟာ အဲဒီမောင်နေ ဒီပပဲ''

''ဟင်''

သူမ၏ လွမ်းမောတမ်းတနေတာတွေကို လူကြီးက သိနေပါ ကလား။

''ငွေမြေးဟာ မိန်းမလှကျွန်းဘက်ဆီကို ငေးမျှော်ရင်း လွမ်း



www.burmeseclassic.com

www.burmeseclassic.com



မောတမ်းတနေတတ်တယ်မဟုတ်လား။ ဒါပေမဲ့ ငါ့မြေးရဲ့စိတ်ထဲမှာ ဘယ်သူ့ကိုလွမ်းနေမိမှန်း မသိဘူးဖြစ်နေတယ်''

''ဟုတ်ပါတယ် အဘ''

မြသွေးရည်က ဝန်ခံစကားဆိုလိုက်မိသည်။

''ငါ့မြေး ... လွမ်းမောတမ်းတနေတဲ့သူဟာ မောင်နေဒီပပဲ ငါ့မြေး''

မြသွေးရည်စိတ်ထဲတွင် အတိတ်မှ အရိပ်တချို့က ပေါ်လာသလိုလိုရှိလာသည်။ ယောက်ျားပီသပြီး ချောမောသော လူရွယ်တစ်ယောက်၏သဏ္ဌာန်က သူမအာရုံထဲ တိုးဝင်လာသည်။ လူရွယ်က သူမကို ပြုံးကြည့်နေသည်။

''အို ... သမီး သူ့ကိုမှတ်မိပြီ အဘ''

မြသွေးရည် လွှတ်ခနဲပြောလိုက်မိသည်။

''သမီးက သူ့ကိုသိပ်ချစ်သလို၊ သူကလည်း သမီးကိုသိပ်ချစ်တာပဲလေ။ ဟုတ်တယ်။ သမီးသူ့ကိုမှတ်မိပြီ အဘ။ အခု သူ ... သူ ဘယ်မှာလဲဟင်''

မြသွေးရည် ရင်တွေခုန်လာသည်။ ဘဝတွေကလည်း ခြားခဲ့ပြီဆိုတော့ ငါ့မြေးရယ် ...''

လူကြီးအသံက ရုတ်တရက် တုန်ယင်လာသလို ထင်ရသည်။

''အခု ... သူ ... သူ ... နေဒီပ ဘယ်မှာလဲဟင်''

''ရှိတယ်။ ဒါပေမဲ့ ...''

လူကြီးက လောင်းလှေကြီးကို ငေးစိုက်ကြည့်နေရာမှ မြသွေးရည်ကို ကြည့်လိုက်သည်။

''လောကကြီးမှာ ထာဝရပျောက်ကွယ်သွားတဲ့ အရာဆိုတာ





ရှိဘူးငါ့မြေး။ တစ်နေရာကနေတစ်နေရာကို ပြောင်းရွှေ့သွားတဲ့အရာရှိတယ်။ အဲဒီတော့ နေဒီပဆိုတဲ့ ငါ့မြေးချစ်သူကလည်း ထာဝရပျောက်ကွယ်မသွားဘူး။

နေရာတစ်နေရာကနေ တခြားနေရာတစ်နေရာကို ပြောင်းရွှေ့သွားခဲ့ပြီလေ။ ငါ့မြေးကိုယ်တိုင်တောင် တစ်နေရာကနေ တခြားတစ်နေရာကို ပြောင်းရွှေ့သွားခဲ့ရပြီးပြီ မဟုတ်လား''

လူကြီး၏စကားတွေကို မြသွေးရည် နားလည်သလိုလို၊ နားလည်သလိုလို ဖြစ်နေမိသည်။

''ကဲပါလေ ... ငါ့မြေးဘုရားဖူးရအောင် အဘလိုက်ပို့ပေးပါ့မယ်။ ဘုရားတွေဖူးသွားလိုက်ပါဦး''

လူကြီးက လောင်းလှေကြီးနံဘေးမှ ရှေ့ကို လျှောက်သွားသည်။ ခပ်လှမ်းလှမ်းတွင် မရမ်းပင်၊ တည်းပင်၊ ပိန္နဲပင်၊ သရက်ပင်၊ ကွမ်းပင်၊ ငရုတ်ကောင်းပင်များ ပေါက်ရောက်နေသည်။ ကွမ်းပင်ကြီးများမှာ အနွယ်များဖြစ်နေပြီး အခြားသောအပင်များပေါ်သို့ နွယ်ပြီးတက်နေကြသည်။

မြသွေးရည် လူကြီးနောက်မှ လိုက်သွားသည်။ ရှေ့ဆီတွင် ကုန်းတန်းကြီးတစ်ခုကို တွေ့လိုက်ရသည်။ သစ်ပင်၊ မြက်ပင် လုံးဝပေါက်ဘဲ သဲကုန်းတန်းကြီးဖြစ်နေသည်။

ထိုနေရာအရောက်တွင် လူကြီး ရုတ်တရက်ရပ်လိုက်ပြီး သဲကုန်းတန်းကြီးကို ငေးကြည့်နေသည်။

''ဒီနေရာဟာ နေသူရိန်တပ်မှူးလေး မြင်းစီးပြီး စစ်ရေးလေ့ကျင့်ခဲ့တဲ့နေရာပေါ့ ငါ့မြေး။ နေသူရိန်တပ်မှူးလေးဟာ မြို့စားကြီးသွားဖေယျာ့ရဲ့ တပ်မှူးလေးပေါ့ကွယ်။ ငါ့မြေးရဲ့ချစ်သူ နေဒီပကတော့



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးလေး နေသူရိန်လက်အောက်က သွေးသောက်လေးပေါ့''

မြသွေးရည်သည် ခင်ကုန်းတန်းကြီးကိုကြည့်ရင်း မြင်းခွာသံတွေကို ကြားယောင်လာသည်။ ပြီးတော့ မြင်းပေါ်မှ သူ့ကို ပြုံးပြုံးကြီး ကြည့်နေသော နေဒီပ။

လူကြီးက ဆက်လျှောက်သွားသည်။ မြသွေးရည်လည်း နောက်မှ လိုက်သွားသော်လည်း ကုန်းတန်းအလွန်တွင် ချောင်းကမ်းစပ်သို့ ရောက်သည်။ ကမ်းစပ်အနီးတောင်းကုန်းပေါ်တွင် စေတီတော်တစ်ဆူကို မြသွေးရည် တွေ့လိုက်ရသည်။ စေတီတော်က ပြိုကျပျက်စီးလျက် ရှိ၏။

''အဲဒါ ကျိုက်ဒေးယံစေတီတော်ပဲ ငါ့မြေး''

လူကြီးက ပြောပြောဆိုဆို စေတီတော်ကို ထိုင်ပြီးကန်တော့ရာ မြသွေးရည်ပါ ထိုင်ပြီးကန်တော့လိုက်သည်။

ထို့နောက် လူကြီးက စေတီတော်ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်လာဟန်ဖြင့် . . .

''အဘတို့ မြို့စားကြီး တည်ထားကိုးကွယ်ခဲ့တဲ့ စေတီတော်ကိုလည်း ကြည့်ပါဦးကွယ်။ ပြိုကျပျက်စီးနေခဲ့ပြီ''

ဟု ညည်းတွားနေလေသည်။ ပြီးမှ . . .

''ပဋ္ဌာန်းဆက်ရှိတဲ့သူတွေ မြို့စားကြီးနဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ ပုဂ္ဂိုလ်တွေလာရောက်ပြီး ပြုပြင်နိုင်ကြပါစေ''

ဟု ရေရွတ်နေသည်။

ဘုရားဖူးပြီး၍ ထိုအနီးတစ်ဝိုက်ဝန်းကျင်သို့ မြသွေးရည်ကြည့်လိုက်မိသောအခါ မြေပေါ်တွင် ဟိုတစ်စဒီတစ်စ ပြန့်ကျဲနေသော ရွှေတိုရွှေစများ၊ ငွေတိုငွေစများကို တွေ့ရလေသည်။ ထို့အပြင် လက်ဝတ်ရတနာများ၊ ငွေအိုးငွေခွက်များ၊ ကြေးအိုးကြေးခွက်များကိုလည်း တွေ့ရ၏။

''အဲဒီပစ္စည်းတွေဟာ အဘတို့တစ်တွေရဲ့ ပစ္စည်းတွေပဲပေါ့ ငါ့မြေး''

လူကြီးက ထိုပစ္စည်းများကိုညွှန်ပြရင်း ပြောသည်။

''အခုတော့ မြို့စားကြီးဗညားဇေယျ၊ တပ်မှူးလေးနေဒီပနဲ့ တကွ ဂုံညှင်းမြစ်အတိုင်း လောင်းလှေကြီးတွေနဲ့ စုန်ဆင်းလာခဲ့သူတွေ အားလုံးဟာ မရှိကြတော့ပါဘူးကွယ်။ နှစ်ပေါင်းတစ်ရာကျော်တောင် ကျော်ခဲ့ပြီကိုးကွယ့်။ လူ့ဘဝသက်တမ်းဆိုတာကလည်း နှစ်ပေါင်းတစ်ရာတောင် မရှိဘူးမဟုတ်လား''

မြသွေးရည်က လူကြီးကို အံ့ဩစွာငေးကြည့်နေမိသည်။

''အဲဒီအချိန်က လောင်းလှေကြီးတွေနဲ့ စုန်ဆင်းလာခဲ့ကြသူတွေဟာ အခုတော့ ဘဝတစ်ပါးကို ပြောင်းရွှေ့သွားခဲ့ကြပါပြီ။ ဘဝအသီးသီးကို သူတို့ရဲ့ကံတရားအတိုင်း ရောက်ရှိသွားခဲ့ကြပါပြီ''

လူကြီးကပြောပြီး စေတီတော်ကို ငေးမျှော်ကြည့်နေလေသည်။ ပြီးမှ မြသွေးရည်ဘက်လှည့်ကာ . . .

''အဲဒီတုန်းက အဲဒီလူတွေဟာ မိန်းမလှကျွန်းနဲ့ ဟောဒီ ထော်စိထော်ပိုင်တစ်ဝိုက်မှာ နေထိုင်ခဲ့ကြတယ်။ အခုတော့ သူတို့အားလုံး မရှိကြတော့ပါဘူး။ အားလုံးသောအရာတွေဟာ သင်္ခါရပဲမဟုတ်လားကွယ်''

ဟုပြောလေသည်။ လူကြီး၏စကားကြောင့် မြသွေးရည်၏ရင်ထဲတွင် လှုပ်ရှား၍သွားလေသည်။

ထို့နောက် လူကြီးက . . .







www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . အဘတို့ မိန်းမလှကျွန်းကို သွားကြရအောင်"

ဟုပြောကာ စောစောကလောင်းလှေကြီးနေရာသို့ ပြန်သွားကြလေ၏။ လောင်းလှေကြီးနားသို့ရောက်လျှင် လူကြီးက . . .

"ဒီလောင်းလှေကြီး မစီးရတာကြာပြီကွယ့်။ အဘတို့ ဒီလောင်းလှေကြီး အလွမ်းပြေစီးပြီး မိန်းမလှကျွန်းဆီသွားကြရအောင်လား ငါ့မြေး"

ဟုပြောကာ လောင်းလှေကြီးအား ဖုံးအုပ်နေသော သဲနုန်းများကို ဖယ်ရှားပစ်လေ၏။ မကြာမီ လောင်းလှေကြီးတစ်စီးလုံးပေါ်လာသည်။ လူကြီးက လောင်းလှေကြီးအား ရေထဲသို့ ဖြည်းဖြည်းချင်း တွန်းချလိုက်၏။

လောင်းလှေကြီးတစ်စီးလုံး ရေထဲရောက်သွားသောအခါ လူကြီးက မြသွေးရည်အား . . .

"ကဲ . . . ငါ့မြေး၊ လှေပေါ်တက်တော့ကွယ့်"

ဟုပြောရာ မြသွေးရည်လည်း လောင်းလှေကြီးပေါ် တက်လိုက်လေ၏။ လူကြီးကလည်း နောက်မှတက်လိုက်၏။ ထို့နောက် လောင်းလှေကြီးသည် ထော်ပိုင်ချောင်းဖျားမှ စတင်ထွက်ခွာလေသည်။ မကြာမီ ဖောင်ဝင်မြစ်ထဲသို့ ရောက်ရှိလာလေသည်။ လောင်းလှေကြီးသည် ရေပြင်ပေါ်တွင် တရိပ်ရိပ်ပြေးလျက်ရှိ၏။ မကြာမီ မိန်းမလှကျွန်းဆီသို့ ရောက်ရှိသွားလေသည်။

မိန်းမလှကျွန်းပေါ်သို့ရောက်လျှင် လူကြီးမှဦးဆောင်ကာ တောနက်ထဲသို့ ဝင်ခဲ့ကြ၏။

"ဒီနေရာတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်လောက် အချိန်တုန်းက မြို့စားကြီး ဗညားဓမ္မရဲ့လူတွေနဲ့ စည်ကားခဲ့တဲ့နေရာ





ပေါ့ကွယ်။ အခု လူမနေတာကြာပြီဆိုတော့ တောကြီးပြန်ဖြစ်သွားတာပေါ့"

လူကြီးအသံက ဆွေးဆွေးမြည့်မြည့်ရှိလှသည်။

မကြာမီ ရှေ့ဆီတွင် စေတီတော်တစ်ဆူကို ဖူးတွေ့လိုက်ရလေသည်။

"အဲဒီဘုရားဟာ မျောက်တစ်ရာဘုရားပဲ ငါ့မြေး။ ကဲ . . . ကန်တော့လိုက်ပါဦးကွယ်"

လူကြီးက ပြောပြောဆိုဆို သူကိုယ်တိုင် ရှိရှိသေသေထိုင်ကာ ကန်တော့နေသည်။ မြသွေးရည်လည်း လူကြီးနံဘေးတွင်ဝင်ထိုင်ကာ ကန်တော့လိုက်၏။

မျောက်တစ်ရာဘုရားမှာ ကြည်ညိုသပ္ပာယ်ဖွယ်ရာကောင်းလှပြီး ရွှေရောင်ဝင်းပနေ၏။ ဘုရားရှိခိုးကန်တော့ပြီးသောအခါ လူကြီးက . . .

"မျောက်တစ်ရာဘုရားကို ရွှေသင်္ကန်းကပ်လှူပူဇော်နေတဲ့ သူပုဂ္ဂိုလ်တွေရှိတယ်ကွယ့်။ ဒါကြောင့် ဘုရားတစ်ဆူလုံး ရွှေရောင်ဝင်းပနေတာပေါ့"

ဟုပြောသည်။ ပြီးနောက် . . .

"ဒီစေတီတော်ဟာ တို့များရဲ့မြို့စားကြီး ဗညားဓမ္မ တည်ထားခဲ့တဲ့ ကောင်းမှုတော်စေတီပေါ့ကွယ်"

ဟု လွမ်းဆွတ်ကြေကွဲဟန်ဖြင့် ပြောနေလေ၏။

ထို့နောက် လူကြီးက မြသွေးရည်အား စေတီတော်နှင့်မနီးမဝေးရှိ ကျောက်ဖြင့်ထုလုပ်ထားသော မျောက်ရုပ်များရှိရာသို့ ခေါ်ဆောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မျောက်ရုပ်များမှာ မတ်တတ်ရပ်အနေအထားဖြင့် စေတီတော်ဘက်သို့ မျက်နှာမူကာ စီစီရီရီရှိနေလေသည်။

"အဲဒီမျောက်ရုပ်တွေဟာ စုစုပေါင်း အကောင်ရေတစ်ရာတိတိ ရှိတယ်ငါ့မြေး။ မြို့စားကြီးကိုယ်တိုင် သူ့ရဲ့ကျောက်ဆစ်ပညာရှင်တွေကို ထုလုပ်ခိုင်းခဲ့တဲ့ ကျောက်မျောက်ရုပ်တွေပေါ့ကွယ်။ အဲဒီကျောက်မျောက်ရုပ်တွေအနက်က ကျောက်မျောက်ရုပ်တစ်ကောင်ထဲမှာတော့ ဂမ္ဘီရအစီအရင်တွေကိုထည့်သွင်းပြီး ထုလုပ်စေခဲ့တယ်။ တစ်နည်းပြောရရင်တော့ သိဒ္ဓိဝင်ပစ္စည်းတစ်မျိုးကို ထည့်သွင်းထားခဲ့တယ် ငါ့မြေး။

ဒါကြောင့် ဒီကျောက်မျောက်ရုပ်ကို သာမန်လူတွေမမြင်တွေ့နိုင်ဘူး။ မူလ ကျောက်မျောက်ရုပ်က အကောင်တစ်ရာတိတိရှိပေမဲ့ ရေတွက်ကြည့်ရင်တော့ (၉၉)ကောင်ပဲ ရေတွက်လို့ရလိမ့်မယ်။ ကျန်တစ်ကောင်ကတော့ ရေတွက်လို့မရအောင် ပျောက်ကွယ်နေလိမ့်မယ်။ အဲဒါဟာ ဒီမျောက်တစ်ရာရုပ်တွေရဲ့ ထူးခြားမှုတစ်ခုပဲ"

မြသွေးရည်က စိတ်ဝင်စားစွာ နားထောင်နေမိသည်။

"မြို့စားကြီးဟာ ဂမ္ဘီရပညာတွေကို သိသိသိပ်သိပ်၊ လျှို့လျှို့ဝှက်ဝှက် လေ့လာလိုက်စားခဲ့တယ်။ ဒါကြောင့် မြို့စားကြီးရဲ့ ဂမ္ဘီရပညာအကြောင်းကို ဘယ်သူမှမသိခဲ့ကြဘူး။ အဲဒီပျောက်ကွယ်နေတဲ့ ကျောက်မျောက်ရုပ်ကြီးထဲမှာ မြို့စားကြီးက သူ့ရဲ့ဂမ္ဘီရပညာရပ်တွေ ထည့်သွင်းထားခဲ့တယ်။ ထိုက်တဲ့သူတွေ ဖော်ထုတ်ပြီး ရယူနိုင်စေဖို့ပေါ့ကွယ်။ ဒါပေမဲ့ ကနေ့အထိ ဘယ်သူမှ မရယူနိုင်သေးပါဘူး။

မြို့စားကြီးရဲ့ ဂမ္ဘီရပညာရပ်တွေကို ရယူနိုင်ဖို့အတွက် ပထမဦးဆုံး ပျောက်ကွယ်နေတဲ့ မျောက်ရုပ်ကြီးကို တွေ့အောင်ရှာရမယ်။ ပျောက်ကွယ်နေတဲ့ ကျောက်မျောက်ရုပ်ကြီးဟာ ဘယ်နေရာမှာမှ





ဘူး။ ဟောဒီ ကျောက်မျောက်ရုပ်တွေထဲမှာပဲ ရှိတယ်။ တန်းစီနေတဲ့ ကျောက်မျောက်ရုပ်တွေကို အစဉ်အတိုင်းရေတွက်သွား။ အဲဒီလိုရေတွက်သွားလို့ ကောင်ရေတစ်ရာပြည့်တဲ့အထိ ရေတွက်နိုင်ခဲ့ရင် အဲဒီကောင်ရေ တစ်ရာပြည့်မြောက်တဲ့ ကျောက်မျောက်ရုပ်ဟာ ဂမ္ဘီရပညာရပ်တွေ ထည့်သွင်းစီရင်ထားတဲ့ ကျောက်မျောက်ရုပ်ပါပဲ။

အဲဒီကျောက်မျောက်ရုပ်ကို တွေ့ပြီဆိုတာနဲ့တစ်ပြိုင်နက် သူ့ရဲ့ ဘယ်ဘက်၊ ညာဘက်နှစ်ဖက်စလုံးမှာရှိတဲ့ လက်ချောင်းကလေးတွေကို သေသေချာချာ ကြည့်ရမယ်။ အဲဒီလက်ချောင်းကလေးတွေထဲက လက်ချောင်းတစ်ချောင်းဟာ လျှို့ဝှက်တံခါးပေါက်ကိုဖွင့်တဲ့ ခလုတ်တစ်ခုပဲ။

အဲဒီ လျှို့ဝှက်တံခါးပေါက်ဟာ အဲဒီကျောက်မျောက်ရုပ်ရဲ့ ရင်ဘတ်တည့်တည့်ဆီမှာရှိနေတယ်။ အဲဒီခလုတ်ကို နှိပ်လိုက်တာနဲ့တစ်ပြိုင်နက် ရင်ဘတ်ပေါ်က တံခါးပေါက်ကလေးဟာ ဖျတ်ခနဲပွင့်သွားလိမ့်မယ်။ ပွင့်သွားတာနဲ့တစ်ပြိုင်နက် အထဲကနေပြီး ဝါးဆစ်ပိတ်ဝါးတစ်လုံး ထွက်ကျလာလိမ့်မယ်။ အဲဒီ ဝါးဆစ်ပိတ်ဝါးဟာ လက်တစ်ထွာအသာလောက်ပဲရှိလိမ့်မယ်။

အဲဒီဝါးကို ဝါးရုပ်စုံလို့ခေါ်တယ်။ ဂမ္ဘီရပညာရှင်တွေဟာ သူတို့ရဲ့ ဂမ္ဘီရပညာရပ်တွေကို တိရစ္ဆာန်အကောင်ငယ်ကလေးတွေအသွင်နှင့်တီးပြီး အဲဒီဝါးအတွင်းမှာ ထည့်သွင်းထားတတ်ကြတယ်။ ဘယ်လိုအကောင်ငယ်ကလေးတွေလဲဆိုတော့ ဖား၊ ငါး၊ လိပ်၊ မြွေစတဲ့ အကောင်ကလေးတွေကို အဲဒီဝါးအတွင်း ထည့်သွင်းထားခဲ့တာပဲ။

မြို့စားကြီးဟာ ဂမ္ဘီရပညာရှင်တစ်ဦးဖြစ်တဲ့အတွက် သူ့ရဲ့ဂမ္ဘီရပညာရပ်တွေကို အဲဒီလို သတ္တဝါအငယ်စားလေးတွေအသွင် ဖန်တီးပြီး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဝါးအတွင်းမှာ ထည့်သွင်းထားခဲ့တာပဲ။ ပြီးတော့ ကျောက်မျောက်ရုပ်ရဲ့ရင်ဘတ်ထဲ အဲဒီဝါးရုပ်စုံကို ထည့်သွင်းခဲ့တယ်။

အဲဒီ ဝါးရုပ်စုံကိုရပြီဆိုတာနဲ့ ဓားနဲ့ခွဲလိုက်ရမယ်။ အဲဒီလို ခွဲလိုက်တာနဲ့တစ်ပြိုင်နက် အဲဒီဝါးထဲက ဖား၊ ငါး၊ လိပ်၊ မြွေ စတဲ့သတ္တဝါ အကောင်ငယ်ကလေးတွေ ထွက်ကျလာတာ တွေ့ရလိမ့်မယ်။ အဲဒီ အကောင်ငယ်လေးတွေကိုယူပြီး ချက်ချင်းမျိုချလိုက်ရမယ်။ အဲဒါဆိုရင် မြို့စားကြီးရဲ့ ဂမ္ဘီရပညာရပ်တွေကို ရပြီပေါ့ကွယ်။ မြို့စားကြီးက သူ့ရဲ့ ဂမ္ဘီရပညာတွေကို နောင်လာနောင်သား ထိုက်တန်တဲ့သူတွေရရှိနိုင်အောင် အဲဒီကျောက်မျောက်ရုပ်ထဲမှာ ထည့်သွင်းစီမံထားခဲ့တာပဲ ... ငါ့မြေး''

မြသွေးရည်မှာ တအံ့တသြ နားထောင်နေမိသည်။

''ပြီးတော့ အဲဒီကျောက်မျောက်ရုပ်ရဲ့ ရင်ဘတ်ထဲမှာ သိဒ္ဓိပစ္စည်းတချို့နဲ့ မြို့စားကြီးရဲ့ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတွေလည်း ရှိနေတယ်။ အဲဒီ ကျောက်မျောက်ရုပ်ကို တွေ့တဲ့သူဟာ အဲဒီသိဒ္ဓိပစ္စည်းတွေနဲ့ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတွေကိုယူပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးရမယ်။ ကျုံ့တုံးမြို့သူမြို့သားတွေကို အမျှပေးဝေရမယ်။ မိန်းမလှကျွန်းပေါ်မှာ ဘုရားတစ်ဆူ ထပ်တည်ပေးရမယ်။ ဘုရားနဲ့မနီးမဝေးမှာ ကျောက်မျောက်ရုပ်တစ်ရာထုလုပ်ပြီး ထားပေးရမယ်။

ပြီးရင် တစ်ရာမြောက် ကျောက်မျောက်ရုပ်ရဲ့ရင်ဘတ်ထဲမှာ မိမိရဲ့ ဂမ္ဘီရပညာရပ်တွေကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ထည့်သွင်းထားခဲ့ရမယ်။ ကဲ ... ငါ့မြေး၊ ကျောက်မျောက်ရုပ်တွေကို ရေကြည့်ပါဦး''

ဟုပြောလိုက်ရာ မြသွေးရည်လည်း ကျောက်မျောက်ရုပ်တွေ





ကို ရေတွက်ကြည့်လိုက်မိလေသည်။ သို့ပေမဲ့ ဘယ်လိုပင်ရေတွက်ရေတွက် ကျောက်မျောက်ရုပ်မှာ (၉၉)ကောင်သာရှိသည်ကို တွေ့ရလေ၏။

''(၉၉)ကောင်ပဲရှိတယ် အဘ''

''အေး ... ငါ့မြေးလည်း တစ်ရာပြည့်အောင် ရေတွက်လို့မရဘူး။ ဒါပေမဲ့ တစ်ချိန်ချိန်မှာ တစ်ရာပြည့်အောင် ရေတွက်လို့ရတဲ့ ပုဂ္ဂိုလ်တစ်ဦးတော့ ပေါ်လာမှာ အမှန်ပဲကွယ့်''

ဟုပြောလေ၏။ ထို့နောက် လူကြီးက ...

''ငါ့မြေး ... ကျောက်မျောက်ရုပ်တွေကို သေသေချာချာကြည့်လိုက်ပါဦး''

ဟုပြောလိုက်ရာ မြသွေးရည်လည်း မျောက်ရုပ်တွေကို သေသေချာချာ ကြည့်လိုက်မိလေသည်။ လရောင်သည် မျောက်ရုပ်တွေပေါ် ဖြာကျနေ၏။ မျောက်ရုပ်တွေ၏နောက်ဘက် မနီးမဝေး၌ မရမ်း၊ သရက်၊ မန်ကျည်း၊ တည်း၊ စသည့်အပင်ကြီးများ ပေါက်ရောက်နေသဖြင့် ထိုနေရာသည် အမှောင်ရိပ်ကျလျက်ရှိနေလေသည်။

မြသွေးရည် မျောက်ရုပ်တွေကိုကြည့်ရင်း စိတ်ထဲတွင် ထူးခြားသလိုလို ထင်မိ၏။

''ဘယ်လိုလဲ ငါ့မြေးရဲ့၊ မျောက်ရုပ်တွေက ထူးခြားမနေဘူးလား''

''ထူးခြားနေပါတယ် အဘ''

''ဘယ်လိုထူးခြားနေသလဲ ငါ့မြေး''

''မြသွေး မဖြေတတ်ဘူး အဘ''

''ဒီကျောက်မျောက်ရုပ်တွေမှာ ကျောက်မျောက်ရုပ်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



စီကို တကယ့်သက်ရှိ မျောက်တစ်ကောင်စီက ပိုင်ဆိုင်ထားကြတယ်''

''ဟင်''

မြသွေးရည် အံ့အားသင့်သွားသည်။

''အကောင်တစ်ရာပြည့် မျောက်ကွယ်နေတဲ့ ကျောက်မျောက်ရုပ်တစ်ရုပ်ကလွဲလို့ပေါ့။ ကျန်တဲ့ ကျောက်မျောက်ရုပ်တွေမှာ ပိုင်ရှင်ကိုယ်စီရှိကြတယ်''

လူကြီးစကားအဆုံးတွင် မျောက်အော်သံများကို ကြားလိုက်ရပြီး သစ်ပင်ကြီးတွေအောက် မှောင်ရိပ်ကျနေသောနေရာဆီမှ မျောက်ကြီးများ အလျှိုလျှိုထွက်လာကြသည်ကို မြသွေးရည် မြင်လိုက်ရလေသည်။

မျောက်ကြီးများမှာ လူလောက်နီးနီး ကြီးမားသောမျောက်ကြီးများဖြစ်ကြ၏။ လရောင်အောက်သို့ရောက်လာသော မျောက်ကြီးများကို မြသွေးရည် ထင်ထင်ရှားရှား မြင်နေရသည်။

ထိုမျောက်ကြီးများသည် ကျောက်မျောက်ရုပ်များဆီသို့ သွားနေကြပြီး မကြာမီ မျောက်ကြီးတစ်ကောင်စီ တစ်ကောင်စီသည် သူနှင့်သက်ဆိုင်ရာ ကျောက်မျောက်ရုပ်များ၏နံဘေးဆီတွင် ရပ်တန့်နေလိုက်ကြလေသည်။

ထို့ကြောင့် မျောက်များမှာ တစ်ဆပို၍ များပြားသွားလေသည်။ မျောက်ကြီးများသည် ငြိမ်သက်စွာဖြင့် လူကြီးနှင့် မြသွေးရည်တို့အား လှမ်းကြည့်နေကြ၏။ ထိုအခါ လူကြီးကလည်း မျောက်ကြီးတွေကို လှမ်းကြည့်လိုက်ပြီး ...

''တကယ်တော့ ဒီမျောက်ကြီးတွေဟာ သနားစရာသတ္တဝါတွေပါ ငါ့မြေး။ သူတို့က ငါ့မြေးတို့၊ အဘတို့လို ကံမကောင်းရှာခဲ့ဘူး''





''ဘာကြောင့်လဲ အဘ''

မြသွေးရည်က စိတ်ဝင်တစား မေးလိုက်မိသည်။

''သူတို့ဟာ အရင်ဘဝတုန်းက မြို့စားကြီးနဲ့အတူ ပါလာခဲ့ကြတဲ့ နောက်လိုက်နောက်ပါတွေပေါ့''

''မြသွေးနဲ့ အဘတို့လို လောင်းလှေကြီးတွေနဲ့ အတူပါလာခဲ့ကြတဲ့ သူတွေလားအဘ''

''ဟုတ်တာပေါ့ ငါ့မြေးရယ်။ သူတို့လည်း အဘတို့လိုလောင်းလှေကြီးတွေစီးပြီး လိုက်ပါလာခဲ့ကြတဲ့ လူတွေပေါ့။ ဒါပေမဲ့ သူတို့ဟာ အဲဒီဘဝက ကွယ်လွန်ကြတဲ့နောက် မျောက်ဘဝကို ရောက်သွားခဲ့ကြရှာတယ်လေ့''

''အို ...''

မြသွေးရည် အံ့သြတုန်လှုပ်သွားသည်။

''မျောက်ဘဝ ... ဟုတ်လား အဘ''

မြသွေးရည်က မယုံကြည်နိုင်စွာ မေးလိုက်မိသည်။

''ဟုတ်တယ် ... ငါ့မြေး။ မျောက်ဘဝပေါ့။ သူတို့ဟာ မျောက်ဘဝကိုရောက်ရှိသွားခဲ့ကြပြီး ဟောဒီတောနက်ကြီးထဲမှာ ကျင်လည်နေခဲ့ကြတယ်။ ပြီးတော့ သူတို့ဆရာ မြို့စားကြီးထုလုပ်ခဲ့တဲ့ ကျောက်မျောက်ရုပ်တွေနားမှာလာပြီး နေထိုင်ကြရင်း ကျောက်မျောက်ရုပ်တစ်ရုပ်စီကို သူတို့တစ်ကောင်ကျစီ အပိုင်အဖြစ် သတ်မှတ်ခဲ့ကြတယ်။

ဒါကြောင့် အဲဒီမျောက်ကြီးတွေဟာ အချိန်ကျရင် သူတို့အပိုင်ယိုသတ်မှတ်ထားကြတဲ့ ကျောက်မျောက်ရုပ်တွေနံဘေးမှာ လာရောက်နေထိုင်တတ်ကြတယ်။ စွဲလမ်းမှုတစ်ခုလို့ ဆိုရမှာပေါ့ ငါ့မြေးရယ်''

''မြသွေး ... မျောက်အော်သံတွေ ကြားကြားနေရတာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အော်သံတွေပေါ့။ ဟုတ်လား အဘာ"

"ဟုတ်တာပေါ့ ငါ့မြေး။ သူတို့အော်သံတွေကို ငါ့မြေး ကြား နေရတာပဲ။ အထူးသဖြင့် ငါ့မြေးကြားနေရတဲ့အသံဟာ ငါ့မြေးချစ်သူ နေဒီပရဲ့အသံပေါ့ကွယ်"

"ရှင် . . . နေဒီပရဲ့အသံ၊ ဟုတ်လား အဘာ"

မြသွေးရည်က အံ့ဩထိတ်လန့်စွာ ပြန်မေးလိုက်မိသည်။

"ဟုတ်တယ်။ နေဒီပရဲ့အော်သံပဲ ငါ့မြေး။ နေဒီပဟာ ဇာတ် မကောင်း၊ အကြောင်းမလှစွာပဲ မျောက်ဘဝ ရောက်နေရရှာတယ် ကွယ်"

ထိုအချိန်မှာပင် မျောက်တစ်ကောင်၏ စူးစူးရှရှအော်သံကို မြသွေးရည် ကြားလိုက်ရလေ၏။ ထိုအော်သံသည် မြသွေးရည်၏ နှလုံး သားအစုံကို ဖြတ်သန်းတုန်ခါသွားစေသည်။

အော်သံထွက်ပေါ်လာရာဆီသို့ မြသွေးရည် လှမ်းကြည့်လိုက် မိ၏။ မြသွေးရည်နှင့် အနီးဆုံးနေရာတွင်ရှိနေသော ကျောက်မျောက် ရုပ်တစ်ရုပ်၏နံဘေး၌ မျောက်ကြီးတစ်ကောင်ရပ်နေ၏။ ထိုမျောက်ကြီး ထံမှ အော်သံထွက်ပေါ်လာခြင်းပင်တည်း။

ထိုမျောက်ကြီးသည် စူးရှသော မျက်လုံးအစုံဖြင့် မြသွေးရည် အား ကြည့်နေ၏။ မြသွေးရည်သည် မျောက်ကြီး၏ မျက်လုံးအစုံကို ကြည့်ပြီး ရင်ထဲတွင် ကတုန်ကယင်ကြီးဖြစ်သွားတော့သည်။

ထိုစဉ် မျောက်ကြီး၏မျက်လုံးအစုံမှ မျက်ရည်များစီးကျလာ သည်။ မြသွေးရည်စိတ်ထဲတွင် ထိနိုက်သွားမိလေသည်။ ထို့နောက် မျောက်ကြီးသည် စူးစူးရှရှ တစ်ချက်အော်လိုက်ပြီးနောက် တောနက် တွင်းသို့ပြေးဝင်သွားလေရာ ကျန်သောမျောက်ကြီးတွေသည် နောက်မှ





လိုက်ကာ ပြေးဝင်သွားကြလေသည်။ မကြာမီ မျောက်များအားလုံး ပျောက်ကွယ်သွားကြတော့သည်။

ထိုအခါမှ လူကြီးက . . .

"သူတို့တစ်တွေဟာ ရိုးရိုးမျောက်တွေမဟုတ်ဘူး ငါ့မြေး . . . စွဲလမ်းမှုဥပါဒါန်တွေကြောင့် ဖြစ်နေကြရတဲ့ ဥပါဒါန်မျောက်တွေပဲ"

"ရှင် . . . ဥပါဒါန်မျောက်တွေ။ ဟုတ်လားအဘာ"

မြသွေးရည်က တအံ့တဩ မေးမိပြန်သည်။

"ဟုတ်တယ်။ ဥပါဒါန်မျောက်တွေပဲ။ တစ်စုံတစ်ခုကို စွဲလမ်း မှုအားကြီးတဲ့အခါ အဲဒီစွဲမ်းလမ်းမှုက ဥပါဒါန်အဖြစ် ပြောင်းလဲသွား တယ်။ တစ်နည်းပြောရရင် ဥပါဒါန်ဆိုတာ အင်မတန်ကြီးမားတဲ့ စွဲလမ်း မှုပါပဲ။

သူတို့တွေဟာ သေခါနီးအချိန်မှာ ကြီးမားတဲ့စွဲလမ်းမှုတွေ ဖြစ် ပေါ်လာကြပြီး မျောက်ဘဝကို ရောက်ရှိသွားခဲ့ကြတာပဲ ငါ့မြေး။ စွဲလမ်း မှုဟာ အပါယ်ဘဝကို ရောက်စေတယ်မဟုတ်လား။ အဲဒီလို မျောက် ဘဝကို ရောက်ရှိသွားကြပြီးတဲ့နောက်မှာ ဟောဒီကျောက်မျောက်ရုပ် တွေကို ဆက်ပြီး စွဲလမ်းနေကြပြန်တယ်"

"အံ့ဩစရာကောင်းလိုက်တာ အဘရယ်"

မြသွေးရည်က လွှတ်ခနဲ ပြောလိုက်မိ၏။

"ဒါတွေဟာ ကံကြောင့်ဖြစ်နေတာတွေပဲပေါ့။ ကံဟာ မကြံအပ် စည်အပ်တဲ့ အံ့ဩစရာအကောင်းဆုံးသော အရာပဲငါ့မြေး"

"ဒါဆိုရင် သူတို့တွေဟာ မျောက်ဘဝက ဘယ်တော့မှမကျွတ် လွတ်နိုင်တော့ဘူးလား အဘရယ်"

"အဘစောစောကပြောခဲ့တဲ့ ပျောက်ကွယ်နေတဲ့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



မျောက်ရုပ်ကြီးကိုတွေ့ရင်တော့ သူတို့တစ်တွေ မျောက်ဘဝက ကျွတ်လွတ်နိုင်ကြပါတယ်။ တွေ့တဲ့ပုဂ္ဂိုလ်က စောစောကပြောခဲ့တဲ့အတိုင်း ကုသိုလ်ကောင်းမှုတွေပြုလုပ်ပြီး အမျှပေးဝေရင်တော့ သူတို့မျောက်ဘဝကနေ ကျွတ်လွတ်နိုင်ကြပါလိမ့်မယ်ကွယ်''

ထိုလူကြီးပြောသမျှ အကြောင်းအရာအားလုံးတို့သည် မြသွေးရည်အဖို့ အထူးအဆန်းတွေဖြစ်နေလေသည်။

''ဒါဆိုရင် အဘရယ်၊ သူတို့တစ်တွေ မျောက်ဘဝကနေပြီး ကျွတ်လွတ်ဖို့ဆိုတာ မလွယ်ဘူးထင်တာပဲနော်''

''ဘဝတစ်ခုကနေပြီး လွယ်လွယ်နဲ့တော့ ဘယ်ကျွတ်လွတ်နိုင်မှာလဲကွယ်။ ဒါပေမဲ့ ပျောက်ကွယ်နေတဲ့ ကျောက်မျောက်ရုပ်ကို တစ်နေ့ တစ်ယောက်က တွေ့သွားမယ်ဆိုရင်တော့ သူတို့တစ်တွေ မျောက်ဘဝကနေ ကျွတ်လွတ်သွားနိုင်ကြပါလိမ့်မယ်''

ထိုအချိန်တွင် တောနက်ထဲမှ မျောက်တစ်ကောင်၏အော်သံကို ကြားနေလေ၏။ ထိုအော်သံမှာ ထူးထူးခြားခြား ကြေကွဲဖွယ်ရာကောင်းလှလေ၏။

''အင်း ... နေဒီပ ... နေဒီပ ... သူဟာ အခုအချိန်အထိ ငါ့မြေးကို ချစ်မြတ်နိုးပြီး စွဲစွဲလမ်းလမ်းဖြစ်နေတုန်းပါပဲလားကွယ်''

ဆွဲဆွဲငင်ငင် မျောက်အော်သံကြောင့်တစ်ကြောင်း၊ လူကြီး၏ ပြောစကားကြောင့်တစ်ကြောင်း မြသွေးရည်ရင်ထဲတွင် ငလျှင်လှုပ်သလို တုန်ခါသွားမိလေသည်။

ထို့နောက် ထိုအော်သံမှာ တဖြည်းဖြည်း ဝေး၍ဝေး၍ပျောက်ကွယ်သွားလေတော့သည်။

''ကဲ ... ငါ့မြေး၊ ရှေ့ကိုသွားကြရအောင်''





လူကြီးက ပြောပြောဆိုဆို ရှေ့သို့ဆက်သွားလေရာ မြသွေးရည်လည်း လိုက်သွားမိလေ၏။

မျောက်တစ်ရာဘုရားနှင့် မနီးမဝေးသို့ရောက်သောအခါ တောင်ပို့သဏ္ဍာန် အများအပြားကို တွေ့ရလေ၏။ ဂူအချို့ကိုလည်း တွေ့ရ၏။ အချို့ဂူများမှာ အတွင်း၌ အတော်အတန် ကျယ်ဝန်းလှ၏။ ထိုနေရာမှ အလွန်တွင် ကျယ်ဝန်းလှသော သဲကုန်းတန်းကြီးကို တွေ့ရသော်လည်း ကနစို၊ ကပ္ပလာ အစရှိသော အပင်ကြီးများမှာ တညီတညွတ် တည်းပေါက်ရောက်နေ၏။

သို့သော် တော၏အောက်ခြေ မရှုပ်ထွေးဘဲ ရှင်းလင်း၍နေသည်။

''ဟောဒီနေရာကို မျောက်ကစ်ရာကုန်းတန်းလို့ခေါ်တယ် ငါ့မြေး။ စောစောကမျောက်ကြီးတွေ ဆော့ကစားကြတဲ့နေရာပေါ့ကွယ်''

လူကြီးက ရှင်းပြနေ၏။ ဆက်၍ လျှောက်သွားကြရာ စေတီငယ်များ၊ စေတီဟောင်းအပြိုအပျက်များကို တွေ့ရလေ၏။ ထိုစေတီဟောင်းများတစ်ဝိုက်တွင် သဲကုန်းတန်းများဖြစ်နေပြီး ရုံ့နှံ့များကင်းဝေးကာ တောခြေရှင်းလှပေ၏။ မရမ်း၊ သရက်၊ ပိန္နဲ အစရှိသော အပင်ကြီးများကလည်း အရိပ်အာဝါသကောင်းလှန်းစွာဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပေသည်။

''ဟောဒီနေရာတွေက ကျုံ့တုံးမြို့ကြီးက ပြောင်းရွှေ့လာခဲ့ကြတဲ့လူတွေ တစ်ချိန်ကနေထိုင်ခဲ့ကြတဲ့ နေရာတွေပဲပေါ့ ငါ့မြေး။ ငါ့မြေးကိုယ်တိုင် တစ်ချိန်တစ်ခါက ဒီနေရာတွေမှာ နေထိုင်သွားခဲ့ဖူးတယ်''

မြသွေးရည်အာရုံထဲတွင် သဲကုန်းတန်းပေါ် ခပ်ဖြည်းဖြည်းနှင့်လာသော မြင်းညိုကြီးတစ်ကောင်ကို မြင်ရလေသည်။ မြင်းညိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် သူမနှင့်နေဒီပ။

မြသွေးရည် ရင်တွေခုန်နေမိသည်။ ထိုစဉ် အာရုံရှေ့မြင်ကွင်း ဖျတ်ခနဲ ပျောက်သွားလေသည်။

"ကဲ ... ပြန်ကြစို့ငါ့မြေး။ နောက်တစ်ခေါက်ကျမှ ငါ့မြေးကို ခေါ်ပါဦးမယ်။ အခုတော့ ပြန်ကြဦးစို့ကွယ်"

လူကြီးက လောင်းလှေကြီးဆီသို့ မြသွေးရည်ကို ပြန်ခေါ်သွား လေ၏။ လောင်းလှေကြီးပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် မိန်းမလှကျွန်း တောနက်ထဲမှ မျောက်အော်သံများက ပြိုင်တူထွက်ပေါ်လေရာ ...

မြသွေးရည်မှာ အိပ်မက်မက်နေရာမှ လန့်နိုးသွားလေတော့ သည်။

✿ ✿ ✿

[ ၃ ]

☐

သူညီမညိုညို ပြောပြသဖြင့် ကျော်စွာတစ်ယောက် မြသွေး ရည်၏အကြောင်းစုံကို သိရလေသည်။ ကျော်စွာသည် မြသွေးရည်ကို ကြိုက်နှစ်သက်နေသူဖြစ်၏။

"မြသွေးရဲ့အိပ်မက်တွေက တကယ်ဖြစ်နိုင်တယ် ညိုညို"

"အို ... အိပ်မက်က အိပ်မက်ပဲ အစ်ကို။ တကယ်ဖြစ်နိုင် ပါ့မလား"

"ဖြစ်နိုင်တာပေါ့။ ငါတော့ အဲဒီကျောက်မျောက်ရုပ်တစ်ရာကို သွားရှာချင်တယ်"

"ဘာလဲ အစ်ကိုက အကောင်တစ်ရာမြောက် ကျောက်မျောက် ရုပ်ရင်ဘတ်ထဲက ရွှေ၊ ငွေ၊ ရတနာတွေကို လိုချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ဟာ။ အဲဒါတွေကိုရရင် နင်တို့ငါတို့ ချမ်းသာပြီပေါ့ ဟာ"

"ဟာ ... အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဘာကို မဖြစ်နိုင်တာလဲ။ နင်ပဲ စောစောကအိပ်မက်က အိပ်မက်ပဲဆို"

"အိပ်မက်က တကယ်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"အဲဒီ မျောက်တစ်ရာမျောက်ရုပ်တွေက ရှာတွေ့ဖို့မလွယ်ဘူး ထင်တယ်အစ်ကို။ တကယ်လို့ တွေ့တယ်ပဲထားဦး၊ ရေတွက်ကြည့်ရင် (၉၉)ကောင်ပဲ ဖြစ်နေလိမ့်မယ်။ တစ်ရာတိတိမြောက် ကျောက်မျောက်ရုပ်ကို တွေ့ရဖို့ကတော့ မလွယ်ဘူးထင်တယ်"

"အို ... ငါတွေ့အောင်ရှာမှာပေါ့ဟာ။ (၉၉)ကောင်ကို တွေ့နေမှတော့ ကျန်တဲ့တစ်ကောင်ကို တွေ့အောင်ရှာဖို့က ခက်မယ်မထင်တော့ပါဘူး"

"တကယ်လို့တွေ့ခဲ့ရင် အဲဒီကျောက်မျောက်ရုပ်ရင်ထဲက ရွှေငွေ၊ ရတနာတွေနဲ့ ကောင်းမှုကုသိုလ်အလှူဒါနပြုပြီး အမျှအတန်းဝေရမှာနော် အစ်ကို"

"အေးပါ ... တွေ့ရင်ငါလုပ်မှာပေါ့"

ကျော်စွာက သူ့ညီမကျေနပ်အောင် ပြောလိုက်၏။ တကယ်တော့ ကျော်စွာမှာ တောလိုက်မုဆိုးတစ်ယောက်ဖြစ်၏။ တောအတွေ့အကြုံရှိသည်။ ပျဉ်းမနားဒေသ၊ ရမည်းသင်းဒေသ၊ ယမေသင်းဒေသ၊ ပြင်ရယ်ဒေသ၊ ပျဉ်းမနားနယ်ပေါင်း ...

ကျော်စွာက သူ့ညီမကျေနပ်အောင် ပြောလိုက်၏။ တကယ်တော့ ကျော်စွာမှာ တောလိုက်မုဆိုးတစ်ယောက်ဖြစ်၏။ တောအတွေ့အကြုံရှိသည်။ ပျဉ်းဒရယ်သစ်တောတစ်ဝိုက် သူအမဲမလိုက်ဖူးသောနေရာမရှိ။ ဒါပေမဲ့ မိန်းမလှကျွန်းပေါ်ရှိ တောနက်ထဲမှာတော့ သူအမဲမလိုက်ဖူးပေ။

ထိုတောနက်ထဲရှိ မျောက်တစ်ရာကုန်းတန်း တစ်ဝိုက်မှာ 'နတ်ကြီးသည်'ဟု နယ်ခံမုဆိုးများက ယူဆထားကြသောကြောင့်ဖြစ်၏။ နတ်ကြီးသည်ဟုဆိုသည်မှာ ထိုနေရာတစ်ဝိုက်၌ အမဲသားငါး ရှာဖွေ၍မရခြင်းနှင့် အပြုအမူ၊ အပြောအဆို အများအယွင်းမခံခြင်းပင် ဖြစ်သည်။

ထို့အပြင် တောလိုက်မုဆိုးများမှာ မျောက်တစ်ရာကုန်းတစ်ဝိုက်သို့ အမဲလိုက်မည်ဟု ရည်ရွယ်၍သွားပါက ထိုနေရာသို့မရောက်တော့ဘဲ တဝဲလည်လည်ဖြင့် မျက်စိလည်လမ်းမှား၍ နေတတ်သည်။

အမဲကောင်မတွေ့ရဘဲ ကျား၊ ဆင်၊ မြွေတို့နှင့်ရင်ဆိုင်တိုးကာ မိမိက သားကောင်ပြန်ဖြစ်သွားတတ်လေသည်။

ထိုကဲ့သို့ အများအသက်ကိုသတ်သည့် အလုပ်ကိုမဆိုထားနှင့် ယင်းတောထဲ၌ ဆဲဆိုခြင်း၊ အညစ်အပတ်စကားများ ပြောဆိုခြင်းပြုရုံနှင့်ပင် ပြန်လမ်းရှာမတွေ့ဘဲ ဖြစ်တတ်သည်။ ထို့ကြောင့် ထိုနေရာကို အမဲလိုက်သမားမုဆိုးများသာမက သစ်ခုတ်သမားများနှင့် တောထဲဝင် ထင်းခွေ၊ ဟင်းရွက်ဟင်းသီးရှာ၊ မှိုရှာ၊ မျှစ်ခူးသူများပါ ရှောင်ကြလေ၏။

ယင်းနယ်မြေကို ရှေးလူကြီးများက 'မျောက်တစ်ရာဂမ္ဘီရနယ်မြေ'ဟူ၍ သတ်မှတ်ပြောဆိုခဲ့ကြလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနယ်မြေအတွင်း၌ မျောက်တစ်ရာဘုရားနှင့် မျောက်တစ်ရာကျောက်ရုပ်များ တည်ရှိသောကြောင့်ဖြစ်သည်။

ထိုမျောက်တစ်ရာ ဂမ္ဘီရနယ်မြေအတွင်း ပေါက်ရောက်နေသော သစ်ပင်ကြီးများပေါ်တွင် သစ်ခွပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာစွာ ပေါက်ရောက်နေကြသည်။ ထို့အပြင် ဂမုန်းပင်မျိုးစုံတို့လည်း ပေါက်ရောက်လေရာ ဂမုန်းပင်ရှာသူများ၊ သစ်ခွပန်းရှာသူများမှာ ထိုနယ်မြေအတွင်းသို့ ရောက်လာတတ်ကြသည်။







www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသူတို့မှာ ကျား၊ ဆင်၊ မြွေ စသည်တို့နှင့် ရင်ဆိုင်တိုးမိခြင်း မရှိကြပေ။ ဤသည်ကပင် မျောက်တစ်ရာဂမ္ဘီရနယ်မြေ၏ ထူးခြားမှုတစ်ခု ဖြစ်ပေသည်။ အစိပ္ပာယ်မှာ မကောင်းမှုများကို ထိုနယ်မြေက လက်မခံခြင်းပင်ဖြစ်သည်။

ကျော်စွာမှာ မျောက်တစ်ရာဂမ္ဘီရနယ်မြေ၏ ထူးခြားမှုများကို ကြားဖူးသော်လည်း ထိုနယ်မြေအတွင်းသို့ မရောက်ဖူးပေ။ ယခု သူညီမ ညိုညိုပြောပြသော မျောက်တစ်ရာ ဂမ္ဘီရနယ်မြေ၏အကြောင်းများမှာ သူကြားဖူးထားတာတွေထက် ပိုပြီးထူးခြားဆန်းကြယ်နေသဖြင့် တအံ့တသြ ဖြစ်နေမိသည်။ ပြီးတော့ စိတ်ဝင်စားလာမိတော့သည်။ စိတ်ဝင်စားမိတာကလည်း အခြားကြောင့်မဟုတ်။ ပျောက်ကွယ်နေသော ကျောက်မျောက်ရုပ်ကြီး၏ ရင်ဘတ်ထဲတွင်ရှိသည့် ရွှေ၊ ငွေ၊ ရတနာများကို ရယူလိုသောကြောင့်ပင် ဖြစ်သည်။

ဒါပေမဲ့ ကျော်စွာ့စိတ်ထဲ မဝံ့မရဲဖြစ်နေမိသည်က ညိုညိုပြောပြသောအကြောင်းများမှာ မြသွေးရည်၏ အိပ်မက်များဖြစ်နေခြင်းပင်တည်း။

ညိုညိုကတော့ မြသွေးရည်သည် အိပ်ပျော်နေစဉ် လိပ်ပြာလွင့်သွားကာ မိန်းမလှကျွန်းပေါ်သို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။

ဒါကရော . . . ဟုတ်နိုင်ပါ့မလား၊ ဖြစ်နိုင်ပါ့မလား။

"အိပ်ပျော်နေတဲ့ ခန္ဓာကိုယ်ကြီးက အိပ်ရာပေါ်မှာကျန်ရစ်နေခဲ့ပြီး သူမရဲ့လိပ်ပြာလို့ခေါ်တဲ့ စိတ်ဝိညာဉ်ကတော့ မိန်းမလှကျွန်းပေါ်ရောက်သွားခဲ့တာဖြစ်မှာပေါ့"

ဟု ညိုညိုကပြောသည်။





"အင်း . . . ညိုညိုပြောတာလည်း ဖြစ်နိုင်တာပဲ"

ဟု ကျော်စွာတွေးရင်း အားတက်လာသည်။

"လူတစ်ယောက်ဟာ တစ်နေရာရာကို ရုပ်ခန္ဓာကိုယ်ကြီးနဲ့သွားတဲ့ စိတ်ဝိညာဉ်အနေနဲ့သွားရင်လည်း ရောက်နိုင်လိမ့်မယ်ထင်တယ်။ ဒါပေမဲ့ ဒီလိုမျိုးတော့ လူတိုင်းသွားနိုင်လိမ့်မယ် မထင်ဘူး။ မြသွေးရည်ကတော့ ထူးထူးခြားခြား သွားနိုင်တယ်။ အံ့သြစရာပဲ။ အို ဘာပဲဖြစ်ဖြစ် မြသွေးရည်အိပ်မက်သာ အမှန်ဖြစ်ပါစေ။ အကောင်တစ်ရာမျောက် ကျောက်မျောက်ရုပ်ကို တွေ့အောင်ရှာပြီး သူ့ရင်ဘတ်ထဲက ရတနာတွေကို ငါရအောင်ယူရမယ်။

အဲဒီရတနာတွေကိုသာရရင် ဟောဒီနယ်တစ်ဝိုက်တင်မကဘူး ကမ္ဘာပေါ်မှာပါ ငါအချမ်းသာဆုံးဖြစ်ပြီ။ ပြီးရင် မြသွေးရည်ကို ငါလက်ထပ်မယ်။ ချမ်းသာတဲ့ငါ့ကို မြသွေးရည် ဘယ်ငြင်းနိုင်တော့မှာလဲ"

ကျော်စွာမှာ စိတ်ကူးဖြင့် ရူးနေမိလေသည်။

သူတွေးကြည့်တော့လည်း မြသွေးရည်၏အိပ်မက်မှာ တကယ်ဖြစ်နိုင်ပြန်သည်။ မြသွေးရည်မှာ ညနေနေဝင်ချိန်တိုင်း မိန်းမလှကျွန်းဘက်ဆီသို့ ငေးမျှော်နေတတ်သူဖြစ်သည်။ ပြီးတော့ သူမနားထဲမှာ မျောက်အော်သံတွေ ကြားနေရသည်ဟုလည်း ပြောသည်။

ရွာထဲမှ ရွာသူရွာသားအချို့ကတော့ မြသွေးရည်ကို 'မိန်းမလှကျွန်းမှလာသူ'ဟု ဆိုကြသည်။ အချို့ကတော့ မြသွေးရည်ကို သူ့မိဘများက ပျဉ်ဒရယ်တောကြီးထဲတွင် မွေးဖွားခဲ့ခြင်းဖြစ်ရာ တောထဲရှိ မျောက်တွေကြားထဲတွင် မြသွေးရည် ကြီးပြင်းခဲ့ရသည်။ ထို့ကြောင့် မျောက်အော်သံတွေကို ယခုတိုင် စိတ်ထဲစွဲပြီး ကြားနေမိခြင်းဖြစ်သည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မြသွေးရည်မမွေးခင်က သူမအမေနှင့် အဖေတို့သည် အခြားသစ်တောဝန်ထမ်းတချို့နှင့်အတူ မိန်းမလှကျွန်းပေါ်သို့ ရောက်ခဲ့ကြသည်။ ထိုကျွန်းပေါ်၌ စခန်းချနေထိုင်စဉ် တစ်ညနေ၌ ရှေးခေတ် အဝတ်အစားများကို ဝတ်ဆင်ထားသည့်လူကြီးတစ်ဦး တောနက်ထဲမှ ထွက်လာသည်။

ထိုလူကြီးမှာ နှုတ်ခမ်းမွေးကားကား၊ အရပ်ထောင်ထောင် မောင်းမောင်း၊ ဥပဓိရုပ်ကောင်းကောင်းနှင့် သျှောင်ထုံးကြီးထုံးထားသည်။ ထိုလူကြီးက သစ်တောဝန်ထမ်းတချို့ စခန်းချနေသောနေရာသို့ ရောက်လာသည်။ ထိုအချိန်တွင် စခန်းတစ်ခုလုံးရှိလူများ အိပ်မောကျနေပြီး (မြသွေးရည်၏ မိခင်ဖြစ်လာမည့်သူ) မသွေးခင်တစ်ယောက်တည်းသာ နိုးတစ်ဝက်အိပ်တစ်ဝက် ဖြစ်နေတော့သည်။ ထိုစဉ် လူကြီးတစ်ဦး သူမ အနားရောက်လာသည်။ လူကြီးကို ရုတ်တရက်မြင်လိုက်ရတော့ မသွေးခင် လန့်သွားသည်။ ထိုအခါလူကြီးက ...

"မလန့်ပါနဲ့ သမီး။ သမီးတို့ဇနီးမောင်နှံ နှစ်ယောက်စလုံး ကလေးလိုချင်နေကြတာ အဘသိတယ်။ ကလေးယူမလား"

ဟုမေးသည်။ ကိုမြမောင်နှင့် မသွေးခင်တို့မှာ အိမ်ထောင်သက် (၁၀)နှစ်ပင် ကျော်လာခဲ့ပြီဖြစ်သော်လည်း သားမဲသီးမထွန်းကား သေးပေ။

ထို့ကြောင့် မသွေးခင်က ဝမ်းသာအားရဖြင့် ...

"ယူမယ်အဘ၊ ယူမယ်။ အဘပေးပါ"

ဟု ပြောလိုက်မိသည်။ ထိုအခါလူကြီးက ပြုံးလိုက်ပြီး ...

"ဒါဆိုရင်လည်း ပေးရတာပေါ့သမီးရယ်။ ကျုံတုံးမြို့ဟောင်းကြီးက မိန်းကလေးတစ်ယောက်ကို သမီးတို့ဆီပို့လိုက်ပါမယ်။ သမီးတို့





ကောင်းကောင်းမွန်မွန်သာမွေးပါ။ သူက သမီးတို့ကို အကျိုးပြုပါလိမ့်မယ်"

ဟုပြောပြီး တောထဲသို့ ပြန်ဝင်သွားလေသည်။

သူမစိတ်ထဲ ဇဝေဇဝါဖြစ်နေမိသည်။

ထို့နောက် မကြာမီ မသွေးခင်မှာ ကိုယ်ဝန်ရှိလာကာ မြသွေးရည်ကလေးကို မွေးလာခြင်းဖြစ်ပေသည်။ မြသွေးရည်ကလေးကို မွေးပြီးနောက် ကိုမြမောင်မှာ တောကြပ်အဆင့်မှ တောခေါင်းအဆင့်သို့ ရာထူးတိုးခြင်းခံခဲ့ရသည်။ ထို့အပြင် သစ်တောကိစ္စဖြင့် ထော်စီထော်ပိုင် တောထဲနှင့် မိန်းမလှကျွန်းတောထဲသို့ သွားရောက်တတ်ရလေ့ရှိရာ ထိုသို့သွားရောက်ရသည့်အခါတိုင်း တောထဲမှ ရွှေတို့ရွှေစ၊ ငွေတို့ငွေစများကို ကောက်ရလာတတ်လေ့ရှိသည်။

ထိုအခါ မသွေးခင်က ကိုမြမောင်အား ...

"အဲဒါ တောထဲက သျှောင်ထုံးကြီးနဲ့ ရှေးဟောင်းလူကြီးပေးတာ ဖြစ်မှာပေါ့"

ဟုပြောလေသည်။ ကိုမြမောင်ကလည်း မသွေးခင်ပြောသည့်အတိုင်း ယုံကြည်လေသည်။ မကြာမီ သူတို့လင်မယား စီးပွားရေးတက်လာပြီး ဘိုကလေးမြို့ပေါ်တွင် အိမ်ကြီးတစ်လုံး ဝယ်လိုက်လေသည်။

ကိုမြမောင်မှာလည်း တောခေါင်းအဆင့်မှ တောအုပ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခြင်း ခံရပြန်သည်။ သို့သော် ကိုမြမောင်တို့မိသားစုသည် ဘိုကလေးမြို့သို့ တစ်ခါတစ်ရံမျှသာ သွားရောက်နေထိုင်လေ့ရှိပြီး သူ့အလုပ်စခန်းနှင့်နီးရာ ဤရွာကလေးတွင်သာ နေထိုင်သည်က များလေသည်။ သူ့အထက်လူကြီးများ ရောက်လာပါက ဘိုကလေးမြို့ပေါ်ရှိအိမ်ကြီးတွင် တည်းခိုနေထိုင်စေလေသည်။ ထို့အပြင် အထက်လူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကလည်း ကိုမြမောင်ကို လွန်စွာသဘောကျကြလေ၏။

ထိုကဲ့သို့ ကိုမြမောင်၊ မသွေးခင်နှင့် မြသွေးရည်တို့မိသားစု၏အကြောင်းကို ကျော်စွာတို့တစ်ရွာလုံးနီးပါးက သိထားကြလေ၏။ ကိုမြမောင်တို့မိသားစုကလည်း သဘောအလွန်ကောင်းကြ၏။ ရွာထဲတွင် မကြာခဏ အလှူအတန်းပြုလုပ်လေ့ရှိသလို ဆင်းရဲနွမ်းပါးသူများကိုလည်း ပေးကမ်းထောက်ပံ့လေ့ရှိ၏။ ထို့ကြောင့် ရွာထဲတွင် ကိုမြမောင်တို့မိသားစုကို လူချစ်လူခင်များလေသည်။

မြသွေးရည်ကိုပင် 'မိန်းမလှကျွန်းသူလေး'ဟု ချစ်စနိုးဖြင့် ခေါ်ဝေါ်ကြလေ၏။ ကျော်စွာက မြသွေးရည်ကို ကြိုက်နှစ်သက်နေသော်လည်း မြသွေးရည်ကတော့ ကျော်စွာ့ကို စိတ်မဝင်စားပေ။

ကျော်စွာ့ကိုသာမကပါ။ ဘယ်ယောကျ်ားလေးကိုမှလည်း စိတ်မဝင်စားပေ။ ယခု ကျော်စွာက အကြံအစည်နှင့်ဖြစ်သည်။ သူက မိန်းမလှကျွန်းပေါ်က တောနက်ထဲသို့ဝင်ကာ မျောက်တစ်ရာရုပ်တွေကို သွားရှာမည်။ တွေ့လျှင် တစ်ရာမြောက် ကျောက်မျောက်ရုပ်ကြီး၏ ရင်ဘတ်ထဲမှ ရတနာတွေကိုယူမည်။ သိဒ္ဓိဝင်ပစ္စည်းတွေနှင့် ဝါးရုပ်စုံကို သူစိတ်မဝင်စားပါ။

ဒါပေမဲ့ လိုရမည်ရတော့ ယူလာရမည်။ အဲဒါတွေက တစ်နေရာရာမှာ အသုံးဝင်ချင် အသုံးဝင်နေမည်။ ရတနာတွေရလာလျှင်တော့ မြသွေးရည်ကျေနပ်အောင် ကုသိုလ်ကောင်းမှု အလှူဒါန နည်းနည်းလောက်တော့လုပ်ရမည်။ အမျှအတန်းဝေရမည်။ ဒါမှလည်း မြို့စားကြီးရဲ့ နောက်လိုက်နောက်ပါတွေ ကျွတ်လွတ်ကြမည် မဟုတ်လား။

ကျော်စွာ အဖော်ပင်မခေါ်တော့ဘဲ တစ်ယောက်တည်း ထွက်လာခဲ့သည်။ လှေကို ဖောင်ဝင်မြစ်အတိုင်း လှော်ခတ်လာခဲ့ရာ မကြာမီ





မိန်းမလှကျွန်းဆီသို့ ရောက်လာလေသည်။ သူ့မှာ ဒူးလေးနှင့် ဓားကိုပါလာခဲ့သည်။ ဒူးလေးက သူ့အမဲပစ်နေသော ဒူးလေးဖြစ်သည်။ လှေကို ကမ်းစပ်တစ်နေရာ၌ ဆိုက်ကပ်ရန်ပြင်လိုက်စဉ် သမန်းဗျိုက်တောထဲမှာ ဆောင့်ကြောင့်ထိုင်နေသော တောကောင်ကြီးကို လှမ်းမြင်လိုက်ရသည်။

"ဟာ ..."

ကျော်စွာ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ မိန်းမလှကျွန်း၏ကြိုဆိုပုံက စလျှင်စချင်း ဆောက်နဲ့ထွင်းသလို ဖြစ်နေသည်။ ကျော်စွာက ဘေးနားမှချထားသော ဒူးလေးကိုကောက်ယူပြီး ပစ်ရန်ပြင်လိုက်သည်။ ထိုအခါ တောကောင်ကြီးက သူ့ကို ပါးစပ်ကြီးဖြဲပြပြီးနောက် သမန်းဗျိုက်တောထဲသို့ ဝင်သွားလေသည်။

"တောက် ... မပစ်လိုက်ရတာ နာတယ်ကွာ။ ငါ့ဒူးလေးစာမိလိုကတော့ ကိုးတောင်ကျားမကလို့ ဆယ်တောင်ကျားပဲဖြစ်ဖြစ် ထုတ်ချင်းခတ်ပဲ အောက်မေ့ရော့"

ကျော်စွာကမကျေမနပ်နှင့် ကြိမ်းဝါးလိုက်သည်။ ထို့နောက် လှေကိုကမ်းစပ်သို့ ဆိုက်ကပ်လိုက်ပြီး လက်နက်များကိုယူကာ ကျွန်းပေါ်သို့တက်ခဲ့သည်။

စောစောက တောကောင်ကြီးထိုင်နေသော သမန်းဗျိုက်တောနေရာသို့ ရောက်သောအခါ စိတ်မချသလိုဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုအကဲခတ်လိုက်မိသည်။ ဒါပေမဲ့ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။ သို့ဖြင့် ဒူးလေးကို အသင့်ပြင်ကာ တောထဲဝင်လာခဲ့သည်။ စိတ်ထဲမှာတော့ အနည်းငယ် ထိတ်လန့်နေမိသည်။

ကျွန်းပေါ်သို့မတက်မီပင် တောကောင်ကြီးကိုတွေ့လိုက်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



က ကျော်စွာ့အတွက် နိမိတ်မကောင်းသလိုဖြစ်နေသည်။

"အို . . . နိမိတ်မကောင်းတာတွေ၊ ကောင်းတာတွေ လုပ်မနေနဲ့။ တောထဲမှာကျားရှိတာ ဘာဆန်းလို့လဲ"

ကျော်စွာတွေးရင်း တောနက်ထဲသို့ဝင်လာခဲ့သည်။ သို့သော် တောကောင်ကြီး၏ အရိပ်အယောင်ကိုကား နောက်ထပ်မတွေ့တော့ပေ။ ထို့ကြောင့် စိတ်ထဲတွင် သက်သာရာရသလို ဖြစ်သွားမိလေသည်။

ကျော်စွာ တောနက်ထဲသို့ ရောက်မှန်းမသိ ရောက်လာသည်။ သူ့မျက်လုံးတွေက နေရာအနှံ့ကို လိုက်လံကြည့်ရှုနေသည်။ ဒါပေမဲ့ မျောက်နှင့်တူတာဆိုလို့ သက်ရှိမျောက်တစ်ကောင်တလေကိုပင် မတွေ့ရပေ။ ဒါကပင် သူ့အတွက် အံ့သြစရာဖြစ်နေသည်။

ပျဉ်ဒရယ်သစ်တောနှင့် ဤသစ်တောအတွင်းပါဝင်သော ကျွန်းညိုကြီးနှင့် မိန်းမလှကျွန်းတို့မှာ မျောက်သတ္တဝါများ အလွန်တရာပေါ်များသောနေရာများ ဖြစ်ကြသည်။ ဒါပေမဲ့ မျောက်တစ်ကောင်တလေမှုမတွေ့ရသဖြင့် သူ့အတွက် အထူးအဆန်းဖြစ်နေသည်။

အခါတိုင်းဆိုလျှင် မျောက်များမှာ သစ်ပင်ကြီးများပေါ်တွင် ဟိုဟိုဒီဒီ ခုန်ပျံပြေးလွှားကာ နေတတ်ကြသည်။ တောတစ်တောကို စတင်ဝင်မိသည်နှင့်တစ်ပြိုင်နက် စတင်တွေ့ရသောသတ္တဝါမှာ မျောက်ပင်ဖြစ်သည်။ ယခုတော့ ဘာမျောက်ကိုမှ ကျော်စွာမတွေ့ရပေ။

ကျောက်မျောက်ရုပ်တစ်ရာကို လာရောက်ရှာဖွေသော ကျော်စွာမှာ သက်ရှိမျောက်တစ်ကောင်ကိုပင် မတွေ့ရသဖြင့် အခက်ကြီးခက်နေမိသည်။

အမှန်တော့ မိန်းမလှကျွန်းတောနက်ထဲရှိ မျောက်ရုပ်တစ်ရာကို ကံထူးသူများသာတွေ့နိုင်ပြီး သာမန်လူများ မတွေ့နိုင်ပေ။ တကူး





သက လိုက်လံရှာဖွေပါက တွေ့နိုင်ဖို့ ပို၍ခက်ခဲတတ်ပေသည်။ တစ်ခါတစ်ရံတောထဲမှာ မျက်စိလည်ရင်း ထိုကျောက်မျောက်ရုပ်များကို တွေ့တတ်သည်လည်းရှိသည်။ သို့သော် ရေကြည့်ပါက အကောင်တစ်ရာမပြည့်ဘဲ (၉၉)ကောင်သာ ရေတွက်၍ရလေသည်။

ထိုနေရာကိုမှတ်ထားပြီး အဖော်များကိုခေါ်ကာ နောက်တစ်ခေါက်သွားရှာကြည့်ပါက ကျောက်မျောက်ရုပ်များကို လုံးဝ မတွေ့ရတော့ပေ။ စောစောကနေရာကိုပင် ပြန်လည်မရှာနိုင်သည်လား၊ အမှတ်မှားသွားသည်လား မပြောတတ်တော့ပေ။

ကျော်စွာသည် ဖွဲကောင်းကောင်းနှင့် ကျောက်မျောက်ရုပ်များကို ရှာဖွေနေမိသည်။ တောကြီးတစ်တောလုံးက အံ့သြစရာကောင်းလောက်အောင် တိတ်ဆိတ်နေသဖြင့် ကျော်စွာမှာ ကျောထဲမှပင်စိမ့်လာမိသည်။ တကယ်တော့ ကျော်စွာမှာ ကြောက်တတ်သူတစ်ယောက်မဟုတ်ပါ။

ထိုစဉ် တောထဲမှ တောတိုးလာသံအချို့ကို ကြားလိုက်ရသည်။ ချက်ချင်း ဒူးလေးကိုအသင့်ပြင်ကာ အသံလာရာဆီသို့ ချိန်ရွယ်လိုက်သည်။ ခဏအကြာတွင် တောထဲမှထွက်လာသော မျောက်ကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ မျောက်ကြီးက လူလောက်နီးနီး ကြီးမားသဖြင့် ကျော်စွာလည်း အံ့အားသင့်ပြီး ကြည့်နေမိသည်။

မျောက်ကြီးက သူ့ကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီးနောက် တောထဲပြန်ဝင်သွားသည်။

ကျော်စွာသည် ကြောင်ပြီးကြည့်နေမိရာမှ မျောက်ကြီးနောက်သို့ လိုက်သွားမိသည်။ မျောက်ကြီးက ခပ်သုတ်သုတ်သွားနေရာ သူကလည်း ခပ်သုတ်သုတ်လိုက်နေမိသည်။ တောမှာ တဖြည်းဖြည်းနက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မျောက်ကြီးက ရှေ့မှသွားနေဆဲဖြစ်သည်။ နောက်ကိုတော့ လှည့်မကြည့်ပေ။ သူနောက်မှလိုက်လာသည်ကို သိနေသည့်အလားဖြစ်သည်။ အတန်ကြာသောအခါ တောမှာ ထူထပ်လာသည်။ စောစောက တောမှာ အောက်ခြေရှင်းသဖြင့် သွားလာရလွယ်ကူသော်လည်း ယခုတော့ အောက်ခြေကရှုပ်ထွေးလာသည်။ သွားလာရမလွယ်ကူတော့။

ထို့ကြောင့် ပါလာသောဓားဖြင့် လမ်းရှင်းပြီးသွားနေရသည်။ ရှေ့မှမျောက်ကြီးကတော့ သစ်ပင်ပေါ်မှသွားနေသဖြင့် ကျော်စွာမှာ အပေါ်ကိုမော့မော့ကြည့်ပြီး သွားနေရသည်။

အတန်ကြာသွားမိပြီးသောအခါ သစ်ပင်များကျဲပါးသွားပြီး ရှေ့ဆီတွင် ကွင်းပြောင်ပြောင်တစ်ခုကို ဘွားခနဲ တွေ့လိုက်ရသော်လည်း တစ်ပြိုင်တည်းပင် ထိုကွင်းပြင်ပြောင်ထဲ၌ စေတီတစ်ဆူကိုလည်း မှာ တွေ့လိုက်ရသော်လည်း၊ စေတီမှာ ရွှေရောင်ဝင်းပနေလေ၏။ ယခု လောလောလတ်လတ်ပင် ရွှေချထားသည့်အလား ထင်ရ၏။

ဤမျှ လူသူမနီးသော တောကြီးမျက်မည်းထဲတွင် ဤမျှ ရွှေရောင်ဝင်းပနေသော စေတီတော်ကြီးကို မြင်လိုက်ရသဖြင့် ကျော်စွာ အံ့အားသင့်ငေးဝေသွားမိသည်။ ထို့ကြောင့် စောစောက မျောက်ကြီးကိုပင် သတိမရတော့ပဲ ဖြစ်သွား၏။ သတိရ၍ ကြည့်လိုက်မိသောအခါ မျောက်ကြီးကို မတွေ့ရတော့ပေ။

ခဏကြာတော့ ကျော်စွာ ကွင်းပြောင်ပြောင်ထဲသို့ရောက်သွားလေသည်။ ထိုစဉ် နောက်ထပ် ထူးခြားမှုတစ်ခုကို တွေ့လိုက်ရသေးသည်။ ထိုထူးခြားမှုကား ကျောက်မျောက်ရုပ်များပေတည်း။ ထိုကျောက်မျောက်ရုပ်များသည် စေတီတော်၏အနောက်ဘက် မနီးမဝေးတွင် စေတီတော်ကိုမျက်နှာပြုလျက် စီတန်းပြီးရှိနေကြလေသည်။ ကျောက်မျော





ရုပ်များ၏နောက်ဘက်တွင်ကား သစ်ပင်ကြီးများ ပေါက်ရောက်နေကြ၏။

"ဟုတ်ပါပြီ။ ဒီဘုရားဟာ မျောက်တစ်ရာဘုရားပဲ။ ဟိုကျောက်မျောက်ရုပ်တွေကတော့ မျောက်တစ်ရာကျောက်ရုပ်တွေပဲ။ စောစောက မျောက်ကြီးက ငါ့ကိုဒီနေရာရောက်အောင် လမ်းပြခေါ်ဆောင်ခဲ့တာပဲ။ ကျေးဇူးကြီးလှပါဘိ မျောက်ကြီးရယ်"

ကျော်စွာမှာ အားရဝမ်းသာ တစ်ယောက်တည်းရေရွတ်နေမိလေသည်။ သူသည် ဘုရားကိုပင် ဦးချကန်တော့ရန် သတိမရတော့ဘဲ မျောက်ရုပ်များရှိရာဆီသို့ လျင်မြန်စွာ လျှောက်သွားလေ၏။ ကျောက်မျောက်ရုပ်ကြီးများရှေ့သို့ရောက်လျှင် မျောက်ရုပ်ကြီးများကို သေချာစွာ ကြည့်ရှုမိ၏။ မျောက်ရုပ်ကြီးများမှာ လူလောက်နီးနီးရှိကြပြီး ဘုရားဘက်သို့ မျက်နှာမူနေကြ၏။

ကျော်စွာ၏စိတ်ထဲ၌ ချက်ချင်းပင် လောဘဇောတွေတက်လာလေ၏။ သူသည် ကျောက်မျောက်ရုပ်ကြီးများကို လျင်မြန်စွာရေတွက်လေတော့၏။ သို့သော် မျောက်ရုပ်ကြီးများမှာ (၉၉)ကောင်ပဲ ရှိလေ၏။

"အင်း . . . ငါစိတ်လောနေလို့ထင်တယ်။ နောက်တစ်ခါ ရေကြည့်ဦးမှ"

ထပ်ရေကြည့်ပြန်သောအခါ (၉၉)ကောင်သာရှိလေ၏။ ကျော်စွာမှာ မကျေနပ်သေးသဖြင့် နောက်တစ်ကြိမ်ထပ်ရေကြည့်လေ၏။ ထိုအခါတွင်လည်း (၉၉)ကောင်သာရှိသည်ကို တွေ့ရပြန်သည်။

"ဘယ်လိုဖြစ်တာပါလိမ့်။ ငါလည်း မျက်စိမမှားပါဘူး။ ဒီတစ်ခါတော့ သေသေချာချာ ရေမှပဲ"

ဟုတွေးကာ ထပ်ရေပြန်၏။ သို့သော် မျောက်ရုပ်များမှာ (၉၉)



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသာရှိလေသည်။

"ဟုတ်ပြီ။ ဒီလောက်တောင်ဖြစ်လှတာ ဒီတစ်ခါတော့ မျောက်ရုပ်ကြီးတွေကို တစ်ကောင်ချင်းစီ လက်နဲ့ကိုင်ပြီး ရေကြည့်မယ်။ ဒါဆိုရင် ဘယ်လိုမှ မမှားနိုင်တော့ဘူး"

ကျော်စွာသည် တစ်ယောက်တည်းရေရွတ်ရင်း ထိပ်ဆုံးမှ မျောက်ရုပ်ကြီးဆီသို့ လျှောက်သွားလေ၏။ ပြီးလျှင် ထိုမျောက်ရုပ်ကြီးကို လက်ဖြင့်ထိကိုင်ကာ ...

"တစ်ရုပ် ..."

ဟု စတင်ရေတွက်လေ၏။ ထို့နောက် ဒုတိယမျောက်ရုပ်ကြီးရှေ့သို့သွားပြန်ကာ မျောက်ရုပ်ကြီးကို လက်နှင့်ထိကိုင်လိုက်ပြီး ...

"နှစ်ရုပ် ..."

ဟု ရေတွက်ပြန်လေ၏။ ပြီးလျှင် တတိယမြောက် ကျောက်မျောက်ရုပ်ကြီးရှေ့သို့ သွားပြန်ကာ မျောက်ရုပ်ကြီးကို လက်နှင့်ထိကိုင်လိုက်ပြီး ...

"သုံးရုပ် ..."

ဟု ရေတွက်ပြန်လေ၏။ ထိုကဲ့သို့ ရေတွက် ရေတွက်၍သွားလေရာ (၉၉)ရုပ်မြောက်သောအခါတွင် ရေတွက်ခြင်းမှာ ရပ်တန့်သွားလေတော့သည်။ ရှေ့ဆက်ပြီး ရေတွက်စရာမရှိတော့ပေ။

ကျော်စွာလည်း စိတ်ပျက်လက်ပျက်ဖြစ်သွားလေသည်။

"ဒီလောက် သေသေချာချာရေတာတောင် (၉၉)ကောင်ပဲရှိတယ်။ အဲဒီတော့ အကောင်တစ်ရာရှိတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ သက်သက်မဲ့ လိမ်ညာလှည့်စားတာပဲ ဖြစ်ရမယ်။ အဲဒါတော့ အကောင်တစ်ရာမရှိဘဲနဲ့ အကောင်တစ်ရာရှိတယ်လို့ သတင်းလွှင့်





ထားတာဖြစ်ရမယ်။ ဒါမှ ကျောက်မျောက်ရုပ်တွေကို တွေ့တဲ့သူဟာ ထင်ယောင်ထင်မှားတွေဖြစ်၊ နဝေတိမ်တောင်တွေဖြစ်ပြီး ကြောင်တောင်တောင်တွေဖြစ်သွားမှာ ... ဟုတ်တယ်။

အကောင်တစ်ရာတိတိရှိရင် အကောင်တစ်ရာပြည့်အောင် ရေလို့ရရမှာပေါ့။ အခု အကောင်တစ်ရာပြည့်အောင်မရှိဘဲ (၉၉)ကောင်ပဲရှိလို့ (၉၉)ကောင်ပဲ ရေလို့ရတာပေါ့။

ဟုတ်ပြီ။ ဒါဆိုရင် (၉၉)ကောင်မြောက် မျောက်ရုပ်ကြီးရဲ့ ရင်ဘတ်ထဲမှာပဲ ရတနာတွေရှိရမယ်"

ကျော်စွာကတွေးရင် (၉၉)ကောင်မြောက် နောက်ဆုံးကျောက်ရုပ်ကြီးကို သေသေချာချာ ကြည့်လိုက်လေ၏။ ကျောက်မျောက်ရုပ်ကြီး၏မျက်လုံးအစုံက သူ့အား စူးစူးစိုက်စိုက် ပြန်ပြီးကြည့်နေသကဲ့သို့ ကျော်စွာ ခံစားလိုက်ရပြီး ကျောထဲတွင် စိမ့်ခနဲဖြစ်သွားလေသည်။

"ဒီကျောက်မျောက်ရုပ်ကြီးရဲ့ လက်ချောင်းကလေးတွေထဲက လက်ချောင်းကလေးတစ်ချောင်းဟာ သူ့ရင်ဘတ်က လျှို့ဝှက်တံခါးပေါက်ကိုဖွင့်တဲ့ ခလုတ်ပဲတဲ့။ ဒါပေမဲ့ ဘယ်လက်ချောင်းကလေးက ခလုတ်မှန်း ငါမှမသိပဲ။ အို ... အဲဒီတော့ လက်ချောင်းကလေးတွေကို တစ်ချောင်းချင်း နှိပ်ကြည့်ရမှာပဲ"

ကျော်စွာက တစ်ယောက်တည်း ပြောပြောဆိုဆို ထိုကျောက်မျောက်ရုပ်ကြီး၏ ဘယ်ညာလက်ချောင်းကလေးများ ဆယ်ချောင်းအနက်မှ လက်ချောင်းကလေးတစ်ချောင်းကို စတင်နှိပ်လိုက်လေ၏။ သို့သော် ဘာမျှထူးမလာပေ။ ဒုတိယမြောက် လက်ချောင်းကလေးကို နှိပ်လိုက်ပြန်၏။ တစ်စုံတစ်ရာ ထူးခြားမှုမရှိပေ။

တတိယမြောက်လက်ချောင်းကလေးကို နှိပ်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှထူးခြားလာခြင်း မရှိသဖြင့် တစ်ခုပြီးတစ်ခု နှိပ်သွားလေရာ လက်ချောင်းဆယ်ချောင်းကုန်အောင် နှိပ်သွားပြီးသော်လည်း ရင်ဘတ်ရှိ လျှို့ဝှက်တံခါးမှာ ပွင့်လာခြင်းမရှိပေ။

ကျော်စွာမှာ မကျေနပ်နိုင်သေးဘဲ နောက်ထပ်တစ်ခါ ဆယ်ချောင်းစလုံးကုန်အောင် နှိပ်လိုက်ပြန်၏။ ဘာမျှ မထူးခြားပေ။

"ဒီလောက်တောင်ဖြစ်လှတာ သူ့ရင်ဘတ်ကို ဓားနဲ့ထွင်းပစ်မယ်။ ဒါမှ ရင်ဘတ်ထဲက ရတနာတွေထွက်ကျလာမှာ"

ကျော်စွာသည် ကျောက်မျောက်ရုပ်ကြီးကို ကြိမ်းမောင်းရင်း ဓားကိုထုတ်လိုက်ပြီး မျောက်ရုပ်ကြီး၏ရင်ဘတ်ကို ထိုးစိုက်ချလိုက်လေသည်။

သို့သော် ဓားဦးမှာ ကျောက်သားရင်ဘတ်ကို ထွင်းဖောက်ဝင်ရောက်သွားနိုင်ခြင်းမရှိပေ။ ကျော်စွာ ထပ်ကာထပ်ကာ ထိုး၏။ သို့သော် အချည်းနှီးသာဖြစ်နေ၏။ ကျော်စွာ စိတ်မရှည်တော့ပေ။ ကျောက်သားရင်ဘတ်ကို ပုဆိန်ဖြင့်ဖွင့်ရန် ခါးကြားမှပုဆိန်ကို ဆွဲထုတ်လိုက်လေ၏။

ထို့နောက် အားဖြင့်လွှဲကာ ကျောက်မျောက်ရုပ်ကြီး၏ ကျောက်သားရင်ဘတ်ကို ပေါက်ချလိုက်လေသည်။ ထိုသို့ပေါက်ချလိုက်သည် နှင့် တစ်ပြိုင်နက် ပြင်းထန်သောအသံကြီးထွက်ပေါ်လာကာ ပုဆိန်မှာ လက်မှလွတ်ကျပြီးကျော်စွာမှာ လဲကျသွားလေတော့သည်။

သတိရှိသော ကျော်စွာမှာ လဲကျနေရာမှ ချက်ချင်းထလိုက်၏။ ထိုအချိန်မှာပင် မျောက်အော်သံတွေက ဆူညံစွာထွက်ပေါ်လာလေသည်။

"ဂိး ... ဂိး ... ဂိး ..."

---

စိတ်ကူးသစ်စာပေ



"အူ ... ဝူး ... ဝူး ..."

"ခွီး ... ခွီး ... ခွီး ..."

ကျောက်မျောက်ရုပ်ကြီးများ၏ နောက်ဘက်တွင် ဘယ်အချိန်က ပုန်းကွယ်နေမှန်းမသိသော မျောက်ကြီးများသည် ရုတ်တရက် ရှေ့သို့ခုန်ထွက်လာကြသည်။ ကျော်စွာသည် ပုဆိန်ကိုလှမ်းကောက်ပြီး မျောက်ကြီးများကို တိုက်ခိုက်ရန်ပြင်လိုက်သည်။

ဒါပေမဲ့ သူနောက်ကျသွားလေပြီ။ မျောက်ကြီးများက သူ့ဆီသို့ ဒရောသောပါး ပြေးဝင်လာကြပြီး ဝိုင်းဝန်းတိုက်ခိုက်ကြရာ လက်ထဲမှ ပုဆိန်လွတ်ကျသွားပြီး မျောက်ကြီးများ၏ ဝိုင်းဝန်းကိုက်ခဲခြင်းကို ခံရလေတော့သည်။

"အား ... အား ..."

ကျော်စွာ၏ ရှူးရှူးဝါးဝါးအသံကြီးက ကြောက်မက်ဖွယ်ရာထွက်ပေါ်လာကာ တစ်တောလုံးကို ဖုံးအုပ်သွားလေသည်။

❁ ❁ ❁

www.burmeseclassic.com

| ၄ |

နောက်သုံးရက်ခန့်ကြာသောအခါ မိန်းမလှကျွန်းပေါ်သို့ ရောက်ရှိသွားသော သစ်တောဝန်ထမ်းအဖွဲ့တစ်ဖွဲ့သည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကျော်စွာ၏ရုပ်အလောင်းကို တွေ့ကြရလေ၏။

ကျော်စွာ၏မျက်နှာနှင့် လည်ပင်းတစ်ဝိုက်တွင် ချွန်ထက်သော အစွယ်များဖြင့် ကိုက်ဖဲ့ထားခြင်းခံထားရ၏။ တစ်ကိုယ်လုံးမှာလည်း ကုတ်ရာခြစ်ရာများဖြင့် ဗရပွဖြစ်နေ၏။ ပုဆိန်၊ ဓားနှင့် ဒူးလေးတို့သည် နံဘေးတွင် လွင့်စဉ်ကျနေလေသည်။

သစ်တောဝန်ထမ်းများသည် ကျော်စွာအား ရန်မူသတ်ဖြတ်သွားသော သတ္တဝါများရှိလိမ့်မည်အထင်နှင့် အနီးတစ်ဝိုက်သို့ လိုက်ထ





ရှာဖွေကြည့်ရှုကြလေရာ အတော်လှမ်းလှမ်းတစ်နေရာသို့ ရောက်သွားကြပြီး ကွင်းပြောင်ပြောင်တစ်ခုကို တွေ့လိုက်ရလေသည်။

ကွင်းပြောင်ပြောင်အလယ်တွင် ရွှေရောင်ဝင်းပနေသော စေတီတော်တစ်ဆူကို ဖူးတွေ့လိုက်ကြရ၏။ စေတီတော်နှင့် မနီးမဝေးတွင် စီတန်းနေသော မျောက်ရုပ်ကြီးများကို တွေ့လိုက်ကြရ၏။

သစ်တောဝန်ထမ်းအဖွဲ့သည် တအံ့တသြဖြစ်နေကြ၏။ သူတို့ဖူးတွေ့နေရသည်မှာ မျောက်တစ်ရာဘုရားဖြစ်ကြောင်း ရိပ်မိလိုက်ကြသဖြင့် ဘုရားကို အားရပါးရဖူးကြလေ၏။ ဘုရားဖူးပြီးသောအခါ ထူးဆန်းသော ကျောက်မျောက်ရုပ်ကြီးများကို သွားရောက်ကြည့်ရှုကြလေ၏။

အနီးကပ် ကြည့်ရှုလိုက်မိကြသောအခါ ကျောက်မျောက်ရုပ်များ၏ ပါးစပ်ထဲတွင် သွေးစသွေးနကို အံ့သြဖွယ်ရာ တွေ့လိုက်ကြရပေသည်။ ထို့ကြောင့် သူတို့သည် ကျော်စွာ၏အလောင်းကို သယ်ယူကာ ထိုနေရာမှ အမြန်ဆုံးထွက်ခွာခဲ့ကြလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် နှစ်နှစ်ကျော်ခန့် အကြာတွင် တောအုပ်ကြီးဦးမြမောင်ထံသို့ တပည့်ဖြစ်သူ တောကြပ်ကလေး မောင်မြင့်ကြည် ရောက်ရှိလာလေသည်။ မောင်မြင့်ကြည်နှင့် အတူ မျောက်ကလေးတစ်ကောင်ပါ ပါလာ၏။

"ကျွန်တော် မိန်းမလှကျွန်းပေါ်က ရလာတဲ့မျောက်ကလေး ပါတောအုပ်ကြီး။ ရလာတာ သိပ်မကြာသေးပါဘူး။ မျောက်ကလေးကို ရလာပြီး တစ်ညတော့ ကျွန်တော်အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ မျောက်ကလေးက သူ့ကို တောအုပ်ကြီးတို့အိမ်ကို လိုက်ပို့ပေးပါလို့ ပြောတယ်။ အဲဒါကြောင့် ကျွန်တော် ဒီမျောက်ကလေးကို လာပို့တာပါ"

ဟုပြောလေရာ ဦးမြမောင်က ...

"ဒီမျောက်ကလေးက မင်းကို ဒီလိုအိပ်မက်ပေးသတဲ့လား။ 'အံ့သြစရာပါပဲကွယ်"





ဟု ပြောလိုက်လေ၏။

ထိုအချိန်တွင် အပြင်ဘက်မှ မြသွေးရည်နှင့်ညိုညိုတို့ သူငယ်ချင်းနှစ်ယောက် ခြံထဲသို့ဝင်လာကြလေသည်။ မျောက်ကလေးသည် မိန်းကလေးနှစ်ယောက်ကိုတွေ့သည်နှင့် ချက်ချင်းပြေးသွားပြီး ကိုယ်ပေါ်သို့ အတင်းတက်နေတော့၏။

"အို ... လုပ်ပါဦး ... ဟဲ့ ... ဟဲ့"

နှစ်ယောက်စလုံး ရုတ်တရက်မို့ လန့်သွား၏။ ထို့နောက် မျောက်ကလေးသည် မြသွေးရည်နှင့် ညိုညိုတို့ကိုကြည့်ကာ မျက်ရည်များကျလာလေရာ သူတို့နှစ်ယောက်မှာ မျောက်ကလေးကိုကြည့်ပြီး နားလည်နိုင်အောင် ဖြစ်သွားလေသည်။

မျောက်ကလေးရောက်လာပြီးနောက် တစ်ညတွင် မြသွေးရည် အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် မျောက်ကလေးကိုကြည့်နေစဉ် မျောက်ကလေး၏မျက်နှာသည် ကျော့စွာ၏မျက်နှာအဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲသွားလေသည်။

ညိုညိုသည်လည်း တစ်ညတွင် အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် ညိုညို မျောက်ကလေးကိုတွေ့ရ၏။ မျက်နှာမှာ ကျော့စွာ၏ မျက်နှာအဖြစ်သို့ တဖြည်းဖြည်းချင်း ပြောင်းလဲသွားလေသည်။

ထိုနေ့မှစ၍ မြသွေးရည်ရော ညိုညိုပါ မျောက်ကလေးမှာ ရိုးရိုးမျောက်ကလေးမဟုတ်ဘဲ ကျော့စွာသေ၍ဝင်စားသော မျောက်ကလေး ဖြစ်ကြောင်း ရိပ်မိသွားကြလေသည်။

အထူးသဖြင့် ကျော့စွာ၏ညီမ ညိုညိုမှာ အစ်ကိုဖြစ်သူအတွက် ပိုပြီး စိတ်မကောင်းဖြစ်နေမိလေသည်။

ထိုသို့ဖြင့် တစ်နေ့တွင် မြသွေးရည်သည် ဖခင်ဖြစ်သူတော



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကြီး ဦးမြမောင်အား မိန်းမလှကျွန်းဆီသို့ လိုက်ပို့ပေးပါရန် ပြောဆိုလေသည်။ ထို့ကြောင့် တောအုပ်ကြီးဦးမြမောင်မှာ သူ့လက်အောက်ဝန်ထမ်းအချို့ကိုပါခေါ်ကာ မြသွေးရည်အား မိန်းမလှကျွန်းသို့ လိုက်ပို့လေသည်။ မြသွေးရည်နှင့်အတူ ညိုညိုနှင့် မျောက်ကလေးကျော်စွာတို့ပါ အဖော်အဖြစ် လိုက်ပါသွားကြသည်။

ထိုမိန်းမလှကျွန်း ခရီးစဉ်သည် မြသွေးရည်အတွက် နောက်ဆုံးခရီးဖြစ်ကြောင်း မည်သူမျှ ကြိုတင်မသိရှိခဲ့ကြပါချေ။

ဦးမြမောင်တို့အဖွဲ့သည် ကျွန်းပေါ်ရောက်လျှင် တောနက်ထဲသို့ဝင်ကာ မြသွေးရည်၏ဆန္ဒအတိုင်း မျောက်တစ်ရာဘုရားနှင့် မျောက်တစ်ရာကျောက်ရုပ်တွေကို ရှာဖွေကြသော်လည်း မတွေ့ခဲ့ကြပေ။ ထို့ကြောင့် ညရောက်သောအခါ တောတွင်းတစ်နေရာမှာပင် မီးပုံကြီးတစ်ပုံကိုဖိုကာ စခန်းချကြလေသည်။

ထို့နောက် ဦးမြမောင်၏တပည့်များက တစ်ယောက်တစ်လှည့်ကင်းစောင့်ကာ ကျန်လူများက အိပ်စက်ကြသည်။ သို့သော် မိုးစင်စင်လင်းသောအခါ မြသွေးရည်နှင့် မျောက်ကလေးကျော်စွာတို့ကို မတွေ့ကြရတော့ပေ။ ထူးဆန်းစွာပင် ပျောက်ဆုံးသွားခဲ့လေပြီ။

တောအုပ်ကြီးဦးမြမောင်တို့လင်မယားမှာ သမီးဖြစ်သူအတွက် ရူးတက်မွှားနေကြရတော့သည်။ ထို့နောက် သစ်တောဝန်ထမ်းအဖွဲ့များကိုပြန်ခေါ်ကာ မိန်းမလှကျွန်းတစ်ကျွန်းလုံးအနှံ့ ပိုက်စိပ်တိုက်ပြီး မြသွေးရည်နှင့် မျောက်ကလေးကျော်စွာတို့ကို ရှာဖွေကြသော်လည်း လုံးဝမတွေ့ကြရတော့ပေ။

ပျောက်ခြင်းမလှ ပျောက်ဆုံးသွားကြလေပြီတည်း။

✿ ✿ ✿

BURMESE CLASSIC .com

[ ၆ ]

❑

ယခုတော့ ညိုညိုတစ်ယောက် ဖောင်ဝင်မြစ်ကမ်းနံဘေးတွင် ရပ်ကာ မိန်းမလှကျွန်းဘက်ဆီကို ငေးမျှော်နေမိလေသည်။ တစ်ခါတစ်ခါ မိန်းမလှကျွန်းဘက်ဆီမှ လေနှင့်အတူ ပျံ့လွင့်လာသောအသံတွေကို နားထဲကြားနေရတတ်သည်။ သို့သော် အသံတွေက မသဲကွဲလှ၊ ဗလုံးဗထွေးနိုင်လှသည်။

ထိုအသံတွေကိုကြားရလျှင် လှိုင်းထန်နေသော ဖောင်ဝင်မြစ်ကြီးလို ညိုညို့ရင်ထဲစိတ်လှိုင်းတွေ ထန်နေတတ်လေသည်။

သူ့မျက်လုံးထဲတွင်တော့ မြသွေးရည်နှင့်ကျော်စွာတို့ကို မြင်ယောင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အိပ်မက်ထဲတွင် မျောက်ဟစ်ရာဘုရားကို ဖူးတွေ့နေရပြီး မျောက်တစ်ရာရုပ်တွေကိုလည်း ထင်ထင်ရှားရှား တွေ့နေရတတ်သည်။ ဘုရားရင်ပြင်ပေါ်တွင် ဘုရားဝတ်ပြုနေသော သျှောင်ထုံးကြီးနှင့်လူကြီးနှင့် မြေးရည်တို့ကိုလည်း တွေ့ရသည်။

ပြီးတော့ မျောက်ကလေးကျော်စွာနှင့် လူလောက်နီးနီးရှိသည့် မျောက်ကြီးတစ်ကောင်တို့ ရင်ပြင်ပေါ်တွင် ပြေးလွှားနေကြသည်ကိုလည်း မြင်ရပြန်သည်။

စိတ်စွဲအိပ်မက်ပဲလား၊ သူမလိပ်ပြာလွင့်သွားပြီး မြင်ရသည်ပဲလား မပြောတတ်ပေ။

သို့ဖြင့် ...

ညိုညိုသည် ညနေဆည်းဆာရီအချိန်ရောက်တိုင်း ဖောင်ဝင်မြစ်ကမ်းနံဘေးတွင်ရပ်ကာ မိန်းမလှကျွန်းဘက်ဆီမှ ခေါ်သံတွေကို နားစွင့်နေမိလေတော့သည်။

မြဘုန်းထက်

BURMESE CLASSIC .com

www.burmeseclassic.com